
I AM JACKIE CHAN - Jáckie Chan & Zhu Mo

mgyoe.com
SAMPLE BOOK



# ကျွန်တော် ဂျက်ကီချန်း


နိုင်းနိုင်းစနေ

(တရုတ်ဘာသာမှ တိုက်ရိုက်မြန်မာပြန်သည်)

(စတုတ္ထအကြိမ်)

mgyoe.com

mgyoe.com SAMPLE BOOK




■

ဒီစာအုပ်ဟာ
ဂျက်ကီချန်းအကြောင်း ထွက်ရှိပြီးသမျှ စာအုပ်တွေထဲမှာ
သူ့အကြောင်းကို အပြည့်စုံဆုံး ဖော်ပြထားတဲ့ စာအုပ် ဖြစ်ပါတယ်။

ဂျက်ကီချန်းကိုယ်တိုင် အမှားအယွင်းမရှိအောင် သေချာစိစစ်ပြီးမှသာ
သူ့အနုပညာသက်တမ်း နှစ် ၆၀ အမှတ်တရအဖြစ် ထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။

■

ကျွန်တော် ဂျက်ကီချန်း ( နိုင်းနိုင်းစနေ )
9 782023 000380

cover design : paingnaingaung© 2023

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၃၈)

**ပုံနှိပ်မှတ်တမ်း**

စာမူ မူပိုင် - စာရိပ်မြိုင်



# နိုင်းနိုင်းစနေ

## ကျွန်တော် ဂျက်ကီချန်း


ထုတ်ဝေသည့်အကြိမ် ♦ စတုတ္ထအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

မျက်နှာဖုံးပန်းချီ ♦ မှတ်သုံ

မျက်နှာဖုံးဒီဇိုင်း ♦ ဝိုင်နိုင်အောင်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀

စာအုပ်တန်ဖိုး ♦ ၁၈၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

နိုင်းနိုင်းစနေ
ကျွန်တော် ဂျက်ကီချန်း / နိုင်းနိုင်းစနေ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၅၈၄၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၃၈) ကျွန်တော် ဂျက်ကီချန်း


mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | ပျို့ | အညာရယ် အလွမ်းရယ် မိချောရယ် |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီ(စဘော) | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တရွှေညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဇင်နေမင်း | ခေါင်မိုးများ |
| ၁၂။ | ဝါဝါတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြဝင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စူးရှမေ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |
| ၁၆။ | နဒီလင်းသစ်(ဆေး-၂) | ဒိုင်ထောင့်သုခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမံ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |

mgyoe.com

mgyoe.com SAMPLE BOOK


| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီ၊စဘော၊ | ဒေါင်းမြရိ |
| ၂၁။ | ရွှေဥဒေါင်း | စစ်ရှုံးသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | ပျို့ | ဖယောင်း ဥယျာဉ် |
| ၂၅။ | သက်ပိုင်မြန်မာပြန်၊ | သမီးရတနာ |
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဒီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်ဒိမ် | ဘာညာကွိကွ |
| ၃၁။ | ဝေစီးပွားရေးတက္ကသိုလ်၊ | ဆုံးဖယ်လက် |
| ၃၂။ | ညိုထွန်းလူ | ငါတို့ ရှာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီ၊စဘော၊ | ရွှေလွှန်းပျံ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | စိုးဘားဒိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရှုပနန္ဒီ ရှုပကလျာဏီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |


# ကျွန်တော် ဂျက်ကီချန်း

နိုင်းနိုင်းစနေ

စာရိပ်မြိုင်အမှတ်စဉ်(၃၈)

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- ♦ နိဒါန်း ၁၁
- ♦ ဘာသာပြန်သူရဲ့ အမှတ်တရ ၁၈
- ♦ ထုတ်ဝေသူရဲ့ အမှတ်တရ ၂၀
- ♦ အခန်း (၁) လှူရှိုင်းလေး
  - ✱ အာ့ဖောက် ၂၄
  - ✱ ချစ်သူလေး ၂၈
  - ✱ ဗစ်တိုးရီးယားတောင်ထိပ်က ရန်ပွဲ ၃၂
  - ✱ အမောင် ကျောင်းသား ၃၆
- ♦ အခန်း (၂) မှူးရှူးပျော်ပါး ငယ်ရွယ်ချိန်ခါများ
  - ✱ ပြဇာတ်ကျောင်းကို ရောင်းခြင်း ၄၀
  - ✱ လူငယ်လေး Yuen Lou (ယွမ်လုတ်) ၄၆
  - ✱ ပထမဆုံးအကြိမ် စင်ပေါ်တက်ခြင်း ၅၃
  - ✱ သုခ ခုနစ်ဖော် ၆၁
  - ✱ ချစ်လို့ ဆူတယ်၊ ရိုက်တယ် ၆၉
  - ✱ အချစ်ဦး ၇၅


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* ပြဇာတ်စင်မြင့်ထက်မှသည် ရိုက်ကွင်းဆီသို့ ၇၈
* အသေတတ်တယ် ၈၄
* ပထမဆုံးအကြိမ် ခေါင်းဆောင်မင်းသား လုပ်ခြင်း ၈၉
* လူကြမ်းသိုင်းသမား ၉၁
* နဂါးကျားသိုင်းဆရာ ၁၀၁
* စိတ်အားထက်သန် ၁၀၃
* ဘရုစလီနဲ့ ကျွန်တော် ၁၀၇
* ကိုယ်ခံပညာနည်းပြ ၁၁၃
* ပထမဆုံးအကြိမ် ခရီးဝေးထွက်ခြင်း ၁၁၈
* ကွန်ဖူးရုပ်ရှင်ရဲ့ အေးစက်မှု ၁၂၅
* သိုင်းတတ်တဲ့ ပန်းရံသမား ၁၂၈

♦ အခန်း (၃) နံပါတ်တစ် မဖြစ်ချင်ဘူး၊ ပြိုင်ဘက်ကင်းသူသာ လုပ်မယ်
* နဂါးလုပ်မလား၊ တီကောင်လုပ်မလား ၁၃၆
* **Gu Long :** ကျုပ်ဝတ္ထုက မင်းအတွက် မဟုတ်ဘူး ၁၄၂
* ဘရုစလီက နတ်သိကြား... ကျွန်တော်က သာမန်လူသား ၁၄၅
* ရုပ်ရှင်ကုမ္ပဏီနှစ်ခုရဲ့ အငြင်းပွားမှု ၁၅၀


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

* **Golden Haevest** သို့ နောက်တစ်ဖန် ၁၆၂
* **Dragon Lord** အစဉ်အလာကို ချိုးဖျက်ခြင်း ၁၆၇
* **Project A...** အသက်ကိုစတေးပြီး ၁၇၁
* **Police Story** တစ်သက်တစ်ခါ ၁၇၉
* **Armour of God** အပြင်းထန်ဆုံးသောဒဏ်ရာ ၁၈၆
* ကျားသစ်ပါးစပ်က လွတ်မြောက်ခြင်း ၁၉၅
* **Police Story 2** ရုပ်ရှင်သမိုင်းတွင် မှတ်တမ်းတင်ရစ်ခဲ့သော ပေါက်ကွဲမှု ၁၉၉
* **Miracles: The Canton Godfather** ဒီတစ်ကားနဲ့တင် လုံလောက်ပြီ ၂၀၄
* **Who am I ?** ဆရာ့အတွက် ရည်စူးသော ခုန်ချခြင်း ၂၀၈
* ဂျက်ကီချန်း ရုပ်ရှင် ဆိုတာ ဘာလဲ ၂၁၂

♦ အခန်း (၄) ဟော်လီဝုဒ်သို့ ထိုးဖောက်ခြင်း
* ရှုံးနိမ့်စွာ တပ်ခေါက်ခြင်း ၂၁၆
* အင်္ဂလိပ်စာသင်ယူခြင်း ၂၂၆
* ထန်ခေတ်ဝတ်စုံဝတ်ဆင်ခြင်း ၂၃၀

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* **The Protector :** လူကြမ်းတမ်း လူသန်မာ မလုပ်ဘူး ၂၃၃
* **Teresa Teng** နဲ့ တွေ့ဆုံခြင်း ၂၃၆
* စတားလုံးရဲ့ ဖိတ်ကြားမှု ၂၄၅
* **Rumble in the Bronx** ပြန်လည်စုဖွဲ့ခြင်း ၂၅၀
* **Who Am I ?** ခြသေ့်နှင့်အတူ ကခုန်ခြင်း ၂၅၅
* **Rush Hour** စစ်မြေပြင်အသစ် ၂၆၁
* **Rush Hour 2** ကယ်တင်ခြင်း ၂၇၁
* **Rush Hour 3** ဖေးမကူညီ ၂၇၄
* **The Karate Kid** အသွင်သစ်ဖြင့် ၂၇၈
* **The Foreigner** ၆၂ နှစ်ရဲ့ဒဏ် ၂၈၃
* အရှေ့ အနောက် ကွာခြားချက် ရှိတယ် ၂၈၇
* တရုတ်ဇာတ်ကားများကို မျှော်လင့်လျက် ၂၉၇
* ကျွန်တော်ရဲ့ ရုပ်ရှင် စိတ်နေစိတ်ထား ၃၀၇
* ဂျက်ကီချန်းစတိုင်လ် အက်ရှင်စတန့် ၃၁၅
* အောင်စကာအိပ်မက် ဖြစ်မြောက်ခြင်း ၃၃၄


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- ♦ အခန်း (၅) မိသားစု၊ မိတ်ဆွေသူငယ်ချင်း
  - ✱ ကျွန်တော့်မိဘနှစ်ပါး ၃၄၄
  - ✱ ဖခင်နှင့်တူသော Leonard Ho ၃၆၁
  - ✱ တစ်သက်တာအချစ် Joan Lin ၃၇၀
  - ✱ ကျွန်တော်နဲ့ သား Fangကလေး ၃ဂ၀
  - ✱ မာရ်နတ်ဖန်ဆင်းရှင် Jonathan Lee ၃၉၇
  - ✱ ပထမလက်ထောက် Teddy Chan ၄၀၂
  - ✱ ဆရာတပည့်ရေစက် Bradly James Allan ၄၀၆
  - ✱ သား ညီအစ်ကို Daniel Wu ၄၀၉
  - ✱ Little Big Soldier... Ding Shengf ၄၁၂
  - ✱ ကွန်ဖူးမင်းသမီး Michelle Yeoh ၄၁၆
  - ✱ စွန့်ဝံ့သူ Maggie Cheung ၄၁၉
  - ✱ အားကိုးရာမဲ့ Brigitte Lin ၄၂၃
  - ✱ ထာဝရဒဏ္ဍာရီ Leslie Cheung နဲ့ Anita Mui ၄၂၇


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* တိရစ္ဆာန်မိသားစု ၄၃၁
* ပရိသတ်အတွက် ရည်စူးလျက် ၄၄၀

♦ အခန်း (၆) သာမန်၊ သာမန် မဟုတ်သော
* အကောင်အထည်မပေါ်ခဲ့သော တီထွင်မှုများ ၄၅၂
* ဝယ်ချင်စိတ်မှသည် လှူချင်စိတ်သို့ ၄၅၆
* နှလုံးသားကြီးမြတ်လေ ကိစ္စရပ်သေးလေ ၄၆၃
* နားပူနားဆာ လုပ်တတ်တယ် ၄၆၇
* နေရာတကာပါခြင်း ၄၉၀
* ကျွန်တော်လည်း ကြောက်တတ်တယ် ၅၁၆
* ပရဟိတ အဆုံးမရှိပါ ၅၃၄
* နိုင်ငံပိုင်အမွေအနှစ် ပြန်လည်ပေးအပ်ခြင်း ၅၄၄
* အငြိမ်းစားယူတာနဲ့ ပတ်သက်ပြီး ၅၄၉
* ထာဝရ ရှပ်ရှင်မိသားစု ၅၅၅
* ခန္ဓာကိုယ်အနံ့ဒဏ်ရာပြ မြေပုံ ၅၇၃
* ကျွန်တော့်အတွေးအမြင် ၅၇၆


mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ပထမဆုံးအကြိမ် အစ်ကိုကြီးနဲ့ တွေ့တာက ၂၀၀၆ ခုနှစ်မှာပါ။

အဲဒီတုန်းက ကျွန်မ အလုပ်ဝင်တာ သိပ်မကြာသေးပါဘူး။ သူပါဝင်သရုပ်ဆောင်တဲ့ "Rob-B-Hood" ရုပ်ရှင် ပရိုမိုးရှင်းဆင်းချိန်နဲ့ တိုက်ဆိုင်နေတာကြောင့် ကျွန်မရဲ့အလုပ်က သတင်းရေးဖို့ ဖြစ်ပါတယ်။ သတင်းစာရှင်းလင်းပွဲမှာ သူ့ကို လူတစ်စုဝိုင်းရံထားတာကို မြင်တော့ သူက နာမည်ကြီး သရုပ်ဆောင်တစ်ယောက်လေလို့ပဲ စိတ်ထဲရှိခဲ့ပါတယ်။

၂၀၁၂ ခုနှစ်၊ မေလမှာ "CZ12" ဇာတ်ကားကြော်ငြာဖို့ ကိန်းရုပ်ရှင်ပွဲတော်ကို ကျွန်မတို့ ရောက်သွားခဲ့ပါတယ်။ ဒါက ပထမဆုံးအကြိမ်နဲ့ ၆ နှစ်ကျော်အကြာမှာ အစ်ကိုကြီးကို ကျွန်မ ပြန်တွေ့တာပါ။ ဖန်သားပြင်နောက်ကွယ်က ပိုစစ်မှန်တဲ့သူ့ကို မာကက်တင်းဒါရိုက်တာအဖြစ်နဲ့ ကျွန်မ စောင့်ကြည့် လေ့လာခွင့်ရခဲ့ပါတယ်။

အဲဒီနေ့ညနေက တရုတ်ပြည်တွင်း မီဒီယာတွေအတွက် ကျွန်မတို့ အင်တာဗျူးစီစဉ်ပေးကြပါတယ်။ နယ်ခံလူထုဆက်ဆံရေးကုမ္ပဏီ ကြိုမှာထားတဲ့ အခန်းက အနည်းငယ်သေးပါတယ်။ အခန်းရဲ့အခြေအနေကိုမြင်တော့ အစ်ကိုကြီးက သတင်းထောက်တွေကို သူ့အခန်းထဲ ချက်ချင်းခေါ်ပြီး သတင်းယူစေခဲ့ပါတယ်။ လေသာဆောင်မှာ ထိုင်ခုံငါးလုံးချပြီး လေးလုံးကို သူနဲ့ တခြားသရုပ်ဆောင်တွေ

mgyoe.com

mgyoe.com

SAMPLE BOOK


အတွက်၊ ကျန်တစ်လုံးကို သတင်းထောက်အတွက် သူတို့နဲ့မျက်နှာချင်းဆိုင်မှာ ထားပါတယ်။ အစ်ကိုကြီးရဲ့ လှုပ်ရှားမှုတွေက ပြတ်သားသပ်ရပ်တယ်။

ပထမဆုံး မီဒီယာအင်တာဗျူးအပြီးမှာ အစ်ကိုကြီးက ကျွန်မတို့ဆီ လာပြီး. . . သူ့ကိုပဲ မေးမြန်းတာမျိုး မလုပ်ဘဲ တခြားသရုပ်ဆောင်တွေကိုလည်း မေးမြန်းဖို့ ကျန်တဲ့မီဒီယာတွေကို သတိပေးပေးပါ၊ တခြားသရုပ်ဆောင်တွေကိုလည်း ဂရုစိုက်ရပါမယ်၊ သူတို့က သရုပ်ဆောင်အသစ်တွေဆိုပြီး လျစ်လျူရှုထားလို့ မရဘူး လို့ ပြောပါတယ်။ မီဒီယာတချို့ အင်တာဗျူးပြီးနောက် သူ့လက်ထောက်က သူ့ကို တစ်ခုခုစားဖို့ အသိပေးမှ တစ်မနက်ခင်းလုံး နိုင်ငံတကာမီဒီယာနဲ့ အင်တာဗျူး လုပ်နေလို့ သူ နေ့လယ်စာ မစားရသေးတာကို ကျွန်မတို့ သိပါတယ်။ တိုက်တိုက် ဆိုင်ဆိုင် အဲဒီအချိန်မှာပဲ သတင်းထောက်တစ်ယောက်က ဓာတ်ပုံနဲ့ စာတိုလောက်ပဲ အင်တာဗျူးမယ်၊ ရိုက်ကူးရေး မလုပ်ဘူးဆိုလို့ အသီးအရွက်ဟင်းချိုတစ်ခွက်နဲ့ ဆန်းဝှစ်ကို စားရင်း အစ်ကိုကြီးက သတင်းထောက်မေးမြန်းတာကို ဖြေပါတယ်။ အင်တာဗျူး ပြီးချိန် စားလို့လည်း ပြီးသွားပါတယ်။

နောက်မီဒီယာတစ်ခုက အသံသွင်းဘောလ်ပင်နဲ့ ရောက်လာပါတယ်။ ဘောလ်ပင်ထားဖို့ သင့်တော်တဲ့နေရာမတွေ့တာကြောင့် သူက ကြမ်းပြင်ပေါ် ချထားလိုက်ပါတယ်။ ဒါကို အစ်ကိုကြီးက ဘောလ်ပင်တင်ဖို့အတွက် စားပွဲခုံဝိုင်း တစ်လုံး ချက်ချင်း ထယူပေးပါတယ်။ အဲဒီလှုပ်ရှားမှုက အချိန် ၁၀ စက္ကန့်လောက်ပဲ ကြာပါတယ်။ သတင်းထောက်က ပထမမှာတော့ ဘာဖြစ်သွားမှန်းတောင် မသိ လိုက်ဘဲ ရုတ်တရက် မှင်တက်သွားပြီး သတိပြန်ဝင်လာမှ ဘာပြောရမှန်းမသိတာ နဲ့ အစ်ကိုကြီးကို ရယ်ပြပါတယ်။

ဒီလို သဘာဝကျကျ ထုတ်ဖော်ပြတဲ့ အသေးစိတ်အချက်အလက်ကို ဘေးကနေကြည့်ပြီး ကျွန်မ ရင်ထဲ လှိုက်ဖိုတုန်လှုပ်ခဲ့မိတယ်။ သူက အနုပညာ လောကမှာ သမ္မာရင့်သရုပ်ဆောင်တစ်ယောက်ဖြစ်လို့ ဒီလိုသဘောတရားတွေကို သိနားလည်တာပါလို့တော့ ပြောလို့ မရပါဘူး။ သူက ဒီလိုပဲ ဖြစ်သင့်ခဲ့တာပါ။ အပေါ်ယံလုပ်ရတာ လွယ်ကူပေမယ့် ဒီလိုအပြုအမူကို ဘဝရဲ့အသေးစိတ်အချက် အလက်ထဲ ပေါင်းထည့်ဖို့ရာက ခဲယဉ်းလှပါတယ်။

အစ်ကိုကြီးက သတင်းထောက်ကို "အခုအချိန်မှာ လူတွေက အစိမ်းရောင် အပြာရောင်နောက်ခံကို အသုံးပြုပြီး ရိုက်ကူးနေကြပေမယ့် ကျွန်တော်က မြင်ကွင်း အစစ်ပဲ ဖြစ်ချင်ခဲ့ပါတယ်။ တခြားလူက ကရိန်းကြိုး၊ စတန့်တွေဖြစ်ပေမယ့်

mgyoe.com

ကျွန်တော်က အက်ရှင်တစ်ခုတိုင်းကို အမှန်တကယ်ချပြီး လူစား မထိုးခဲ့ပါဘူး။ မီးတောင် ရိုက်မယ်ဆိုရင် မီးတောင်ရှိရာအထိ ကျွန်တော် သွားခဲ့တယ်။ လေထွက်ပေါက်ရိုက်မယ်ဆိုရင် လေထွက်ပေါက်ရှိရာဆီ ကျွန်တော်သွားခဲ့တယ်။ ရိုက်ချက် ၄ ချက်အတွက်နဲ့ ဗန္ဓားတူနိုင်ငံအထိ ကျွန်တော်တို့ သွားခဲ့တယ်။ အက်ရှင်တစ်ခန်းတိုင်းကို တစ်လခွဲကြာ ရိုက်ကူးခဲ့တယ်။ နည်းပညာမှာ ဟောလိဝုဒ်ထက် ကျွန်တော်တို့ နောက်ကျလွန်းခဲ့တာကြောင့် အောင်မြင်မှုကိုရဖို့ ဒီလိုတုံးအ,တဲ့ နည်းကိုပဲ ကျွန်တော်တို့ သုံးခဲ့ပါတယ်"

အဲဒီစကားကြောင့် ကျွန်မ မျက်ရည်ဝဲခဲ့ရပါတယ်။

အဲဒီနေ့ညက ကျွန်မတို့ ညစာစားပွဲကျင်းပတော့ ပွဲမစခင် ပြတင်းပေါက်ရှည်ရဲ့လိုက်ကာကို ဆွဲစေဖို့ မေ့သွားခဲ့တာကြောင့် လမ်းသွားလမ်းလာ နိုင်ငံခြားသားရုပ်ရှင်ပရိသတ်တွေက အစ်ကိုကြီးကို မြင်သွားပြီး ရပ်ကြည့်ကြပါတယ်။ ရပ်ကြည့်သူတွေ တဖြည်းဖြည်း များလာခဲ့ပြီး အားလုံးက "Jackie Chan" လို့ အော်ဟစ်ကြတော့တယ်။ ဒါကို အစ်ကိုကြီးကြားတော့ ချက်ချင်းအပြင်ထွက်ပြီး အားလုံးကို လက်ပြနှုတ်ဆက်ပါတယ်။ လူအုပ်စုကလည်း "Jackie Chan , I love you" လို့ ပြန်အော်ကြပါတယ်။

အဲဒီညမှာ အဲဒီလိုမြင်ကွင်းမျိုး အကြိမ်ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ အဝေးကနေ ကျွန်မ ရပ်ကြည့်ရင်း ဒီနာမည်ကြီး တရုတ်သရုပ်ဆောင်ရဲ့နောက်ကျောမှာ အလင်းရောင်တွေနဲ့ ထွန်းလင်းတောက်ပနေတာကို တွေ့လိုက်မိပါတယ်။ ထူးခြားဆန်းကြယ်မှုတစ်မျိုးကို ခံစားလိုက်ရပါတယ်။

လူတစ်ယောက်ရဲ့ ဒဏ္ဍာရီတွင်ကျန်ရစ်လောက်တဲ့ ထင်ရှားကျော်ကြားမှုဆိုတာ ဒီလိုမျိုးလားလို့ ကျွန်မ တွေးတောမိပါတယ်။

❑

အစ်ကိုကြီးရဲ့ အလုပ်လုပ်ပုံက တမူထူးခြားပါတယ်။ အဖွဲ့သားတွေဆိုတာ သူ့မိသားစုပါ။ အိပ်ချိန်လောက်ကလွဲပြီး အလုပ်အကြောင်း ဆွေးနွေးချိန်၊ ထမင်းစားချိန်၊ ကော်ဖီသောက်ချိန်၊ စကားစမြည်းပြောချိန်မှာ အားလုံးနဲ့ သူ အမြဲရှိနေခဲ့ပါတယ်။ ကမ္ဘာ့တစ်ဝှမ်းမှာ သူ့မိတ်ဆွေအပေါင်းအသင်းရှိပြီး အားလုံးနဲ့ စကားစမြည်းပြောရင် ပုံပြင်ဇာတ်လမ်းတိုတချို့နဲ့ သူပြောတတ်ပါတယ်။ ဆယ်စုနှစ်ကျော်ကြာ သူ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေ၊ ထူးဆန်းအံ့ဩမှုတွေ၊ သဲထိတ်ရင်ဖိုမှုတွေအပြင် ရယ်မောစရာ၊ ခံစားစရာတွေကိုလည်း သူ ပြောတတ်ခဲ့ပါတယ်။ သူ

mgoe.com

mgyoe.com SAMPLE BOOK

ပြောသမျှကို အားလုံး တအံ့တသြ ငေးမောနားထောင်ခဲ့ရပါတယ်။ သရုပ်ဆောင်တစ်ယောက်ရဲ့ ပရော်ဖက်ရှင်နယ် အလေ့အထအရ အချိန်အတော်များများမှာ သူပြောတဲ့ ပုံပြင်ဇာတ်လမ်းတွေ နားထောင်နေရင်းနဲ့အတူ သူ့သရုပ်ဆောင်မှုကိုလည်း ကျွန်မတို့ ကြည့်ရှုခံစားခဲ့ရပါတယ်။ အားရကျေနပ်စွာ ခံစားရင်းက စိတ်ဝင်စားစရာကောင်းတဲ့ ဒီဇာတ်လမ်းတွေကို ရေးချပြီး အားလုံးနဲ့အတူ မျှဝေခံစားသင့်တယ်လို့ ကျွန်မ စိတ်ကူးရလိုက်ပါတယ်။

၂၀၁၃ ခုနှစ် တရုတ်နှစ်ကူးမှာ အစ်ကိုကြီးက "CZ12" ဇာတ်ကားရဲ့ ရုပ်ရှင်အဖွဲ့သားတွေ အားလုံးကိုခေါ်ပြီး အရှေ့တောင်အာရှမှာ အပန်းဖြေခရီးထွက်ခဲ့ပါတယ်။ ကျွန်မကိုလည်း ဖိတ်ကြားခဲ့ပါတယ်။ အစ်ကိုကြီးနဲ့ တွေ့တဲ့နောက် သူပြောတဲ့ ပုံပြင်ဇာတ်လမ်းတွေကို ကျွန်မ ရေးချင်တယ်ပြောတော့ အစ်ကိုကြီးက "မင်း ကြိုးစားကြည့်နိုင်ပါတယ်" လို့ ပြောပါတယ်။

အဲဒီနောက် အရင်က စုဆောင်းထားတဲ့ အချက်အလက်တွေကို လအတော်ကြာ ပြန်စစ်ဆေးရင်း အစ်ကိုကြီးရဲ့ ကမ္ဘာတစ်ဝှမ်းကခရီးစဉ်ကို လိုက်ပါနိုင်ဖို့ အတတ်နိုင်ဆုံး ကျွန်မကြိုးစားပြီး အချိန်မရွေး မေးမြန်း၊ အချိန်မရွေး မှတ်တမ်းတင်တာမျိုး လုပ်ခဲ့ပါတယ်။ ပီကင်းမှာ သူရှိနေတဲ့အချိန် ကျွန်မက နေ့ခင်းဘက် အလုပ်လုပ်ပြီး ညဘက်မှာ သူတို့နဲ့အတူ ထမင်းစားရင်း အချက်အလက်တွေကို မေးမြန်းစုဆောင်းခဲ့ပါတယ်။ ညအိမ်ပြန်ရောက်တာနဲ့ ချရေးခဲ့ပါတယ်။ အစပထမမှာ အင်တာဗျူးမှတ်တမ်းဗီဒီယို ၃၀၀ ကျော်ကို ပြုစုရေးသားလိုက်တာ စာမူကြမ်း စာလုံးပေါင်းရေ ၃ သိန်းနီးပါး ရှိခဲ့တယ်။

အဲဒီနှစ် စက်တင်ဘာလမှာ စာမူကြမ်းကို အစ်ကိုကြီး အကြမ်းဖျင်း တစ်ခေါက် ဖတ်ကြည့်ပြီးတဲ့နောက် တချို့အသေးစိတ်အချက်အလက်တွေ မှားယွင်းနေတာကို တွေ့ပါတယ်။ စာဖတ်သူတွေအပေါ် စစ်မှန် မှန်ကန်မှုရှိအောင် အစ်ကိုကြီးက စာမူအားလုံးကို အစအဆုံး တစ်ခေါက်ပြန်စစ်ပြီး အမှားအယွင်းမရှိမှ ပုံနှိပ်ထုတ်ဝေဖို့ တောင်းဆိုခဲ့ပါတယ်။

၂၀၁၅ ခုနှစ်၊ ဧပြီလမှာ ဒီစာအုပ်ရဲ့ ပထမဆုံးဗာရှင်းကို ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ ဒီကနေ့အထိ ဒီစာအုပ်ဟာ တရုတ်၊ အင်္ဂလိပ်၊ ရုရှား၊ ပြင်သစ်၊ ဂျာမန်၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ဘူဂေးရီးယား၊ ဟန်ဂေရီ၊ အီရန်နဲ့ အာရဗီ အပါအဝင် ဘာသာစကား တစ်ဒါဇင်ကျော် ဘာသာပြန်ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၉ နှစ်ဦးပိုင်းမှာ အင်္ဂလိပ်ဘာသာ ပြန်ဆိုထားတဲ့ ဒီစာအုပ်ကို နှမ်းဖူး

mgyoe.com

ယောက်မှာ ကျွန်မတို့ လက်မှတ်ရေးထိုး ရောင်းချခဲ့ပါတယ်။ စာအုပ်ထုတ်ဝေရေးတိုက်က လက်မှတ်ထိုးဖို့ နေရာနှစ်နေရာ စီစဉ်ပေးခဲ့ပါတယ်။ ပထမတစ်နေရာက နယူးဂျာစီရဲ့ သမိုင်းဝင် စာအုပ်ဆိုင်တစ်ဆိုင်မှာပါ။ အဲဒီစာအုပ်ဆိုင်ရဲ့ နံရံမှာ နာမည်ကြီး စာရေးဆရာတွေရဲ့ လက်မှတ်ရေးထိုးပွဲ မှတ်တမ်းဓာတ်ပုံတွေကို ကျွန်မတွေ့ခဲ့ရပါတယ်။ စာအုပ်လက်မှတ်ထိုးပွဲမှာ ပါဝင်လာတဲ့ စာဖတ်သူတွေထဲမှာ ကျွန်မ မှတ်မှတ်ထင်းထင်း ရှိနေတာက အသက် ၁၀ နှစ်ဝန်းကျင်လောက်ရှိတဲ့ အမေရိကန် ကောင်မလေးတစ်ယောက်ပါ။ သူက "Rush Hour" မှာ သူ့ဖေဖေ လူကြမ်းလုပ်ခဲ့စဉ်က အစ်ကိုကြီးနဲ့အတူ တွဲရိုက်ထားတဲ့ ဓာတ်ပုံနဲ့အတူ ရောက်လာခဲ့တာ ဖြစ်ပါတယ်။ သူ့ဖေဖေကတော့ ရောဂါကြောင့် ကွယ်လွန်သွားခဲ့ပါပြီ။ သူက သူ့မေမေနဲ့အတူ စာအုပ်၊ ဓာတ်ပုံနဲ့ ရောက်လာခဲ့တာပါ။ အစ်ကိုကြီးနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး "ကျေးဇူးတင်ကြောင်း" တစ်ခွန်းပြောချင်လို့ပါလို့ ဆိုပါတယ်။

ဒုတိယနေရာက နယူးယောက် ရိပ်သာငါးလမ်းမှာရှိတဲ့ အကြီးဆုံးစာအုပ်ဆိုင်မှာဖြစ်တယ်။ စာအုပ်လက်မှတ်ရေးထိုးချိန်က မနက် ၁၀ နာရီပါ။ ရှေ့ညသန်းခေါင် ၁ နာရီကျော်လောက်မှာပဲ ရုပ်ရှင်ဝါသနာရှင်တစ်ဦးက ရွက်ဖျင်တဲနဲ့ စာအုပ်ဆိုင်တံခါးဝမှာ တန်းစီစောင့်နေခဲ့ပါပြီ။ သူ့နောက်မှာက အမေရိကန် အရပ်ရပ်က ရောက်လာသူတွေ၊ ဥရောပကနေ ရောက်လာတဲ့ ရုပ်ရှင်ဝါသနာရှင်တွေ၊ သူတို့ကလည်း သန်းခေါင်ယံမှာကတည်းက တန်းစီခဲ့ကြသူတွေ ဖြစ်တယ်။ လက်မှတ်ထိုးမယ့်နေ့ မနက် ၈ နာရီမှာ ထုတ်ဝေရေးတိုက်က ကျွန်မတို့ကို ဗီဒီယိုတစ်ခု ပေးပို့လာပါတယ်။ စာအုပ်လက်မှတ်ထိုးဖို့ စောင့်ဆိုင်းနေသူတွေဟာ လမ်းမပေါင်းများစွာအထိ ရှည်လျားနေခဲ့ပါပြီ။ အဲဒီအချိန်က နယူးယောက်ရဲ့ ဆောင်းရာသီဖြစ်ပြီး ငှက်မွေးအနွေးထည်ဝတ်ထားရင်တောင် ခိုက်ခိုက်တုန်ချမ်းတဲ့ အချိန်အခါမျိုး ဖြစ်ပါတယ်။ အစ်ကိုကြီးကို တွေ့ရဖို့ ဒီရုပ်ရှင်ဝါသနာရှင်တွေဟာ လေအေးထဲမှာ တစ်ညလုံး စောင့်ဆိုင်းခဲ့ကြပါတယ်။

အစ်ကိုကြီးနဲ့ နိုင်ငံရပ်ခြားခရီးသွားတိုင်း ဝေးခေါင်တဲ့နေရာပဲဖြစ်ဖြစ်၊ ဖွံ့ဖြိုးတိုးတက်တဲ့ မြို့ကြီးပဲဖြစ်ဖြစ် "ဂျက်ကီချန်း" ဆိုတဲ့ နာမည်က နိုင်ငံခြားသားရဲ့အမြင်မှာ အမြဲတမ်း ဒဏ္ဍာရီဖြစ်နေခဲ့ပြီး ရာစုနှစ်ဝက်အထိ မပြောင်းလဲဘဲ ရှိနေခဲ့ပါတယ်။ နာမည်ကြီး အက်ရှင်သရုပ်ဆောင်ဖြစ်တဲ့ အာနိုးကတောင် "သရုပ်ဆောင်အတော်များများ လွင့်ပြယ်ပျောက်ကွယ်ကုန်ကြတယ်။ သူတို့က အချိန်ကာလတစ်ခုမှာ အတော်ပေါက်ကြားပြီး လူကြိုက် များခဲ့တယ်။ အဲဒီနောက် ဘာကြိုတင်

mgyoe.com

mgyoe.com SAMPLE BOOK

သတိပေးချက်မှ မရှိဘဲ ပျောက်ကွယ်သွားတတ်ကြတယ်။ ဒါပေမဲ့ ဂျက်ကီချန်းက တော့ ဆယ်စုနှစ်ပေါင်းများစွာအထိ ရှေ့ဆောင် ဇာတ်ဆောင်ဖြစ်နေခဲ့တယ်" လို့ အားကျစွာ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

❑

၂၀၂၂ ခုနှစ်ဟာ အနုပညာလောကထဲ အစ်ကိုကြီး ဝင်ရောက်ခဲ့တာ နှစ် ၆၀ ပြည့် နှစ်ပတ်လည်နှစ် ဖြစ်ပါတယ်။

ဒီမတိုင်ခင် စာအုပ်ဟားရှင်းအသစ်တစ်အုပ် ထွက်နိုင်ဖို့ ကျွန်မတို့ စဉ်းစားခဲ့ကြပါတယ်။ လွန်ခဲ့တဲ့ ၂ နှစ်အတွင်း ကျွန်မတို့အချိန်အများကြီးယူပြီး အစ်ကိုကြီးရဲ့ အတိတ်ဘဝဇာတ်ကြောင်းကို ပြန်လည်ဆန်းစစ်ခဲ့ပါတယ်။ တောက်ပခဲ့တဲ့ အချိန်နေ့ရက်တွေကို အတိတ်မှတ်တမ်းနက်နက်ထဲကနေ အစ်ကိုကြီး ပြန်ဆွဲထုတ်လာပြီး စာဖတ်သူရဲ့ရှေ့မှောက် ထုတ်ဖော်တင်ပြလိုက်ပါတယ်။ ဒီတစ်ကြိမ်မှာလည်း အင်တာဗျူးမှတ်တမ်း ၁၀၀ ကျော်နဲ့ စာလုံးရေပေါင်း သိန်းချီတဲ့ စာမူကြမ်းကြီး ဖြစ်ခဲ့ပါတယ်။ နောက်ဆုံး ထုတ်နုတ်ပြီး ဒီစာအုပ်မှာ အကြောင်းအရာသစ်အနေနဲ့ ထပ်တိုးခဲ့ပါတယ်။

စာမူကြမ်းကို ပြုစုနေချိန်အတွင်းမှာ သူပြောတဲ့ သူ့ငယ်ဘဝ အနုပညာကျောင်းမှာ နေခဲ့တဲ့အဖြစ်ကို ကျွန်မ ထပ်တလဲလဲ နားထောင်နေခဲ့မိပါတယ်။ အဲဒီတုန်းက သူ့အသက် ၈ နှစ်၊ ၉ နှစ်လောက်ပဲ ရှိပါဦးမယ်။ ဒါတောင် သူက သူ့ထက်အသက် ၃ နှစ်ငယ်တဲ့ ယွမ်ပြောက်ငိုတော့ "မငိုနဲ့. . . မငိုနဲ့. . . မင်းကို ငါပုံပြင်ပြောပြမယ်" လို့ နှစ်သိမ့်ခဲ့တယ်။ အဲဒီပုံရိပ်က ချစ်ခြင်းမေတ္တာတွေ ပြည့်ခဲ့ပါတယ်။ ဆယ်ကျော်သက်အရွယ်မှာ သူ လူကြမ်းသိုင်းသမားလုပ်ခဲ့တယ်။ တစ်နေ့တာဝင်ငွေ ဆယ်ဂဏန်းလောက်ပဲရတဲ့ အချိန်မှာတောင် သူဟာ သူစုထားတဲ့ ငွေသုံးထောင်ကို ကုမ္ပဏီကနေ အငြိမ်းစားယူမယ့် ဘဏ္ဍာထိန်းကို ပေးလိုက်တယ်။ အသက် ၂၀ကျော် နာမည်ရလာတော့ သူဟာ သူ့ရဲ့ပြောရေးဆိုခွင့်နဲ့ လုပ်ငန်းထဲက လူကြမ်းတို့ရဲ့ရပိုင်ခွင့်၊ အဆင့်အတန်းကို ပြောင်းလဲခဲ့တယ်။ အဲဒီနောက်ပိုင်း ဆယ်စုနှစ်ကာလတွေမှာ ပြည်တွင်းပြည်ပ ရုပ်ရှင်လောကသားကြား ကဆုန်ပေါက်ပြေးလွှားရင်း သူ ကူညီခဲ့ဖူးသူတွေ မရေမတွက်နိုင်အောင် ရှိခဲ့ပါတယ်။

ဒီကနေ့ ဒီအချိန်အခါအထိ သူဟာ အချိန်နဲ့လုံ့လအားတွေ စိုက်ထုတ်ပြီး "ဂျက်ကီချန်း နိုင်ငံတကာ အက်ရှင်ရုပ်ရှင် ရက်သတ္တပတ်" ကို ဦးဆောင်ကျင်းပခဲ့ပါတယ်။ အက်ရှင်ရုပ်ရှင်တွေကို လူတွေ ပိုအာရုံစိုက်လာအောင် မျှော်လင့်ခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"တရုတ်စတန့်လုပ်ငန်းကော်မတီ" ကိုလည်း ဖွဲ့စည်းခဲ့ပြီး သာမန်လူကြမ်းသိုင်းသမားတွေအတွက် အခြေခံအာမခံချက်ရှိဖို့ မျှော်လင့်ခဲ့တယ်။

အရာရာအားလုံးကို ခြုံငုံကြည့်ရင် အစ်ကိုကြီးဂျက်ကီချန်းဟာ ဖြူစင်တဲ့ စိတ်နှလုံးတစ်စုံကို အမြဲ ထိန်းသိမ်းထားတာ တွေ့ရပါတယ်။ ဒီနှလုံးသားတစ်စုံဟာ သူ့အခြေအနေ အကောင်းအဆိုးကြောင့်၊ ရာထူးအနိမ့်အမြင့်ကြောင့် ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။

"ကမ္ဘာပေါ်က တစ်ဦးတည်းသော ဂျက်ကီချန်းကို လူတိုင်း တန်ဖိုးထားမြတ်နိုးနိုင်မယ်လို့ မျှော်လင့်ပါတယ်" လို့ ဒီစာအုပ်ရဲ့ရှေ့က ထုတ်ဝေခဲ့တဲ့စာအုပ်မှာ ကျွန်မ ရေးခဲ့ပါတယ်။ အခု အဲဒီဝါကျကို ပိုတိကျအောင် ကျွန်မ စကားတချို့ ထပ်ဖြည့်ချင်ပါတယ်။

"ကျွန်မတို့ တရုတ်နိုင်ငံကလာတဲ့ ကမ္ဘာပေါ်က တစ်ဦးတည်းသော ဂျက်ကီချန်းကို ကျွန်မတို့ တန်ဖိုးထားမြတ်နိုးနိုင်မယ်လို့ မျှော်လင့်ပါတယ်"

အကြောင်းက သူဟာ အတုမဲ့ ပြိုင်ဘက်မရှိတဲ့ အံ့ဩဖွယ်ရာဖြစ်လို့ပါ။ အချိန်အတော်များများမှာ သူဟာ သာမာန်အညာတရပုံစံနဲ့ ခင်ဗျားရှေ့ ကြိမ်ဖန်များစွာ ပေါ်ထွက်လာပါလိမ့်မယ်။ ဒါပေမဲ့ သူဟာ အတောက်ပ၊ အစူးရှဆုံး ကြယ်တစ်ပွင့်အဖြစ်နဲ့ တောက်ပနေပြီး ခင်ဗျားပတ်ဝန်းကျင်ကို အနွေးထွေးဆုံးအလင်းနဲ့ ထွန်းညှိနေပါလိမ့်မယ်။

**Zhu Mo**

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူရဲ့ အမှတ်တရ

ဂျက်ကီချန်းရဲ့ အတ္ထုပ္ပတ္တိကို မြန်မာဘာသာအဖြစ်ပြန်ဆိုဖို့ ထုတ်ဝေသူ စကား စလာတုန်းက ရင်ခုန်စိတ်လှုပ်ရှားခဲ့မိပါတယ်။ ဂျက်ကီချန်းရဲ့ ထင်ရှားကျော်ကြားမှုက ဟိုးတောရွာဇနပုဒ် ချောင်ကြိုချောင်ကြားမကျန် ပျံ့နှံ့ခဲ့တာကြောင့် ဂျက်ကီချန်းရဲ့ ရုပ်ရှင်တွေက ကျွန်မ ငယ်ဘဝရဲ့ အမှတ်တရ တစ်ပိုင်းတစ်စလည်း ဖြစ်ပါတယ်။ အိမ်တိုင်းတီဗွီမရှိခဲ့ခေတ်မှာ ဂျက်ကီချန်းကားတွေကို မိသားစုနဲ့အတူ ရွာရဲ့တစ်ခုတည်းသော ဗီဒီယိုရုံမှာ ကျွန်မ ကြည့်ခဲ့ရပါတယ်။ အမေ့စကား နားမထောင်လို့ အမေ လိုက်ရိုက်တဲ့အခါတိုင်း ဒါမှမဟုတ် မိသားစုစုံလင်တဲ့အချိန်တွေမှာ ဂျက်ကီချန်းရဲ့ အရက်မူးသိုင်း၊ မိန်းမလျာသိုင်းတွေက ကျွန်မရဲ့ဖျော်ဖြေရာ အမူအရာတွေ ဖြစ်ခဲ့ပါတယ်။

သူ့အတ္ထုပ္ပတ္တိကို ဘာသာပြန်နေချိန်အတွင်းမှာ သူ့ဇာတ်ကားဟောင်းတွေကို ကျွန်မ ပြန်ရှာကြည့်ခဲ့ပါတယ်။ ဘာသာပြန်လိုက်၊ ဇာတ်ကားတွေကို ပြန်ကြည့်လိုက်၊ ငယ်ဘဝကို လွမ်းလိုက်နဲ့ ဂျက်ကီချန်းဟာ ကျွန်မတို့ငယ်ရာက ကြီးလာတဲ့ အဖော်ဆိုလည်း မမှားပါဘူး။ ကျွန်မတို့ ကလေးဘဝကနေ အခုအသက်အရွယ်အထိ သူ့ဇာတ်ကားတွေဟာ ကျွန်မတို့ လိုက်လံနှစ်သက်ရာဖြစ်ခဲ့ပါတယ်။ ငယ်ရွယ်စဉ်တုန်းက သူ့ဇာတ်ကားဟာ ကျွန်မတို့ရဲ့ပျော်ရွှင်အတုယူရာ၊ အရွယ်ရောက်လာတော့ သူ့ဇာတ်ကားဟာ ကျွန်မတို့ရဲ့ ရယ်မောကြည်နူးရာဖြစ်ခဲ့သလို အခု သူ့အသက်

mgyoe.com

အရွယ်အရ ဒရမ်မာကားတွေဘက် ရောက်လာတဲ့အခါမှာလည်း သူ့ဇာတ်ကားက ကျွန်မတို့ရဲ့ ခံစားရာဖြစ်ခဲ့ပါတယ်။ သူအိုမင်းသွားတဲ့နည်းတူ ကျွန်မတို့လည်း မငယ်ခဲ့ကြတော့ပါဘူး။ သူ့အကြောင်းရေးထားတဲ့ ဒီစာအုပ်ကို ဖတ်နေချိန်အတွင်း ကိုယ့်ငယ်ဘဝကို ကိုယ်ပြန်မြင်တဲ့အဖြစ်မျိုးမို့ ဖတ်ပြီးချိန် လွမ်းတသသအဖြစ်၊ ကြည်နူးစရာအဖြစ် ရင်ထဲကျန်ရစ်စေပါတယ်။

ဒီစာအုပ်ကို မြန်မာဘာသာအဖြစ် ပြန်ဆိုရေးသားဖို့ ကမ်းလှမ်းခဲ့တဲ့ စာရိပ်မြိုင်က ထုတ်ဝေသူကို ကျေးဇူးတင်ပါတယ်။ သူ့ကြောင့် ကိုယ်နှစ်ပေါင်းများစွာ နှစ်သက်သဘောကျခဲ့တဲ့ ကိုယ့် Idol ရဲ့ ဘဝအကြောင်း၊ ခံယူချက်၊ ရည်ရွယ်ချက်၊ စိတ်နေသဘောထား၊ အမူအကျင့်တွေကို ဒီစာအုပ်ထဲမှာ ခရေစေ့တွင်းကျ တွေ့မြင် ဖတ်ရှုရလို့ပါ။ ဂျက်ကီချန်းကို ကြိုက်နှစ်သက်တဲ့ စာဖတ်သူတွေလည်း ဂျက်ကီချန်းအကြောင်းကို ဖတ်ပြီး တစ်ခုခု သိမြင်ခံစားမိသွားနိုင်မယ်လို့ ယုံကြည်ရင်း. . . ။

နိုင်းနိုင်းစနေ
ဇွန် ၂၀၂၃

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ထုတ်ဝေသူရဲ့ အမှတ်တရ

တစ်နေ့. . . Amazon ထဲမှာ အသစ်ထွက် စာအုပ်တွေ ဝင်မွှေရင်း ဂျက်ကီချန်းရဲ့ ဒီစာအုပ်ကြီးကို တွေ့လိုက်ရတယ်၊ ကိုယ်က ငယ်ငယ်ကတည်းက ဂျက်ကီချန်းကို တအား သဘောကျတာဆိုတော့ ဒီစာအုပ်အကြောင်း စာမြည်းလေး ဖတ်ကြည့်ပြီးသွားတာနဲ့ ဘယ်လောက်ထူထူ ထုတ်မယ်ဆိုပြီး ဆုံးဖြတ်ချက် ချလိုက်တယ်။

ဘာသာပြန်နိုင်မယ့်သူကိုလည်း ချက်ချင်း ပြေးမြင်မိတာက ဆရာမ နိုင်းနိုင်းစနေကိုပဲ။ ဆရာမအရေးအသားနဲ့ဆို တော်တော်လေး မိုက်မယ်လို့ တွေးမိပြီးတာနဲ့ ဆရာမကို ဆက်သွယ်ပြီး ဒီစာအုပ်လေးကို ဘာသာပြန်ပေးဖို့ အကူအညီ တောင်းခံခဲ့တယ်။ ဆရာမကိုယ်တိုင်က ဂျက်ကီချန်းရဲ့ ပရိသတ် ဖြစ်နေတော့ အလုပ်တွေ မအားတဲ့ကြားကနေ ကြိုးစားပြီး ပြန်ပေးမယ်လို့ ကျွန်တော့်ကို ပြောတယ်။

ဒီစာအုပ်ကြီးကို ဒီ့ထက်ပိုစောပြီး ထွက်ရှိလာဖို့ စိတ်ကူးထားပေမယ့် အကောင်းဆုံးဖြစ်အောင် လုပ်ကြမယ်ဆိုတဲ့စိတ်နဲ့ အသေးစိတ်ကအစ သေသေချာချာလေး လုပ်ဆောင်နေကြလို့ စောင့်မျှော်နေတဲ့ စာချစ်သူတွေကို အနည်းငယ် စောင့်ဆိုင်းစေမိခဲ့ပါတယ်။

ဒီစာအုပ်ဟာ ဂျက်ကီချန်းအကြောင်း ထွက်ရှိပြီးသမျှ စာအုပ်တွေထဲမှာ

mgyoe.com

သူ့အကြောင်းကို အပြည့်စုံဆုံး ဖော်ပြထားတဲ့ စာအုပ်ဖြစ်ပါတယ်။ ဂျက်ကီချန်း ကိုယ်တိုင် အမှားအယွင်းမရှိအောင် သေချာစစ်ဆေးပြီးမှသာ သူ့အနုပညာသက်တမ်း နှစ် ၆၀ အမှတ်တရအဖြစ် ထုတ်ဝေခဲ့ခြင်းလည်း ဖြစ်တယ်။

ဂျက်ကီချန်းရဲ့ သမိုင်း ဘယ်လောက်အထိ လှလဲဆိုရင် အော်စကာဆု ပေးပွဲမှာ မဲပေးတဲ့ လူအယောက် ၅၀ စလုံးက သူ့ကို တစ်သက်တာအော်စကာဆု ပေးဖို့ကို တညီတညွတ်တည်း အဆိုပြုခဲ့ကြတယ်။ အော်စကာသမိုင်းမှာ ဒီလို ဖြစ်ရပ်ဟာ ပထမဦးဆုံး ဖြစ်ခဲ့ပါသတဲ့။

အော်စကာဆုပေးပွဲမှာလည်း Tom Hanks က ဂျက်ကီချန်းကို Chantastic ဆိုတဲ့ စကားလုံးထွင်ပြီး ဂုဏ်ပြုချီးမြှင့်ခဲ့တာကို တွေ့ရတယ်။ Chantastic (ချန်းနှိုင်းမရ) ဆိုတာက တုနှိုင်းမရဆိုတဲ့ စကားလုံးထက် ဂျက်ကီချန်းလိုလူမျိုး တစ်ယောက်မှမရှိ ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်ထားခြင်း ဖြစ်တယ်။

ဒီလိုမျိုး ကြီးကျယ်မြင့်မြတ်တဲ့ ဂုဏ်ပုဒ်တွေရှိတဲ့ လူတစ်ယောက်ဖြစ်လာဖို့ နောက်ကွယ်က ပေးဆပ်ထားတဲ့ ဇာတ်လမ်းတွေအကြောင်းကို စိတ်ဝင်စားကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ဒီစာအုပ်လေးကို ဘာသာပြန်ဆိုပေးပါသော ဆရာမ နိုင်းနိုင်းစနေ၊ မျက်နှာဖုံးပန်းချီကား ရေးဆွဲပေးပါသော ဆရာမုတ်သုံ၊ အတွင်းဒီဇိုင်းနဲ့ စာအုပ်ဒီဇိုင်း ပြုလုပ်ပေးပါသော ကိုပိုင်နိုင်အောင်နဲ့ မခိုင်ဇင်ထွန်း ၊ စာအုပ်လေးတွေကို အကောင်းဆုံးပုံစံ ထွက်လာအောင် သေချာတိုင်ပင်ပြီး စီစဉ်ပေးတဲ့ မမျိုးမျိုး(ပုံနှိပ်တိုက်) ၊ စာရိပ်မြိုင်တိုက်ထုတ် စာအုပ်လေးတွေကို အမိက ရောင်းချပေးနေပါသော တစ်နိုင်ငံလုံး ဖြန့်ချိရေး ကိုလတ်စာပေ ၊ အွန်လိုင်းကနေဆို ပန်းဆက်လမ်းစာပေအပြင် တခြားစာအုပ်တိုက်များ၊ အွန်လိုင်းအရောင်းဆိုင်များကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျ။

အထူးသဖြင့် စာရိပ်မြိုင်ကနေ ဂျက်ကီချန်းစာအုပ်ကြီး ထွက်လာဖို့ မျှော်လင့်နေကြတဲ့သူတွေ၊ အစဉ်တစိုက် အားပေးလာကြတဲ့ စာချစ်သူတွေကိုလည်း မမေ့မလျော့ ကျေးဇူးတင်ရှိအပ်ပါတယ် ခင်ဗျာ. . . ။

ပြည့်အာကာ
စာရိပ်မြိုင်စာပေ

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

# အခန်း | ၃

---

## လူရိုင်းလေး

mgyoe.com

mgyoe.com SAMPLE BOOK

# အာ့ဖောက်

ကျွန်တော့်ကို ၁၉၅၄ ခုနှစ် ဧပြီလ ၇ ရက်နေ့ ဟောင်ကောင်မှာ မွေးဖွားခဲ့တယ်။ မိဘတွေက ကျွန်တော့်ကို Chang Gang Sheng လို့နာမည်ပေးတယ်။ (Gang Sheng မှာ ဟောင်ကောင်ဖွားဟု အဓိပ္ပာယ်ရ - ဘာသာပြန်သူ)

အမေ့ဝမ်းထဲရှိစဉ်ကတည်းက ကျွန်တော်ဟာ အငြိမ်နေသူ မဟုတ်ခဲ့ဘူး။ တွန့်လူးတာကို နှစ်သက်ခဲ့တယ်။ ဒါက အံ့ဩစရာမဟုတ်ပေမဲ့ တကယ့်အံ့ဩစရာက အမေ့ကိုယ်ဝန် ၁၂ လရှိတာတောင် ကျွန်တော်ဟာ အပြင်ကို ထွက်မလာချင်သေးတာပါပဲ။ တစ်နေ့မှာ မခံမရပ်နိုင်အောင် မေမေ ဗိုက်နာခဲ့တယ်။ ဖေဖေက မေမေ့ကို ဆေးရုံအမြန်ပို့တယ်။ နာလွန်းလို့ မေမေဟာ ခုတင်ပေါ် လူးလှိမ့်ရင်းက နောက်ဆုံး ခုတင်အောက် တွားဝင်သွားတယ်။ ဆရာဝန်က စစ်ဆေးပြီး ကလေးသိပ်ထွားတော့ မွေးရခက်တဲ့အန္တရာယ်ရှိလို့ ချက်ချင်းခွဲမွေးဖို့ အကြံပေးတယ်။

ဖေဖေက ခွင့်ပြုချက်လက်မှတ် ထိုးလိုက်တယ်။ ၂ နာရီနီးပါးကြာ ခွဲစိတ်မှုပြုလုပ်ပြီးမှ ကျွန်တော့်ကို အမေ့ဝမ်းထဲကနေ ထုတ်လို့ရသွားခဲ့တယ်။ မွေးကင်းစမှာ ကျွန်တော် ၁၂ ပေါင်ခွဲ ရှိတယ်။ ဆရာဝန်ရော ကျွန်တော့်မိဘပါ မျက်လုံးမျက်ဆန်ပြူးခဲ့ကြတယ်။ နောက်ပိုင်း နယ်ခံသတင်းစာပေါ်တောင် ရောက်သွားပြီး သတင်းခေါင်းစဉ်မှာ ကျွန်တော့်ကို “ဧရာမကလေး” လို့ ဖော်ပြထားတယ်။ မွေးလာတာနဲ့ လူကောင်ထွားတာကြောင့် ဖေဖေနဲ့မေမေက ကျွန်တော့်ငယ်နာမည်ကို “အာ့ဖောက်”

mgyoe.com

mgyoe.com SAMPLE BOOK




မိဘတွေက ကျွန်တော့်ငယ်နာမည်ကို အာ့ဖောက်လို့ ပေးခဲ့တယ်။

လို့ပေးတယ်။ ( "ဖောက်" မှာ "ဗုံး" ဟု အဓိပ္ပာယ်ရ - ဘာသာပြန်သူ)။ တစ်ခါတလေ ကျွန်တော့်ကို "ဖောက်ဖောက်" လို့ သူတို့ခေါ်တတ်တယ်။

အဲဒီတုန်းက ကျွန်တော့်မိဘတွေက ပြင်သစ်ကောင်စစ်ဝန်ရုံးမှာ ထမင်းချက်နဲ့ အစေခံ လုပ်တယ်။ မိသားစုစီးပွားရေးကြပ်တည်းပေမယ့် ကျွန်တော်က မွေးလာတာနဲ့ ဗစ်တိုးရီးယားတောင်ထိပ်က သူဌေးအိမ်မှာ နေခဲ့တယ်။ အိမ်ရှင့်အိမ်က ခမ်းနားကျယ်ဝန်းပြီး ကျွန်တော်တို့အိမ်က နောက်ဖေးမှာ ကျဉ်းကျဉ်းကျပ်ကျပ် ရှိတာလေး တစ်ခုပါပဲ။ ဝိုင်းတစ်ခုတည်းမှာပဲ နေထိုင်ကြပြီး ကောင်စစ်ဝန်မိသားစုကလည်း ကျွန်တော်တို့အပေါ် ကောင်းကြတယ်ဆိုပေမဲ့ ကျွန်တော်တို့ဟာ မတူတဲ့ကမ္ဘာနှစ်ခုမှာ ရှိနေခဲ့ကြတယ်။

ဒီနေရာမှာ ကျွန်တော်ကြားဖြတ်ပြောချင်တာတစ်ခု ရှိတယ်။

ပိုက်ခွဲမွေးတဲ့ကုန်ကျစရိတ်က ဟောင်ကောင်ဒေါ်လာ ရာချီပေးရတယ်။ အဲဒီတုန်းက ဒီလောက်များတဲ့ငွေကို ကျွန်တော့်မိဘတွေ မတတ်နိုင်ခဲ့ဘူး။ ခွဲမွေးပေးတဲ့ဆရာဝန်က အင်္ဂလိပ်အမျိုးသမီးတစ်ဦးဖြစ်ပြီး သူ့မှာ ကလေးမရှိဘူး။ သူက ကျွန်တော့်ဖေဖေနဲ့ တိုင်ပင်တယ်။ သူ့ကို ကလေးပေးရင် ခွဲစိတ်ခ၊ ဆေးရုံတက်ခ မယူတဲ့အပြင် ဟောင်ကောင်ဒေါ်လာ ၅၀၀ ပေးဦးမယ်တဲ့။ ဒါက မြင့်မားတဲ့ဈေးနှုန်းတစ်ခုဆိုတော့ ဖေဖေက အလေးအနက်ထား စဉ်းစားခဲ့တယ်။ တကယ်တော့ အဲဒီတုန်းက ဆင်းရဲသားအများစုဟာ သူတို့ရဲ့ကလေးကို ချမ်းသာတဲ့လူတွေမွေးစားဖို့ ပေးလိုက်တတ်တယ်။ ကိုယ်တိုင်လည်း ပိုက်ဆံရရုံမက ကလေးရဲ့အနာဂတ်လည်း အာမခံချက် ရှိသွားတယ်။ ကံကောင်းတာက ဖေဖေဟာ အဲဒီအပေးအယူကို လက်မခံခဲ့ဘူး။ ကျွန်တော်ကလည်း သူတို့ရဲ့သားဦး ပြီးတော့ သွက်လက်ချက်ချာ နေတော့ ပေးဖို့ နှမြောခဲ့တယ်။ ဖေဖေရဲ့မိတ်ဆွေတွေကလည်း ဒီကလေးက ခင်ဗျားရဲ့တစ်ဦးတည်းသောသား ဖြစ်နိုင်တယ်ဆိုပြီး ထောက်ခံခဲ့ကြတယ်။ အဲဒီတုန်းက

mgyoe.com

မေမေ့အသက် ၄၀ ရှိနေပြီ။ "၁၂ လကိုယ်ဝန်လွယ်ပြီး မွေးလာတော့ ၁၂ ပေါင် ရှိတယ်။ ဒီကလေး နောက်ပိုင်းမှာ ထူးခြားနိုင်တယ်" လို့ဆိုတယ်။ ဖေဖေ့မိတ်ဆွေတွေက အကြွေးဆပ်ဖို့ ပိုက်ဆံချေးပေးခဲ့ကြလို့ ကျွန်တော်လည်း မိဘရင်းဘေးကြီးပြင်းလာခဲ့ပါတယ်။

ကျွန်တော်တို့အိမ်က ကျဉ်းကျပ်ပေမယ့် တော်တော်လေး သပ်ရပ်သန့်ရှင်းတယ်။ ၁၀ ပေပတ်လည်ကျော် အခန်းထဲမှာ မိသားစုသုံးယောက် ကျပ်ကျပ်သိပ်သိပ်နေကြတယ်။ ဖေဖေကိုယ်တိုင်လုပ်တဲ့ အိမ်ထောင်ပရိဘောဂတွေကို မေမေတိုက်ချွတ်ထားတာ ပြောင်လက်နေတာပဲ။ အိမ်ထဲမှာ ခုတင်နှစ်လုံးထည့်လို့ မရတာကြောင့် အထက်အောက်ခုတင်နဲ့ ကျွန်တော်တို့ အိပ်တယ်။ ဖေဖေနဲ့မေမေက အပေါ်ထပ်မှာ အိပ်တယ်။ ကျွန်တော်က အောက်ထပ်မှာ အိပ်တယ်။ ညရောက်တာနဲ့ ကျွန်တော် အော်ဟစ် ငိုယိုတတ်တယ်။ တစ်အိမ်လုံး ဆူညံပွက်လောရိုက်အောင် လုပ်ပစ်တယ်။ မိဘတွေငြိမ်ငြိမ်မနေရရုံတင်မက ကောင်စစ်ဝန်မိသားစုကိုပါ အိပ်မရအောင် လုပ်ပစ်တယ်။ သူတို့က ယဉ်ကျေးသိမ်မွေ့တဲ့လူတွေဆိုပေမယ့် အောက်ထပ်ဆင်းပြီး ကျွန်တော် ဘာဖြစ်တာလဲ၊ နေထိုင်မကောင်းတာလား လာကြည့်တတ်တော့ ဖေဖေမေမေတို့မှာ အင်မတန် အားနာရတယ်။ တစ်ခါတလေ ကျွန်တော့်ငိုသံကျယ်လွန်းလို့ ဘေးကအိမ်တွေပါ မအိပ်နိုင်ဖြစ်ပြီး ညနက်သန်းခေါင်မှာ ဒေါသတကြီး "ဟဲ့ ဘယ်အိမ်က ကလေးငိုနေတာလဲ. . . စိတ်ကုန်လိုက်တာ" လို့ အော်ငေါက်တတ်တယ်။ ဒီလိုအခြေအနေမျိုးရောက်တိုင်း မေမေဟာ ကျွန်တော့်ကိုပိုးပြီး အဝေးကပန်းခြံဆီ ခေါ်သွားတတ်တယ်။ ယပ်တောင်လေး ခတ်၊ သီချင်းလေး ညည်းပြီး ကျွန်တော့်ကို ချော့သိပ်တတ်ခဲ့တယ်။ အဲဒီတုန်းက ကျွန်တော် တော်တော်ထွားနေပြီ။ မေမေဟာ နေ့မှာ အလုပ်လုပ်ရ၊ ညမှာ ကျွန်တော့်ကိုချီပိုးထားရနဲ့ တော်တော် ပင်ပန်းခဲ့ပါတယ်။

မီးဖိုထဲ တစ်နေကုန်တစ်နေခန်း အလုပ်များနေတဲ့ဖေဖေရဲ့ပုံရိပ်က မှတ်မိစအရွယ်ကတည်းက ကျွန်တော်မှတ်ဉာဏ်ထဲ ရှိနေခဲ့ပါပြီ။ မေမေကျတော့ အဝတ်လျှော်ခန်းမှာ တောင်လိုပုံနေတဲ့အဝတ်တွေကြားထဲ ရှိနေခဲ့ပါတယ်။ ကျွန်တော် နည်းနည်း အရွယ်ရလာတော့ မေမေက ကျွန်တော့်ကို သူ့အပါး ခေါ်ထားတယ်။ တစ်ဖက်ကလည်း အဝတ်လျှော်လိုက် မီးပူတိုက်လိုက် ခေါက်လိုက်ပါပဲ။ ကျွန်တော်က မေမေ့ခြေထောက်ကြား ဟိုတွား ဒီတွားရှိနေခဲ့ပြီး မကြာခဏ သူ့ကို ခလုတ်တိုက်စေခဲ့တယ်။ သူ သတိမထားမိတဲ့အချိန်တွေမှာ ကျွန်တော်က စက္ကူစုတ်ကော်

mgyoe.com

စားလိုက်၊ ဆပ်ပြာကောက်စားလိုက်မို့ မေမေ တော်တော်ဗျာများခဲ့ရတယ်။ နောက်ပိုင်း မေမေက ကျွန်တော့်ကိုထိန်းဖို့ နည်းတစ်ခုရသွားတယ်။ ရေအပြည့်ထည့်ထားတဲ့ ဇလုံထဲ ကျွန်တော့်ကိုထည့်ထားရင် ကျွန်တော် သိပ်ပျော်ပါတယ်။ ရေကို တဖျပ်ဖျပ် ရိုက်ပြီး ကိုယ့်ဘာသာကိုယ် ဆော့ကစားနေခဲ့တတ်တယ်။ ဒီလိုမှ မေမေ ခဏတဖြုတ် နားအေးပါးအေး နေရတော့တယ်။

ကျွန်တော်ငယ်ငယ်က မေမေနဲ့ ပိုတူတယ်လို့ ဖေဖေက ပြောတတ်တယ်။ မွေးတာနဲ့ ဆံပင်တော်တော်ရှည်တယ်၊ မျက်လုံးမှေးတယ်၊ ဝတယ်လို့ ဆိုတယ်။ ပြီးတော့ ရှက်စရာကောင်းတာတစ်ခု ရှိသေးတယ်။ မေမေက ကျွန်တော့်ကို သိပ်ချစ်တော့ သုံးနှစ်အထိ ကျွန်တော့်ကို နို့ပေးစို့ခဲ့တယ်။ အသက်လေးငါးနှစ်ရောက်တော့ ဖေဖေက ကျွန်တော့်အပေါ် စည်းကမ်းတင်းကြပ်လာခဲ့တယ်။ နေ့တိုင်း မနက်ဝေလီဝေလင်းဖြစ်တာနဲ့ သူက ကျွန်တော့်ကို နှိုးပြီး သူနဲ့အတူ မနက်ပိုင်းလေ့ကျင့်ခန်း လုပ်ခိုင်းတယ်။ တစ်ခါတလေ ရေအေးနဲ့ ရေအတူ ချိုးရသေးတယ်။

သားကြီးလာရင် ဘာလုပ်မလဲလို့ အိမ်နီးချင်းတွေက ကျွန်တော့်ကို မေးတတ်တယ်။ ကျွန်တော်က ကျွန်တော် လူပျိုလုပ်မယ်လို့ဖြေတယ်။ ဘယ်လိုပျိုမလဲ ဆက်မေးရင် အမြင့်ကြီးပျံတာမျိုးပျံမယ်လို့ ဖြေခဲ့တယ်။ အခု မပျံနဲ့ဦး၊ လဲတတ်တယ်၊ ကြီးလာမှ လူပျံလုပ်လို့ သူတို့ပြောရင် ကျွန်တော်ခေါင်းညိတ်နေတတ်ခဲ့တယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ချစ်သူလေး

လူချမ်းသာအသိုင်းအဝိုင်းမှာနေရတော့ ဘေးပတ်ပတ်လည်မှာလည်း ချမ်းသာတဲ့မိသားစုရဲ့ နိုင်ငံခြားသားကလေးတွေချည်းပဲ။ သူတို့ရဲ့အကြည့်ထဲမှာ ကျွန်တော်က ဆင်းရဲသား တရုတ်ကလေးတစ်ယောက်ပေါ့။ ဒါကြောင့် သူတို့က ကျွန်တော်နဲ့ သိပ်မကစားချင်ကြဘူး။ ကောင်စစ်ဝန်အိမ်မှာ သမီးလေးတစ်ယောက် ရှိတယ်။ အရမ်းလှတယ်။ ကျွန်တော့်နဲ့ ရွယ်တူလောက်ပဲ။ ကောင်စစ်ဝန်ကတော်က သူ့သမီးကို ကျွန်တော်နဲ့ ကစားခွင့်ပေးတယ်။ ဒါက သူ့ရဲ့သွန်သင်ဆုံးမမှု၊ ပြုစု ပျိုးထောင်မှုဆိုပေမယ့် ကျွန်တော်တို့မိသားစုအတွက်တော့ နွေးထွေးတဲ့ အားပေးမှု တစ်မျိုး ဖြစ်ခဲ့တယ်။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် သိပ်နှစ်သက် ကြတယ်။ သူက ကျွန်တော့်ကို သူ့ရဲ့ "ချစ်သူ" လို့ သတ်မှတ်တယ်။ ကျွန်တော်က သူ့ကို အရင်းနှီးဆုံးအဖော်လို့ သတ်မှတ်တယ်။

ဖေဖေငယ်ငယ်တုန်းက ရှောင်လင်ဟုန်သိုင်း (Hong) ကျင့်ခဲ့ဖူးတယ်။ ကျွမ်းကျွမ်းကျင်ကျင် တတ်တယ်။ ကန့်သတ်ထားတဲ့ အခြေအနေတစ်ခုမှာ ဖေဖေက ကျွန်တော့်ကိုလည်း လေ့ကျင့်စေခဲ့တယ်။ လွယ်ကူတဲ့ လုပ်ရိုးလုပ်စဉ်နဲ့ သိုင်းကွက် တချို့ကို သင်ပေးခဲ့တယ်။ ဖေဖေ့လက်က သိပ်သပ်ရပ်တယ်။ စွန့်ပစ်ပစ္စည်းတွေနဲ့ လေ့ကျင့်ရေး ကိရိယာတွေကို ပြုပြင်နိုင်တယ်။ ကျွန်တော် သိုင်းလေ့ကျင့်တာကို နေ့တိုင်း ဘေးကနေ စောင့်ကြပ်ပေးခဲ့တယ်။ ကျွန်တော်က မွေးရာပါ ခန္ဓာကိုယ်

mgyoe.com

ကျန်းမာသန်စွမ်းခဲ့လို့ ကလေးတွေကြား ရန်ပွဲဖြစ်ရင် အမြဲအသာစီးရခဲ့တယ်။ ကျွန်တော်ကစပြီး တခြားလူကို သွားအနိုင်ကျင့်တာမျိုးတော့ မရှိခဲ့ပါဘူး။ တခြားလူကိုယ့်ကိုလာရန်စမှ ကျွန်တော်က တုံ့ပြန်တတ်တာပါ။ ဒါပေမဲ့ တစ်ခုရှိတာက ကျွန်တော့် ချစ်သူလေးကို ကောင်လေးတွေ အနိုင်ကျင့်တဲ့အခါမျိုးမှာတော့ ကျွန်တော်က ချက်ချင်း သူ့အတွက် လက်တုံ့ပြန်ပါတယ်။ သူ့ကို ငိုအောင်လုပ်တဲ့သူ၊ ဘယ်သူမှားမှား ကျွန်တော်ချက်ချင်းရှေ့တက်ပြီး ထိုးပစ်တာပဲ။ ကျွန်တော့်ရဲ့ ဝဝတုတ်တုတ်ခန္ဓာကိုယ်နဲ့ သူတို့ကို အပေါ်ကနေ ဖိထားပစ်လိုက်တာ သူတို့ငိုယိုပြီး ကျွန်တော့်ချစ်သူကို တောင်းပန်တဲ့အထိပါပဲ။

တစ်ခါတုန်းကလည်း ဒီလိုအခြေအနေမျိုးမှာပဲ ဖေဖေနဲ့ ပက်ပင်းတိုးသွားတယ်။ အိမ်နီးချင်းကလေးတစ်ယောက်အပေါ် ကျွန်တော် တက်ဖိနေတာကို ဖေဖေတွေ့သွားတယ်။ အဲဒီကလေးရဲ့ မျက်နှာနဲ့လည်ပင်းက ညိုမည်းနေပြီ၊ အသံပြဲကြီးနဲ့ သူ ငိုတော့ ဖေဖေအမြန်ပြေးလာပြီး အပြစ်လုပ်နေတဲ့ ကျွန်တော့်ကို လက်တစ်ဘက်နဲ့ ဆွဲမြှောက်လိုက်တယ်။ ကျန်လက်တစ်ဘက်နဲ့ ကလေးကို ထူပေးလိုက်တယ်။ ငိုယိုပြီးအိမ်ပြန်သွားတဲ့ စစ်ရှုံးတဲ့ကလေးကိုကြည့်ပြီး ကျွန်တော်စိတ်ထဲ ကျေနပ်ခဲ့မိတယ်။ အဲဒီမှာ ဖေဖေ ပြင်းပြင်းထန်ထန် အပြစ်ပေးလိမ့်မယ်လို့ ကျွန်တော်လုံးဝမထင်ခဲ့ပါဘူး။ ကျွန်တော့်ကို ကိုင်မြှောက်သွားတဲ့လမ်းမှာ ကျွန်တော်က အသံကျယ်ကြီးနဲ့ "ဖေဖေ. . . သားနိုင်သွားပြီ၊ သားနိုင်သွားပြီ" လို့ အော်နေခဲ့တယ်။

ဖေဖေက ကလေးလွတ်မြောက်ဖို့ ကျွန်တော့်ကို အိမ်ခေါ်ပြန်တာလို့ ထင်ခဲ့မိပေမယ့် အိမ်ရောက်တာနဲ့ ဖေဖေက သူ့ခါးပတ်ကြိုးနဲ့ ကျွန်တော့်ကို ရိုက်တော့တယ်။ အဲဒီနောက် ကျွန်တော့်ကို ကောင်စစ်ဝန်အိမ်က အမှိုက်ခန်းထဲ ပိတ်လှောင်ထားလိုက်တယ်။ အဲဒီနေရာက ကျွန်တော်အမှားလုပ်တိုင်း ဖေဖေအပြစ်ပေးတဲ့နေရာပါ။ ကျွန်တော် အရမ်းအံ့သြသွားတယ်။ ဖေဖေ့ကိုလည်း "ဖေဖေ သားနိုင်တယ်လေ" လို့ ပြောလိုက်မိတယ်။ ဖေဖေက တင်းမာတဲ့မျက်နှာထားနဲ့ "သားကို ဖေဖေသိုင်းသင်ပေးတာ လူတွေကို အနိုင်ကျင့်ဖို့မဟုတ်ဘူး" လို့ အေးစက်စက်ပြောတယ်။

"ဖေဖေ. . . သူတို့က သားသူငယ်ချင်းကို အနိုင်ကျင့်လို့ သားက သူတို့ကိုဆုံးမလိုက်တာ" လို့ ကျွန်တော်ပြောတော့ ဖေဖေက ကျွန်တော့်ကိုစိုက်ကြည့်ပြီး ဘာမှမပြောဘဲ အမှိုက်ခန်းတံခါးပိတ်ပြီး ထွက်သွားခဲ့တယ်။

အမှိုက်အိတ်တွေနဲ့ ကျွန်တော်အတူရှိနေတုန်း အပြင်မှာ မေမေရဲ့ အလျှင်

mgyoe.com SAMPLE BOOK

စလို လာနေတဲ့အသံကို ကြားလိုက်တယ်။ ဖေဖေ့ကို ကျွန်တော့်အစား သူ တောင်းပန်နေတယ်။ ဒါပေမဲ့ သူတို့စကားများကြတယ်။ တအောင့်နေတော့ ဘာသံမှမကြားတော့ဘူး။

ဒါက ကျွန်တော်ပထမဆုံးအကြိမ် ပိတ်လှောင်ခံရတာတော့ မဟုတ်ပါဘူး။ ဒီနေရာကျဉ်းကျဉ်းနဲ့ ကျွန်တော် တရင်းတနှီး ရှိလှပါတယ်။ ဒီထဲမှာနေရတာ ကြောက်စရာတော့ မရှိပါဘူး။ တဂွီဂွီအော်နေတဲ့ဗိုက်ကိုပဲ ကျွန်တော် စိုးရိမ်မိတာပါ။ ကျွန်တော် သိပ်ဆာပါတယ်။ တစ်ခုခုစားချင်ပါတယ်။ တံခါးပေါက်အပေါ်ကနေ တိုးဝင်လာတဲ့ အလင်းမှိန်မှိန်လေးကို ကျွန်တော်ငေးစိုက်ကြည့်ရင်း ခဏတဖြုတ် အိပ်လိုက်မယ်၊ အိပ်ပျော်သွားရင် မဆာတော့ဘူးလို့ စိတ်ထဲ တွေးနေခဲ့မိတယ်။ ဖေဖေက မုန်းစရာကြီးပါ။ တီဗွီထဲက သူရဲကောင်းတွေလို ကိုယ့်ချစ်သူကို ကျွန်တော် ကာကွယ်တာပဲ။ ဘာဖြစ်လို့ ကျွန်တော့်ကို မချီးမွမ်းရတာလဲ။

ရုတ်တရက် တံခါးခေါက်သံကို ကျွန်တော်ကြားလိုက်မိတယ်။ မှိန်းနေရာက ကျွန်တော်လန့်နိုးသွားတယ်။ တံခါးနားတိုးကပ်ပြီး "ဘယ်သူလဲ" မေးလိုက်တော့ အပြင်ကမေမေ့အသံက "ဖောက်ဖောက်. . . အပေါ်ကို မော့ကြည့်" လို့ဆိုတယ်။ ကျွန်တော်ခေါင်းမော့လိုက်တယ်။ တံခါးအပေါ်မှာ နေရာလပ်တစ်ခု ရှိနေတယ်။ အလင်းတိုးဝင်လာတဲ့နေရာလေးပါ။ အဲဒီနေရာကနေ ပစ္စည်းတချို့တိုးဝင်လာပြီး ကျွန်တော့်ကိုယ်ပေါ် ပြုတ်ကျလာတယ်။ ကျွန်တော် အမြန်ကောက်ယူလိုက်တယ်။ အထုပ်ကိုမဖြည်ခင် မွှေးကြိုင်တဲ့အနံ့ကို ရလိုက်တယ်။ ထုပ်ထားတဲ့စက္ကူတွေကို ကျွန်တော် ကမန်းကတန်း ဆွဲဖြည်လိုက်တော့ အထဲမှာ အသားကင်ဆန်းဝှစ်ကြီး တစ်ချပ်ကို တွေ့လိုက်တယ်။ ဘုရားရေ. . . သိပ်မိုက်တယ်၊ ကျွန်တော် ပလုတ်ပလောင်း စားပစ်လိုက်တာ သိပ်ပျော်တယ်လို့ ခံစားခဲ့ရတယ်။

ဖေဖေ အတော်လေး ဒေါသထွက်သွားတာဟာ အထိုးခံရတဲ့ကလေးက ကောင်စစ်ဝန်အရာရှိတစ်ဦးရဲ့ သားဖြစ်လို့ဆိုတာကို နောက်မှ ကျွန်တော်သိလိုက်ရတယ်။ ကျွန်တော်တို့က တခြားလူရဲ့တံစက်မြိတ်အောက်မှာ မျက်နှာရိပ် မျက်နှာကဲ ကြည့်ပြီးနေရတာကြောင့် အလုပ်ပြုတ်သွားမှာကို သူ စိုးရိမ်ခဲ့တယ်။ ဒါကြောင့် အဲဒီအခေါက်က ဖေဖေဟာ ကျွန်တော့်ကိုရိုက်ရုံမက ပိတ်လည်းလှောင်ထားခဲ့တယ်။ အဲဒီအပြင် သူတို့ကို သွားတောင်းပန်ဖို့ ကျွန်တော့်ကို ခေါ်သွားသေးတယ်။ တောင်းပန်နေချိန်အတွင်း ဖေဖေက ကောင်စစ်ဝန်အရာရှိရဲ့ရှေ့မှာ ကျွန်တော့်ကို ရိုက်ဖို့ရွယ်သေးတယ်။ စိတ်သဘောကောင်းတဲ့ ကောင်စစ်ဝန်အရာရှိက အမြန်

mgyoe.com

 mgyoe.com SAMPLE BOOK 

တားပြီး. . . ကိစ္စမရှိဘူး၊ ကလေးတွေကြား ရန်ဖြစ်တာပဲ ဘာမှမဖြစ်ဘူးလို့ ပြောတယ်။

အဲဒီအတွေ့အကြုံက နောက်ပိုင်းမှာ ချစ်သူအတွက် ရန်မဖြစ်ဖို့ ကျွန်တော့်ကို မတားနိုင်ခဲ့ပါဘူး။ ကျွန်တော့်လက်သီးစာကို ဝိုင်းထဲက ကလေးအတော်များများ မြည်းဖူးခဲ့တဲ့နောက်မှာ ကျွန်တော်နဲ့ ရန်ဖြစ်တဲ့လူ နည်းသထက် နည်းသွားခဲ့ပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ဗစ်တိုးရီးယားတောင်ထိပ်က ရန်ပွဲ

ကျွန်တော်တို့အိမ်က တောင်ထိပ်မှာဆိုတော့ ကျောင်းတက်ကျောင်းဆင်းကားမရှိတာကြောင့် ကျောင်းစတက်တဲ့နေ့ကစပြီး ကျောင်းကို မနက်တိုင်း ကျွန်တော် လမ်းလျှောက်တက်ခဲ့ရတယ်။ အိမ်ကမထွက်ခင် မေမေက ကျွန်တော့်ကို မနက်စာ သေချာပြင်ကျွေးတယ်။ အဲဒီနောက် နေ့လယ်စာအတွက် ဆန်းဒ်ဝှစ် ဒါမှမဟုတ် ထမင်းဘူးကို ကျွန်တော့်အိတ်ထဲ ထည့်ပေးတယ်။ ငယ်ငယ်တုန်းက ကျွန်တော်က သိပ်စားနိုင်သလို အစားလည်းပုတ်တယ်။ တောင်အောက်ဆင်းတဲ့လမ်းပေါ် ရောက်တာနဲ့ ဆာလာတတ်လို့ ကျောင်းမရောက်ခင် နေ့လယ်စာကို စားပစ်လိုက်တတ်တယ်။

မေမေက ကျွန်တော့်ဘေးကင်းလုံခြုံရေးကို စိတ်ပူတယ်။ ကျောင်းဆင်းရင် တစ်ယောက်တည်း အိမ်ပြန်နောက်မကျအောင် ဘတ်စ်ကားနဲ့ အိမ်ပြန်ဖို့ ကျွန်တော့် လွယ်အိတ်ထဲ ကားခအကြွေတွေ ထည့်ပေးတတ်တယ်။ ဒါပေမဲ့ ကျောင်းဆင်းတဲ့ အချိန် ကျွန်တော်က အဲဒီပိုက်ဆံနဲ့ ငါးဆုပ်မုန့် ဝယ်စားပစ်လိုက်ပြီ။ ဒါကြောင့် အိမ်ပြန်ချိန်ဆိုရင် တစ်ယောက်တည်းပဲ။ လမ်းတစ်ဝက်မှာ ကားတွေ့ရင် ကားကြုံစီးဖို့ ကျွန်တော် လက်မထောင်တားတတ်တယ်။ ဒါကလည်း တီဗွီထဲက ကောင်းဘွိုင်းတွေဆီက တတ်ခဲ့တာပါ။ ခုနေ ပြန်စဉ်းစားကြည့်ရင် အဲဒီတုန်းက စိတ်စေတနာကောင်းသူတွေ သိပ်များတယ် ဆိုတာပါပဲ။ ကားကြုံအမြဲစီးရသလို ကျွန်တော့်ကို ဖမ်းသွားတာမျိုး၊ နာအောင်လုပ်တာမျိုးလည်း မရှိခဲ့ဘူး။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

တစ်ခါတလေတော့လည်း ကံမကောင်းတတ်ပါဘူး။ တောင်ပေါ် တက်တဲ့ကား တစ်စီးမှမရှိလို့ လမ်းလျှောက်ပြန်ရတဲ့အချိန်လည်း ရှိခဲ့ပါတယ်။ အိမ်ပြန်ရောက်ဖို့ နာရီအတော်ကြာ လမ်းလျှောက်ရပါတယ်။ ကားခကို မုန့်ဝယ်စားလိုက်လို့ အိမ်ပြန်နောက်ကျတယ်ဆိုတာကို မေမေ မရိပ်မိအောင် ဖြတ်လမ်းကနေ ပြန်တာမျိုးလည်း ရှိခဲ့တယ်။ ဖြတ်လမ်းက ချောက်ကမ်းပါးကို တွယ်တက်ရတဲ့လမ်းပါ။ ကျွန်တော့်ခန္ဓာကိုယ်ကို မျောက်တစ်ကောင်လို သစ်ကိုင်း၊ ကျောက်တုံးတွေကို တွယ်ကုတ်ပြီး အိမ်နောက်ဖေး အမြန်တွယ်တက်တာပါ။ တစ်ခါက ကံဆိုးပြီး ဖေဖေနဲ့ တိုးပါတယ်။ ကျွန်တော်က လေထဲမှာ တစ်ဝက်တစ်ပျက် တွဲလောင်းခိုနေတယ်။ အဲဒီမှာ ဖေဖေက ကျွန်တော့်ဆီလျှောက်လာပြီး ကျွန်တော့်ကို လက်တစ်ဖက်နဲ့ ကိုင်မြှောက်သွားတယ်။ အဲဒီနေ့က ကျွန်တော် ပိတ်လှောင်ခံရပြန်ပါတယ်။ နောက်တော့ ကျွန်တော်လည်သွားတယ်။ အပေါ် ရောက်ခါနီး အိမ်နောက်ဖေးမှာ ဖေဖေ ရှိ၊မရှိ အရင်ခေါင်းပြူကြည့်တတ်ခဲ့ပါတယ်။

ကျောင်းဆင်းအိမ်အပြန် တောင်ပေါ် ကို ကျွန်တော်တွယ်တက်နေတဲ့ အချိန် ကျွန်တော့်ဘေး သူဌေးသားသမီးတွေ ကားနဲ့ဖြတ်သွားတဲ့အခါတိုင်း သူတို့က ကားပြတင်းချပြီး နားထောင်ရခက်တဲ့စကားတွေနဲ့ ကျွန်တော့်ကို အော်တတ်ခဲ့တယ်။

တစ်ခါက အိမ်နောက်ဖေးမှာ ကျွန်တော့်ကို သူတို့ တမင်လာစောင့်နေခဲ့ကြပြီး-

"ဟေ့. . . မင်းနေ့တိုင်း တက်လိုက်ဆင်းလိုက်နဲ့ ဘာလဲကွာ"

"ဆင်းရဲသားလေး. . . ကားစီးဖို့ ပိုက်ဆံမရှိရင် ဘာလို့ကျောင်းတက်နေသေးလဲ"

"အိမ်စေသား" ဆိုတာမျိုးတွေပြောနေတော့ ကျွန်တော် သည်းမခံနိုင်ခဲ့ဘူး။

သူတို့ မနားတမ်းပြောနေချိန်မှာပဲ ကျွန်တော် ပြေးထိုးပစ်ပါတယ်။ လူတစ်အုပ်လုံး ရုတ်တရက် ဖရိုဖရဲဖြစ်ပြီး မြေပေါ် လဲသွားကြတယ်။ ဖေဖေသင်ပေးထားတဲ့ သိုင်းကွက်တွေကို ကျွန်တော် ထုတ်သုံးပေမယ့် အများနဲ့တစ်ယောက် ဖြစ်နေခဲ့တယ်။ သူတို့ထဲက တစ်ယောက်က ရုတ်တရက် ကျွန်တော်ခြေထောက်ကို ဖမ်းဆွဲလိုက်တော့ ကျွန်တော်ဟန်ချက်ပျက်ပြီး ရှေ့ကို ဟပ်ထိုးလဲကျသွားတယ်။ ခေါင်းက ကျောက်တုံးကို ဆောင့်မိသွားတယ်။ ကျွန်တော့်မျက်လုံး ပြာဝေသွားပြီး နေရာမှတင် မလှုပ်မယှက် လဲသွားတော့တယ်။ ဟိုလူတစ်အုပ် ကြောက်အားလန့်အား ဖြစ်သွား

mgyoe.com

တယ်။ ကျွန်တော့်ခြေထောက်ကို ဖမ်းဆွဲလိုက်တဲ့သူက အခြားကောင်စစ်ဝန် တစ်ယောက်ရဲ့သားပါ။ အိမ်ကို သူအမြန်ပြေးပြီး လူကြီးတွေကို သွားခေါ်တယ်။ ကျန်လူတွေက ထွက်ပြေးသွားကုန်ကြတယ်။

သူ့ဖေဖေက မျက်စိမျက်နှာပျက်နဲ့ ကျွန်တော့်ရှေ့ ချက်ချင်းရောက်လာတယ်။ အဲဒီတုန်းက ကျွန်တော် လုံးလုံး သတိမလစ်သေးပါဘူး။ မူးတယ်လို့ပဲ ခံစားရပြီး ထရပ်ဖို့ အားရှိမနေခဲ့ဘူး။ ကောင်စစ်ဝန်ဝိုင်းမှာနေတဲ့ ဟောင်ကောင် သားလေးတစ်ယောက် တစ်ခုခုဖြစ်သွားပြီး ပြဿနာကြီးရင် နိုင်ငံတကာဖြစ်ရပ် တစ်ခုအဖြစ် ပြောင်းသွားနိုင်တာကြောင့် ကျွန်တော်တစ်ခုခုဖြစ်မှာကို သူတို့ စိုးရိမ် ခဲ့ကြတယ်ဆိုတာ နောက်မှ ကျွန်တော် သိလိုက်တယ်။ သူတို့ကို ကျွန်တော်တို့ တရားစွဲရင် သူတို့ဒုက္ခရောက်သွားနိုင်တာကြောင့်လည်း ဖြစ်တယ်။

ကျွန်တော့်ကို သူတို့ အိမ်ပြန်ပို့လိုက်ကြတယ်။ မူးနောက်နောက်နဲ့ ကျွန်တော်အိပ်ပျော်သွားလိုက်တာ၊ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားတယ် မသိပါဘူး။ နိုးလာတော့ နောက်စေ့က အရမ်းနာတယ် ခံစားရတယ်။ ကိုင်ကြည့် တော့ ဘုကြီးတစ်လုံး ထွက်နေတယ်။ တစ်ကိုယ်လုံးလည်း နေလို့ထိုင်လို့ မကောင်း ဘူး။ အဲဒီအချိန်မှာပဲ ကျွိခနဲ တံခါးဖွင့်သံကြားလိုက်ရတယ်။ ဖေဖေဝင်လာတာပါ။

"အာ့ဖောက်. . . ဒါ သားကို ဟိုကလေးပေးလိုက်တာ"

ကျွန်တော် သာသာလေး ခေါင်းထောင်ကြည့်တော့ ချောကလက်ဘူးကြီး တစ်ဘူးကို ဖေဖေကိုင်ထားတာ တွေ့လိုက်တယ်။ ဖေဖေက ချောကလက်ဘူးကို ကျွန်တော့်ဘေးချရင်း ကျွန်တော့် ခေါင်းကို တစ်ချက်ကိုင်ပြီး ထွက်သွားခဲ့တယ်။

ချောကလက်က အစာငမ်းတဲ့သူအတွက် သိပ်ကောင်းတဲ့လက်ဆောင်ပါ။ တစ်ကိုယ်လုံးနာပြီး ခေါင်းကလည်း မူးနောက်နေတယ်ဆိုပေမယ့် စားချင်စိတ်ကို ကျွန်တော်မြိုသိပ်လို့ မရခဲ့ဘူး။ ဘူးကို ကမန်းကတန်းဖွင့်ပြီး ချောကလက်တစ်လုံးကို ပါးစပ်ထဲ ကျွန်တော်ထည့်လိုက်တယ်။ ဟား. . . သိပ်ကောင်းတယ်။ နောက်တစ်လုံး။ တအောင့်နေတော့ နောက်တစ်လုံး။ အဲဒီလိုနဲ့ ချောကလက်တစ်ဘူးလုံး ကျွန်တော် စားပစ်လိုက်တယ်။ ပါးစပ်တစ်ခုလုံး ချိုမြည့်မြည့်အရသာပဲ။ ဒါပေမဲ့ သိပ်မကြာဘူး ကျွန်တော့်အစာအိမ် ကပြောင်းကဆန်ဖြစ်လာတယ်။ ကျွန်တော်အောင့်အီး နေလိုက်တယ်။ ဒီလောက် စားကောင်းတဲ့အရာကို ကျွန်တော် အန်မထုတ်ရက်ပါ ဘူး။ ရန်ပွဲရှုံးသွားလို့ ရလိုက်တဲ့ စိတ်ပျက်အားငယ်မှုကို ချောကလက်က အမြန် ချေဖျက်ပစ်လိုက်တယ်။ ပျော်တယ်လို့တောင် ကျွန်တော်ခံစားမိတယ်။

mgyoe.com

တံခါးပွင့်သွားပြီး ဖေဖေ ဝင်လာပြန်ပါတယ်။ ပါးစပ်မှာ ချောကလက်အပြည့်နဲ့ ကျွန်တော့်ကိုမြင်တော့ ဖေဖေအံ့သြသွားတယ်။

"ချောကလက်တစ်ဘူးလုံး စားပစ်လိုက်တယ်။ ကိုယ်ဒဏ်ရာရနေတယ်ဆိုတာ မသိဘူးလား။ လျှောက်မစားရဘူး ဆိုတာ မသိဘူးလား"

ကျွန်တော် ဘယ်လိုပြန်ဖြေရမှန်းမသိလို့ "အော့. . . " တစ်ခွန်းပဲ အသံပြုလိုက်တယ်။ ကျွန်တော့်ပုံစံကိုမြင်တော့ ဒဏ်ရာပြင်းပုံမပေါ်တာနဲ့ ဖေဖေဟာဒေါသထွက်ပြီး ကျွန်တော့်ကို ဆွဲထ ရိုက်နှက်ပါတော့တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အမောင် ကျောင်းသား

ငါးနှစ်အရွယ် ရောက်တဲ့တစ်နေ့မှာ ဖေဖေက ခါတိုင်းလိုပဲ သူနဲ့အတူ မနက်လေ့ကျင့်ခန်းလုပ်ဖို့ ကျွန်တော့်ကို အစောကြီးနိုးတယ်။ လေ့ကျင့်ပြီးတဲ့နောက် သူက "အာ့ဖောက်. . . သား ကျောင်းတက်ရတော့မယ်" လို့ပြောတယ်။

ကြားကြားချင်း ကျွန်တော် ဝမ်းမသာပါဘူး။ ကျောင်းတက်ရမယ်ဆိုတော့ ကြိုက်သလို ဆော့ကစားလို့ မရတော့ဘူးပေါ့။ ကျွန်တော်တို့နေတဲ့ နေရာမှာ လူချမ်းသာ သားသမီးတော်တော်များများက ကျောင်းတက်နေကြပါပြီ။ သူတို့က မနက်ထတာနဲ့ လွယ်အိတ်လွယ်၊ ဝတ်စုံဝတ်ပြီး ကျောင်းသွားကြတာကို ကျွန်တော် တွေ့နေရတယ်။ ကျွန်တော်ကတော့ အိမ်ဝန်းထဲပြေးလွှားပြီး ဆော့ချင်သလောက် ဆော့လို့ရတယ်။ ပျင်းလာရင် မေမေ့ကို အဝတ်ခေါက်ကူတယ်။ ဖေဖေထမင်း ဟင်းချက်တာကို ကြည့်တယ်။ ဒါမှမဟုတ် ကျွန်တော့် ချစ်သူလေးနဲ့ စကားပြော တယ်။ ဘယ်လောက်ပျော်စရာကောင်းလဲ။

ကျောင်းမတက်ချင်ဘူး၊ အိမ်မှာပဲသင်မယ်လို့ ဖေဖေကို ကျွန်တော် ဆန္ဒ ပြပေမယ့် လုံးဝမရခဲ့ဘူး။ ရက်အနည်းငယ်အကြာမှာ ကျွန်တော်လည်း ကျွန်တော် မကြိုက်တဲ့ ဟိုကလေးတွေလို ဝတ်စုံဝတ် လွယ်အိတ်လွယ်ပြီး ကျောင်းသွားရတော့ တယ်။

နန်ဟွာမူလတန်းကျောင်းက ဒေသတွင်းမှာရှိတဲ့ ကျောင်းကောင်းတစ်

mgyoe.com

mgyoe.com
SAMPLE BOOK

ကျောင်းပါ။ ဆရာတွေရဲ့ အရည်အသွေးက မြင့်ပြီး ကျောင်းသားတွေအပေါ် မှာလည်း အရမ်းစိတ်ရှည် ကြင်နာပါတယ်။ ကျောင်းပတ်ဝန်းကျင်ကလည်း သိပ်ကောင်းတယ်။ ကျောင်းသားတွေလည်း လိမ်မာကြတယ်။ ယေဘုယျအားဖြင့် ပြုစုပျိုးထောင်မှု ကောင်းကြတယ်။ ဒီကျောင်းမှာ ပညာသင်ခွင့်ရဖို့ မိဘတွေ ချိတ်ဆက်မှုအများကြီး ယူခဲ့ရတယ်။ ကံကောင်းတယ်လို့ ဆိုရပါမယ်။ ဒါပေမဲ့ ငယ်တုန်းဆိုတော့ ဒါတွေကို ကျွန်တော် ဘယ်နားလည်မလဲ။ ကျောင်းမတက်ချင်တာပဲသိတော့ မကြာခဏ စိတ်တိုစိတ်ကောက်တယ်။ ကျောင်းဝင်းထဲဝင်ဖို့ သိပ်မုန်းခဲ့တယ်။

ကျွန်တော်က ငယ်ငယ်လေးကတည်းက လှုပ်လှုပ်ရှားရှား နေတတ်သူပါ။ အတန်းထဲမှာ လုပ်စရာမရှိဘူးလို့ အမြဲခံစားရတယ်။ ဆရာမ ပြောတာတွေ နားမထောင်ချင်ဘူး။ စကားလုံးတော်တော်များများကို နားမလည်ဘူး။ ဆရာမရဲ့ ဖွင့်လိုက်ပိတ်လိုက် ပါးစပ်ကိုကြည့်ရင်း အတွေးက အဝေးကို ရောက်နေခဲ့ပြီ။ တစ်ခါတလေ သိပ်ပျင်းဖို့ကောင်းတော့ မနက်လေ့ကျင့်ခန်းလုပ်ဖို့ ဖေဖေ ဆွဲထုတ်သွားတာမျိုးကိုပဲ ခံချင်နေခဲ့တယ်။ ဒါမှမဟုတ် အတန်းထဲ ငုတ်တုတ်ထိုင်နေရတာ ထက်စာရင် ဖေဖေရိုက်တာခံရတာက ပိုကောင်းတယ်လို့ ထင်ခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်အကြိုက်ဆုံးက အားကစားအချိန်ပါ။ လှုပ်လှုပ်ရှားရှားနေရတော့ သိပ်ကြိုက်ပါတယ်။

အဲဒီလိုအချိန်အကြာကြီး ငြီးငွေ့လာတော့ အဆော့မက်တဲ့ ကျွန်တော်က ကိုယ့်ဘာသာကိုယ် အပျော်တွေရှာတော့တယ်။ အတန်းထဲမှာ ထိုင်ခုံနောက်မှီပြီး တမင်တကာ နောက်ပြန်လဲအောင်လုပ်တယ်။ တစ်တန်းလုံး တစ်ဝါးဝါးရယ်ကြတယ်။ တစ်ခါတလေ အတန်းသားတွေကို မျက်နှာပြောင်ပြတယ်။ တစ်ခါတလေ ထိုင်ခုံတစ်ဒေါက်ဒေါက် ခေါက်ပြီး အားလုံး ဆိတ်ဆိတ်ငြိမ်ငြိမ် အတန်းမတက်နိုင်အောင်လုပ်ခဲ့တယ်။ အဲဒီလို အကွက်ဆန်းတွေကများတော့ ဆရာမလည်း သည်းမခံနိုင်တဲ့အဆုံး ကျွန်တော့်ကို အတန်းပြင်ထုတ်ပြီး ဒဏ်ပေး ရပ်ခိုင်းတော့တယ်။ အတန်းသားတွေအာရုံလွဲမှာစိုးလို့ ဆရာမက ကျွန်တော့်ကိုစိုက်ကြည့်ပြီး အသံနိမ့်နဲ့ "Chen Gang Sheng မင်းကိုမင်း သိပ်တော်တယ်လို့ထင်မနေနဲ့" လို့ပြောတယ်။

နောက်ပိုင်း ကျွန်တော်ပြောင်းလဲတိုးတက်လာတာမျိုးမရှိတဲ့အပြင် ဆရာမရဲ့ ဒဏ်ပေးသရုပ်ပြသူအဖြစ် အကောင်းဆုံးဥပမာ ဖြစ်လာခဲ့တယ်။ တစ်ခါတလေ အတန်းချိန်တစ်ဝက်တောင် မရှိသေးဘူး။ ကျွန်တော်က အတန်းအပြင်ဘက်မှာ ရပ်ပြီး ထိုင်ခုံကို ခပ်မြင့်မြင့်မြှောက်နေရပါပြီ။ ရပ်လို့ ဆရာမ မပြောမချင်း ထိုင်ခုံမချ

mgyoe.com

mgyoe.com SAMPLE BOOK

ရပါဘူး။ နောက်ပိုင်း ဆရာတို့က ကျွန်တော့်ရင်ဘတ်မှာ စာရွက်တစ်ရွက်ကပ်ပေးပြီး စာရွက်ပေါ်မှာ ကျွန်တော်လုပ်တဲ့ အမှားတွေ ရေးထားတတ်ပါတယ်။ ဥပမာ - "ကပျက်ကချော်လုပ်ပြန်ပြီ"၊ "ဖတ်စာအုပ်ပျောက်ပြန်ပြီ"၊ "အိမ်စာမလုပ်ခဲ့ဘူး" ဆိုတာတွေပါ။ တစ်ခါတလေတော့ "အသုံးမကျဘူး" ဆိုတာမျိုးပဲ ရေးထားပါတယ်။ အဲဒီတုန်းက ကျွန်တော်လည်း စာရွက်ပေါ်က စာအားလုံးကို မဖတ်တတ်ခဲ့ပါဘူး။ ဆရာမပါးစပ်က ဆူသမျှကိုတော့ ကျွန်တော်နားလည်ပါတယ်။ စာရွက်ပေါ်ရေးတဲ့ စကားလုံးတွေကလည်း အဲတာတွေပဲဖြစ်မှာ အသေအချာပါ။

စာရွက်တစ်ရွက်နဲ့ အတန်းရှေ့မှာ ထိုင်ခုံအမြဲမြောက်နေခဲ့ရလို့ ကျွန်တော့်ကို တစ်ကျောင်းလုံး သိကြတယ်။ အချိန်ကြာလာတော့ ကျွန်တော်လည်း ခိုကပ်တတ်လာခဲ့တယ်။ ဥပမာ ကျွန်တော့်ကို ဆရာမစောင့်ကြည့်မနေရင် ထိုင်ခုံကို သာသာလေးချပြီး နံရံမှာမှီ တစ်ချက်မှေးတတ်ခဲ့တယ်။ တကယ်လို့ အဲဒီတုန်းက အနာဂတ်အတွက် အထောက်အကူဖြစ်စေမယ့်အရာ ကျွန်တော် ဘာများသင်ယူနိုင်ခဲ့သလဲဆိုရင် မတ်တတ်ရပ်ပြီး အိပ်တတ်တာကို သင်ယူနိုင်တယ်လို့ ဆိုရပါမယ်။ နောက်ပိုင်း အဲဒီစွမ်းရည်ကို ရုပ်ရှင်ကားတွေမှာ ကျွန်တော်အများကြီး အသုံးပြုခဲ့ပါတယ်။

ကပျက်ကချော် လုပ်၊ အိမ်စာ မရေး၊ ဖတ်စာအုပ်ပျောက်လုပ်ပြီးတဲ့နောက် ကျောင်းမှာ ကျွန်တော် ရန်စဖြစ်တော့တယ်။ လူကို တမင်တကာ ရန်စအနိုင်ကျင့်တာ မဟုတ်ပေမယ့် ကျောင်းက တော်တော်ဦးနှောက်ခြောက်ခဲ့ရတယ်။

ပထမတန်းမှာပဲ ကျွန်တော် စာမေးပွဲကျပါတယ်။ ဖေဖေနဲ့ မေမေက ကျွန်တော့်အဖြစ်ကိုတွေ့တော့ သားက ကျောင်းတက်ဖို့ မသင့်တော်ဘူးဆိုတာ သိသွားတယ်။ ကျွန်တော့်ကို သူတို့အိမ်ပြန်ခေါ်ကြတော့ ကျွန်တော်အပျော်ကြီး ပျော်ခဲ့တယ်။ အရင်လို ပူပင်ကြောင့်ကြမရှိဘဲ ဆော့ကစားလို့ရပြီပေါ့။

ဒါပေမဲ့ ၁၀ နှစ်တာ ငရဲကျသမျှ လေ့ကျင့်မှုတွေနဲ့ ဘဝစတင်ရတော့မယ်ဆိုတာ အဲဒီတုန်းက ကျွန်တော် မသိလိုက်တာပါပဲ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

## မူးရူးပျော်ပါး ငယ်ရွယ်ချိန်ခါများ

mgyoe.com

mgyoe.com SAMPLE BOOK

# ပြဇာတ်ကျောင်းကို ရောင်းခြင်း

ကျွန်တော် ကျောင်းထွက်ပြီးတဲ့နောက် ဖေဖေက ဩစတေးလျမှာ စားဖိုမှူး အလုပ်တစ်ခု ရသွားတယ်။ ဒီအလုပ်က ဖေဖေ့ကို ပိုကောင်းတဲ့ဝင်ငွေ၊ ပိုကောင်းတဲ့ အခွင့်အရေးတွေ ရစေနိုင်ပေမယ့် မေမေနဲ့ ကျွန်တော့်ကို ခဏတာခွဲပြီး ဟောင်ကောင်ကနေ ထွက်သွားရမှာ ဖြစ်တယ်။ အဲဒီအချိန်ကာလမှာပဲ မိဘတွေက ကျွန်တော့်အနာဂတ်ကို အလေးအနက် စဉ်းစားလာကြတော့တယ်။ လိမ်လိမ်မာမာ ကျောင်းမတက်နိုင်ရင် ကျွန်တော့်အနာဂတ်က ဘယ်မှာလဲ။

ကျွန်တော့်ကို ဆရာ Yu Jim Yuen ရဲ့တရုတ်ပြဇာတ်ကျောင်းပို့ဖို့ ဖေဖေ့ မိတ်ဆွေတွေက ဖေဖေ့ကို အကြံတစ်ခုပေးတယ်။ အဲဒီကျောင်းမှာ ဆရာက စည်းကမ်းတင်းကြပ်တယ်။ ကျွန်တော့်ရဲ့ အကျင့်ဆိုးတွေကို ပြုပြင်နိုင်ပြီး ကျွမ်းကျင်မှု တစ်ခုခု သင်ယူနိုင်မှာဖြစ်တယ်။ ဒါပေမဲ့ အဲဒီနေရာက ကျောင်းအိပ်ကျောင်းစား အပြင်မထွက်ရတဲ့နေရာဖြစ်တာကြောင့် ကျွန်တော့်ကို အဲဒီကျောင်းပို့တာဟာ ကျွန်တော့်ကိုရောင်းဖို့ စာချုပ်ချုပ်လိုက်တာနဲ့ အတူတူပါပဲ။ ကြားရတာ ရက်စက်သလိုရှိပေမယ့် အဲဒီတုန်းက ဖေဖေ မေမေတို့အတွက် ရွေးချယ်မှုတစ်ခုဖြစ်ခဲ့ပါတယ်။

မနက်ခင်းတစ်ခုမှာ ဖေဖေက ကျွန်တော့်ကို အပြင်ထွက်လည်ဖို့ ခေါ်တယ်။ ကျွန်တော် ပျော်လိုက်တာ။ အကြိုက်ဆုံး ဂျင်းဝမ်းဆက်ကိုဝတ်ပြီး လက်ထဲမှာ ကစားစရာသေနတ်ရုပ်ကိုကိုင်ပြီး အပြင်ကို ဝမ်းသာအားရ ကျွန်တော် ထွက်ခဲ့

mgyoe.com

mgyoe.com SAMPLE BOOK
တယ်။ တစ်လမ်းလုံး ဖေဖေက ကျွန်တော့်ကို ဆုံးမစကားမပြောဘဲ ကျွန်တော်စားချင်တဲ့ ပဲပေါက်စီကိုလည်း ချက်ချင်းဝယ်ပေးတယ်။ တကယ် မယုံနိုင်စရာပဲ။ ပြဇာတ်ကျောင်းကိုရောက်တော့ ဖေဖေက ကျွန်တော့်ကို အထဲခေါ်တယ်။ ကျောင်းဝင်းထဲမှာ အင်္ကျီဖြူ ဘောင်းဘီနက်ဝတ်ထားတဲ့ ယောက်ျားမိန်းမတွေအပြည့် တန်းစီပြီး ခြေကန်လေ့ကျင့်ခန်းလုပ်နေတာ တွေ့တယ်။ ကြည့်ရတာ သိပ်သားနားပြီး အရမ်းစိတ်လှုပ်ရှားဖို့ကောင်းတယ် ခံစားရတယ်။ အဲဒီမှာ နေ့ဝက်လောက် ကျွန်တော်လျှောက်ဆော့နေလိုက်တာ အိမ်ပြန်ဖို့တောင် ဝန်လေးနေခဲ့တယ်။ ဖေဖေက ကျွန်တော့်ကို ဒီကျောင်းထားမယ် ဘယ်လိုလဲလို့မေးတယ်။ ကျွန်တော်က သိပ်ကောင်းတာပေါ့လို့ ဖြေလိုက်တယ်။

ကျောင်းရောက်စနေ့တွေက ဘာကြည့်ကြည့်မိုက်နေတာပဲ။ ဆရာလည်း ကျွန်တော့်အပေါ် သိပ်ကောင်းတယ်။ ကျွန်တော့်ကို မွေးစားသားအဖြစ်တောင် သတ်မှတ်တယ်။ ဆရာဘေးမှာထိုင်ပြီး နေ့တိုင်း တခြားလူတွေ ပင်ပင်ပန်းပန်း လေ့ကျင့်နေတာကို ကြည့်ပြီး ဘဝမြင့်စိတ်တောင် ဖြစ်ခဲ့မိတယ်။ ကောင်စစ်ဝန်ရုံးမှာ အနေကြာခဲ့တော့ ဘေးပတ်ဝန်းကျင်ကလူတွေဆီကနေ ပြင်သစ်စကား နည်းနည်းပါးပါး ကျွန်တော် သင်ယူနိုင်ခဲ့တယ်။ ပြဇာတ်ကျောင်းက ကျောင်းသားတွေရဲ့ရှေ့မှာ တစ်ခါတလေ "Bonjour" (မင်္ဂလာပါ)၊ "Salut" (နေကောင်းလား) ဆိုပြီး ပြင်သစ်စကား တစ်ခွန်းနှစ်ခွန်း ကျွန်တော်ထုတ်ကြွားတတ်ခဲ့တယ်။

နှမြောစရာကောင်းတာက နေ့ရက်ကောင်းတွေက အကြာကြီး မခံခဲ့ဘူး။ တစ်နေ့မှာ ကျွန်တော့်ပစ္စည်းတစ်ခု ဆရာ့ရေခဲသေတ္တာနောက် ပြုတ်ကျသွားတယ်။ ရေခဲသေတ္တာအောက် ကျွန်တော် ဝင်ရှာတာကို ဆရာတွေ့တော့ ကျွန်တော့်ကို ဘာလုပ်နေသလဲ မေးတယ်။ ကျွန်တော်က ပစ္စည်းကောက်နေတယ်ဆိုတော့ သူက "အခုအချိန်ကစ မင်းကို ပဲခေါက်ဆွဲကျွေးချိန်တန်ပြီ" လို့ တစ်ခွန်းပြောတယ်။

ဘာလို့လဲလို့ ကျွန်တော်မေးချိန်တောင် မရလိုက်ခင်မှာ ဆရာက ကျွန်တော့်ကို ရိုက်တော့တယ်။

ဆရာရဲ့ရိုက်ချက်က ဖေဖေရဲ့ရိုက်ချက်နဲ့ အယူအဆ လုံးဝမတူပါဘူး။ ဆရာရိုက်တာက ကျွန်တော့်ကို ကောင်းကင်ဘုံကနေ ငရဲကို ကျသွားစေခဲ့တယ်။ ဒီနေရာက ဘာနေရာလဲဆိုတာ ကျွန်တော်စပြီး သဘောပေါက်လာခဲ့တယ်။ ကျွန်တော်သဘောပေါက်လာချိန် အရာအားလုံး နောက်ကျသွားခဲ့ပါပြီ။

အဲဒီတုန်းက ဖေဖေ ဩစတေးလျ ထွက်သွားခဲ့ပြီ။ မေမေတစ်ယောက်
mgyoe.com

mgyoe.com SAMPLE BOOK
တည်းပဲ ကျွန်တော့်အကူအပြောင်းကာလကို အဖော်လုပ်ကျန်ရစ်ခဲ့တယ်။ အရိုက်ခံရပြီးတဲ့နောက်ပိုင်း ကျွန်တော့်ရဲ့ နေ့စဉ်အချိန်ဇယားက မနက် ၅ နာရီထ၊ မနက်စာစားပြီး နေ့လယ် ၁ နာရီထိ သိုင်းလေ့ကျင့်ရတယ်။ နေ့လယ်ထမင်းစားပြီး ညအထိ လေ့ကျင့်ရပြန်တယ်။ တစ်ရက် ၆ နာရီအိပ်နဲ့ နေ့ရက်တွေက အဖန်တလဲလဲ ရှိခဲ့တယ်။

ကျောင်းမှာ မိန်းကလေးတွေက သက်သက်ညှာညှာ ဆက်ဆံခံရတယ်။ သူတို့မှာ နေစရာအိပ်ခန်း ရှိတယ်။ ကျွန်တော်နဲ့ ညီအစ်ကိုတစ်အုပ်က ထောင့်တစ်နေရာမှာ ကြမ်းခင်းအိပ်ရတယ်။ အခန်းထဲက ကော်ဇောက မလဲတာ နှစ်တော်တော်ကြာနေပါပြီ။ အိပ်လည်း အဲဒီနေရာ၊ စားလည်း အဲဒီနေရာ။ ညသန်းခေါင် သေးထပေါက် အိပ်မက်ဆိုးမက်လည်း အဲဒီနေရာမှာဆိုတော့ ကော်ဇောကညစ်ပတ်နေပါတယ်။ အဲဒီကော်ဇောက ထမင်းဟင်းအကျန်တွေ၊ ဆရာ့ခွဲသလိပ်တွေနဲ့ နှစ်အတော်ကြာ ချေးထူနေခဲ့လို့ စက်ရုံထုတ်ချိန်ကထက်တောင် အဆများစွာ ပိုလေးနေခဲ့ပြီလို့ ကျွန်တော် ထင်ပါတယ်။ တခြားလူရဲ့ကော်ဇောက ခင်းတာကြာလေ ပါးလာလေပါ။ ဒီကော်ဇောကျတော့ ခင်းတာကြာလေ ထူလာလေ။

အဲဒီတုန်းက ကျွန်တော့်ကို မေမေ အပတ်တိုင်းလာကြည့်တတ်လို့ တော်သေးတယ် ဆိုရမယ်။ ကျွန်တော်ကြိုက်တဲ့ သကြားလုံးတွေ၊ မုန့်တွေ မေမေက ယူလာတတ်တယ်။ ကျောင်းရောက်ရင် ကျွန်တော့်အဖော်တွေကို ဝေငှပေးတယ်။ ဒါ့အပြင် မေမေက ရေပူတစ်ပုံးဆွဲလာတတ်ပြီး ဆရာ့ဆီဇလုံငှားပြီး ကျွန်တော့်ကို ရေချိုးပေးတတ်ခဲ့တယ်။ ဒါဟာ ဒီကနေ့အဖို့ မယုံနိုင်စရာအဖြစ်ပါပဲ။ အဲဒီတုန်းက ဟောင်ကောင်မှာ ရေရှားတော့ နေ့တိုင်းရေချိုးတယ်ဆိုတာ ဇိမ်တစ်မျိုးဖြစ်ခဲ့တယ်။ ကျောင်းကို မေမေ ရေဆွဲလာတတ်တာဟာ စစချင်းမှာတော့ တစ်ပတ်နှစ်ခါပါ။ နောက်တော့ တစ်ပတ်တစ်ခါဖြစ်သွားတယ်။ မေမေဟာ ကျွန်တော့်ကိုရေချိုးပေးတိုင်း ကျွန်တော့်ကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေမြင်ပြီး အမြဲငိုပါတယ်။ ကြိမ်လုံးစာ အရှိုးရာတွေကို သူတွေ့တဲ့အခါ ကျွန်တော်က ကိစ္စမရှိဘူး၊ ကျင့်သားရနေပြီလို့ပြောရင် မေမေက ပိုငိုပါတော့တယ်။

သိပ်မကြာပါဘူး၊ ကျွန်တော့်ကို မေမေရေချိုးပေးတဲ့ကိစ္စ လူသိရှင်ကြားဖြစ်သွားတဲ့အခါ အားလုံးက ကျွန်တော့်ကို ဖူးဖူးမှုတ် အလိုလိုက်ခံထားရတဲ့ ကလေးဆိုပြီး လှောင်ရယ်ကြတယ်။ အဲဒီနောက်ပိုင်း မေမေကို ကျွန်တော် စိတ်ဆိုးတော့တယ်။
mgyoe.com

mgyoe.com
SAMPLE BOOK

"ဒီကိုလာတိုင်း ကလေးကို ပွေ့ချီသလိုမျိုး သားကိုမပွေ့ပါနဲ့။ ရေတွေယူလာပြီးလည်း သားကို ရေမချိုးပေးပါနဲ့။ သား ကြီးနေပြီ မေမေ"

မေမေက ဘာတစ်ခွန်းမှမပြောဘဲ ခေါင်းတဆတ်ဆတ် ညိတ်နေခဲ့တယ်။ အခုနေ စဉ်းစားကြည့်ရင် ကျွန်တော် ဘယ်လောက်နားလည်မှု မရှိလိုက်သလဲနော်။ မေမေဟာ ကောင်စစ်ဝန်အိမ်မှာ ရေနွေးကျိုတယ်။ ပွက်ပွက်ဆူအောင်ကျိုပြီးမှ တောင်ပေါ်ကနေ တောင်အောက်ရောက်ဖို့အထိ နှစ်ဆယ့်ငါးမိနစ်၊ နာရီဝက်လောက် လမ်းလျှောက်ရတယ်။ အဲဒီနောက် တစ်ပြားတန် ကေဘယ်လ်ကားစီးပြီး ဂိတ်ကို သွားရတယ်။ အဲဒီကမှတဆင့် နာရီဝက်လမ်းလျှောက်ပြီး ဆိပ်ကမ်းကို သွားတယ်။ ဆိပ်ကမ်းကနေတဆင့် တစ်ပြားတန်လှေစီးပြီး Kowloon ကို သွားတယ်။ အဲဒီကနေတဆင့် Mirador အဆောက်အဦးအထိ လမ်းလျှောက်တယ်။ လမ်းခရီးမှာ မြန်မြန်လျှောက်မှ ရေက အေးမသွားမှာပါ။ အဲဒီရေတစ်ပုံးက ပေါင်လေးငါးဆယ်လေးပါတယ်။ မေမေက သားဖြစ်သူကို ရေနွေးနဲ့ ရေချိုးပေးချင်ရုံလေးပါ။

နှစ်နှစ်အကြာမှာ ဖေဖေ ပြန်ရောက်လာတယ်။ ဖေဖေနဲ့ မေမေ ကျွန်တော့်ကို လာကြည့်ကြတယ်။ ဒီတစ်ခေါက်က ကျွန်တော့်ကို သူတို့တကယ် လာနှုတ်ဆက်တာပါ။ မေမေကလည်း ဖေဖေ့နောက် ဩစတေးလျ လိုက်သွားတော့မှာပါ။ မခွဲခင်မှာ ဖေဖေ၊ မေမေတို့က ဆရာနဲ့ ကျောင်းသားညီအစ်ကိုတွေကို ဖိတ်ပြီး ထမင်းတစ်နပ် ကျွေးပါတယ်။ သူတို့ကို လေယာဉ်ကွင်းလိုက်ပို့တဲ့နေ့က မေမေက ကျွန်တော့်ကို သစ်သီးတစ်အိတ် ဝယ်ပေးပါတယ်။ လေဆိပ်ထဲ သူတို့ဝင်တော့ ကျွန်တော်မျက်ရည်ကျနေလိုက်တာ လေယာဉ်ပေါ် သူတို့ တက်သွားတဲ့အထိပါပဲ။ လက်ထဲက သစ်သီးတွေလည်း မြေပေါ် ပြန့်ကျဲနေခဲ့ပါတယ်။

ဖေဖေ၊ မေမေတို့ ထွက်သွားတဲ့နောက်မှာ ညတိုင်း စောင်ထဲ ကျွန်တော် ခိုးငိုခဲ့ပါတယ်။ တစ်ပတ်လောက်ငိုပြီးမှ အမှန်တရားကို ကျွန်တော် လက်ခံလိုက်ပါတယ်။ အဲဒီတုန်းက သူတို့က အပတ်တိုင်း ကျွန်တော့်ဆီ အသံသွင်းထားတဲ့ ကက်ဆက်ခွေ ပို့ပေးတတ်ခဲ့တယ်။ ကက်ဆက်ခွေရရင် ဖေဖေပေးခဲ့တဲ့ကက်ဆက်နဲ့ နောက်ဖေးလှေကားမှာ ကျွန်တော်သွားနားထောင်ပါတယ်။ သူတို့ပြောတဲ့ "သားရေ. . . သားကို လွမ်းလိုက်တာ" ဆိုတဲ့ စကားကြားရင် ကျွန်တော် ငိုတော့တာပါပဲ။ နောက်ပိုင်း သူတို့က ကျွန်တော့်ကို ပိုက်ဆံလည်း ပို့ပေးတတ်ပါတယ်။ တဖြည်းဖြည်းနဲ့ ပိုက်ဆံကိုပဲ ကျွန်တော်ယူပြီး သူတို့ပြောတဲ့စကားကို သေချာနားမထောင်တော့ပါ

mgyoe.com

mgyoe.com SAMPLE BOOK
ဘူး။ သူတို့ပြောတာတွေက အပ်ကြောင်း ထပ်နေပါပြီ။ နားထောင်တိုင်း ငိုရရင် နားမထောင်တာကမှ ကောင်းမှာပါ။ ဒါကလည်း ရှောင်ဖယ်ခြင်းနဲ့ မိမိကိုယ်ကို ကာကွယ်ခြင်းတစ်မျိုး ဖြစ်မှာပါ။ အဲဒီတုန်းက ကျောင်းပိတ်ရက်ရောက်ရင် နေမထိ ထိုင်မသာ ဖြစ်တတ်ပါတယ်။ တခြားသူတွေကို အုပ်ထိန်းသူတွေလာကြည့်ကြတာ၊ တချို့ အိမ်ပြန်ကြတာကိုမြင်တွေ့ရရင် စိတ်မကောင်းဖြစ်ခဲ့ပါတယ်။

ပြဇာတ်ကျောင်းမှာနေတဲ့ နေ့ရက်တွေက ခက်ခဲပင်ပန်းပါတယ်။ မပြီးနိုင် မဆုံးနိုင်တဲ့ စည်းကမ်းတင်းကြပ်တဲ့ လေ့ကျင့်မှုတွေအပြင် အမျိုးမျိုးသော ဒဏ်ပေး အပြစ်ပေးတာတွေလည်း ရှိပါတယ်။

ပြဇာတ်ကျောင်းမှာနေတဲ့ ၁၀ နှစ်အတွင်း ကျွန်တော်တစ်ခါပဲ ဖျားခဲ့ ဖူးပါတယ်။ အခုနေ ပြန်စဉ်းစားရင် သိပ်မယုံနိုင်စရာပါပဲ။ ဖျားဖို့ နေမကောင်းဖို့ တောင် လန့်သွားရတဲ့အဖြစ်မျိုးပါ။ အဲဒီတုန်းက ကျွန်တော်ရှစ်နှစ် ကိုးနှစ်ပဲ ရှိသေး တယ်။ တစ်နေ့မှာ ထမင်းစားပြီး ကျွန်တော် အန်တော့တယ်။ တစ်ကိုယ်လုံးအားနည်း ပြီး နေထိုင်မကောင်းဘူးလို့ ခံစားရတယ်။ ကျောင်းအကူ ကြီးတော်က ကျွန်တော့် နဖူးစမ်းကြည့်ပြီး "ဟာ ကောင်လေး နင်အဖျားတက်နေပြီ။ တစ်နေရာမှာ သွားအိပ် နေလိုက်၊ ငါ ဆေးပေးမယ်" လို့ပြောတယ်။ ကျွန်တော်စိတ်ထဲ ပျော်သွားတယ်။ ဖျားရင် သိုင်းလေ့ကျင့်စရာ မလိုတော့ဘူး မဟုတ်လား။ အနည်းဆုံးတော့ တစ်ရက် နှစ်ရက် နားခွင့်ရသွားပြီပေါ့။ အခန်းထိုင်ခုံဘေးမှာ ကျွန်တော်လဲချပြီး အပြင်မှာ ခုန်ပျံကျော်လွှား သိုင်းလေ့ကျင့်နေသူတွေရဲ့အသံကို နားစွင့်နေလိုက်တယ်။

တအောင့်နေတော့ ဆရာ ရောက်လာတယ်။ ကျွန်တော်လဲနေတာကို တွေ့တော့ "ဘာဖြစ်တာလဲ" လို့ မေးတယ်။ ကျွန်တော်က အားနည်းတဲ့အသံနဲ့ "နေမကောင်းဘူး" လို့ဖြေလိုက်တယ်။ အဖျားကြီးတဲ့ပုံ တမင်ဟန်ဆောင်လိုက် သေးတယ်။ "သြော်. . . နေမကောင်းဘူးလား" လို့ ဆရာပြန်ပြောတယ်။ ကျောင်း အကူ ကြီးတော်ကလည်း "ဟုတ်တယ်. . . ဟုတ်တယ်၊ သူအဖျားတက်နေပြီ" လို့ ပြောတယ်။

"အဖျားတက်နေပြီ ဟုတ်လား၊ ဟုတ်ပြီ. . . ဟုတ်ပြီ။ တခြားလူတွေ လည်း ကျင့်မနေနဲ့တော့. . . ရပ်လိုက်ကြတော့"

ဆရာပြောတော့ အားလုံး တစ်ပြိုင်တည်း ရပ်လိုက်ကြတယ်။ ဆရာက ကျွန်တော့်ဘက်လှည့်ပြီး-

"မင်း. . . ထ. . . ဘယ်ခြေပွတ်ဆွဲ အခါ ၁၀၀ လုပ်"
mgyoe.com

ကျွန်တော် ကြောင်သွားတယ်။

ဘယ်ခြေပွတ်ဆွဲ အခါ ၁၀၀ လုပ်ပြီးတော့ ညာခြေပွတ်ဆွဲအခါ ၁၀၀ လုပ်ရတယ်။ အဲဒီနောက် ဘယ်ခြေကန် အခါ ၁၀၀၊ ညာခြေကန် အခါ ၁၀၀ လုပ်ရပြန်တယ်။ လုပ်ပြီးတဲ့အချိန် ဆရာကမေးတယ်။ "မင်း သက်သာပြီလား" တဲ့။ ကျွန်တော်လည်း "သက်သာပြီ. . . သက်သာပြီ" လို့ အမြန်ပြန်ဖြေလိုက်တယ်။ အဲဒီကစ ကျွန်တော်တင် မဟုတ်ပါဘူး။ ကျန်တဲ့လူတွေပါ ဘယ်သူမှ မဖျားရဲကြ တော့ပါဘူး။

ကျွန်တော်တို့ကျောင်းမှာ အခန်းငယ်တစ်ခန်း ရှိပါတယ်။ ဆရာက ကျောင်းသားတွေကို အဲဒီအခန်းငယ်လေးထဲ ဆွဲသွင်းပြီး ရိုက်တတ်တယ်။ အဲဒီ အခန်းရှေ့ဖြတ်တဲ့အခါတိုင်း "ကြောက်ပါပြီဆရာ. . . နောက်မလုပ်ရဲတော့ပါဘူး" ဆိုတဲ့ အော်ငိုသံမျိုးကို ကြားရလေ့ ရှိတယ်။ ကျွန်တော်လည်း အဲဒီအခန်းထဲ ဝင်ဖူး ပါတယ်။ အခန်းက ကျဉ်းကျဉ်းလေး။ ကြိမ်လုံးက အရှည်ကြီး။ ပုန်းလို့ရှောင်လို့ တောင် မရပါဘူး။ အရိုက်ခံပြီးလို့ ဘေးပတ်လည်ကိုကြည့်ရင်. . . မြတ်စွာဘုရား မျက်နှာကျက်မှာတောင် ခြေရာတွေပါလား။ ဒီကွန်ဖူးကလေးတစ်သိုက်ရဲ့ ထွက်ပြေး တိမ်းရှောင်ချက်က ဘယ်လောက် သုတ်သုတ်ပျာပျာ ဖြစ်တယ်ဆိုတာ မျက်နှာကျက် ပေါ်က ခြေရာတွေက သက်သေဖြစ်ပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## လူငယ်လေး Yuen Lou (ယွမ်လုတ်)

ကျွန်တော်တို့ဆရာနာမည်က Yu Jim Yuen ပါ။ ငယ်ရွယ်စဉ်က သူဟာ ပီကင်းအော်ပရာဇာတ်အဖွဲ့က စာပေနဲ့သိုင်းပညာ ညွှန်ကြားရေးမှူး ဖြစ်တယ်။ ကျောင်းမှာ ကျွန်တော်တို့ရဲ့ အနုပညာနာမည်ကို "Yuen" (ယွမ်) နဲ့ စကြတယ်။ ဥပမာ- ဟုန်ကျင်းပေါင်ရဲ့နာမည်က Yuen Long (ယွမ်လုံ) ဖြစ်ပြီး ကျွန်တော်က Yuen Lou (ယွမ်လုတ်) လို့ခေါ်တယ်။ အစ်ကိုလတ်က Yuen Tai (ယွမ်ထိုက်) ဖြစ်ပြီး နောက်လာတဲ့ ညီတွေက Yuen Biao (ယွမ်ပြောက်)၊ Yuen Dei (ယွမ်ဒဲ့)၊ Yuen Wen (ယွမ်ဝေ). . . တွေ ဖြစ်တယ်။

ကျောင်းကို ယွမ်ပြောက် ရောက်မလာခင် ကျွန်တော်က ကျောင်းမှာ အငယ်ဆုံးပါ။ အစ်ကိုကြီးတွေ အနိုင်ကျင့်တာကို နေ့တိုင်းခံရပါတယ်။ ယွမ်ပြောက် ရောက်လာတဲ့နောက် သူက အငယ်ဆုံးဖြစ်သွားလို့ သူအနိုင်ကျင့်ခံရတဲ့အလှည့် ဖြစ်သွားတယ်။ ဆရာရဲ့လက်သတ်တပည့်ကို Yuen Jun (ယွမ်ကျွင့်) လို့ ခေါ်ပါတယ်။ နောက်ဆုံးတပည့်လည်း ဖြစ်တယ်။ သူ့အနေအထားက ဘယ်လောက် ကြေကွဲဖို့ကောင်းမလဲဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။ အခြေခံအားဖြင့် သူက လူတိုင်းအတွက် နေ့စဉ်တောက်တိုမယ်ရ လုပ်ရတဲ့အပြင် အစ်ကိုအစ်မတို့ရဲ့ ကြိမ်းမောင်းရိုက်နှက်တာကိုလည်း ခံရပါသေးတယ်။

အဲဒီတုန်းက ဖရဲသီးတစ်စိတ်ကို လူတစ်အုပ် ဝိုင်းစားရတယ်။ အစ်ကိုတွေ

mgyoe.com

mgyoe.com




နောက်ဆုံးတန်း ဘယ်အစွန်းက ကျွန်တော် ယွမ်လုတ်
နောက်ဆုံးတန်း ညာဘက်လေးယောက်မြောက်က ယွမ်လုံ (ဟုန်ကျင်းပေါင်)
အလယ်တန်း ညာဘက်လေးယောက်မြောက်က ယွမ်ပြောက်

က အပေါ်က အနီသားကို စားကြတယ်။ ကျွန်တော့်အလှည့်ရောက်ရင် အနီသားက နည်းနည်းပဲ ကျန်တယ်။ ကျွန်တော်ထက်ငယ်တဲ့ ညီငယ်တွေက ဖရဲအဖြူသားကနေ အခွံစိမ်းအထိ စားကြတယ်။

ယွမ်ပြောက်ရောက်လာတုန်းက အသက်ငါးနှစ်ခြောက်နှစ်ပဲ ရှိဦးမယ်။ ဝဝတုတ်တုတ် မျက်နှာဝိုင်းဝိုင်း ပါးမို့မို့နှစ်ဖက်နဲ့ သိပ်ချစ်ဖို့ကောင်းပါတယ်။ ကျွန်တော်က သူ့ထက်သုံးနှစ်ကြီးပြီး ကျောင်းပတ်ဝန်းကျင်နဲ့လည်း ရင်းနှီးတာကြောင့် သူ့ကို ကာကွယ်စောင့်ရှောက်ချင်စိတ် အလိုလိုရှိလာတယ်။ သူက အရှက်နည်းနည်းကြီးပါတယ်။ ကျောင်းလာတဲ့ ပထမနေ့က သူ့မိဘတွေပြန်သွားတာနဲ့ သူ ငိုတော့တယ်။ သူ့ပုံစံကိုကြည့်ပြီး ကျွန်တော့်မိဘတွေ ကျွန်တော့်ကိုခွဲသွားတုန်းက ဝမ်းနည်းတဲ့အဖြစ်ကို သွားသတိရမိလို့ သူ့ဆီ ကျွန်တော်ချက်ချင်းပြေးသွားပြီး "မငိုနဲ့နော်၊ မင်းကို ငါပုံပြောပြမယ်" လို့ သွားချော့တယ်။ အဲဒီနောက် မေမေ ပြောခဲ့ဖူးတဲ့ပုံပြင်တွေ သူ့ကိုပြောပြလိုက်တာ သူ မငိုခဲ့တော့ပါဘူး။

အဲဒီနောက်ပိုင်း အိမ်ကို သူလွမ်းလို့ပဲဖြစ်ဖြစ်၊ ဆရာရိုက်လို့ပဲဖြစ်ဖြစ်၊ တခြားအစ်ကိုတွေ အနိုင်ကျင့်လို့ပဲဖြစ်ဖြစ် သူငိုတာနဲ့ သူ့ဆီသွားပြီး သူ့ကို ကျွန်တော် ဖက်ထားလိုက်တတ်တယ်။ ပခုံးလေး ပုတ်ပေးလိုက်တတ်တယ်။ ပုံပြင်လေး ပြောပြလိုက်တတ်တယ်။ ဟိုးအရင်ကနေ အခုချိန်ထိ သူ့ကို ကျွန်တော် သိပ်ချစ်ပါတယ်။ လေ့ကျင့်မှုတွေ တိုးတက်လာတာနဲ့အမျှ ယွမ်ပြောက်ရဲ့ ကိုယ်ခံပညာပါရမီကို

mgyoe.com

mgyoe.com SAMPLE BOOK

လူတိုင်းတွေ့မြင်လာကြတယ်။ အထူးသဖြင့် ကျွမ်းပစ်ရာမှာ ထူးချွန်ပြီး လူကလည်း ချစ်စရာကောင်းတာကြောင့် အားလုံးက သူ့ကိုကာကွယ်စောင့်ရှောက်ကြတယ်။ ဆရာက သူ့ကိုရိုက်တော့မယ်ဆိုရင် ရိုက်တဲ့အချိန် နည်းနည်းကာကွယ်ရာရောက်အောင် ညီအစ်ကိုအစ်မတွေက သူ့ကို အောက်ခံဘောင်းဘီတွေပေးပြီး ဝတ်ခိုင်းကြတယ်။ အရိုက်ခံရပြီးလို့ အခန်းထဲပြန်ရောက်ရင် အားလုံးက သူ့ကို ချိုချဉ်ကျွေးကြသေးတယ်။ ပြီးရင် "မနာဘူးနော်. . . မနာဘူး" လို့ နှစ်သိမ့်ကြတယ်။

ပြဇာတ်ကျောင်းမှာ ကိုယ်ခံပညာကို အဓိကလေ့ကျင့်ရတယ် ဆိုပေမယ့် ကျွန်တော်တို့ နေ့တိုင်း စာသင်ရသေးတယ်။ ပုံစံက ရှေးခေတ်ကိုယ်ပိုင်ကျောင်းနဲ့ ဆင်ပါတယ်။

ဆရာက ကျွန်တော်တို့အတွက် သီးသန့်ဆရာတစ်ဦး ငှားထားပေးတယ်။ သင်တဲ့အကြောင်းအရာတွေက အပြင်ကျောင်းတွေမှာသင်တဲ့ သင်္ချာအင်္ဂလိပ် တရုတ်စာတွေ မဟုတ်ပါဘူး။ ရှေးရတု ကျမ်းဂန်တွေ ( ရှေးရတုကျမ်းဂန် ဆိုသည်မှာ ရှေးစာများ ရေးသားထားသော စာအုပ်ကြီးလေးအုပ်နှင့် ကျမ်းဂန်ငါးအုပ်ကို ဆိုလိုပါသည်-ဘာသာပြန်သူ) ဖြစ်တယ်။ ဒီလိုစာတွေကို ကလေးတစ်သိုက် ဘယ်စိတ်ရှည်လက်ရှည် သင်ချင်ပါ့မလဲ။ ပြီးတော့ ပြောကြသေးတယ် "ဒါတွေ ဘယ်သူ သင်ချင်မှာတုန်း. . . ဘာအသုံးဝင်မှာတုန်း" ပေါ့။ ဒါကြောင့် အတန်းစတာနဲ့ အိပ်တဲ့လူက အိပ်၊ ဂေါ်လီပစ်တဲ့လူက ပစ်ပါပဲ။

ယဉ်ကျေးမှုအတန်းတက်တဲ့အချိန်ဆိုရင် များသောအားဖြင့် ဆရာက သူ့မိတ်ဆွေဆီ သွားလည်နေတာမျိုး ဒါမှမဟုတ် မြင်းလောင်းပွဲသွားနေတာမျိုး ဆိုတော့ ကျွန်တော်တို့ အပျော်ကြီး ပျော်ကြပါတယ်။ ယောကျ်ားလေးတွေက အတန်းထဲမှာ စာအုပ်တွေ ဟိုပစ်ဒီပစ်၊ နောက်ပြောင်ကျီစယ်ကြ၊ ရန်ဖြစ်ကြတယ်။ မိန်းကလေးတွေကျတော့ ကျယ်ကျယ်လောင်လောင် စကားတွေပြော၊ အတင်းတွေပြောကြနဲ့ ကျွန်တော်တို့ကို အတန်းဆရာလည်း ဘာမှမတတ်နိုင်ခဲ့ပါဘူး။ စောင့်ကြည့်ဖို့ တာဝန်ပေးထားတဲ့လူက "ဆရာပြန်လာပြီ" လို့ အချိန်မီအကြောင်းကြားရင် ကျွန်တော်တို့က ချက်ချင်း ကိုယ့်ထိုင်ခုံကိုယ် လိမ်လိမ်မာမာ ထိုင်လိုက်ကြတယ်။ ဒီယဉ်ကျေးမှုဆရာတွေကိုပေးတဲ့ လခက သိပ်မမြင့်တော့ ကျွန်တော်တို့ လူဆိုးတစ်သိုက်ကို ဘယ်ဆရာကမှ သည်းမခံနိုင်ခဲ့ကြပါဘူး။ နှစ်အနည်းငယ်အတွင်း ဆရာ ၁၁ ယောက်လောက် စိတ်ပျက်ပြီး ပြောင်းသွားခဲ့ကြတယ်။ ဒီအကြောင်းကို ပြောဖြစ်တိုင်း ကျွန်တော်တို့ ကျေနပ်အားရကြတယ်။ နောက်ဆုံးမှာတော့ တရုတ်စာ

mgyoe.com

mgyoe.com SAMPLE BOOK

သင်တဲ့ ဆရာတစ်ဦး ရောက်ရှိလာခဲ့ပါတယ်။

အဲဒီဆရာ့နာမည်က Dong Lang Ying ဖြစ်တယ်။ ပညာရှိတစ်ယောက်ပါ။ သူ့လက်ရေး သိပ်လှတာကို ခုချိန်ထိ ကျွန်တော် မှတ်မိနေပါသေးတယ်။ သူက စာတစ်လုံးကို တစ်ချက်ပဲ ဆွဲတယ်။ သိပ်ပြေပြစ်တယ်။ သူက ကျွန်တော်တို့ကို "ကြီးမြတ်သင်ယူမှု"၊ "ကွန်ဖြူးရှပ်၏သရုပ်ခွဲများ"၊ "အက္ခရာသုံးလုံးဂန္ထဝင်"တွေ သင်ပေးပါတယ်။ စုတ်တံရေးနည်း သင်ပေးတယ်။ အစက သူ့ကို တခြားဆရာတွေလိုပဲ "အနိုင်ကျင့်" လို့ကောင်းတယ်လို့ ကျွန်တော်တို့ထင်ပြီး သေချာ မသင်ယူခဲ့ကြပါဘူး။

ဒါပေမဲ့ သူက တရုတ်ပြည်စစ်တက္ကသိုလ်မှာ နည်းပြဆရာလုပ်ခဲ့ဖူးတယ်ဆိုတာ အစက ဘယ်သူသိလိမ့်မလဲ။ သူ့ကို ရန်စလို့ မရပါဘူး။ သူ့မှာ ပေတံတစ်ချောင်း ရှိပါတယ်။ အရမ်းထူတဲ့ သစ်သားပြား တစ်ချောင်းပါ။ စာသေချာမလုပ်ဘူး၊ အလွတ်ဆိုစရာရှိတာ မဆိုဘူးဆိုရင် သူက ဘယ်လက်ကို ဆန့်ဆန့်ထုတ်ခိုင်းပြီး ဘယ်နှချက်ရိုက်မယ်ဆိုပြီး ရိုက်ပါတယ်။ နာတယ်လို့ မအော်ရသလို လက်လည်း မရုတ်ရပါဘူး။ နာပြီး လက်ရုတ်လိုက်ရင် အစကနေ ပြန်ရိုက်ပါတယ်။

ပေတံကိုင်ပြီးရိုက်တဲ့ သူ့ပုံစံက ဘေးကနေကြည့်ရင်တောင် ကြောက်ရပါတယ်။ ပေတံကို အမြင့်ကြီးမြှောက်ပြီး "ဖောင်း"ခနဲ အားနဲ့ လက်ဖဝါးတည့်တည့်ကို ရိုက်ချတာပါ။ လက်က ချက်ချင်းညိုမည်းပါတယ်။ တချို့က သုံးချက်ပဲ ရိုက်ရသေးတယ်၊ မခံနိုင်လို့ လက်ပြန်ရုတ်တယ်။ ဒီလိုဆိုရင် အစကနေ ပြန်ရေပြီး ရိုက်ပါတယ်။ ရိုက်ရင်း ရိုက်ရင်း လက်ကထုံသွားလို့ နာမှန်းတောင် မသိတော့ပါဘူး။

ဆရာရဲ့စည်းစနစ်က ညာလက်ကို မရိုက်ပါဘူး။ အစ်ကိုတစ်ယောက် "ဖောင်း" ခနဲ ရိုက်ခံရတော့ ဘယ်လက်ကို သူ မရုတ်ရဲဘူး။ ဒါပေမဲ့ သိပ်နာတော့ သူက ဘယ်လက်အနာ သက်သာလိုသက်သာငြား ညာလက်ကိုမြှောက်ပြီး လေထဲ ရမ်းတော့တယ်။ ကျွန်တော်တို့က ဘေးကနေကြည့်ပြီး ရယ်လည်းရယ်ချင် ရယ်လည်း မရယ်ရဲခဲ့ပါဘူး။

ဒီလိုအပြစ်ပေးဒဏ်ပေးတာ ရှိလာတဲ့နောက် ဘယ်သူက စာတွေကို အလွတ်မဆိုရဲဘဲ ရှိတော့မလဲ။

*"ကြီးမြတ်သင်ယူမှု၏ ရည်ရွယ်ချက်မှာ အကျင့်စရိုက္တ ကောင်းမွန်စေရန်၊ မိမိအကျင့်စရိုက်ကို မြှင့်တင်ပြီး သူတစ်ပါးကို အကျိုးပြုရန်၊ လူတိုင်း သစ်လွင်မှုတွေဖြင့် ပြောင်းလဲနိုင်ရန်၊ မကောင်းမှုကို စွန့်လွှတ်ကာ ကောင်းမှုကုသိုလ်ပြုလုပ်ရန်၊*

mgyoe.com

mgyoe.com SAMPLE BOOK

*လူ့အဖွဲ့အစည်းတစ်ခုလုံး ပြီးပြည့်စုံသော အောင်မြင်မှုရရှိစေရန်၊ ကိုယ်ကျင့်တရား ကောင်းမွန်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်. . . "*

အဲဒီတုန်းက အလွတ်ရွတ်ဆိုခဲ့ရတဲ့စာတွေ အခုချိန်ထိ ကျွန်တော်သေချာ မှတ်မိနေပါသေးတယ်။

ပြောရင်လည်း ထူးဆန်းတယ် ဆိုရမယ်။ ကျွန်တော်တို့က အရိုက်ခံရဖန် များတော့ အရေပြားတွေကြမ်းပြီး အသားတွေလည်း ထူလာလို့ ထင်ပါတယ်။ အရိုက်ခံပြီးတိုင်း ဘယ်သူမှ အကြာကြီး အနာမပျောက်ဘူးဆိုတာ မရှိခဲ့ပါဘူး။ နှစ်ရက်သုံးရက်လောက်ဆိုရင် ကောင်းသွားကြပြီ။ တချို့က မနက်ပိုင်း အရိုက်ခံ ရတယ်။ နေ့လယ်ပိုင်းမှာ လျှောက်ပြေး လျှောက်ခုန်နေပါပြီ။

အချိန်ကြာလာတာနဲ့အမျှ ကျွန်တော်တို့ကလေးဆိုးတစ်သိုက်ဟာ အချောင် ခိုလို့ရတဲ့လှည့်ကွက်တွေ ရှာတွေ့သွားခဲ့ကြတယ်။ တစ်ခါတလေ စာအလွတ်မရသေး တော့ ဆရာရိုက်မှာလည်း ကြောက်တယ်။ အဲဒီအခါ စာအလွတ်ရနေပြီဖြစ်တဲ့ အငယ်တွေကို "နင်တို့အလွတ်ရပြီလို့ မပြောရဘူးနော်. . . ကြားလား" လို့ သွား ကြိမ်းမောင်း တတ်ခဲ့တယ်။ စာစစ်တဲ့အချိန်ရောက်လို့ ဆရာက "ကွန်ဖြူးရှပ်သရုပ်ခွဲ မှာပါတဲ့ မိမိကိုယ်ကိုပျိုးထောင်ခြင်းကို ယွမ်လုတ်အလွတ်ဆိုစမ်း" လို့ပြောတဲ့အခါ ကျွန်တော်က "ကျွန်တော် အလွတ်မရသေးဘူး ဆရာ" လို့ ဖြေတယ်။ ဆရာက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်ပြီး ဟုန်ကျင်းပေါင်ဖက်လှည့်ပြီး "ယွမ်လုံ မင်း ဆိုစမ်း" လို့ပြောတယ်။ ဟုန်ကျင်းပေါင်ကလည်း မရဘူးဆိုတော့ ကျန်တဲ့လူတွေကို မေးတယ်။ လူတိုင်းက ညီညီညာညာတန်းစီရပ်ပြီး အလွတ်မရဘူး ဖြေတော့ ဆရာ လည်း ကျွန်တော်တို့ကို အပြစ်ပေးရမှာ ပျင်းသွားတယ်။ တစ်ယောက်နှစ်ယောက် ရိုက်ဖို့ အားရှိပေမယ့် တစ်တန်းလုံး လူဆယ်ယောက်ကျော် ရိုက်ဖို့ကျတော့ ဆရာ လည်း အားမရှိပါဘူး။

ဆရာ Yu Jim Yuen ဖက်မှာတော့ ကျွန်တော်တို့ အရိုက်မခံရတဲ့နေ့ မရှိ ပါဘူး။ ပြင်းတာနဲ့ မပြင်းတာပဲ ကွာတာပါ။ သိုင်းလေ့ကျင့်တဲ့အချိန် လူတိုင်းပုံစံ အနေအထားနဲ့ သေချာရပ်နေရင်တောင် ဘေးကနေ ဆရာဖြတ်သွားတဲ့အခါ လူတိုင်းကို တစ်ချက်လောက်တော့ ရိုက်သွားတတ်တယ်။ ပြီးတော့ "တန်းတူရိုက်" ဆိုတဲ့စကားလည်း ရှိသေးတယ်။ ဆိုလိုတာက ဘယ်သူအမှားလုပ်လုပ် အကုန် အရိုက်ခံရတာပဲ။ ဒါကြောင့် အမြဲတမ်း အကုန်လုံး ဘုမသိဘမသိ အရိုက်ခံကြ ရတယ်။ နေ့တိုင်း စိုးတထိတ်ထိတ်နဲ့၊ မနက်မျက်လုံးဖွင့်တာနဲ့ ဒီနေ့အရိုက်မခံရရင်

mgyoe.com

mgyoe.com SAMPLE BOOK

မဆိုးဘူးလို့ ဆိုရမယ်လို့ တွေးနေတတ်တော့တယ်။ ရှေ့တစ်စက္ကန့်မှာ ဘယ်လောက်ပဲ ဆူညံပျော်ပါးနေပါစေ "ဆရာလာပြီ" လို့ ကြားတာနဲ့ အကုန်လုံးငြိမ်သက်ပြီး ကြောက်သွားတတ်ကြတယ်။

တစ်ခါတုန်းက ဆရာက ကျွန်တော့်ကို ဆရာ့ဆရာရဲ့ ရုပ်တု ဖုန်သွားသုတ်ခိုင်းတယ်။ ကျွန်တော်က သုတ်ရင်းသုတ်ရင်း ရုပ်တုရဲ့မုတ်ဆိတ်မွေးချောင်နေပြီး အမွေးတချို့ ပြုတ်ထွက်တော့မယ်ဆိုတာကို တွေ့တော့ သေချာပြန်ထိုးထည့်ပေးလိုက်ပါတယ်။ အဲလိုထိုးထည့်နေတုန်း ဆရာတွေ့သွားတော့ ကျွန်တော်ကို ဆူတော့တယ်။

"ယွမ်လုတ်၊ ဘိုးဘေးဆရာရဲ့မုတ်ဆိတ်ကိုတောင် မင်းနုတ်ရဲတယ်"

ပြောရင်တောင် ကြာနေဦးမယ်. . . ကျွန်တော်အသေအလဲ အရိုက်ခံလိုက်ရပါတယ်။

ကျောင်းမှာ စားရတဲ့အစားအစာတွေက ရိုးရိုးသာမန်တွေပါပဲ။ ဟင်းသီးဟင်းရွက်ကြော် အိုးကြီးတစ်အိုးရယ်၊ ဝက်အဆီသား ပဲပင်ပေါက်တို့နဲ့ ပြုတ်ထားတဲ့ ဟင်းချိုရည်တစ်မျိုးရယ်၊ နောက်တစ်မျိုးက "ကြောင်ငါး" လို့ဆိုကြတဲ့ အရင်က ဟောင်ကောင်မှာ ကြောင်တွေကိုကျွေးတဲ့ ငါးဝါလေးတွေ ဖြစ်တယ်။ အဲဒီငါးက နှစ်ဒေါ်လာဆိုရင် တစ်ပုံကြီးရတယ်။ အဲဒီငါးကိုပေါင်းပြီး ဆီနည်းနည်းနဲ့ ဟင်းရွက်တွေရောပြီး ပြန်ကြော်တယ်။ ဒါတွေက ကျွန်တော်တို့စားခဲ့ရတဲ့ ဟင်းအမယ်နှစ်မျိုးနဲ့ ဟင်းချိုတစ်ခွက်ဖြစ်တယ်။

ရိုးစင်းတဲ့ဟင်းတွေ ဆိုပေမယ့်လည်း လူတိုင်း လုယက်စားကြတယ်။ အသက်ငယ်သူတွေ ထမင်းဟင်း အရင်ခူးရမယ်လို့ ဆရာက သတ်မှတ်ပေးထားတယ်။ သူတို့က အာဟာရပိုဖြည့်ဖို့ လိုပါတယ်။ အသက်ငယ်သူတွေယူပြီးရင် ကျန်တဲ့လူတွေက ဝရုန်းသုန်းကားပြေးတက်ပြီး ပန်းကန်တွေ၊ အဖုံးတွေနဲ့ ရှုပ်ယှက်ခတ် လုယက်ကြတော့တယ်။ ထမင်းကို ညက်ညက်ဝါးပါလို့ ဒီကနေ့လူတွေ ပြောကြတယ်။ ပါးစပ်ထဲထည့်လိုက်တဲ့ ထမင်းတစ်လုတ်တိုင်း ညက်ညက်ဝါးပြီးမှ မြိုချရတယ်။ ကျွန်တော်တို့ အဲဒီတုန်းက တစ်ချက်နှစ်ချက်ဝါးပြီး မြိုချလိုက်တာပဲ။ ပါးစပ်ထဲ ထိုးထည့်လိုက်တဲ့ ထမင်းဟင်းက ဗိုက်ထဲတန်းရောက်သွားတာမျိုးပါ။ ညက်ညက်ဝါးနေရင် စားဖို့တောင်ကျန်မှာ မဟုတ်ပါဘူး။ အစ်ကိုလတ် ယွမ်ထိုက်က ထမင်းဟင်းလုပြီးရင် ထမင်းပေါ်မှာ တံတွေးတစ်ချက် ထွေးထည့်လိုက်တတ်တာကို ကျွန်တော် မှတ်မိနေသေးတယ်။ ပြီးရင် သူက. . . မင်းတို့စားရဲလား မေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK
ဘယ်သူစားရဲမလဲ၊ သူ့အတွက်ပဲဖြစ်သွားတာပေါ့။

တစ်ခါက ကျောင်းမှာ ရေပိုက်ကွဲသွားတယ်။ ကျောင်းတစ်ကျောင်းလုံး ရေမြုပ်တော့ ဆန်မှိုတက်ကုန်တယ်။ ဒါတောင် အဲဒီဆန်ကို ကျွန်တော်တို့စားကြတယ်။ တစ်လလောက် စားလိုက်ရတယ်။ ကျွန်တော်တို့အခန်းရဲ့ ထောင့်တစ်နေရာမှာ တစ်ခါတလေ ဆန်ပြုတ်တစ်အိုးချထားလေ့ ရှိတယ်။ ညပိုင်း ပြဇာတ်ကပြီး ပြန်လာတဲ့သူတွေ သောက်ဖို့ပါ။ ကျောင်းသားတစ်ယောက်က ညတိုင်း အိပ်မက်မက်ရာကနေ လမ်းထလျှောက်တတ်ပါတယ်။ တစ်ခါတလေ လမ်းလျှောက်ရင်း အဲဒီဆန်ပြုတ်အိုးထဲ သေးသွားပေါက်တတ်တယ်။ ပြဇာတ်ကပြီး ပြန်လာသူတွေက ဒါကိုမသိတော့ ဆန်ပြုတ်ကို သောက်လိုက်ကြတာပါပဲ။

ကျောင်းက လူဦးရေများတော့ မတတ်နိုင်ပါဘူး။ ဆရာ့ကတော်လည်း ကမ္ဘာ့ကြက်ခြေနီတွေဆီကနေ အစားအသောက်ရန်ပုံငွေ တောင်းခံတတ်ပါတယ်။ ဂျုံမှုန့်တို့ရလာရင်တော့ ကျွန်တော်တို့ကို ဂျုံလက်ဆုပ်ဟင်းရည်တွေ ချက်ကျွေးတတ်ခဲ့ဘယ်။ နောက်တော့ ကျွန်တော်တို့ရဲ့ဖျော်ဖြေမှုကို တချို့တွေ မြင်သိလာတဲ့နောက် သိပ်မိုက်တယ်၊ သိပ်ဆန်းသစ်တယ်ဆိုပြီး ကျွန်တော်တို့ကို ဘယ်ကလဲ မေးကြတယ်။ ကျွန်တော်တို့ကျောင်းကို လာရောက်လေ့လာကြတယ်။ လာလေ့လာပြီး ကျွန်တော်တို့ ဆင်းဆင်းရဲရဲ နေထိုင်ကြတာကိုတွေ့တော့ နောက်ပိုင်းမှာ ကျွန်တော်တို့အတွက် အစားအစာတွေ ထောက်ပံ့ပေးခဲ့ကြတယ်။

♦♦♦
mgyoe.com

mgyoe.com SAMPLE BOOK

# ပထမဆုံးအကြိမ် စင်ပေါ်တက်ခြင်း

ဆရာက သစ်တော်ဝိုင်း (ထန်မင်းဆက်ခေတ်က ဘုရင် XuanZong သည် သီချင်းဆိုခြင်း၊ အက,ကခြင်းကို နှစ်သက်သဖြင့် နန်းတွင်းသစ်တော်ခြံတွင် အဆိုအကသမားများကို စုစည်းကာ သီချင်း၊ အကများကို လေ့ကျင့်ခဲ့ရာမှ သစ်တော်ခြံထွက် ကချေသည်၊ အဆိုသည်များကို သစ်တော်ဝိုင်းတော်သားဟု ခေါ်ဝေါ်ခဲ့ကြပြီး ထိုမှတဆင့် လက်ဆင့်ကမ်းလာခဲ့သည် - ဘာသာပြန်သူ) ထွက်ဖြစ်တာကြောင့် ကျွန်တော်တို့ကို မကြာခဏ ထွက်ဖျော်ဖြေခိုင်းလေ့ ရှိခဲ့တယ်။ မင်္ဂလာဆောင်၊ မွေးနေ့၊ အိမ်မှာ အလှူအတန်းလုပ်ရင်လည်း ကျွန်တော်တို့ သွားရောက်ဖျော်ဖြေခဲ့တယ်။ Wan Chai, Tsim Sha Tsui စတဲ့အရပ်ဒေသတွေမှာ ကျွန်တော်တို့ ကတုံးလေးတစ်သိုက်ရဲ့အရိပ်တွေကို တွေ့ရလေ့ ရှိခဲ့ပါတယ်။

စင်ပေါ်တက်ဖျော်ဖြေတာ သိပ်ပျော်စရာကောင်းပါတယ်။ ကျောင်းဝင်းကနေ ထွက်ပြီး အပြင်ကို လေ့လာခွင့်ရတယ်။ အဓိကအချက်က အစားကောင်းစားရတာပါပဲ။ ဒါကြောင့် ဒီအခွင့်အရေးကို ကျွန်တော်တို့ သိပ်တန်ဖိုးထားကြပါတယ်။

အချိန်တစ်ခုလောက်မှာ ဆရာက နေ့တိုင်း ကျွန်တော်တို့ကို ဦးဆောင်ပြီး The Mira ဟိုတယ်ကနေ ပင်နီဆူးလားဟိုတယ်ကိုဖြတ်ပြီး Tsim Sha Tsui အထိ ဘတ်စ်ကားစီးပြီး သွားဖျော်ဖြေခဲ့တယ်။ ခရီးကဝေးတော့ ပင်နီဆူးလားဟိုတယ်ကို

mgyoe.com

mgyoe.com

တန်းစီးဖြတ်တိုင်း အဲဒီဘေးမှာ လူတစ်အုပ်အမြဲရှိနေတတ်တယ်။ ကြည့်ရတာ အဲဒီကဝနထမ်းတွေဖြစ်မယ် ထင်ပါတယ်။ ကျွန်တော်တို့ကိုမြင်ရင် သူတို့က မနှစ်မြို့ကြပါဘူး။ အဲဒီတုန်းက ဘယ်ကလာတဲ့ အယူမှန်းမသိ ကတုံးတွေကို မြင်ရင် မြင်းပြိုင်ပွဲ ရှုံးတတ်တယ် ဆိုပါတယ်။ ကျွန်တော်တို့ဖြတ်သွားတဲ့အခါတိုင်း သူတို့က ကျွန်တော်တို့ရဲ့ ခေါင်းကိုပုတ်ပြီး "သောက်ကတုံး. . . သောက်ကတုံး" နဲ့ ရိုက်လိုက် ဆဲလိုက် လုပ်ကြတယ်။ လူတိုင်း သူတို့အရိုက်ကို ခံကြရတယ်။

တစ်နေ့မှာ ကိစ္စရှိလို့ ဆရာက ကျွန်တော်တို့နဲ့ မလိုက်နိုင်တော့ အစ်ကိုကြီး ယွမ်လုံဟုန်ကျင်းပေါင်က ကျွန်တော်တို့ကို ဦးဆောင်ပါတယ်။ အစ်ကိုလတ် ယွမ်ထိုက်က ဒုတိယနေရာမှာ။ အဲဒီဘက်ဖြတ်တော့ အဲဒီလူတစ်အုပ်က ယွမ်ထိုက်ရဲ့ ခေါင်းကိုပုတ်ပြီး ဆဲပြန်တယ်။

ယွမ်ထိုက် ရုတ်တရက်ရပ်ပြီး အဲဒီလူကို စိုက်ကြည့်လိုက်တယ်။

အဲဒီလူကလည်း မထင်မှဲမြင်တဲ့ပုံစံနဲ့ မင်းဘာကြည့်တာလဲပေါ့။

ယွမ်ထိုက်က မင်း ငါ့ကိုဆဲတယ်၊ ရိုက်တယ်လေဆိုပြီး စကားတောင် မဆုံးဘူး အဲဒီလူကို "ဖြောင်း" ခနဲ ချပစ်လိုက်တယ်။ အဲကနေတစ်ဆက်တည်း "အုံး" ခနဲအသံနဲ့အတူ ပတူအုံကို တုတ်နဲ့ထိုးလိုက်သလိုမျိုး ကျွန်တော်တို့ လူအယောက် သုံးလေးဆယ်က ရှေ့တက်ပြီး အဲဒီလူအုပ်နဲ့ ချကြတော့တယ်။ ဝုန်းဒိုင်းဖြောင်းနဲ့ ၁၀ စက္ကန့်တောင် မကြာပါဘူး။ အဲဒီလူတစ်အုပ် မြေပေါ် ဝမ်းလျားမှောက်ပြီး သွေးထွက်သံယို ဖြစ်သွားကြတယ်။

အဲဒီနောက် ကျွန်တော်တို့အုပ်စုနှစ်စု ရဲစခန်းကို ရောက်သွားကြတယ်။ မြင်ကွင်းက သိပ်ရယ်ချင်စရာကောင်းတယ်။ တစ်ဘက်က အရွယ်ရောက်လူကြီး ခုနစ်ယောက် ရှစ်ယောက်လောက် ရှိတယ်။ အားလုံး ခေါင်းကိုင်ပြီး ညည်းနေကြတယ်။ တစ်ဘက်က အယောက်သုံးလေးဆယ်ရှိတဲ့ ကတုံးလေးတွေ တဝါးဝါးနဲ့ ငိုနေကြတယ်။

နှာရည်မျက်ရည်တရွှဲရွှဲနဲ့ ကျွန်တော်တို့ ငိုနေတာက သနားအောင်၊ ကိုယ်ချင်းစာအောင် ငိုကြတာ မဟုတ်ပါဘူး။ ဆရာရောက်လာရင် ကျွန်တော်တို့ရန်ဖြစ်လို့ ရဲစခန်းရောက်သွားတယ်ဆိုတာ သူသိရင် အပြန်မှာ ဘယ်လောက်တောင် အရိုက်ခံရမယ်ဆိုတာမသိလို့ စိုးရိမ်ပြီး ငိုကြတာပါ။ ပြီးတော့ ဒီကလေးတစ်သိုက်က ရဲစခန်းကို ပထမဆုံးအကြိမ် ရောက်တာဆိုတော့ ကြောက်မိတာကအမှန်ပဲ။ ကြောက်လေ ငိုသံကျယ်လေနဲ့ ပါးစပ်ကလည်း "သားတို့ကို သူတို့ရိုက်တယ်" လို့

mgyoe.com

mgyoe.com
SAMPLE BOOK

အောင်နေခဲ့တော့တယ်။

ဆရာရောက်လာပြီး ကျွန်တော်တို့ကို ရဲစခန်းကနေ အာမခံနဲ့ ခေါ်ထုတ်သွားတဲ့နောက် ဆရာက မထင်မှတ်ဘဲ ကျွန်တော်တို့ကို "မင်းတို့လုပ်တာ သိပ်ကောင်းတယ်" လို့ ချီးကျူးခဲ့တယ်။

အဲဒီနောက်ပိုင်း ပင်နီဆူးလားဟိုတယ်ရှေ့ ကျွန်တော်တို့တန်းစီဖြတ်တိုင်း အဲဒီလူတစ်အုပ်က နောက်ကို တဖြည်းဖြည်းဆုတ်ပြီး အဝေးကနေပဲ ရပ်ကြည့်ရဲတော့တယ်။ အဲဒီအခါ ကျွန်တော်တို့က ခြေယမ်းခေါင်းယမ်းနဲ့ သူတို့ရှေ့မြောက်ကြွမြောက်ကြွ ဖြတ်ခဲ့ကြတော့တယ်။



ပြဇာတ်စင်ပေါ်က ကျွန်တော်တို့တစ်သိုက်

ကလေးတစ်သိုက်ရဲ့ဖျော်ဖြေမှုက ပရိသတ်ရဲ့အကြည့်မှာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ကျွန်တော်တို့က အသက်ငယ်ပေမယ့် ကိုယ်ခံပညာမှာတော့ ဖြစ်ကတတ်ဆန်း မဟုတ်ခဲ့ပါဘူး။ စင်ပေါ်တက်တာနဲ့ ပရိသတ်ကို တစ်ကွက်အရင်ပြပါတယ်။ အဲဒီတုန်းက ပုံသေသတ်မှတ်ထားတဲ့အစီအစဉ်က. . . ။

ဗုံသံ တဘုံးဘုံးမြည်လာတာနဲ့ ကျွန်တော်တို့က စင်ပေါ်တက်ပြီး တတ်တဲ့ကိုယ်ခံပညာ အကုန်လုံးချပြတယ်။ ခြေကန်တဲ့လူက ကန်၊ ကျွမ်းပစ်တဲ့လူက ပစ်။ ဗုံသံက "ဘုံး" ခနဲ ရုတ်တရက် ရပ်သွားတဲ့အခါ ဘာအကွက်ပဲပြနေပြနေ ကျွန်တော်တို့ရဲ့လှုပ်ရှားမှုကလည်း ရုတ်တရက် ရပ်လိုက်ကြရတယ်။ တချို့က ရပ်နေတာဖြစ်ရင်ဖြစ်မယ်၊ တချို့က ခြေလက်တစ်ပြိုင်တည်း ဆန့်ထားတာရှိမယ်။ ဒါတွေက

mgyoe.com

mgyoe.com SAMPLE BOOK

တော်သေးတယ် ပြောရမယ်။ တချို့က လုပ်ရသိပ်ခက်တဲ့ ကိုယ်ဟန်အနေအထား မျိုးမှာရှိနေရင်တော့ အဲဒီမှာ အံ့ကြိတ်ပြီး ရပ်နေတော့ပဲ။

တင်ဆက်မှုအရှိန်မြင့်အောင်ဆိုပြီး ဗုံတီးတဲ့လူတွေက နှေးတုံ့နှေးတုံ့ ထရပ်ပြီး အချင်းချင်း ဆေးလိပ်ကမ်းကြ၊ သောက်ကြ၊ စကားပြောကြလုပ်သေး တယ်။ တချို့က အိမ်သာ သွားတက်လိုက်သေးတယ်။ အဲဒီမှာ ကျွန်တော်တို့က ကျောက်ရုပ်လို မလှုပ်တမ်း ဆက်ရပ်နေရတယ်။ အဲဒီအခါ ပရိသတ်တွေက လက်ခုပ် လက်ဝါးတီးကြတော့တယ်။ ဆေးလိပ်ကုန်လို့ ဗုံတီးတဲ့လူတွေပြန်လာပြီး ဗုံဆက် တီးကြတော့မှ ကျွန်တော်တို့ လှုပ်လို့ရတယ်။ အဲဒီနောက် ကျွမ်းဆက်ထိုးကြ၊ ခြေဆက်ကန်ကြပေါ့။

ဒီအခြေခံကိုယ်ခံပညာတွေက ငရဲသမျှ လေ့ကျင့်ပေးခဲ့တဲ့ ဆရာရဲ့ကျေးဇူး တွေ ဖြစ်တယ်။ ခက်ခဲပင်ပန်းလှတဲ့ပတ်ဝန်းကျင်မှာ ကိုယ်ခံပညာကို လေးလေး နက်နက် သင်ယူရုံကလွဲပြီး ကျွန်တော်တို့ ပေါ့ပေါ့တန်တန် မနေရဲခဲ့ကြပါဘူး။


ဘယ်ဘက်က ယွမ်ဝေနဲ့
ညာဘက်က ကျွန်တော်

ကျွန်တော်တို့အဖွဲ့မှာ ယွမ်ဝေ လို့ ခေါ်တဲ့ ထူးချွန်တဲ့ ကလေးတစ် ယောက် ရှိတယ်။ သူက ကျွန်တော် နဲ့ မတိမ်းမယိမ်း ဆိုပေမယ့် ကိုယ် လုံးကိုယ်ပေါက်သေးတယ်။ ဆရာ က သူ့ကိုအင်မတန်နှစ်သက်တော့ ခါတိုင်း သူ့ကို "ပူတူးတူးလေး" လို့ ခေါ်ခဲ့တယ်။

ဘတ်စ်ကားစီးပြီး ကျွန်တော်တို့ ပြဇာတ်ရုံသွားတဲ့ အခါ သူက ဆရာ့ဘေးမှာ ထိုင် တယ်။ ဆရာက သူ့ရှေ့မှာ တစ် ယောက်ယောက် သေချာထိုင်မနေရင် ဒါမှမဟုတ် အမူအရာတွေ လျှောက်လုပ် နေရင် ယွမ်ဝေကို အကြည့်တစ်ချက် ပေးတတ်တယ်။ အဲဒီအခါ ယွမ်ဝေက အဲဒီ လူဆီသွားပြီး ဖြန်းခနဲ ရိုက်လိုက်တတ်တယ်။ ကျွန်တော်တို့ အရိုက်ခံရတိုင်း သူ့ကို မင်းနေနှင့်ဦးပေါ့ကွာလို့ စိတ်ထဲ ထေ့ထားခဲ့တတ်တယ်။

ဆရာက သူ့ဘာစားစား "ပူတူတူးလေး" ကို ခေါ်ကျွေးတတ်တယ်။ ဖဲရဲ

mgyoe.com

SAMPLE BOOK


သီးဆိုရင် စားလို့အကောင်းဆုံး အပေါ်ပိုင်းနေရာ သူ စားရတယ်။ ဆရာက ကွေကာ ကျိုရင်လည်း သူ့ကို ခွဲပေးတတ်တယ်။ အဲဒီတုန်းက ကွေကာကိုကြည့်ပြီး ဘာအရသာ ပါလိမ့်လို့ ကျွန်တော် အမြဲတွေးခဲ့တယ်။ ကျောင်းပြီးလို့ အပြင်ရောက်တဲ့အခါ ကျွန်တော်ပထမဆုံးလုပ်တဲ့အလုပ်က ကွေကာဝယ်စားတာပဲ ဖြစ်တယ်။

အဲဒီ "ပူတူတူးလေး" ဘယ်လောက်တော်သလဲ သိလား။

ဆို၊ က၊ ရေး၊ တီး၊ ချတာ သူ အကုန်ရတယ်။ Sheng Dan Jing Chou (Sheng Dan Jing Chou မှာ အော်ပရာပြဇာတ်အခေါ်အဝေါ်ဖြစ်ပြီး Sheng မှာ ယောကျ်ားဖြစ်ပြီး၊ Dan မှာ မိန်းမ၊ Jingမှာ ကြမ်းတမ်းသောယောကျ်ား၊ Chou မှာ လူရွှင်တော်ဖြစ်သည် - ဘာသာပြန်သူ) အကုန်ဆိုနိုင်တယ်။ ဘာတူရိယာဖြစ်ဖြစ် အကုန်တီးတတ်တယ်။ နောက်ကျွမ်းထိုးတာကို လေးငါးဆယ်ချက်လောက် ပေါ့ပေါ့ ပါးပါး လုပ်နိုင်တယ်။ စားပွဲခုံ နှစ်လုံးဆင့်ထားတဲ့အပေါ် သူရပ်ပြီး နောက်ကျွမ်း အချက် ၂၀ ထိုးနိုင်တယ်။ နောက်ဆုံးတစ်ချက် ကျွမ်းထိုးပြီးရင် လေထဲ နောက် တစ်ကြိမ် သူတစ်ပတ်လှိမ့် မြေပေါ် မားမားရပ်နိုင်တယ်။

ဒါ ဘာသဘောတရားပါလိမ့်။

နောက်ကျွမ်းဆက်တိုက်ထိုးပြီးရင် အမြင့်ဖျားရောဂါလို အောက်ဆီဂျင် ပြတ်၊ မူးဝေတတ်တယ်ဆိုတာ ရိုးရာပြဇာတ်သင်ဖူးသူတိုင်း သိပါတယ်။ "Project A" ရုပ်ရှင်ရိုက်တုန်းက ရိုက်ကွင်းမှာ ကျွန်တော်နဲ့ ဟုန်ကျင်းပေါင် လောင်းကြေး စားကြေး လုပ်ကြတယ်။ နောက်ကျွမ်းပစ်တာ ဆယ်ချက်လောက်တော့ ကျွန်တော် လုပ်နိုင်တယ်လို့ ပြောတယ်။ သူက ကျွန်တော် မလုပ်နိုင်ဘူးလို့ ပြောတယ်။ ကျွန်တော် ဘာမပြောညာမပြောနဲ့ နောက်ကျွမ်း ဆယ်ချက်ပစ်လိုက်တာ မျက်လုံး ပြာဝေသွားတယ်။ သုံးချက်လုပ်ပြီး မေ့လဲသွားတဲ့လူကို ကျွန်တော်တွေ့ခဲ့ဖူးတယ်။ သာမန်အချိန်မျိုးမှာ အကောင်းဆုံးဆိုတဲ့လူတောင် အချက်သုံးဆယ်ပဲ လုပ်နိုင် ပါတယ်။

ကျွန်တော်တို့ကျောင်းမှာ နောက်ကျွမ်းပစ်နိုင်တဲ့လူ အယောက်သုံးဆယ် မရှိပါဘူး။ ဒီလှုပ်ရှားမှုကို ဆရာစစ်ဆေးတော့မယ် ဆိုတဲ့အခါတိုင်း စုစုပေါင်း အချက်ရေတစ်ခု သတ်မှတ်ပေးပါတယ်။ ဥပမာ လူတွေအားလုံးပေါင်း အချက်ရေ ၁၅၀ လုပ်ရမယ်ဆိုတာမျိုးပေါ့။ ရှေ့တစ်ယောက်လုပ်တာထက် နောက်တစ် ယောက်က အကြိမ်ရေ ပိုလုပ်ရတာကြောင့် အငယ်ဆုံးကို အရင်ထွက်လုပ်ခိုင်းရ တယ်။ အငယ်ဆုံးကလေးတွေ တစ်ချက်လုပ်နိုင်လည်း တစ်ချက်ပေါ့။ ပြီးရင်

mmyoe.com

mgyoe.com

ဒုတိယတစ်ယောက်၊ တတိယတစ်ယောက်. . . ကျွန်တော်တို့ နည်းနည်းကြီးတဲ့ လူတွေက နောက်ဆုံးမှာ စောင့်နေကြပြီး အရင်လုပ်ရပါစေလို့ စိတ်ထဲဆုတောင်းနေတတ်တယ်။ ဥပမာ ပြောရရင် ကိုယ့်ရှေ့ကလူက ၁၀ ချက်လုပ်ရင် ကိုယ်က ၁၂ ချက်လုပ်ရင် ရပြီ။ အဲဒီတုန်းက အများဆုံးအချက် ၂၀ လုပ်နိုင်ရင်ပဲ ကျွန်တော် မဆိုးဘူးလို့ ဆိုရမယ်။ ဒီလိုအချိန်မျိုးမှာ ယွမ်ဝေက ဒူးလေးချိတ်ပြီး တစ်နေရာမှာ အေးဆေးထိုင်စောင့်နေတတ်တယ်။ ဒီလုပ်ဆောင်ချက်မှာ သူက နောက်ဆုံးပိတ်တာဝန်ယူရမယ့်သူ ဖြစ်သွားပြီ။ ရှေ့ကကျွန်တော်တို့ မပြီးပြတ်တဲ့ အချက်ရေ ၃၀၊ ၄၀၊ ၅၀. . . ဘယ်နှချက်ပဲကျန်ကျန် နောက်ဆုံးမှာ သူတစ်ယောက်တည်း သိမ်းကျုံးလုပ်ပစ်တယ်။ သူက အဲဒီလိုထူးချွန်ပါတယ်။

ကျွန်တော်တို့ အပြင်သွားရောက်ဖြေဖျော်တဲ့အခါမှာလည်း ယွမ်ဝေရဲ့ အံ့သြစရာ အပြုအမူတွေကြောင့် ပရိသတ်ရဲ့လက်ခုပ်ကို အမြဲအပြည့်ရခဲ့တယ်။ ဘေးကန့်လန့်ကာကနေ တစ်ယောက်ချင်း ကျွမ်းထိုးပြီးထွက်လာတဲ့အခါ ယွမ်ဝေက နောက်ဆုံးမှာပါ။ သူ့အလှည့်ရောက်တဲ့အခါ သူက ကန့်လန့်ကာနောက်ကွယ်ကနေစပြီး ကျွမ်းစပစ်နေပါပြီ။ ပရိသတ်ရှေ့ သူ မရောက်သေးဘူး၊ ပရိသတ်တွေ သူ့ကို မမြင်ရသေးခင် သူက ကျွမ်းဆယ်ချက်လောက် ထိုးပြီးနေပါပြီ။ ကျွမ်းပစ်နေရင်း ခေါင်းကိုပြူခနဲပြလိုက်၊ ကန့်လန့်ကာနောက်ကွယ်ထဲ တဒုန်းဒုန်း ပြန်ပစ်ဝင်သွားလိုက်နဲ့။ ဒီလိုအချိန်မျိုးမှာ ပရိသတ်တွေက ထရပ်ပြီး ကန့်လန့်ကာနောက်ကို စောင်းငဲ့ကြည့်ကြတော့တယ်။ ကန့်လန့်ကာနောက်မှာ ဘယ်အဆင့်မြင့်ဆရာ ကျွမ်းထိုးနေလဲဆိုတာ သေချာကြည့်ချင်ခဲ့ကြတယ်။ သူ့မျက်နှာပြ ရှေ့ထွက်လာတဲ့အခါ ပရိသတ်က လက်ခုပ် တဖြောင်းဖြောင်းတီးကြတော့တယ်။ ကျွန်တော်တို့က လက်ခုပ်သံနဲ့အတူ အချက်ရေလိုက် အော်ကြတယ်။ ၃၃၊ ၃၄၊ ၃၅. . . အချက် ၅၀ ရောက်ရင် သူ ခဏရပ်တတ်တယ်။ သူ ဆက်မထိုးတော့ဘူးလို့ လူတွေထင်နေချိန်မှာ ရုတ်တရက် သူ ပြန်ဆက်ထိုးတယ်။ ကျွန်တော်တို့လည်း ဆက်ရေတယ်။ ၅၁၊ ၅၂. . . ဒီလိုအချိန်မှာ ပရိသတ်တွေက ရူးသွပ်သွားကြပြီး စင်ပေါ်ကို ပိုက်ဆံတွေ ပစ်ပေးကြတော့တယ်။

အချက် ၆၀ ရောက်တဲ့အခါ တမင်တကာ သူ နှေးလိုက်တတ်တယ်။ မောသွားတဲ့ပုံစံမျိုး လုပ်တတ်တယ်။ ကျွန်တော်တို့လည်း သူ့လှုပ်ရှားမှုနောက်လိုက်ပြီး ဖြည်းဖြည်းချင်း အော်ရေကြတယ်။ ၆၉. . . ၇၀. . . သူ့ရဲ့ အမြင့်ဆုံးစံချိန်က အချက် ၇၀ ကျော် ဖြစ်တယ်။

mgyoe.com

m gyoe . com

ပြီးသွားရင် ကြမ်းပြင်မှာလဲပြီး သူ အသက်လှိုက်ရှူနေတတ်တယ်။ ပိုက်ဆံထကောက်တဲ့အချိန် မောလွန်းလို့ မဟန်တဲ့ပုံစံ လုပ်ပြတတ်တယ်။ ဒါက ဇာတ်ရှိန်မြှင့်ဖို့ သူ ဟန်လုပ်နေတာဖြစ်ပြီး သူ့ခွန်အားနဲ့ သူ ဘာမှမဖြစ်ဘူး ဆိုတာကို ကျွန်တော်တို့ သိပါတယ်။

"ပူတူတူးလေး" ကို ဆရာချစ်ပေမယ့် လေ့ကျင့်ရေးနဲ့ ဖျော်ဖြေရေးမှာတော့ စည်းကမ်းတင်းကြပ်ထားပါတယ်။

အချိန်ကာလတစ်ခုမှာ ဆရာ မြင်းပွဲသွားလောင်းတိုင်း ကျွန်တော်တို့ကို ခေါ်ပြီး ရှင်းရှင်းထမင်းဆိုင်မှာ ထမင်းသွားကျွေးလေ့ ရှိတယ်။ လူတိုင်း အသားကင်ပါတဲ့ ထမင်းတစ်ပွဲ စားရတယ်။ ဒါဟာ ကျွန်တော်တို့အတွက် နတ်သုဒ္ဓါပါပဲ။ ထမင်းတစ်ပွဲမှာ အသားကင်ငါးတုံးလောက် ပါတတ်တယ်။ စားရမှာ နှမြောတော့ အသားကင်ကို ဘေးမှာပုံပြီး လျှာနဲ့အရင်လျှက်ကြတယ်။ ပြီးမှ ထမင်းပေါ် အသားကင် အရည်လေးဆမ်းပြီး တစ်လုတ်စားလိုက်ရင်ပဲ အရမ်းမွှေးတယ် ခံစားရတယ်။ ပြီးမှ အသားကင်ကို တစ်ကိုက်ကိုက်လိုက် ထမင်းဘေး ပြန်ပုံထားလိုက်လုပ်ခဲ့တယ်။ သူတို့က ထမင်းနဲ့အတူ တို့စရာအချဉ်လည်း ပေးတယ်။ ထမင်းကို အဲဒီအချဉ်နဲ့ ရောနယ်စားလည်း မွှေးနေတာပါပဲ။ နောက်ဆုံးတစ်ကိုက်ကို စားလိုက်တဲ့တခဏ အဲဒီအခိုက်အတန့်ထက် ပိုပျော်ဖို့ကောင်းတဲ့အရာ ဘာမှ မရှိတော့ဘူးလို့ ခံစားရတယ်။

ဆရာနဲ့အတူ ထမင်းထွက်စားတယ်ဆိုတာ အထူးအခွင့်အရေးဖြစ်တာကြောင့် နောက်တစ်ကြိမ်ထပ်ရဖို့ ဘယ်သူမှ မတွေးရဲကြဘူး။ ထမင်းစားနေချိန်အတွင်း အသားကင်ကို ထမင်းကုန်တဲ့အထိ ဘယ်လိုဝေစုဝေပုံနဲ့စားရင် ပိုကောင်းမလဲဆိုတာကိုပဲ စိတ်နှစ်ပြီး တွက်ချက်တတ်ခဲ့ကြတယ်။ ဒါပေမဲ့ တစ်ခါသားမှာတော့ ကျွန်တော်တို့ခေါင်းမြှုပ်ပြီး အားရပါးရစားနေတုန်းမှာ အနားကနေ စားပွဲထိုးဖြတ်သွားတော့ "ထမင်းဖြူနောက်တစ်ပွဲ" ဆိုတဲ့ ယွမ်ဝေ့အသံကို ရုတ်တရက်ကြားလိုက်ရတယ်။

ကျွန်တော်တို့အားလုံး မျက်လုံးပြူးသွားကြတယ်။ ဆရာ့ရှေ့မှာ ထမင်းနောက်တစ်ပွဲ သူမှာရဲတယ်။

ဆရာက မျက်မှန်ကိုကျော်ပြီး သူ့ကို မျက်လုံးတစ်ချက် ပင့်ကြည့်လိုက်တယ်။ ဘာမှတော့ မပြောဘူး။

ဆရာက သူ့ကျတော့ အလိုလိုက်တယ်လို့ ကျွန်တော်တို့ တွေးလိုက်ကြ

mgyoe.com

တယ်။ ဒီလိုဆိုရင် ကျွန်တော်တို့လည်း နောက်တစ်ခါ ထမင်းဖြူတစ်ပွဲ အပိုမှာလို့ ရနိုင်မှာပဲပေါ့။

နောက်တစ်နေ့မှာ ခါတိုင်းလိုပဲ လေ့ကျင့်ရေးတွေ လုပ်ကြတယ်။ တစ်နာရီနဲ့ ပြီးတော့ အားလုံး စင်အောက် ဆင်းလာကြတယ်။ အဲဒီမှာ ဆရာက "ဟေ့. . . ပူတူတူးလေး. . . မင်း ထမင်းဖြူတစ်ခွက် အပိုစားထားတော့ စင်ပေါ်ပြန်တက်ပြီး တစ်နာရီ ထပ်လေ့ကျင့်စမ်း" လို့ ပြောလိုက်တယ်။

ရှင်းရှင်းထမင်းဆိုင်မှာ စားပွဲထိုးက ဒင်ဆမ်လှည်းလေးတွန်းပြီး အနားက မကြာခဏဖြတ်သွားတိုင်း "ကြက်ဥမုန့်၊ ပုဇွန်ပေါင်း၊ မုန့်ပေါင်း. . . " ဆိုပြီး အော်တတ်သေးတယ်။

ကြက်ဥမုန့်၊ ပုဇွန်ပေါင်းကို ကျွန်တော်သိပေမယ့် မုန့်ပေါင်းက ဘယ်လိုမျိုးလဲ၊ စားလိုက်ရင် ဘယ်လိုနေလဲလို့ ကျွန်တော် အမြဲတွေးတတ်ခဲ့တယ်။

တစ်ခါက ဒင်ဆမ်လှည်းဖြတ်သွားချိန် ယွမ်ဝေက ရုတ်တရက် လက်မြှောက်ပြီး "မုန့်ပေါင်းတစ်ပွဲ" လို့ မှာလိုက်တယ်။

သူက မှာပြီးပြီးချင်း ဆရာ့ကို ချက်ချင်းလှည့်ကြည့်ပြီး "တဝါးဝါး" နဲ့ ငိုတော့တယ်။

ကျွန်တော်တို့အကုန်လုံး အံ့အားသင့်သွားကြတယ်။ မုန့်ပေါင်းကို စားပွဲပေါ်တင်ရုံရှိသေး သူက ဖျတ်ခနဲဆွဲပြီး မုန့်ကိုပါးစပ်ထဲထိုးထည့်ရင်း တစ်ဖက်ကလည်း ငိုနေခဲ့တယ်။ ပြန်ရောက်ရင် ဒဏ်ခတ်ခံရမယ်ဆိုတာ သိပေမယ့် အဲဒီအခိုက်အတန့်မှာ အစာရဲ့ဆွဲအားက ပိုကြီးနေခဲ့ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# သုခ ခုနစ်ဖော်

"သုခခုနစ်ဖော်" မွေးဖွားလာခြင်းအတွက် သီချင်းအဆိုသင်ပေးတဲ့ ဆရာ Sun ကို ကျေးဇူးတင်ရမှာဖြစ်တယ်။ ဆရာက သင်ကြားရေးအပြင် ဘဲကင်စားလို့ရတဲ့ "Luogong" လို့ခေါ်တဲ့ ပီကင်းစားသောက်ဆိုင်မှာ မန်နေဂျာလုပ်ပါသေးတယ်။ အဲဒီဆိုင်မှာ မကြာခဏ ပါတီပွဲတွေကျင်းပတတ်တော့ ဆပ်ကပ်တို့၊ မျက်လှည့်တို့လည်း ဖျော်ဖြေလေ့ရှိတယ်။ ဆိုင်မှာ နိုင်ငံခြားသားခရီးသွားတွေ အမြဲလာတတ်တာကို သူတွေ့တော့ ကျွန်တော်တို့ကို အဖွဲ့တစ်ဖွဲ့ဖွဲ့ပေးပြီး ဆိုင်မှာပြဇာတ်လာကပါလားလို့ ကျွန်တော်တို့ဆရာကို သူက ပြောတယ်။

ဆရာက ပြဇာတ်ကဖို့အတွက် ကျွန်တော်တို့ထဲက လူခုနစ်ယောက်ကို ရွေးပြီး "သုခ ခုနစ်ဖော်" လို့ နာမည်ပေးတယ်။ တကယ်တော့ အဲဒီထဲမှာ ခုနစ်ယောက် မကပါဘူး။ ယွမ်လုံ၊ ယွမ်ထိုက်၊ ယွမ်ဟွာ၊ ယွမ်ဝူ၊ ယွမ်ခွေ၊ ယွမ်လုတ်၊ ယွမ်ပြောက်၊ ယွမ်ဒဲ့၊ ယွမ်ချို၊ ယွမ်ဝေ၊ ယွမ်ဟုန်. . . တို့ကလည်း သုခခုနစ်ဖော် အဖွဲ့ဝင်တွေ ဖြစ်တယ်။ သွားတိုင်း သူတစ်လှည့် ကိုယ့်တစ်လှည့်ရောပြီး လိုက်ရတယ်။ အဖွဲ့ဝင်အဖြစ်နဲ့ ပထမဆုံးအကြိမ် ကျွန်တော်လိုက်ရတာက ဂျပန်ကို ပထမဆုံးအခေါက် သွားဖျော်ဖြေတုန်းကပါ။ ပထဆုံးအကြိမ် ကျွန်တော်လေယာဉ် စီးဖူးတာလည်း ဖြစ်တယ်။ အဲဒီနောက်ပိုင်း ကျွန်တော်တို့ ပွဲချိန်တွေပိုများလာတော့ ဆရာက "ကျားခုနစ်ဖော်" ဆိုပြီး အဖွဲ့တစ်ဖွဲ့ ဖွဲ့လိုက်ပါသေးတယ်။ "သုခခုနစ်ဖော်"

mgyoe.com

mgyoe.com SAMPLE BOOK

ရဲ့လက်ပွားလေးပါ။ ကျွန်တော်နဲ့ အငယ်ဆုံးညီလေး ယွမ်ကျွင့်က "ကျားခုနစ်ဖော်" အဖွဲ့ဝင်ဖြစ်တယ်။

နောင်တစ်ချိန် ရုပ်ရှင်လောကမှာ ကျော်ကြားလာမယ့် "သုခခုနစ်ဖော်" က အဲဒီလို မွေးဖွားလာခဲ့တာဖြစ်ပါတယ်။

ကျွန်တော်ရဲ့ ဒီညီအစ်ကိုတစ်သိုက်က ထူးချွန်မှုကိုယ်စီ ရှိကြပါတယ်။ ယွမ်ချို့ဆိုရင် "ခုနစ်ချက်မြေမထိ" တာမျိုး လုပ်နိုင်ပါတယ်။ လက်ပိုက်ပြီး ကျွမ်းခုနစ်ချက်ပစ်တာ မြေကြီးပေါ် လက်တစ်ချက်မှ သူ မထောက်ပါဘူး။ ယွမ်ပြောက်ကျတော့ အရမ်းခက်တဲ့ ဆပ်ကပ်လှုပ်ရှားမှုတွေကို လုပ်နိုင်ပါတယ်။ ကင်းမြီးကောက်ထောင်တာဟာ လမ်းလျှောက်သလိုပဲ သူ့အတွက် ပေါ့ပါးပါတယ်။ ယွမ်ဟွာကျတော့ ကျွမ်းအမြင့်ကြီး ပစ်နိုင်ပါတယ်။ ယွမ်ထိုက်က အားပြင်းတယ်။ ယွမ်ပြောက်နဲ့ ယွမ်ဝူ နှစ်ယောက်စလုံး ကိုယ်ခံပညာကျင့်စဉ်တွေကို သိကြပြီး ယွမ်ခွေကျတော့ မျက်နှာလိမ်းခြယ်တာကို ကျွမ်းကျင်တယ်။ (မျက်နှာလိမ်းခြယ်ခြင်း ဆိုသည်မှာ ပီကင်းအော်ပရာဇာတ်ကရာတွင် မျက်နှာကို ရောင်စုံဆေးစုတ်တံတို့ဖြင့် လိမ်းခြယ်ခြင်းဖြစ်သည် - ဘာသာပြန်သူ)။ အစ်ကိုကြီး ယွမ်လုံ (ဟုန်ကျင်းပေါင်)က ရုပ်ချောပြီး အဲဒီခေတ်က ချောမောခန့်ညားသူဖြစ်တဲ့အပြင် ကျောင်းမှာအတော်ဆုံး လက်ဝှေ့သမားဖြစ်တယ်။ အဲဒီတုန်းက ကျွန်တော်က အတော်ကြီးလည်း မဟုတ်သလို အညံ့ကြီးလည်း မဟုတ်ခဲ့ပါဘူး။

အဲဒီတုန်းက ဆရာ့မှာ ကျွန်တော်တို့ကိုထိန်းတဲ့ ထူးဆန်းတဲ့နည်းလမ်းတွေ အများကြီး ရှိပါတယ်။ သူဘာတွေးနေမှန်းလည်း ကျွန်တော်တို့ မှန်းမရကြပါဘူး။ သူရှိနေတဲ့နေရာဆိုရင် ကျွန်တော်တို့ ခပ်ဝေးဝေး ရှောင်ကြပါတယ်။ သူနာမည်ခေါ်လိုက်ရင် နာမည်အခေါ်ခံရတဲ့တစ်ယောက်က တုန်နေတော့တယ်။ မြင်းလောင်းပွဲမှာ သူပိုက်ဆံရှုံးလို့ မရပါဘူး။ သူပိုက်ဆံရှုံးရင် အားလုံးသွားပြီပဲ။ ပိုက်ဆံနိုင်ရင်လည်း သိပ်ပျော်လို့ မရပြန်ဘူး။ ပျော်ပျော် မပျော်ပျော် သူကတော့ ရိုက်မှာပါပဲ။

ဖျော်ဖြေမှုမစခင် အမှားအယွင်းမဖြစ်အောင် စင်ပေါ်တက်ခါနီး စင်နောက်မှာပဲ ကျွန်တော်တို့လူတိုင်း သုံးချက် ရိုက်ခံရလေ့ ရှိပါတယ်။ ဖျော်ဖြေနေချိန်မှာလည်း ပစ္စည်းတွေကို မဆောင့်ခဲ့ရဘူး။ ဘယ်အရာကိုမဆို လေးလေးနက်နက်ကိုင်တွယ်ရတယ်။ အမှား မလုပ်မိရဘူး၊ မပေါ့လျော့ရဘူး။ အဲဒီလို စင်ပေါ်မတက်ခင် အရိုက်ခံရတာကလည်း တကယ် အလုပ်ဖြစ်ပါတယ်။ အားလုံးက အာရုံကို တစိုက်မတ်မတ် ထည့်ထားတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖျော်ဖြေမှုပြီးလို့ အားလုံးစင်ပေါ်ထိုင်နေတဲ့အချိန် ဆရာက. . . ဒီတစ်ခေါက် ဘယ်သူအမှားလုပ်လဲ၊ ရှေ့ကို ကိုယ်တိုင်ထွက်ခဲ့လို့ ပြောတတ်တယ်။

တကယ်လို့ ကျွန်တော့်ကိုမေးရင် ကျွန်တော်မှားလားလို့ စဉ်းစားရပါသေးတယ်။ မသေချာရင် ရှေ့ထွက်ရပ်ပါတယ်။ ဆရာက ဆက်ပြီး . . . မင်းဘယ်နေရာမှားသလဲလို့ မေးတယ်။ ဒါကိုလည်း ကျွန်တော် မဖြေနိုင်ရင် သူက ဖျပ်ဖျပ်ဖျပ်ရိုက်ပြီး မင်းမမှားဘူးလို့ ပြောပါတယ်။ ကိုယ်မမှားမှန်းသိရက်နဲ့ ဒီလိုအခြေအနေမျိုးနဲ့ကြုံရင်လည်း ကိုယ့်ဘာသာ ရှေ့ထွက်ရပ်ရပါတယ်။ မတော်လို့ ကိုယ်တစ်ကယ်အမှားလုပ်မိပြီး ကိုယ့်ဘာသာရှေ့မထွက်ရင် ပိုအရိုက်ခံရပါတယ်။

အဲဒီတုန်းကရလိုက်တဲ့ ဖျော်ဖြေမှုအတွေ့အကြုံက အရိုက်ခံရရုံတင်မဟုတ်ဘဲ ကျွန်တော်တို့အဖွဲ့သာလုပ်နိုင်တဲ့ အပြောင်အပျက်ကိစ္စတွေလည်း ပါခဲ့ပါသေးတယ်။

တစ်ခါက စင်ပေါ်မတက်ခင် ယွမ်ဝေက ကျွန်တော်တို့ကို "ဒီနေ့ ယွမ်ခွေကိုငါ ဘယ်လိုပညာပြမလဲဆိုတာ မင်းတို့ကြည့်ထားနော်" လို့ တိတ်တိတ်လေး လာပြောတတ်တယ်။ အဲဒီတစ်ခေါက်က "The borrow arrows with thatched boats" ("သုံးပြည်ထောင်" စာအုပ်ထဲတွင်ပါသည့် ဇာတ်လမ်းတစ်ပုဒ် - ဘာသာပြန်သူ) ပြဇာတ်ကို ကချိန်မှာ ယွမ်ခွေက Cao Cao (စစ်သူကြီးမှူးမတ်အမည်) လုပ်ပြီး ယွမ်ဝေက Jiang Gan (စစ်ရေးအကြံပေး) လုပ်ပါတယ်။ အဲဒီပြဇာတ်ကိုတော့ ကျွန်တော်တို့က ဘေးကနေ ရပ်ကြည့်ကြတယ်။

ပြဇာတ်ရဲ့နဂိုဇာတ်လမ်းက "အစီရင်ခံပါတယ်၊ မှူးမတ်မင်းကြီးဘုရား. . . ခုံမင် (စစ်ရေးဗျူဟာရှင် မှူးမတ် Zhu Ge Liang၏ အခြားအမည် - ဘာသာပြန်သူ) မြားနဲ့ ထွက်ပြေးသွားပါပြီ" ဆိုပြီး Jiang Gan က စင်ပေါ်တက်ရင်း Cao Cao ကိုလျှောက်တင်ရမှာပါ။

ဒါကို Cao Cao က နဖူးကိုကိုင်ပြီး "ဟာ. . . သူ့ထောက်ချောက်ထဲကျပြန်ပြီ" လို့ စိတ်ပျက်လက်ပျက် ပြောရမှာ ဖြစ်တယ်။

အဲဒီအချိန်မှာ ဗုံသံထွက်လာရင် ပွဲသိမ်းမှာ ဖြစ်တယ်။

တကယ်တမ်း စင်ပေါ်ရောက်တော့ ယွမ်ခွေက "ဟာ. . . သူ့ထောင်ချောက်ထဲကျပြန်ပြီ" လို့ပြောပြီး ဗုံသံကြားလို့ လှည့်ထွက်ဖို့ပြင်တုန်းမှာ ယွမ်ဝေက "မှူးမတ်မင်းကြီး. . . ရှေ့ဆက် ဘယ်လိုလုပ်ကြမလဲ" လို့ မေးလိုက်တယ်။

လုံးဝမထင်မှတ်တဲ့အဖြစ်မို့ ယွမ်ခွေကြောင်သွားပြီး "ဟမ်. . . " တစ်ခွန်း

mgyoe.com

mgyoe.com SAMPLE BOOK

ပဲ ပြန်ပြောနိုင်တယ်။

ဗုံတီးတဲ့လူတွေလည်း ကြောင်သွားတယ်။ Cao Cao စင်ပေါ်ကဆင်းဖို့ ဗုံတီးနေချိန်မှာ Jiang Gan က "မှူးမတ်မင်းကြီး. . . ရှေ့ဆက်ဘယ်လိုလုပ်ကြမလဲ" ဆိုတာနဲ့ ဗုံက ဆက်တီးရမလို ဆက်မတီးရမလို ဖြစ်သွားတယ်။

ယွမ်ခွေက စက္ကန့်ပိုင်းလောက်ကြောင်နေရာကနေ "ကျုပ်ကို မေးတာလား" ဆိုတော့ ယွမ်ဝေက "မှန်လှပါ. . . မှူးမတ် ဘယ်လိုလုပ်မလဲ" ဆက်မေးတယ်။

"ဒါလား. . . မင်းက စစ်ရေးအကြံပေးဆိုတော့ မင်းဘယ်လိုလုပ်မလဲ" လို့ ယွမ်ခွေက ပြန်မေးလိုက်တယ်။

ယွမ်ဝေ ဘာဖြေရမှန်းမသိ ဖြစ်သွားတယ်။ သူလည်း ချောင်ပိတ်မိနေပါပြီ "ကျွန်တော်မျိုးလား" ဆိုပြီး ရှေ့ဆက်ဘာပြောရမှန်းမသိတာနဲ့ ပါးစပ်ကို ယပ်တောင်နဲ့ကာပြီး ယွမ်ခွေကို "စင်ပေါ်က ဆင်းတော့. . . ဆင်းတော့. . ." လို့ အသံနိမ့်ပြောလိုက်တယ်။

စင်အောက်မှာ ပရိသတ်တွေ ဝါးလုံးကွဲ ရယ်နေကြပါပြီ။

အဲဒီပွဲအပြီးမှာတော့ နှစ်ယောက်သား ဆရာ့အရိုက် ခံလိုက်ရပါတယ်။ ယွမ်ဝေက အဆူပါ ခံလိုက်ရတယ်။

"ကိုယ့်အရည်အချင်း မပြည့်သေးဘဲနဲ့ လူများကို သွားချောက်တွန်းချင်နေသေးတယ်။ ကိုယ်တိုင်က ဇာတ်လမ်းဖွဲ့နိုင်တယ်ဆိုလည်းထားတော့. . . ခုက ဆင်းတော့. . . ဆင်းတော့နဲ့ ဘာလဲ. . ."

ဒီကနေ့ထိတိုင် ယွမ်မိသားစုတွေ့ဆုံပွဲတိုင်းမှာ ကျွန်တော်တို့က ယွမ်ခွေကို "ဟာ. . . မှူးမတ်မင်းကြီး ရှေ့ဆက် ဘယ်လိုလုပ်ကြမလဲ" လို့စနေခဲ့ကြပါသေးတယ်။

ခေါင်းဆောင်မင်းသားအဖြစ် ကျွန်တော်ကပြတဲ့နေ့ ရောက်လာခဲ့ပါတယ်။ "အောင်ပွဲခံပြီး နန်းတော်ပြန်" ပြဇာတ်ကို ကရမှာဖြစ်တယ်။ ယွမ်လုံ (ဟုန်ကျင်းပေါင်)နဲ့ ကျန်တဲ့လူတွေက စစ်သားလုပ်ပြီး ကျွန်တော်နဲ့ တွဲဖက်ကကြမှာပါ။

စင်ပေါ်မတက်ခင် ကျွန်တော် အရမ်းစိတ်လှုပ်ရှားနေခဲ့တယ်။ ပွဲစတော့ ယွမ်ဟွာက ကျွမ်းထိုးပြီး မြင်းကြိုးဆွဲသူအဖြစ် ဟန်လုပ်သရုပ်ဆောင်တယ်။ ကျွန်တော် ထွက်လာတာနဲ့ ပရိသတ်တွေ လက်ခုပ်လက်ဝါးတီးကြတယ်။ ယွမ်ဟွာ ကျွမ်းပစ်တာကို ပရိသတ်တွေ လက်ခုပ်တီးတာလို့ပဲ ကျွန်တော်ထင်ခဲ့တယ်။ ဒါပေမဲ့ ပရိသတ်တွေက အားရပါးရ အော်ဟစ်ရယ်မောလာကြတယ်။ သူတို့ ဘာရယ်နေမှန်း ကျွန်တော် မသိပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီမှာ ယွမ်ဟွာက ကျွန်တော့်ကို ဆတ်ခနဲတစ်ချက်ဆွဲပြီး အသံနိမ့်နဲ့ "ဂျင်းဘောင်းဘီ" လို့ ပြောလိုက်တယ်။

"ဘာဂျင်းဘောင်းဘီလဲ"

"မင်းခေါင်းပေါ် ရောက်နေတယ်"

ကျွန်တော်လှည့်ကြည့်တော့ ကျွန်တော့်နောက်ကျောအလံတိုင်ပေါ်မှာ ဂျင်းဘောင်းဘီတစ်ထည် ချိတ်နေတာကို တွေ့လိုက်တယ်။ ကျွန်တော် နောက်လှည့်ပြေးပြီး ခါချတာ ဘယ်လိုခါခါ မကျပါဘူး။ အဲဒီမှာ တစ်ယောက်ယောက်ကို ဂျင်းဘောင်းဘီဖြုတ်ခိုင်းပြီးမှ ကျွန်တော်စင်ပေါ် ပြန်တက်လိုက်ရတယ်။

အဲဒီတုန်းက ကျွန်တော်တို့ရဲ့နောက်စင်က သိပ်သေး သိပ်ကျဉ်းပါတယ်။ နံရံပေါ်မှာ အိတ်တွေ၊ အဝတ်အစားတွေ ပစ္စည်းမျိုးစုံချိတ်ထားတတ်တော့ ကျွန်တော် စင်ပေါ်မတက်ခင် အလံနဲ့ နံရံပေါ်ကဂျင်းဘောင်းဘီ ချိတ်မိသွားတယ်ထင်ပါရဲ့။ သတိမထားမိတော့ အရှက်ကွဲသွားတယ်။

နောက်တစ်နေ့ ပေါင်ချိန်အဖြစ် ကျွန်တော် သရုပ်ဆောင်ရပါတယ်။ ပေါင်ချိန်မှာ မုတ်ဆိတ်မွေးရှည်ကြီးရှိတာကို လူတိုင်း သိကြတယ်။ ခါတိုင်းအချိန်မှာ အဲဒီမုတ်ဆိတ်ကို လူတိုင်းတပ်ကြတော့ အနံ့အသက်က မကောင်းပါဘူး။ စင်ပေါ်မတက်ခင် ကျွန်တော်က မုတ်ဆိတ်ကို သေချာအရင်လျှော်တယ်။ ဒီတစ်ကြိမ်မှာတော့ လျှော်ထားတဲ့မုတ်ဆိတ်ကို ခါးမှာ ကျွန်တော် ချိတ်ထားလိုက်တယ်။ ဒါပေမဲ့ စင်ပေါ်တက်ခါနီး ပျာယာခတ်နေတော့ မုတ်ဆိတ်ကို ရှာမတွေ့တော့ဘူး။ အဲလိုနဲ့ နံရံမှာ ချိတ်ထားတဲ့ မုတ်ဆိတ်ကို အမြန်ကောက်ယူတပ်ပြီး စင်ပေါ်တက်လိုက်တယ်။ စင်ပေါ်ရောက်တာနဲ့ မုတ်ဆိတ်ကိုလက်နဲ့ သပ်မယ်လုပ်တော့. . . မဟုတ်သေးပါဘူး. . . ဒီမုတ်ဆိတ် ဘာလို့ ဒီလောက်ရှည်နေတာလဲပေါ့။ သေချာကြည့်မှ မုတ်ဆိတ်က နှစ်ခုဆက်နေပြီး ကြမ်းပြင်အထိ တွဲလဲကျနေခဲ့တယ်။ ပွဲခင်းတစ်ခုလုံး ဝါးလုံးကွဲ ရယ်ကြတော့တယ်။

အဲဒီအမှားနှစ်ခုပေါင်းပြီး ကျွန်တော် ကောင်းကောင်း အရိုက်ခံလိုက်ရပါတယ်။

တစ်ခါကလည်း ပေါင်ချိန်အဖြစ် ကျွန်တော် သရုပ်ဆောင်ပါတယ်။ ဘေးကနေ ဗုံ ၁၃ ချက်တီးတယ်။ ဗုံတီးသံဆုံးရင် ကျွန်တော်က ကျွန်တော်ဆိုရမယ့် စာသားကို ဆိုတယ်။ ကျွန်တော့်စာသားအတိုင်း "ကျုပ်နဲ့အတူ ရှေ့ကိုလျှောက်ပါ" ဆိုရင် စင်ပေါ်ကလူတွေက ရှေ့ကို လိုက်လျှောက်ကြတယ်။ သူတို့ရပ်လိုက်တဲ့အချိန်

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော် သီချင်းဆက်ဆိုတယ်။ နောက်တစ်ခွန်းဖြစ်တဲ့ "ကျုပ်နဲ့အတူ နောက်ကို လျှောက်ပါ" လို့ဆိုရင် လူတွေက နဂိုနေရာကို ပြန်လျှောက်ကြတယ်။ အဲဒီနောက် ကျွန်တော်ရပ်ပြီး သီချင်းဆိုတယ်။ ကျွန်တော်ဆိုပြီးသွားရင် မိန်းကလေးတွေ ဆက်ဆိုတယ်။ မိန်းကလေးတွေဆိုရတဲ့စာသားက ရှည်ပါတယ်။ ဆယ်မိနစ်လောက် ဆိုရတယ်။ သူတို့ဆိုတဲ့အခါ ကျွန်တော်က ဟန်ပန်အမူအရာလုပ်ပြီး ဘေးကနေ နားထောင်ရတယ်။ အဲဒီမှာ တစ်ယောက်ယောက်က ရုတ်တရက် "အစ်ကို. . ." လို့ တိုးတိုးလေးခေါ်တာကို ကျွန်တော် ကြားလိုက်တယ်။

အလင်းမှိန်မှိန်အောက် ကျွန်တော်ကြည့်လိုက်တော့ စစ်သားတစ်ယောက် အဖြစ် သရုပ်ဆောင်တဲ့ ယွမ်ပြောက်ကို နောက်မှာ ရပ်နေတာတွေ့လိုက်တယ်။ ကျွန်တော့်ပါးစပ်ကို မုတ်ဆိတ်နဲ့ကာထားတာကြောင့် "အင်း. . ." လို့ တစ်ခွန်းပဲ သာသာလေး ထူးလိုက်တယ်။

သူက ကျွန်တော် အပေါ့သွားချင်တယ် ပြောတယ်။

ခဏစောင့်လို့ သူ့ကို ကျွန်တော် ပြောလိုက်တယ်။

သူက ကျွန်တော်ပေါက်ချလိုက်ပြီတဲ့။

အမ်. . .။

အလင်းမှိန်မှိန်အောက် ထပ်ကြည့်မိတော့ သူ့အနီရောင်ဘောင်းဘီက သေးစီးကြောင်းနဲ့ စိုရွှဲနေပါပြီ။

အဲဒီတုန်းက ယွမ်ပြောက် ငယ်ပါသေးတယ်။ စင်ပေါ် စင်အောက် အရေးပါတဲ့ သရုပ်ကို တာဝန်မယူနိုင်သေးပါဘူး။ စစ်သားအဖြစ်လောက်သာ သရုပ်ဆောင်ပြီး "အစီရင်ခံပါတယ်. . ." ဆိုတာလောက်ပဲ အော်နိုင်သေးတဲ့အရွယ်ပါ။ တစ်နေကုန် "သုံးပြည်ထောင်" ပြဇာတ်အတွက် သူတာဝန်ယူရမယ့် အလုပ်က "အစီရင်ခံပါတယ်. . ." ဆိုတာ အော်ဖို့လောက်ပါ။ ပွဲခင်းထဲရောက် မိတ်ကပ်လိမ်းပြီးရင် စင်နောက်မှာ သူစောင့်နေရတယ်။ စင်နောက်က အမြဲလိုလို အလုပ်များတဲ့နေရာဖြစ်တာကြောင့် ဘယ်သူကမှ ဘယ်သူ့ကို ဂရုမစိုက်နိုင်ပါဘူး။ အဲဒီအခါ သူက ထောင့်တစ်နေရာမှာ ပုန်းပြီး ခိုးအိပ်တော့တယ်။ သူစင်ပေါ် တက်ရခါနီး တစ်ယောက်ယောက်က သူ့ကို အမြန်သွားနိုးတယ်။ သူက စင်ပေါ်တက်တာနဲ့ "အစီရင်ခံပါတယ်. . ." လို့အော်ပြီးတက်တယ်။ တစ်နေ့တာ သူ့အလုပ်က အဲဒီစကားတစ်ခွန်းနဲ့ ပြီးသွားတယ်။

တစ်ခါက တိုက်တိုက်ဆိုင်ဆိုင် ဇာတ်ကနေရင်း သူ့ကို လိုအပ်လာတော့

mgyoe.com

mgyoe.com SAMPLE BOOK

စင်နောက်မှာ သူ့ကို ရှာမတွေ့ခဲ့ဘူး။ စင်ပေါ်မှာ အော်သင့်တာကို လာအော်မယ့် လူ မရှိခဲ့ဘူး။ ဇာတ်က ရပ်သွားလို့လည်း မဖြစ်ဘူး။ အဲဒီမှာ စင်နောက်ကနေ လူတစ်ယောက်က "အစီရင်ခံပါတယ်. . . " လို့ တစ်ခွန်း လှမ်းအော်ပေးလိုက်မှ စင်ပေါ်ကလူတွေ ဇာတ်ဆက်ကလို့ ရသွားတော့တယ်။

ပွဲပြီးလို့ ကျွန်တော်တို့စင်ပေါ်ကဆင်းပြီး မိတ်ကပ်ဖျက် အဝတ်အစား လဲပြီးမှ စားပွဲခုံတစ်ခုအောက် ခိုးအိပ်နေတဲ့သူ့ကို တွေ့သွားကြတယ်။ သူက ဟောက် တောင်နေတယ်။ ကျွန်တော်တို့က သူ့ကိုသွားနိုးပြီး "မင်းအလှည့်ရောက်ပြီ" ဆိုတော့ သူက မြားတစ်စင်းလို စင်ပေါ် တဟုန်ထိုးပြေးတက်ပြီး "အစီရင်ခံပါတယ်. . . " လို့ အော်တော့တယ်။

သူ သတိဝင်လာလို့ ကြည့်လိုက်တော့ ဆရာက စင်လယ်ခေါင်မှာ ထိုင် နေပြီ။ ပရိသတ်တွေက ပြန်ကုန်ကြပြီ။ စက္ကန့်မဆိုင်းဘဲ ယွမ်ပြောက် တဝါးဝါး ငိုတော့တယ်။ အရိုက်ခံရမှာက ကြိမ်းသေပြီလေ။

တစ်ခါကလည်း ကျွန်တော်တို့က "Tang Huai မိမိကိုယ်ကိုအဆုံး စီရင်ခြင်း" ဆိုတဲ့ပြဇာတ်ကချိန်မှာ အစ်ကိုကြီး ဟုန်ကျင်းပေါင်က WuZhu မင်းသား အဖြစ် သရုပ်ဆောင်တယ်။ ကျွန်တော်တို့က စစ်သည်တော် လုပ်ကြတယ်။ စင်ပေါ် မတက်ခင် စင်နောက်မှာ ကျွန်တော်တို့ ဆော့နေကြတယ်။ အလှည့်ရောက်တော့ တစ်ယောက်က လာခေါ်တယ်။ ကျွန်တော်တို့လည်း ဗုံသံအတိုင်း စင်ပေါ်တက် သွားကြတယ်။ စင်ပေါ်ရောက်တာနဲ့ ဟန်ကျကျရပ်နေတဲ့ ဟုန်ကျင်းပေါင်ကို တွေ့ တယ်။ ဗုံသမားက ဗုံသံ ပေးလိုက်တယ်။ ဟုန်ကျင်းပေါင် စကားစပြောရပါမယ်။ ဒါပေမဲ့ သူ မပြောဘူး။ အတီးသမားက ထပ်တီးတယ်။ သူ တုတ်တုတ် မလှုပ်ဘူး။ အဲဒီမှာ ပြောရမယ့်စကားကို သူမေ့သွားပြီဆိုတာ ကျွန်တော်တို့ သိလိုက်ပါတယ်။ သူပြောရမယ့်စကားက လေးခွန်းထဲပါ။ သူ့အတွက် ကျွန်တော်တို့ ဇောချွေးပြန် နေချိန် ဗုံသံပြန်မြည်လာတဲ့နောက် သူ့ပါးစပ်ကနေ စကားတွေ ပလုံးပထွေး ထွက် လာပါတယ်။ စကားသံက လေယူလေသိမ်းနဲ့ တကယ်ပြောနေတဲ့အတိုင်းပါပဲ။

ကျွန်တော်တို့အကုန်လုံး အံ့အားသင့်သွားကြတယ်။ သူ ဘာတွေရွတ် နေလဲ ဆိုပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြတယ်။

ပြဇာတ်ကပြီးတဲ့နောက် ဆရာက သူ့ကို မရိုက်တဲ့အပြင် ချီးကျူးလိုက် သေးတယ်။

"ကောင်လေး. . . မင်းမဆိုးဘူး။ ချက်ချင်း တုံ့ပြန်နိုင်တယ်။ ဒီလိုအချိန်

mgyoe.com

mgyoe.com
SAMPLE BOOK

မျိုးမှာ မင်းရွှတ်မှားမှာကို မစိုးရိမ်ဘူး။ မင်း မရွှတ်မှာဘဲ စိုးတာ"

အဲဒီတုန်းက ဟုန်ကျင်းပေါင်က စင်ပေါ်မှာ ကျွန်တော့်ကို အမြဲချောက်တွန်းလေ့ ရှိတယ်။

သူနဲ့ကျွန်တော် အပြန်အလှန် စကားပြောသရုပ်ဆောင်တဲ့ ပြဇာတ်တစ်ခုမှာ သူက "ဒါ ဘယ်လိုလုပ်ရင်ကောင်းမလဲ။ ကိုယ်တော်မှာ အစီအစဉ်တစ်ခုတော့ ရှိတယ်" လို့ ပြောတယ်။

ကျွန်တော်က "ဘာအစီအစဉ်လဲ" လို့မေးရင်-

သူက "လာ. . . တိုးတိုးလေးပြောပြမယ်" လို့ပြောပြီး ကျွန်တော်နားထဲ ညစ်တီးညစ်ပတ်တွေ ပြောတော့တယ်။

သူဘာပြောပြော ကျွန်တော်က ဇာတ်ထဲက စကားလုံးအတိုင်း "ဒါဆို အစီအစဉ်အတိုင်း လုပ်လိုက်" လို့ အော်ရတယ်။ အဲဒီအခန်းကို ကျွန်တော် ဘယ်လိုမှ ရှောင်မရခဲ့လို့ သူပြောတာကို နားရွက်ထောင်ပြီး နားထောင်ခဲ့ရတယ်။

အဲဒီလို အပျော်အပျက်တွေနဲ့ တစ်ကြိမ်ပြီးတစ်ကြိမ် ကျွန်တော်တို့ ပွဲကခဲ့ကြတယ်။ ကျွန်တော်တို့ တဖြည်းဖြည်းအရွယ်ရောက်လာတော့ "သုခခုနစ်ဖော်" ရဲ့နာမည်လည်း တစစ ခိုင်မြဲကျော်ကြားလာခဲ့တယ်။

ဆရာ့သမီး Yu So Chow က ၁၉၆၀ ဝန်းကျင် (၂၀ ရာစု)က ဟောင်ကောင်မှာ အရမ်းနာမည်ကြီးတဲ့ သိုင်းမင်းသမီးတစ်ယောက် ဖြစ်တယ်။ အဲဒီခေတ်က ဟောင်ကောင် သိုင်းလောကသားတိုင်း ကျွန်တော်တို့ဆရာကို သိတယ်။ ဒါကြောင့် ကျွန်တော်တို့ညီအစ်ကိုတတွေလည်း ရုပ်ရှင်ရိုက်ဖို့ အခွင့်အရေး စောရခဲ့တယ်။ Josephine Siao, Feng Bao Bao စတဲ့ အဲဒီခေတ်က နာမည်ကြီး ကလေးသရုပ်ဆောင်တွေနဲ့ နှိုင်းရင်တော့ ကျွန်တော်တို့က ဖြတ်လျှောက်အဆင့်ပဲ ရှိခဲ့တာပေါ့။ ဒါပေမဲ့ ဒါကလည်း ငွေရောင်ပိုက်ကားပေါ်က ကနဦး အတွေ့အကြုံပါပဲ။ ကျွန်တော်တို့ကို ငယ်ရွယ်စဉ်ကတည်းက ကင်မရာရှေ့မှာ လေ့ကျင့်ခွင့် ရစေခဲ့တယ်။

အဲဒီတုန်းက ကျွန်တော့်အသက် ၈ နှစ်၊ ၉ နှစ်လောက်ပဲ ရှိသေးတယ်။ ယွမ်ပြောက်တို့က ပိုတောင်ငယ်ပါသေးတယ်။ ရိုက်ကွင်းရောက်ရင် တခြားလူတွေလို ခေါင်းပေါ် ကျစ်ဆံမြီးစွပ်ပြီး သူတို့လုပ်သလို လိုက်လုပ်ကြတယ်။ ရိုက်ကူးရေးပြီးလို့ အိမ်ပြန်လာရင် ဆရာ့ကတော်က ကျွန်တော်တို့အတွက် သီးသန့်ချက်ပြုတ်ပေးတတ်တယ်။ အဲဒီအချိန်က အပျော်ဆုံးအချိန်ဖြစ်ခဲ့ပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ချစ်လို့ ဆူတယ်၊ ရိုက်တယ်

"သုခ ခုနစ်ဖော်" အဖွဲ့ဝင်ဖြစ်ပြီး သရုပ်ဆောင်ပေါက်စ ဖြစ်လာခဲ့ကြပြီ ဆိုပေမယ့် ကျွန်တော်တို့အဖွဲ့က ပြဿနာတွေ လုပ်ဖြစ်တုန်းပါပဲ။

ကျောင်းမှာ ကျွန်တော့်ကို "နိုင်ငံခြားသားလေး" လို့ခေါ်တဲ့ ကာလတစ်ခု ရှိခဲ့ဖူးတယ်။ ကျွန်တော်က ပြင်သစ်ကောင်စစ်ဝန်အိမ်မှာ ကြီးလာတာဆိုတော့ ဘေးပတ်ဝန်းကျင်မှာလည်း နိုင်ငံခြားသားတွေ များတယ်။ မိဘပေးတဲ့ ငယ်နာမည် "အာ့ဖောက်" ကလည်း အင်္ဂလိပ်နာမည် "Ar Paul" အဖြစ် ခေါ်လို့ရနေတော့ ပြဇာတ်ကျောင်းကိုရောက်တဲ့အခါ ကျွန်တော့်ကို မေမေလာကြည့်တိုင်း "Ar Paul" လို့ ခေါ်တတ်ပြီး အားလုံးထဲမှာ ကျွန်တော်တစ်ယောက်ပဲ အင်္ဂလိပ်နာမည်ရှိတဲ့ အပြင် တစ်ခါတလေ ကျွန်တော်က ပြင်သစ်လိုပါ ပြောတာကြောင့် ကာလတော်တော် ကြာတဲ့အထိ ကျွန်တော်ဟာ ဘေးပတ်ဝန်းကျင်နဲ့ အံမဝင်ဖြစ်ခဲ့ရတယ်။ ညီအစ်ကို တွေက ကျွန်တော့်ကို ကြည့်မရခဲ့ဘူး။ မကြိုက်ခဲ့ဘူး။ ကျွန်တော်က ငယ်စဉ်က တည်းက ပေါင်မုန့်စား၊ နွားနို့သောက်ကြီးလာခဲ့တာကြောင့် တခြားလူထက် ပိုသန်မာ ပြီး အာဟာရ ပိုကောင်းခဲ့တယ်။ အစာစားရင် နှစ်ယောက်စာ အမြဲစားတယ်။

တစ်ခါက ဘာအတွက်ရယ်မှန်းမသိ ယွမ်ခွေနဲ့ ကျွန်တော် ရန်ဖြစ်ကြ တယ်။ အားလုံး ကျွန်တော်တို့နှစ်ယောက်ကို ဝိုင်းအုံကြည့်ကြတယ်။ ကျွန်တော်ရဲ့ ခြေထောက်ကပ်ကြေးသိုင်းက သိပ်ကောင်းပါတယ်။ ရန်ဖြစ်ကြတဲ့အခါ "မင်း

mgyoe.com

mgyoe.com

ခြေထောက်ညှပ်သိုင်း မသုံးရဘူး” လို့ တားကြတယ်။ ကျွန်တော်လည်း မသုံးခဲ့ပါဘူး။ ကျွန်တော်ချကောင်းနေတုန်း ဆရာရောက်လာတော့ ဝိုင်းကြည့်နေသူတွေ လန့်ပြီး ထွက်ပြေးကုန်ကြတယ်။ ဆရာက လူတွေကို အရင်ဟန့်လိုက်ပြီး ဘာဖြစ်နေတာလဲလို့ ကျွန်တော်တို့ဘက် လှည့်မေးတယ်။ ကျွန်တော်နဲ့ ယွမ်ခွေက အသက်လိုက်ရှုရင်း တစ်ယောက်ကိုတစ်ယောက် အမုန်းပါတဲ့မျက်လုံးနဲ့ ကြည့်ကြတယ်။

“ကောင်းပြီ. . . မင်းတို့ ရန်ဖြစ်ချင်တယ်ဟုတ်လား။ ကျန်တဲ့လူတွေ ဘေးဖယ်၊ မင်းတို့နှစ်ယောက်ရှေ့ထွက်ပြီး ချကြ” ဆရာက အဲဒီလိုပြောတော့ ကျွန်တော်တို့နှစ်ယောက် ကြောင်ပြီး ဆရာ့ကိုကြည့်လိုက်ကြတယ်။ ဆရာက ရုတ်တရက် “ချကြလေကွာ” လို့အော်လိုက်တော့ ကျွန်တော်တို့လည်း ချကြတော့တယ်။

တကယ်တမ်းမှာ ရန်ဖြစ်တာ အင်မတန်မောရပါတယ်။ စက္ကန့်သုံးလေးဆယ်ချတာ ဘာမှမဖြစ်ပေမယ့် ဆက်ချရင် တကယ်ကို မောပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ ငယ်သေးတော့ ခြေလှမ်းအဟုန်တို့ အသက်ရှူတာတို့ကို နားမလည်ဘဲ လက်သီးနဲ့ပဲ ဇွတ်ထိုးကြတယ်။ နောက်ဆုံး နှစ်ယောက်သား အားပြတ်ပြီး မြေပေါ် လဲသွားကြတယ်။


“မချတော့ဘူးလား”

“မချနိုင်တော့ပါဘူး”

“ကဲ. . . မချနိုင်ရင် ထ၊ မျက်နှာချင်းဆိုင် ဒူးထောက်ပြီး တစ်ယောက်ပါး တစ်ယောက်ချကြ” ဆရာက အဲဒီလိုပြောတော့ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ပါး တစ်ယောက် ဘယ်ပြန် ညာပြန်ရိုက်ခဲ့ကြတယ်။ ရိုက်ရင်း ရိုက်ရင်း လက်လည်း အားမရှိတော့ဘူး။ စစချင်းမှာတော့ တစ်ဖက်သားကို အားရပါးရ ချတယ်။ သူက အားကြီးတယ်။ ကျွန်တော်က သူ့ထက် ပိုအားကြီးတယ်။ နောက်ပိုင်း သူအားလျော့သွားသလို ကျွန်တော်လည်း အားပျော့သွားတယ်။ နောက်ဆုံး ပါးလည်း ယောင်သွားတယ်။ ပါးစပ်လည်း သွေးထွက်လာတယ်။ နှစ်ယောက်သား မောလည်းမော နာလည်းနာတာကြောင့် အော်ငိုကြတော့တယ်။ ကျွန်တော်တို့ တကယ်အားပြတ်သွားတာကိုတွေ့တော့ ဆရာက ကျွန်တော်တို့ကို မှောက်ချခိုင်းပြီး တစ်ယောက်ဆယ်ချက် ရိုက်လိုက်သေးတယ်။ ရိုက်သံဆယ်ချက်ဆုံးတဲ့နောက် ကျွန်တော်တို့ မူးမေ့မတတ်ဖြစ်သွားခဲ့ကြတယ်။ အရမ်းလည်း နောင်တရခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ရန်ဖြစ်ချင်တိုင်း ဘယ်သူမှ ရန်မဖြစ်ကြတော့ဘူး။ မဖြစ်မနေ ဖြစ်ခဲ့ရင်လည်း ဆရာ့ကို လုံးဝအသိမခံခဲ့တော့ဘူး။

mgyoe.com

mgyoe.com



တစ်ချိန်က ယွမ်လုံ၊ ယွမ်လုတ်နဲ့ ယွမ်ပြောက်
ဒီကနေ့မှာက ဟုန်ကျင်းပေါင်၊ ဂျက်ကီချန်းနဲ့ မပြောင်းလဲတဲ့ ယွမ်ပြောက်

ဘယ်နေ့မှာလဲမသိ ယွမ်ခွေနဲ့ ယွမ်ပြောက် သွေးသောက်ညီအစ်ကို လုပ်လိုက်ကြတယ်။ အသက်ဆယ့်သုံး ဆယ့်လေးနှစ်တုန်းက ကျွန်တော်တို့ ထိုင်ဝမ်မှာ ပွဲသွားကကြတယ်။ Yong He မြို့နယ်က ခေါင်မိုးထပ်တစ်ခုမှာ သုံးယောက်သား အရုပ်စာအုပ် ထိုင်ကြည့်ကြတယ်။ အရုပ်စာအုပ်ဆိုတာ အိတ်ဆောင်ကာတွန်းစာအုပ်လေးကို ခေါ်တာပါ။ စာအုပ်က ယွမ်ပြောက် စာအုပ်ပါ။ ကျွန်တော်ဖတ်တာ အရမ်းမြန်ပြီး အစဉ်တကျဖြစ်မဖြစ်ကိုလည်း ဂရုမစိုက်ပါဘူး။ ယွမ်ပြောက် ဖတ်ပြီးတာနဲ့ ကျွန်တော်ယူဖတ်တော့ ယွမ်ခွေက "ငါတို့နှစ်ယောက်က သွေးသောက်ညီအစ်ကိုလေ။ သူဖတ်ပြီးရင် ငါဖတ်အလှည့်ပဲ. . . နင့်အလှည့်မဟုတ်ဘူး။ ငါ့ကို အရင်ပေး" လို့ပြောတယ်။ ကျွန်တော်ကြားတော့ စိတ်တိုသွားပြီး သူလာလုတော့ ကျွန်တော် မပေးဘူး။ သူထပ်လုတဲ့အချိန် စာအုပ်ကို ကြမ်းပြင်ပေါ် ကျွန်တော် ပစ်ချလိုက်တယ်။ သူကောက်မယ်လုပ်တဲ့အချိန် စာအုပ်ကို ကျွန်တော် ကန်ထုတ်ပစ်လိုက်တယ်။ အဲဒီအခါ သူစိတ်တိုပြီး ကျွန်တော့်ကို လာထိုးတော့တယ်။ သူ ထိုးလိုက်တဲ့အချိန် ကျွန်တော်ရှောင်ပြီး သူ့ကိုတစ်ချက် ထိုးချလိုက်တယ်။

အဲဒီတုန်းက ကျောင်းမှာ ဟုန်ကျင်းပေါင်နဲ့ မချရဲတာလွဲပြီး ကျန်တဲ့လူတွေကြားမှာ ကျွန်တော်တော်တော်လေး လက်သာနေသလို ခန္ဓာကိုယ်ကလည်း သန်

mgyoe.com SAMPLE BOOK

တယ်။ ကျွန်တော် ထိုးလိုက်တော့ ယွမ်ခွေက သူ့နှာခေါင်းကိုကိုင်ပြီး "ငါ အခု မှန်သွားကြည့်မယ်။ ငါ့နှာခေါင်းယောင်နေရင် မင်းကို ငါပြန်လာချမယ်" လို့ ပြောတယ်။ နေရာမှာပဲ ကျွန်တော် ရပ်စောင့်နေလိုက်တယ်။ တအောင့်နေသူပြန်လာတော့ "ငါ့နှာခေါင်းယောင်နေပြီ. . . မင်းကို ငါချမယ်" လို့ပြောတယ်။ အဲဒီတုန်းက ကျွန်တော်တို့ ရန်ဖြစ်ရင် ငယ်ငယ်တုန်းကလို မြေကြီးပေါ် လူးလိမ့်ပြီး လျှောက်ဆွဲတာမျိုး မဟုတ်တော့ဘူး။ အမူအရာ လှုပ်ရှားမှုတွေမှာ အကွက်တွေ ရွေ့လျားတာတွေ ပါနေခဲ့ပြီ။ ကျွန်တော့်ကို သူချမနိုင်မှန်းသိတော့ ထိုင်ခုံသွားယူဖို့ သူလုပ်တယ်။ သူ့လက်ထဲကထိုင်ခုံကိုတွေ့တော့ ကျွန်တော်လည်း ကြွေအိုးတစ်လုံး ယူလိုက်တယ်။ အဲဒီကြွေအိုးက တော်တော်လေးတယ်။ ကျွန်တော်က တယိမ်းတယိုင်နဲ့ "မင်း လာလေ. . . လာလေ" လုပ်နေခဲ့တယ်။

အဲဒီအချိန်မှာ "မင်းတို့ ဘာလုပ်နေလဲ" ဆိုတဲ့ ဆရာ့အသံကို အောက်ထပ်ကနေ ရုတ်တရက် ကြားလိုက်တော့ သုံးယောက်သား ဘုံး ဘုံး ဘုံး ဆိုပြီး ငါးထပ်ကနေ အောက်ကိုခုန်ချလိုက်တာ စင်္ကြန့်ပိုင်းလေးမှာပဲ ဆရာ့ရှေ့ ကုန်းကုန်းကွကွ ရောက်သွားခဲ့ကြတယ်။ ဆရာက "ဘာလုပ်နေကြလဲ" ဆိုတော့ ကျွန်တော်တို့က "သိုင်းလေ့ကျင့်နေတယ်" လို့ပြန်ဖြေတယ်။

"ယွမ်ခွေမျက်နှာ ဘယ်လိုဖြစ်ရတာလဲ"

"ဘာမှမဖြစ်ဘူး. . . ကျွန်တော့်ဘာသာ တိုက်မိတာ"

ဆရာက ကျွန်တော်တို့ကိုကြည့်ပြီး ဂရုမစိုက်ချင်တော့တာနဲ့ လှည့်ထွက်သွားတယ်။ ဆရာ ထွက်သွားတာနဲ့ ကျွန်တော်တို့ ဆက်ချကြတော့တယ်။

ကျွန်တော်တို့က ထူးထူးဆန်းဆန်း အပြုအမူတွေလည်း မကြာခဏ လုပ်တတ်တယ်။ တစ်ရက်မှာ ကျွန်တော်နဲ့ ယွမ်ခွေ ဘယ်သူအစားနိုင်ဆုံးလဲ ဆိုပြီး ပြိုင်ကြတယ်။ သူက ကျွန်တော့်ထက် သူပိုစားနိုင်တယ်လို့ ပြောတယ်။ ကျွန်တော်က သူ့ထက် ပိုစားနိုင်တယ် ပြောတယ်။ ကျွန်တော်တို့ ထမင်းတစ်ခွက်ပြီး တစ်ခွက်ထည့်တယ်။ ဗိုက်ပြည့်တာတောင် ဆက်စားတုန်းပဲ။ နောက်ဆုံး သူက ၈ ခွက်စားလိုက်တယ်။ ကျွန်တော်က ၇ ခွက်စားတယ်။ ဒါလည်း မပြီးနိုင် မစီးနိုင်ခဲ့ဘူး။ တစ်ဘက်လူထက် ကိုယ့်ခန္ဓာကိုယ်ပိုသန်ကြောင်း ပြချင်တော့ စားပြီးတာနဲ့ ကျွန်တော်တို့ နှစ်ယောက် စင်ပေါ်တက် ကျွမ်းထိုးကြတော့တယ်။ ကျွမ်းဘယ်နှချက် ထိုးလိုက်မှန်းလည်း မသိပါဘူး။ ထိုးပြီးတော့ မအန်ရဘူးလုပ်ကြသေးတယ်။ ဘယ်လောက်တောင် ကလေးဆန်ခဲ့သလဲ ဆိုတာ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းမှာနေခဲ့တဲ့နှစ်တွေအတွင်း အစ်ကိုကြီး ယွမ်လုံ(ဟုန်ကျင်းပေါင်)၊ အစ်ကိုလတ် ယွမ်ထိုက်တို့က ကျွန်တော်တို့ကို အနိုင်ကျင့်လေ့ ရှိခဲ့တယ်။ ဒါပေမဲ့ အကြီးကို လေးစားရမယ်ဆိုတဲ့ ဘိုးဘေးတို့ရဲ့ ဆုံးမချက်ကြောင့် လက်မတုံ့ပြန်ရဲခဲ့ပါဘူး။ လက်တုံ့ပြန်တာဟာ ဆရာ့ကိုစော်ကားတာ၊ ဘိုးဘေးကို ပျက်သုဉ်းတာပဲ ဖြစ်တယ်။

ယွမ်ပြောက်နဲ့ ကျွန်တော်က သိပ်သံယောဇဉ်ရှိပါတယ်။ သူ မတရား ခံရရင် ကျွန်တော် လက်ပိုက် ကြည့်မနေပါဘူး။ တစ်ခါက ဟုန်ကျင်းပေါင်က ယွမ်ပြောက်ဆီ ပိုက်ဆံချေးပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့အားလုံး ဘတ်စ်ကားပေါ် မှာပါ။ ယွမ်ပြောက်မှာ ကားလက်မှတ်ဝယ်ဖို့ ပိုက်ဆံမရှိတော့ ဟုန်ကျင်းပေါင်ကို ပိုက်ဆံပြန်ပေးဖို့ တောင်းပါတယ်။ သူ မပေးပါဘူး။ မပေးတဲ့အပြင် ဆဲတာကြောင့် ကျွန်တော် ရှေ့ထွက်ရပါတယ်။ "ပိုက်ဆံပြန်မပေးလည်း ကိစ္စမရှိဘူး၊ ဒါပေမဲ့ မင်း မဆဲနဲ့" လို့ ကျွန်တော်ပြောတော့ ဟုန်ကျင်းပေါင်က အဲဒီလို အပြော မခံရခဲ့ဖူးတော့ "မင်းနဲ့ဘာဆိုင်လဲ" လို့ ကျွန်တော့်ကို ငေါက်ပါတယ်။

"ကျွန်တော်နဲ့ ဆိုင်တယ်" လို့ ပြောလိုက်တော့ သူ ဒေါသထွက်ပြီး ကျွန်တော့်ကို လိုက်ရိုက်တော့တယ်။ ကျွန်တော် လက်မတုံ့ပြန်ရဲတော့ ထွက်ပြေးရပါတယ်။ စစချင်းမှာ ဘတ်စ်ကားပေါ် ကနေ ဆင်းပြေးပါတယ်။ သူလည်း ဘတ်စ်ကားအောက် ဆင်းလိုက်လာတယ်။ သူလိုက်လာတာကိုတွေ့တော့ ကျွန်တော် လည်း စည်းရိုးကျော်ခွပြီး ဆက်ပြေးရင်း "လာလေ. . . လာလေ" လို့ စတယ်။ သူက စည်းရိုးတစ်ဖက်ကို လှည့်လာရင် ကျွန်တော်က စည်းရိုးဟိုတစ်ဖက်ကို ပြန် ကျော်တယ်။ အဲဒီကတည်းက သူ နည်းနည်းဝနေပါပြီ။ ကျွန်တော့်ကို သူ မောမောပန်း ပန်း လိုက်နေရပါတယ်။ ကျွန်တော်က သွက်သွက်လက်လက်ရှိတော့ သူ ပိုဒေါသ ထွက်တော့တယ်။

အဲဒီလိုနဲ့ ဒီတစ်လမ်းကနေ ဟိုတစ်လမ်းအထိ ပြေးလည်း သူ လိုက်မမီ ခဲ့ပါဘူး။ နောက်တော့လည်း ကျောင်းကိုပဲပြန်ရမှာဆိုတော့ ကျောင်းရောက်တဲ့ အခါ ပြေးဖို့လမ်းက မရှိတော့ သူ့အရိုက်ကို ကျွန်တော်ခံလိုက်ရပါတယ်။

ကျောင်းမှာ သိုင်းကျင့်တဲ့အခါမှာလည်း အဲဒီလိုပါပဲ။ တခြားသူတွေနဲ့ ကျွန်တော် သေချာလေ့ကျင့်ပါတယ်။ ကျွန်တော် အမြဲအနိုင်ရပါတယ်။ ဒီလိုအချိန် မျိုးမှာ ဟုန်ကျင်းပေါင်က ရှေ့ထွက်လာပြီး "ဖယ်. . . ငါ လာမယ်" လို့ ပြောတယ်။

သူ့ကို ကျွန်တော် ပြန်ထိုးလို့မရဘူး ဆိုတာ သူသိပါတယ်။ လက်နှစ်ဖက်နဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းကိုအုပ်ပြီး သူ့လက်သီးကို ကျွန်တော် ကာကွယ်ခဲ့ရတယ်။ ဒါတောင် ကျွန်တော် သတိမထားချိန် သူက ကျွန်တော့်ကို နံရံနဲ့ ဝင်ဆောင့်လောက်တဲ့အထိ "ဖြောင်း" ခနဲ လက်သီးတစ်လုံးစာ ကျွေးတတ်ပါတယ်။

အကြီးက အငယ်ကို အနိုင်ကျင့်၊ အငယ်က အကြီးပြောသမျှ နာခံနဲ့ ဒါဟာ ကျောင်းမှာ နှစ်အတော်ကြာ မပြောင်းလဲခဲ့တဲ့ စည်းမျဉ်းစည်းကမ်း ဖြစ်ခဲ့ပါတယ်။ အစ်ကိုတွေရဲ့ အနိုင်ကျင့်ဖိနှိပ်တာကို ကျွန်တော်တို့ လက်မတုံ့ပြန်ရဲပေမယ့် ထွက်ပြေးတဲ့သိုင်းတော့ ကျွန်တော်တို့ တတ်ခဲ့ပါတယ်။ နောက်ပိုင်း ကျွန်တော် အပြေးမြန်ပြီး အမောခံနိုင်တာဟာ ဟုန်ကျင်းပေါင် လေ့ကျင့်ပေးခဲ့တဲ့ အကျိုး ရလဒ်ပဲ ဖြစ်ပါတယ်။

အပ်ကြောင်းထပ်တဲ့နေ့ရက်တွေ လုံးဝမပြီးဆုံးနိုင်တော့ဘူးလို့ ကျွန်တော် ထင်ခဲ့ပေမယ့် မထင်မှတ်ဘဲ ဟုန်ကျင်းပေါင်က ကျောင်းကိုခွဲသွားတဲ့ ပထမဆုံး တစ်ယောက် ဖြစ်ခဲ့ပါတယ်။

အဲဒီတုန်းက လေ့ကျင့်ရေးတစ်ခုမှာ သူ့ခြေထောက် ကျိုးသွားခဲ့တယ်။ မူးမေ့သွားလို့ ဆေးရုံပို့ပြီး အကြာကြီး ကုလိုက်ရတယ်။ သူက နဂိုရုပ်ချောတဲ့လူပါ။ ခြေထောက်ကျိုးသွားတဲ့နောက် သူ့ကို သူ့အဘိုး နေ့တိုင်းလာကြည့်ခဲ့တယ်။ သူ့ကို ခေါက်ဆွဲတွေ ချက်ကျွေးတယ်။ နေ့တိုင်း ခေါက်ဆွဲစားတော့ သူ့ခန္ဓာကိုယ်က လေထိုးလိုက်သလို ဝလာခဲ့တော့တယ်။ ခြေထောက် အနာပျောက်သွားပေမယ့် သူ့ခန္ဓာကိုယ်က နဂိုအတိုင်း ပြန်မပိန်ခဲ့တော့ပါဘူး။ ဒီလိုနဲ့ ဆရာက သူ့ဖြေဖျော်မှု တွေ ရပ်လိုက်ရတယ်။ သူ စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရတယ်။ အဲဒီလိုနဲ့ တစ်နေ့မှာ အိပ်ရာလိပ်လိပ်ပြီး ကျောင်းကနေ သူ ထွက်သွားခဲ့တော့တယ်။ မသွားခင် သူက ထုံးစံအတိုင်း အစ်ကိုကြီးလေသံနဲ့ အားလုံးကို "ပြဇာတ်လောက မကြာခင် ကုန်ဆုံး သွားတော့မယ်။ ရုပ်ရှင်ကမှ နောက်ပိုင်းမှာ တကယ့်လုပ်ငန်း ဖြစ်လာမယ်။ ငါ အောင်မြင်လာတဲ့အချိန် ငါ့ကို မင်းတို့လာရှာကြပေါ့ကွာ" လို့ ပြောခဲ့တယ်။

အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားတာနဲ့အမျှ ဟုန်ကျင်းပေါင်ရဲ့ အဲဒီ စကားက သိပ်ပညာသားပါတယ်ဆိုတာကို ကျွန်တော်တို့ တဖြည်းဖြည်း နားလည် လာခဲ့တယ်။ မှန်ပါတယ်၊ ပြဇာတ်ကဖို့ အခွင့်အရေး နည်းသထက် နည်းလာခဲ့ပြီး ရုပ်ရှင်လုပ်ငန်းတွေ ပိုဖြစ်ထွန်းလာခဲ့တယ်။ ကျောင်းက ကျောင်းသားတွေ တစ် ယောက်ပြီး တစ်ယောက် ရေကြည်ရာ မြက်နုရာဆီ ထွက်ခွာသွားခဲ့ကြတော့တယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အချစ်ဦး

ဆယ့်လေးငါးနှစ်အရွယ်က ရင်ခုန်တတ်စအရွယ်ပေါ့။ ဒါပေမဲ့ ကျွန်တော်က ငယ်စဉ်ကတည်းက ယောကျ်ားလေးတွေနဲ့ပဲ ပေါင်းသင်းခဲ့ရပြီး ဆရာရဲ့ ထိန်းကျောင်းမှုအောက်မှာ လေ့ကျင့်မှုတွေနဲ့ ခက်ခဲပင်ပန်းနေခဲ့ရတယ်။ နေ့တိုင်း အရိုက်မခံရရင်ဘဲ ကံကောင်းပြီမှတ်ခဲ့တယ်။ ကျောင်းမှာ ကျောင်းတက်ဖော် အစ်မ၊ ညီမတွေရှိပေမယ့် သူတို့က ကိုယ့်အစ်မရင်း ညီမရင်းလိုဖြစ်နေခဲ့ပြီး တခြားခံစားချက်တွေ မရှိခဲ့ဘူး။

အချစ်နဲ့ပတ်သက်တာတွေ အစ်ကိုတော်တို့ တိုးတိုးတိတ်တိတ်ပြောတာကို တစ်ခါတလေ ကြားရတဲ့အခါ ကျွန်တော်ခေါင်းထဲမှာ မိန်းကလေးတစ်ယောက်ရဲ့ ပုံသဏ္ဍာန်က အမြဲပေါ်လာတတ်တယ်။ အဲဒီမိန်းကလေးက လွန်ခဲ့တဲ့နှစ်များဆီက တောင်ထိပ်မှာရှိခဲ့ဖူးတဲ့အဖော်၊ ပြင်သစ်ကောင်စစ်ဝန်ရဲ့သမီး၊ သူ့ကိုကာကွယ်စောင့်ရှောက်ဖို့ တခြားလူနဲ့ ကျွန်တော်ရန်ဖြစ်တတ်ခဲ့တဲ့ ချစ်သူလေးပဲ ဖြစ်တယ်။ ကျွန်တော့်ရဲ့ ထင်မြင်ယူဆချက်မှာ မိန်းမဆိုရင် အမေ့လိုပဲ နူးညံ့သိမ်မွေ့ စာနာတတ်တယ်၊ ကျွန်တော် ထိခိုက်နာကျင်တဲ့အခါ ကျွန်တော့်ကို အမြဲဂရုစိုက် စောင့်ရှောက်တယ်ပေါ့။ ပုံပြင်ထဲက သူရဲကောင်းလို ကြီးလာတဲ့အခါ သူတို့ကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ ကျွန်တော် မျှော်လင့်ခဲ့တယ်။

ဟောင်ကောင်မှာ အဲဒီတုန်းက Teochew လို့ခေါ်တဲ့ အော်ပရာကာ

mgyoe.com

mgyoe.com SAMPLE BOOK

ဆယ်စုနှစ်များစွာ အမွေဆက်ခံ ကပြဖျော်ဖြေနေခဲ့တယ်။ တောက်လျှောက်သီဆို ကပြလာခဲ့တာ ကျွန်တော်တို့ခေတ်ရောက်တော့ ပရိသတ်ရဲ့ အကြိုက်လိုက်ပြီး ကိုယ်ခံပညာလှုပ်ရှားမှုတချို့လည်း ထည့်ဝင်လာခဲ့တာမို့ ကျွန်တော်တို့လို ကိုယ်ခံပညာတတ်တဲ့ သရုပ်ဆောင်တွေ လိုလာခဲ့တယ်။ ကိုယ်ခံပညာပါဝင်တဲ့ အော်ပရာပြဇာတ်ကို အဲဒီတုန်းက "Shen Gong" ပွဲလို့ ခေါ်ကြတယ်။ တစ္ဆေပွဲတော်ရောက်တဲ့အခါတိုင်း ကျွန်တော်တို့ကို ဖိတ်ပြီး ကပြခိုင်းတယ်။ လမ်းပေါ်မှာ ပိုစတာတွေကပ်ကြပြီး၊ စင်ထိုးပြီး ကပြဖျော်ဖြေကြတယ်။ "Shen Gong" ပွဲက တခဏချင်းရေပန်းစားသွားခဲ့တယ်။ တဖြည်းဖြည်းနဲ့ ဟောင်ကောင်ကနေ အရှေ့တောင်အာရှဘက်အထိ ပျံ့သွားခဲ့တယ်။

အဲဒီတုန်းက ဇာတ်ထဲမှာ ကျွန်တော်က စစ်သား လုပ်တယ်။ ချဖို့တာဝန်ယူရတဲ့ ယာယီသရုပ်ဆောင် ဖြစ်တယ်။ တစ်နှစ်က ထိုင်းမှာ သွားဖျော်ဖြေဖို့ ကျွန်တော်တို့ ဖိတ်ကြားခံရတယ်။ အဲဒီမှာပဲ ဇာတ်အဖွဲ့ထဲက ကောင်မလေးတစ်ယောက်ကို ကျွန်တော် သဘောကျခဲ့မိတယ်။ သူက ဟောင်ကောင်ကပဲ။ ကျွန်တော်ထက် တစ်နှစ်ကြီးတယ်။ ကျွန်တော်က ၁၅ နှစ်ဆိုရင် သူက ၁၆ နှစ်ဖြစ်ပါလိမ့်မယ်။

အားလုံးက ငယ်သေးတော့ အပြစ်ကင်းရိုးရှင်းကြတယ်။ သူနဲ့အတူ ကျွန်တော်နေ့တိုင်း ဇာတ်တိုက်ရတယ်။ အဲဒီလို ဆိုရင်း ကရင်း သူ့ကို ရုတ်တရက်ကြိုက်သွားမိတယ်။ သူ ကိုယ့်ကိုကြိုက်လား၊ မကြိုက်လားလည်း မသိခဲ့ပါဘူး။ နေ့တိုင်း သူ့အနားကပ်ရဖို့ပဲ တွေးတောနေခဲ့မိတယ်။

ထိုင်းမှာ ကပြဖျော်ဖြေပြီး ဟောင်ကောင် ပြန်ရောက်လာတဲ့နောက် ကျွန်တော်တို့နှစ်ယောက်သား ချစ်ကြိုက်သွားကြတော့တယ်။

အဲဒီတုန်းက အစ်ကိုကြီး ယွမ်လုံ(ဟုန်ကျင်းပေါင်)က ကျောင်းမှာ မနေတော့ဘူး။ သူ့ရဲ့မိတ်ဆက်ပေးမှုနဲ့ ဇာတ်ကတဲ့အပြင် ရုပ်ရှင်ရိုက်ကွင်းမှာ ကျွန်တော်တို့ အချိန်ပိုင်း အလုပ်လုပ်နေကြပြီ။ လူကြမ်းကစပြီး လုပ်တယ်။ ရတဲ့ပိုက်ဆံကို ဆရာ့ဆီ အပ်တယ်။ မနက် ၆ နာရီမှာ ကားလာကြိုဖို့ ညီအစ်ကိုတွေနဲ့ တစ်နေရာမှာ သွားစောင့်ကြရတယ်။ ညနေအလုပ်ပြီးရင် အဲဒီကားနဲ့ပဲ ကားစောင့်ခဲ့တဲ့နေရာအထိ ပြန်စီးပြန်တယ်။ ပြီးမှ အားလုံး ကျောင်းကို ပြန်ကြတယ်။ နေ့ရက်တိုင်းက လေ့ကျင့်တယ်၊ စောင့်တယ်၊ အလုပ်စတယ်၊ ရုပ်ရှင်ရိုက်တယ်၊ အလုပ်သိမ်းတယ်။ ဒါနဲ့ပဲ လည်ပတ်နေခဲ့တယ်။ အဲဒီတုန်းက ရုပ်ရှင်ရိုက်တယ်ဆိုတာက မျက်နှာမပြဘဲ နောက်ကျောပဲပြတာမျိုးပါ။ ဓားကိုင်ပြီး နောက်ဆုံးမှာ လျှောက်သွားလျှောက်

mgyoe.com

mgyoe.com
SAMPLE BOOK

လာလုပ်တာမျိုး၊ ဒါမှမဟုတ် သူခိုးတစ်ယောက်အဖြစ် သရုပ်ဆောင်ပြီး လူများ အရိုက်ခံတာမျိုး၊ လူအုပ်ကြားထဲမှာ ဇာတ်လိုက် အကန်ခံရတဲ့တာမျိုး. . . ။

ရည်းစား စထားပြီဆိုတော့ ကျွန်တော်က အူကြောင်ကြောင်လေးပေါ့။ ဘယ်လိုလုပ်မှ ကောင်မလေးအနား ပိုနေရမလဲဆိုတာပဲ နေ့တိုင်း စဉ်းစားနေခဲ့တယ်။ ဆရာက စည်းကမ်းတင်းကြပ်တော့ ကျွန်တော်က မနက် ၆ နာရီ အလုပ်သွားသလိုနဲ့ တကယ်တမ်းက လမ်းတစ်ဝက်ကနေပြီး ပန်းခြံကို ရောက်သွားခဲ့ပြီ။ သူက မနက် ၁၀ နောက်ပိုင်းမှ အိမ်က ထွက်လာနိုင်တယ်။ ကျွန်တော့်တစ်ယောက်တည်း မနက် ၆ နာရီကနေ ၁၀ နာရီကျော်ထိ ပန်းခြံထဲ ထိုင်စောင့်နေခဲ့တယ်။ ထိုင်စောင့်နေချိန်အတွင်း ဘေးမှာ လူတွေ ထိုက်ကျိကစားနေတာကို တွေ့တော့ ကျွန်တော်လည်း သိုင်းလေ့ကျင့်တော့တာပေါ့။ ကျွန်တော် သိုင်းလေ့ကျင့်တာကို တွေ့ရင် ဘေးကလူတွေက ရပ်ပြီး ကျွန်တော့်ကို ကြည့်ကြတော့တယ်။ အဲဒီလို အချိန်ဖြုန်းပြီး သူရောက်လာတာတွေ့ရင် သိပ်ပျော်ရတယ်။ အဲဒီလိုနဲ့ ဆယ်ကျော်သက် ကလေးနှစ်ယောက်ဟာ ပခုံးချင်းယှဉ်ပြီး ပန်းခြံက ခုံတန်းရှည်ပေါ် ထိုင်ခဲ့ကြတယ်။ ကျွန်တော့်လက်နဲ့ သူ့ပခုံးကို အမြဲဖက်လေ့ ရှိခဲ့တယ်။ တစ်ခါဖက်ရင် ၅ နာရီ၊ ၆ နာရီလောက် ကြာတယ်။ လက်ထုံကျင်လည်း ချရမှာ အားနာခဲ့တယ်။ နေ့လယ်ရောက်ရင် နှစ်ယောက်သား တစ်ခုခုဝယ်စားကြတယ်။ ပြီးရင် ည ၁၀ နာရီထိ ဆက်ထိုင်နေကြတော့တယ်။ သူအိမ်ပြန်သွားတဲ့အချိန် ကျွန်တော်လည်း အလုပ်ကပြန်တဲ့ပုံစံနဲ့ ကျောင်းပြန်တော့တယ်။ ကျောင်းရောက်ရင် ဆရာ့ကို ကျွန်တော် အချိန်ပို အလုပ်လုပ်ခဲ့ကြောင်း ပြောရတယ်။ ဒီနေ့ လုပ်အားခငွေဆိုပြီး ကျွန်တော့်ဖေဖေ ဩစတေးလျကနေ ပို့ပေးထားတဲ့ပိုက်ဆံတွေထဲက တချို့ကို နုတ်ယူပြီး ဆရာ့ကို ပေးတယ်။ အဲဒီနေ့ လုပ်အားခအဖြစ် ဟန်ဆောင်လုပ်ယူလိုက်တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ပြဇာတ်စင်မြင့်ထက်မှသည် ရိုက်ကွင်းဆီသို့

ရုပ်ရှင်ရိုက်ကွင်းသွားတဲ့အခါ စီးတဲ့ကားက နှစ်ထပ်ဘတ်စ်ကားပါ။ ကားမောင်းတဲ့ အထိန်းသမားတစ်ယောက်နဲ့ ကျွန်တော်တို့ ခင်ခဲ့ကြတယ်။ သူက ကျွန်တော်တို့ကို ကားပေါ်တင်ပေးတယ်။ ကျွန်တော်တို့ သေချာထိုင်ပြီဆိုမှ ကားဆရာကို ကားမောင်းခိုင်းတယ်။ ကားပေါ်ရောက်ရင် သူက ကားလက်မှတ်ဝယ်ပေးတယ်။ လူက သုံးလေးဆယ်ယောက်လောက် ရှိတယ်။ လက်မှတ်တစ်စောင်ဆယ်ဆင့်ပေးရတော့ သုံးလေးဒေါ်လာလောက်ကျတယ်။ သူ့သားနာမည်က ချွဲလျှိုလို့ ခေါ်တယ်။ ကားဆရာတစ်ယောက်ပါပဲ။ သူ့ဝန်ထမ်းနံပါတ်က ၁၀၃၃ ပါ။ ကားပေါ်ရောက်ရင် သူက "ချွဲလျှိုမိသားစု ၁၀၃၃" လို့ အော်တယ်။ ဒီလိုဆိုရင် သူ ကားခပေးစရာ မလိုတော့ဘူး။

ဒါကို ကျွန်တော်တို့အားလုံး မှတ်ထားလိုက်ကြတယ်။ တစ်ခါတလေ သူ မအားလို့ ကျွန်တော်တို့ကို လိုက်မပို့နိုင်ရင် ကားခတွေကို ကိုယ်စီဝေပေးပြီး ပြန်သွားတတ်တယ်။ ကျွန်တော်တို့က ကားခကို မုန့်ဝယ်စားပစ်ကြတယ်။ ကားစီးတဲ့အခါ "ချွဲလျှိုမိသားစု ၁၀၃၃" လို့ ခပ်တည်တည် ပြောတော့တယ်။

တစ်ရက်မှာ ကားပေါ်တက်တဲ့လူများပြီး လူတိုင်းက အဲဒီလိုအကြံအဖန်ထုကြတယ်။ ကားလက်မှတ်ရောင်းတဲ့လူက မဟုတ်သေးပါဘူးဆိုပြီး "ချွဲလျှိုအမေကလေးဆယ်ယောက်ကျော် မွေးလိုက်တာ ငါတော့မယုံဘူးဟေ့" လို့ ဆဲတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ကို ဆွဲပြီး အတင်းလက်မှတ် ဝယ်ခိုင်းတယ်။ ကျွန်တော်တို့ သိုင်းတစ်ကွက်ပြလိုက်တာနဲ့ သူ့လက်မှတ်ရောင်းတဲ့အိတ်က မှောက်သွားတော့တယ်။ ကျွန်တော် မှတ်မိတာက အဲဒီတုန်းက ကားက မင်းသားလမ်း (Prince Road) ပေါ် ရောက်နေပြီ။ ကားဆရာကို သူက ကားမရပ်ခိုင်းဘဲ ရဲစခန်းကို တန်းမောင်းခိုင်းတယ်။ ကျွန်တော်တို့က ကားတံခါးဆွဲဖွင့်ပြီး ဘတ်စ်ကားပေါ်ကနေ ခုန်ချကြတယ်။ ဖျပ်ဖျပ်ဖျပ်နဲ့ လူတွေဆက်တိုက် ခုန်ချ လှိမ့်ချလိုက်တာ လမ်းမပေါ် မယိုင်မလဲ ရပ်လိုက်နိုင်ကြတယ်။ ဒဏ်ရာနည်းနည်းမှ မရလိုက်ကြဘူး။ ပြီးတော့ သူ့ကို ခါးထောက် ရင်ကော့ပြလိုက်သေးတယ်။ ခုနေပြန်စဉ်းစားကြည့်တော့ ဒါဟာ ကျွန်တော်တို့ရဲ့ကနဦး စတန့်လေ့ကျင့်ရေးဖြစ်ခဲ့မယ် ထင်ပါတယ်။

ရိုက်ကွင်းကို ပထမဆုံးအကြိမ်ရောက်စတုန်းက ကျွန်တော်တို့ ရိုက်ကွင်းရောက်နေပြီး မိတ်ကပ်လိမ်းပြီးလို့ အားလုံး အဆင့်သင့်ဖြစ်ပြီဆိုရင်တောင် စက်မဖွင့်ရင် ကျွန်တော်တို့ ပိုက်ဆံမရပါဘူး။ ဥပမာ ခေါင်းဆောင်မင်းသား၊ မင်းသမီး ရုတ်တရက် မလာနိုင်ရင် ကျွန်တော်တို့စောင့်တာ အလကား ဖြစ်သွားပါတယ်။ ပိုက်ဆံမရပါဘူး။ ဒါက အားလုံးအတွက် မျှတမှုမရှိဘူးပေါ့။ နောက်တော့ ကျွန်တော်တို့ လူကြမ်းသိုင်းသမားတွေစုပြီး အခွင့်အရေး သွားတောင်းကြတယ်။ ကားပေါ်ရောက်ရင် ဒါဟာ နေ့ဝက်အလုပ်ဆင်းတယ်လို့ သတ်မှတ်တယ်။ ဒီလိုဆိုရင် နေ့ဝက် လုပ်အားခ ဒေါ်လာ ၃၀ ရရမယ်။ ရိုက်ကွင်းရောက်လို့ စက်ဖွင့်ပြီဆိုရင် ဒါဟာ နေ့ရက်တစ်ရက် အလုပ်ဆင်းတယ်။ တစ်နေ့တာ လုပ်အားခ ၆၅ ဒေါ်လာရမယ် ဆိုပြီးတော့ပေါ့။

လူတိုင်းရဲ့တစ်နေ့တာ လုပ်အားခက ၆၅ ဒေါ်လာဆိုပေမယ့် ကျောင်းရောက်ရင် ဆရာက ဒေါ်လာ ၆၀ ယူပြီး ကျွန်တော်တို့သုံးဖို့ ၅ ဒေါ်လာပဲ ပေးတတ်ပါတယ်။ လူ့လောကအလယ်ထဲ အမှီအခိုကင်းကင်းနဲ့ ကျွန်တော်တို့ ဝင်ရောက်စပြုပြီဆိုပေမယ့် ကျွန်တော်တို့ဟာ အိတ်ကပ်ဟောင်းလောင်းနဲ့ ရှက်ရွံ့နေရဆဲပါ။ မှတ်မိပါသေးတယ်။ တစ်ခါက ဂျင်းခေါင်းလောင်းဘောင်းဘီတစ်ထည်ကို ကျွန်တော် မျက်စိကျခဲ့တယ်။ အဲဒီဘောင်းဘီက ကြယ်သီးအဖြူနဲ့ သိပ်လှပါတယ်။ ၄၅ ဒေါ်လာဆိုလို့ ကျွန်တော်နှစ်ဝက်လောက် ပိုက်ဆံစုပြီးမှ ဝယ်နိုင်ခဲ့တယ်။ ဝယ်ပြီး နေ့တိုင်း အရိပ်တစ်ကြည့်ကြည့်နဲ့ သေချာဆေးပြီး မီးပူတိုက်ထားတယ်။ သွားစရာ လာစရာရှိမှ ထုတ်ဝတ်ပါတယ်။

ဟုန်ကျင်းပေါင် ကျောင်းကထွက်သွားတဲ့နောက် ယွမ်ထိုက်က ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK
တို့ရဲ့ အစ်ကိုကြီး ဖြစ်လာခဲ့တယ်။ ယွမ်ထိုက်၊ ယွမ်ဟွာ၊ ယွမ်ဝူနဲ့ ကျွန်တော်တို့ လေးယောက်က အမြဲတစေပေါင်းဖက်ပြီး အိမ်က ထွက်တယ်။ မနက် ၅ နာရီ၊ ၆ နာရီလောက် ကျွန်တော်တို့အိပ်ရာထတယ်။ အနီးနားက မနက်စာဆိုင်ဖြတ်ရင် တောင် လက်ဖက်ရည် ဝင်မသောက်ရဲကြဘူး။ ဆိုင်ထဲဝင်ပြီး ထိုင်လိုက်တာနဲ့ ပိုက်ဆံပေးရတော့မယ်။ ဆိုင်ဝမှာ စားပွဲထိုးက ကျွန်တော်တို့ကို "လက်ဖက်ရည် ဝင်သောက်ပါဦး" လို့အော်ရင် ကျွန်တော်တို့က "ကျွန်တော်တို့ စားခဲ့ပြီးပြီ. . . ကျွန်တော်တို့ စားခဲ့ပြီးပြီ" လို့ ပြောကြတယ်။

တစ်ခါတလေ အရဲစွန့်ပြီး ဝင်ထိုင်ရင်လည်း လက်ဖက်ရည်ပဲသောက် တယ်၊ ကျန်တာ မစားရဲဘူး။ အစာလည်းစား လက်ဖက်ရည်လည်း သောက်ရင် ပိုက်ဆံက နှစ်ဆ ပေးရတယ်။ လက်ဖက်ရည်ပဲ သောက်ရင်တော့ လက်ဖက်ရည်ဖိုးပဲ ပေးရတာပေါ့။ ကျွန်တော်တို့က သောက်နေရင်း တစ်ဖက်က ကြီးကန်းတောင်းမှောက် ဘေးဘီကို ကြည့်တတ်တယ်။ တခြားစားပွဲက ထထွက်သွားတဲ့အခါ အစားတွေ အကုန်စားမသွားရင် အမြန်ထရပ်ပြီး "သွားတော့မှာလား. . . ဒါတွေမစားတော့ ဘူးလား. . . နှမြောစရာကောင်းလိုက်တာ" လို့ပြောပြီး ယူစားလိုက်တယ်။ တကယ် လို့ အဲဒီနေ့က အကျန်တွေမရဘူးဆိုရင် လက်ဖက်ရည်သောက်ပြီး အလုပ်သွား တယ်။ နေ့တိုင်း အဲဒီလိုနဲ့ ဖြတ်သန်းခဲ့တယ်။

အချိန်ကြာလာတာနဲ့အမျှ ပိုက်ဆံနည်းပြီး အသုံးမလောက်တဲ့အကြောင်း ကျွန်တော်တို့အချင်းချင်း ဆွေးနွေးကြတော့တယ်။ ဆရာနုတ်ထားတဲ့ ပိုက်ဆံတွေက ကျွန်တော်တို့ရဲ့ လုပ်အားခပါပဲ။ ဒါ မတရားဘူး မဟုတ်လား။ ဆွေးနွေးချက်များ လာတဲ့အခါ ကိုယ့်အတွက် ရလိုတဲ့ဆန္ဒက ပိုပြင်းလေဖြစ်လာခဲ့တယ်။ ဒါပေမဲ့ ကျောင်းမှာ နှစ်ပေါင်းများစွာနေလာခဲ့တော့ ဆရာ့ကို ကျွန်တော်တို့ ပြန်အာမခံရဲ ကြဘူး။ အဲဒီလို "စေ့စပ်ညှိနှိုင်းမှု" က ကျွန်တော်တို့ကို ဘယ်လောက် စိတ်ဖိစီး စေတယ်ဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။

အမျိုးမျိုး ဆွေးနွေးကြံဆပြီးနောက် ကျွန်တော်တို့လေးယောက်စလုံး ဆရာ့ကို သွားတွေ့ပြီး အားလုံးကိုယ်စား ယွမ်ထိုက်က ပြောမယ်လို့ ဆုံးဖြတ် လိုက်ကြတယ်။ အဲဒီနေ့က ဆရာ့ကိုတွေ့တော့ ကျွန်တော်တို့က အသံတိုးတိုးနဲ့ "ဆရာ. . . ကိစ္စရှိလို့ ဆရာနဲ့ စကားပြောချင်ပါတယ်" ပြောတယ်။ ဆရာက "ရတယ်. . . ခဏနေလာခဲ့" လို့ ဆိုတယ်။

ဆရာ့အခန်းထဲ ရင်ထိတ်ထိတ်နဲ့ ကျွန်တော်တို့ ဝင်သွားကြတယ်။ ဆရာနဲ့
mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ့ကတော်က တစ်ဖက်တစ်ချက်မှာ ထိုင်နေတာကို တွေ့လိုက်တယ်။

"ကိစ္စရှိတယ်ဆိုရင် ပြောပါ" လို့ ဆရာက စကားစတယ်။

ခဏလောက် တိတ်ဆိတ်သွားတယ်။ ယွမ်ထိုက်ပါးစပ်အဟကို ကျွန်တော်တို့သုံးယောက် စိုက်ကြည့်နေကြတယ်။

တအောင့်လောက်နေမှ ယွမ်ထိုက်ပါးစပ်ဟတယ်။ "ဟို. . . ဆရာ၊ ဘာမှ မဟုတ်ပါဘူး" လို့ ပြောပြောဆိုဆို သူ ထထွက်သွားတယ်။

သူထွက်သွားတော့ ကျွန်တော်တို့လည်း လိုက်ထွက်ကြရတယ်။ အပြင်ရောက်မှ သူ့ကို ဝိုင်းအပြစ်တင်ကြတယ်။

"ဘာလဲကွာ. . . ငါတို့ပြောပြီးသားလေ. . . မင်း ဘာလို့မပြောတာလဲ"

ကျွန်တော်တို့ ဝိုင်းအပြစ်တင်တာကို သူ မခံနိုင်တော့ အရဲစွန့်ပြီး ဆရာ့အခန်းထဲ ပြန်သွားတယ်။ ဆရာနဲ့ ဆရာ့ကတော်က ထိုင်နေတုန်းပဲ။ ကျွန်တော်တို့လေးယောက်က စိတ်လှုပ်ရှားပြီး တုန်နေကြတယ်။

"ဘာကိစ္စလဲ မြန်မြန်ပြော၊ ဟေ့ကောင်တွေ"

ဆရာ စိတ်မရှည်တော့ပါဘူး။

ကျွန်တော်တို့ ပိုလန့်သွားကြတယ်။ အဲဒီမှာ ယွမ်ထိုက်ရဲ့စကားသံလည်း ခြင်တစ်ကောင်လို တဝီဝီထွက်ပေါ်လာပါတယ်။

"ဆရာ. . . ကျွန်တော်တို့အရွယ်ရောက်ပြီ။ ပိုက်ဆံသုံးမလောက်တော့ဘူး"

ပြောပြီးတာနဲ့ ကျွန်တော်တို့လေးယောက်သား ရုတ်တရက် မုန်တိုင်းရောက်အလာကို စောင့်နေကြပေမယ့် ဆရာ့ဆီက ဘာသံမှ ထွက်မလာသလို ကျွန်တော်တို့ကိုလည်း မရိုက်ပါဘူး။ သူ့မျက်နှာအမူအရာက အံ့အားသင့်ရာကနေ ကူကယ်ရာမဲ့အဖြစ် ပြောင်းသွားတယ်။ အဲဒီနောက် ဆရာက မျက်နှာကို လက်နဲ့အုပ်လိုက်တယ်။ လက်ချောင်းကြားကနေ မျက်ရည်စီးကျလာတာကို တွေ့တော့ ကျွန်တော်တို့ ကြောင်အမ်းသွားကြတယ်။ ဒါ မကြုံစဖူး ပထမဆုံးအကြိမ်ပါပဲ။ ကျွန်တော်တို့လန့်ပြီး ဒူးထောက်ချလိုက်တယ်။ ငိုလည်း ငိုချင်လာတယ်။ စိတ်ထဲမှာလည်း သွားပြီလို့ တွေးလိုက်မိတယ်။ ဆရာ့ကို စိတ်မကောင်းအောင် လုပ်လိုက်မိကြပြီ။

ကျွန်တော်တို့ တုန်တုန်ယင်ယင် ဖြစ်နေချိန် ဆရာက ငိုသံပါတဲ့အသံနဲ့ "မင်းတို့ အတောင်တွေမာကုန်ကြပြီပဲ။ ပျံကြတော့မယ်" လို့ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ ဘာလုပ်ရမှန်းမသိဖြစ်နေချိန်မှာ ဆရာ့ကတော်က စကား စတယ်။

"စိတ်မကောင်းမဖြစ်ပါနဲ့၊ ကလေးတွေက တကယ်လည်း အရွယ်ရောက် လာကြပါပြီ"

ဆရာက စိတ်လျှော့ပြီး အသက်ပြင်းပြင်း ရှူလိုက်တယ်။ ပြီးမှ "ကောင်း ပါပြီ၊ နောက်ဆိုရင် တစ်ယောက်တစ်ဝက်ပေါ့" လို့ ပြောတယ်။

ကျွန်တော်တို့ ကိုယ့်နားကိုယ် မယုံနိုင်ခဲ့ကြဘူး။ ဘာတဲ့. . . တစ်ယောက် တစ်ဝက်တဲ့လား။ ဒီလိုဆိုရင် ကျွန်တော်တို့က တစ်ယောက် ငါးဒေါ်လာရနေရာ ကနေ တစ်ယောက်သုံးဆယ်နှစ်ဒေါ်လာခွဲ ရမှာပါ။ လေးယောက်သား ငိုသံနဲ့ "ကျေးဇူးပါတင်တယ် ဆရာ" လို့ ပြောလိုက်ကြတယ်။

ဆရာနဲ့ ဆရာ့ကတော်နေတဲ့အခန်းကနေ လေးယောက်သား ငြိမ်ကုပ် ကုပ်နဲ့ ထွက်လာပြီးနောက် တံခါးကို ကျွန်တော်တို့ သာသာလေး ပိတ်ခဲ့လိုက် တယ်။ အဲဒီနောက် အပြင်ဘက်အခန်းဆီ အသံတိတ်လျှောက်လာပြီး နောက်တံခါး တစ်ချပ်ကို သာသာလေး ပိတ်လိုက်ပြန်တယ်။ အဲဒီနောက် ကိုယ့်အခန်းထဲရောက် လာတော့ တံခါးကို စေ့စေ့ပိတ်ပြီး ဆရာတို့ အမှန်တကယ် မကြားနိုင်လောက်တဲ့ နေရာရောက်မှ လေးယောက်သား အားရဝမ်းသာ အော်ဟစ်လိုက်ကြတော့တယ်။

ဒါဟာ ကြီးမြတ်တဲ့ အောင်နိုင်ခြင်းတစ်ခုပါပဲ။ နောက်ပိုင်း ကျွန်တော်တို့ ၆၅ ဒေါ်လာရရင် ဆရာက ၃၅ ဒေါ်လာယူပြီး ကျွန်တော်တို့ကို ဒေါ်လာ ၃၀ ပေး တယ်။ စည်းစနစ်ကျတဲ့ တစ်ယောက်တစ်ဝက် ခွဲဝေမှု မဟုတ်ပေမယ့် ဆရာက "ချွေတာပြီးသုံးနော်" လို့ အော်တတ်သေးတယ်။ နဂိုရငွေရဲ့ ခြောက်ဆ ရနေခဲ့ပြီမို့ ကျွန်တော်တို့ သိပ်ပျော်ခဲ့ပါတယ်။

၁၀ နှစ်တာကာလအတွင်း ကျောင်းကို ကျွန်တော် အမှန်တကယ် မခွဲခဲ့ ဖူးပါဘူး။

ကျောင်းနေချိန် ၁၀နှစ်ပြည့်သွားလည်း ဖေဖေ လာမခေါ်ရင် ကျွန်တော် ထွက်သွားခွင့် မရှိပါဘူး။ ထွက်ခွာသွားကြသူတွေကိုပဲ ကျွန်တော် အားကျနေခဲ့ ရပါတယ်။

တစ်နေ့မှာ ဖေဖေ ရောက်လာခဲ့ပါတယ်။ အဲဒီနေ့က ဖေဖေနဲ့ ဆရာ အပြင်မှာစကားပြောနေကြပြီး ကျွန်တော်က အခန်းထဲမှာ ပစ္စည်းသိမ်းနေခဲ့တယ်။ ရှိသမျှပစ္စည်းတွေကို သေတ္တာထဲထိုးထည့်ပြီးနောက် ဂျင်းဘောင်းဘီးသုံးထည်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် တမင် ထပ်ဝတ်လိုက်ပါတယ်။ ထုံးစံအတိုင်း ကျောင်းကထွက်တဲ့နေ့မှာ ၁၀ ချက် အရိုက်ခံပြီးမှ ထွက်သွားရမှာမို့ပါ။

ကုလားထိုင်နဲ့ ကြိမ်လုံးကိုကိုင်ပြီး ကျွန်တော်ဒူးထောက်ရာက ဆရာ့ကို ပြောလိုက်တယ်။

"ဆရာ. . . ကျွန်တော်သွားတော့မယ်"

ဆရာက ကျွန်တော့်ခေါင်းကို ပွတ်သပ်ပြီး "ထားလိုက်ပါတော့" လို့ ဆိုတယ်။

ကျွန်တော် အသက်ရှူချောင်သွားပြီး ဆရာ့ကို ကျေးဇူးတင်ကြောင်း ပြောလိုက်တယ်။

ဖေဖေက ဆရာနဲ့ စကားလက်စမပြတ်သေးဘူး။

"သွားပြီနော်. . . အချိန်ရရင် ပြန်လာခဲ့မယ်"

သေတ္တာကောက်ဆွဲပြီး "မွေးစားဖေဖေ. . . ကျွန်တော်သွားပြီ" လို့ ပြောရင်း ဆရာ့ရှေ့ ဒူးထောက်ချ သုံးကြိမ်ကန်တော့ပြီးတဲ့နောက် ကျောင်းဝင်းထဲ ကနေ ကျွန်တော် ထွက်ခွာလာခဲ့လိုက်တယ်။

တံခါးပေါက်ရောက်တဲ့အချိန် ကျောင်းကို ကျွန်တော် နောက်ပြန် လှည့် ကြည့်လိုက်မိတယ်။ စိတ်ထဲ လွတ်လပ်ရှိမနေခဲ့သေးပါဘူး။ ဖေဖေ တက္ကစီခေါ် လိုက်တယ်။ ကားပေါ်တက်ပြီး ကျွန်တော် နောက်လှည့်ကြည့်ပြန်တယ်။ စိတ်ထဲမှာ ကြောက်နေတုန်းပဲ။ ကားက လမ်းတစ်ဘက်ကို ကွေ့လိုက်တယ်။ နောက်ပြန် လှည့်ကြည့်လို့ ကျောင်းကိုမတွေ့တော့တဲ့အခါကျမှ "အား. . . ဟား. . . ဟား၊ ကျောင်းကနေ ထွက်ခဲ့ပြီကွ" လို့ ကျွန်တော် ဝမ်းသာအားရ အော်ဟစ်လိုက်တော့ တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အသေတတ်တယ်

အသက် ၁၇ နှစ်မှာ ကျောင်းကထွက်ပြီးနောက် ကျွန်တော် လွတ်လပ်သွားတယ်။

ဖေဖေက သူနဲ့အတူ ဩစတေးလျလိုက်ပြီး ဘဝကို ဖြတ်သန်းစေချင်တယ်။ ကျွန်တော်က ဟောင်ကောင်မှာနေပြီး ရုပ်ရှင်လောကထဲ ဝင်တိုးကြည့်ချင်တယ်။ ကိုယ်ခံပညာ ဆယ်နှစ်သင်ခဲ့ပြီဆိုတော့ စတူဒီယိုရိုက်ကွင်းက ကျွန်တော် ခြေဆန့်လက်ဆန့်ဖို့ အခွင့်အရေးပေးနိုင်ပါလိမ့်မယ်။ ဖေဖေက ကျွန်တော့်ဆုံးဖြတ်ချက် ခိုင်မာတာကိုတွေ့တော့ San Po Kong မှာ တိုက်ခန်းလေးတစ်ခန်း ဝယ်ပေးတယ်။ ဟောင်ကောင်ဒေါ်လာ သုံးသောင်းလောက် ပေးရတယ်။ အဲဒီငွေတွေက မေမေစုထားတဲ့ ချွေးနဲ့စာရယ်၊ ဖေဖေပင်ပင်ပန်းပန်း ကြော်လှော်ချက်ပြုတ်ပြီး ရလာတဲ့ ဆယ်နှစ်တာ စုငွေဆိုတာကို ကျွန်တော် သိပါတယ်။ အဲဒီတခဏ ဖေဖေနဲ့ မေမေ ဘာကြောင့်ကျွန်တော့်ကို ခွဲသွားဖို့ ဆုံးဖြတ်ခဲ့ရတယ်ဆိုတာ ရုတ်တရက် ကျွန်တော် သဘောပေါက်လိုက်တယ်။ သူတို့မှာ ငွေကြေးကြီးကြီးမားမား ရှာနိုင်စွမ်း မရှိခဲ့ဘူး။ ကာယအားနဲ့သာ နေ့စဉ်ရက်ဆက် အလုပ်လုပ်ခဲ့တယ်။ ပင်ပင်ပန်းပန်းရှာထားတဲ့ငွေကို စုဆောင်းပြီး ကျွန်တော်နေဖို့ အိမ်တစ်လုံးဝယ်ပေးခဲ့တယ်။

နောက်ပိုင်း ဖေဖေ ဟောင်ကောင်ပြန်နေတဲ့အခါ အဲဒီအိမ်လေးမှာပဲ သူနေခဲ့တော့တယ်။ သူ့အတွက်ဝယ်ထားတဲ့ ပိုကြီးတဲ့အိမ်ကိုပြောင်းဖို့ ပိုကောင်းတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ပတ်ဝန်းကျင်မှာနေဖို့ ကျွန်တော်အကြိမ်ကြိမ် မျှော်လင့်ခဲ့ပေမယ့် ဖေဖေ ငြင်းဆန်ခဲ့တယ်။ နောက်ပိုင်း အဲဒီအိမ်လေး ရောင်းလိုက်ပြီလို့ ကျွန်တော်လိမ်လိုက်မှ တခြားအိမ်ကို သူပြောင်းနေတော့တယ်။ ဖေဖေကွယ်လွန်တဲ့အချိန်အထိ အဲဒီအိမ်ကို ကျွန်တော်ရောင်းလိုက်ပြီလို့ သူ ထင်ခဲ့တယ်။ တကယ်တော့ ဒီကနေ့အထိ အဲဒီအိမ်လေးက ကျွန်တော်နာမည်နဲ့ ရှိနေဆဲပါ။ ဒါက ဖေဖေနဲ့မေမေ ကျွန်တော့်အတွက် ချန်ထားရစ်ခဲ့တဲ့ အမှတ်တရလေးပဲဖြစ်တယ်။

အဲဒီအိမ်ငယ်လေးမဝယ်ခင်ထိ ကျွန်တော့်မှာ ကိုယ်ပိုင်အခန်း မရှိခဲ့ဖူးပါဘူး။ ငယ်ငယ်တုန်းက ဖေဖေ၊ မေမေတို့နဲ့အတူ အထက်အောက်ခုတင် အိပ်ခဲ့တယ်။ ကြီးလာတော့ ကျောင်းမှာ ကြမ်းခင်းအိပ်ခဲ့တယ်။ အခု ကိုယ်ပိုင်အခန်းငယ်လေးတစ်ခု ပိုင်ဆိုင်လာခဲ့ပြီ။ အိမ်ကငယ်ပြီး အထဲမှာ ဘာမှမရှိပေမယ့် ကျွန်တော်သိပ်ကိုပျော်ခဲ့ပါတယ်။ လက်ထဲမှာ ဘာပိုက်ဆံမှမရှိလို့ ပျဉ်တွေဝယ်ပြီး ကိုယ်တိုင်ဖြတ်၊ ကိုယ်တိုင်သံရိုက်နဲ့ ရိုးရှင်းတဲ့အိမ်ထောင်ပရိဘောဂတချို့ကို ကျွန်တော်ကိုယ်တိုင် လုပ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ဆူညံတက်ကြွတဲ့ အပေါင်းအဖွဲ့ဘဝကနေ ရုတ်တရက် တစ်ယောက်တည်းဖြစ်သွားခဲ့ပြီး အထီးကျန်ခြင်းနဲ့ လိုက်လျောညီထွေဖြစ်အောင် သင်ယူနေထိုင်ခဲ့တော့တယ်။

အဲဒီတုန်းက ဒီတစ်နပ်စားပြီးရင် နောက်တစ်နပ်ဘာစားရမလဲ မသိခဲ့ဘူး။ လေးဖက်လေးတန် အုတ်နံရံမှာ ဆိုဖာစုတ်တစ်လုံး၊ ထိုင်ခုံပုတစ်လုံး၊ တီဗွီသေးတစ်လုံး၊ စင်တစ်ခုနဲ့ အလေးမတဲ့ အတုံးနှစ်ခုသာ ရှိခဲ့တယ်။ အိမ်မှာ အလုပ်ကဖုန်းကိုစောင့်တဲ့အခါတိုင်း ဘောင်းဘီတိုနဲ့ ထိုင်ခုံပုမှာထိုင်ပြီး တီဗွီကြည့်ရင်း စောင့်ခဲ့တယ်။ တီဗွီကြည့်ရင်း တစ်ဖက်က ထိုးတာခိုက်တာတွေ မကြာမကြာ လေ့ကျင့်ခဲ့သေးတယ်။

ဖုန်းမြည်လာပြီဆိုရင် ဒါ အလုပ်ရှိပါပြီ။ ကျွန်တော့်အိမ်ဖုန်းကြိုးက ကြိုက်သလောက်ရှည်လို့ ရတယ်။ အိမ်သာတက်နေရင်းတောင် ဖုန်းကို ပိုက်ထားလို့ရတယ်။ ဖုန်းမကိုင်လိုက်ရဘူး မဖြစ်အောင်ပါ။ ဖုန်းဆက်တာဝန်ခံက စိတ်သိပ်မရှည်တတ်တော့ ကလင်လို့မြည်လာတာနဲ့ ချက်ချင်း ပြေးကိုင်ရပါတယ်။ ရိုက်ကွင်းအသိပေးစာ ရွတ်ဖတ်တာကလည်း မြန်ပြီး ခေါင်းငုံ့တာနဲ့ ဖုန်းနံပါတ်ဂဏန်းအရေအတွက်ကို တရစပ် ရွတ်ပါတယ်။

"မနက်ဖြန် သိုင်းချမယ့်လူ ၁၀ ယောက်လိုတယ်ဟေ့"

ကိုယ့်ကို ဖုန်းဆက်တယ်၊ အဲဒီဖုန်းကိုယ်မကိုင်မိရင် အဲဒီအခွင့်အရေးက

mgyoe.com

mgyoe.com SAMPLE BOOK
ကိုယ့်အတွက် မဟုတ်တော့ပါဘူး။

"ဟော့. . . တနင်္လာနေ့ ၆ နာရီနေ့ဘ်၊ ဒါပဲ" တလေးတစားပါပဲ။

ရိုက်ကွင်းသွားဖို့ အခွင့်အရေးရပြီ၊ ကိုယ့်သရုပ်ဆောင်ချက်ကို ကိုယ်ခံ ပညာနည်းပြဆရာကလည်း သဘောကျပြီဆိုရင် တစ်ပတ်လောက် ဆက်တိုက် ရိုက်ခွင့်ရှိသွားပါတယ်။ ဒီလိုဆိုရင် ပိုက်ဆံ ဆက်တိုက်ဝင်ပြီ။ နေ့တိုင်း ဖုန်းလက်ခံ ရရှိပြီးမှ အပြင်ထွက်ရပါတယ်။ ဒါဟာ နောက်ရက်တွေမှာ စားဖို့ ပိုက်ဆံရှိပြီဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

အဲဒီခေတ်မှာ ရှောဘရားသားစ် (Shaw Brothers) က အကြီးဆုံးရုပ်ရှင် ကုမ္ပဏီဖြစ်တယ်။ သူ့လက်အောက်မှာ ရုပ်ရှင်မြို့တော်နဲ့ စတူဒီယို အကြီးစား ရှိတယ်။ ရင်းနှီးသူရော၊ မရင်းနှီးသူရောပါတဲ့ ကျွန်တော်တို့လို လူကြမ်းအုပ်စုဟာ အတူတကွနေထိုင်ရင်း အခွင့်အလမ်းကို စောင့်မျှော်နေခဲ့ကြတယ်။ အခွင့်အလမ်း ဆိုတာက မျက်နှာမပြတဲ့ အမျိုးမျိုးသော နောက်ခံလူအဖြစ်၊ အကန်ခံရသူ၊ အရိုက် ခံရသူ၊ အခုတ်ခံရသူအဖြစ် ပါဝင်ရတဲ့ ယာယီသရုပ်ဆောင်တွေ ဖြစ်ပါတယ်။ တစ်ခါတလေ ပစ္စည်းတွေရွှေ့ပြောင်းဖို့ ထုတ်လုပ်သူခိုင်းစေတာကိုလည်း လုပ်ပေး ရတာမျိုးရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အလုပ်ရှိတယ်ဆိုရင်ပဲ ကျွန်တော်တို့ ဝမ်းမြောက် ပျော်ရွှင်ရပါတယ်။

ရိုက်ကွင်းသွားဖို့ စုဝေးတဲ့နေရာနားလေးမှာ ဘိလိယက်ဆိုင်တစ်ဆိုင် ရှိပါတယ်။ ကျွန်တော်တို့ လူကြမ်းတွေကလည်း အဲဒီနေရာမှာ အမြဲစုဝေးပြီး ဖုန်း စောင့်တတ်ခဲ့တယ်။ အလုပ်သွားရင်လည်း အဲဒီနေရာကနေသွားရတာ အဆင်ပြေ တယ်။ စောင့်နေတဲ့အချိန်အတွင်း ဘိလိယက်ထိုးလို့ရသေးတာကြောင့် တစ်ယောက် တည်း အိမ်မှာစောင့်တာထက် ပိုကောင်းပါတယ်။ နောက်တော့ တဖြည်းဖြည်း အိပ်တာလည်း အဲဒီမှာ၊ စားတာလည်း အဲဒီမှာဖြစ်သွားတယ်။ ဘိလိယက်ဆိုင်ရဲ့ မျက်နှာချင်းဆိုင်မှာ ရေချိုးခန်းရှိတော့ အဲဒီမှာ ရေသွားချိုးရုံပါပဲ။

အဲဒီတုန်းက ဟောင်ကောင်မာဖီးယားတွေ တော်တော်နေရာယူနေပါပြီ။ တစ်ခါတလေ ကျွန်တော်တို့ ဘိလယက်ထိုးနေတုန်း ရုတ်တရက် "ဘုံး" ခနဲအသံနဲ့ အတူ ဓားရှည်ကိုင်ထားတဲ့လူတစ်အုပ် ပြေးဝင်လာပြီး ဆဲဆိုရင်း တစ်ဖက်က "သူလား" လို့ မေးတတ်တယ်။ အဲဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့ စိတ်လှုပ်ရှားကြ ရတယ်။ လူမှားပြီး "ဟုတ်တယ်" လို့ပြောလိုက်ရင် လူဆယ်ယောက်ကျော် ဝိုင်း ခုတ်တာကို ခံရမယ်။ နေရာကျဉ်းလေးထဲမှာ ထွက်ပြေးချင်ရင်တောင် ပြေးလို့
mgyoe.com

mgyoe.com
SAMPLE BOOK

မလွတ်နိုင်ပါဘူး။

ရိုက်ကွင်းမှာလည်း အချိန်အတော်များများက စောင့်နေရပါတယ်။ အဲဒီလိုအချိန်မျိုးမှာ တခြားလူ ဘယ်လိုအလုပ်လုပ်သလဲဆိုတာကို ကျွန်တော် လိုက်ကြည့်တတ်တယ်။ နောက်တော့ ရိုက်ကူးရေးမှာ ဗဟုသုတတွေ အများကြီး ရှိတယ်ဆိုတာကို တဖြည်းဖြည်း သဘောပေါက်လာခဲ့တယ်။ "Action" ဆိုရင် "စက်ဖွင့်" တယ်။ "Rolling" ဆိုရင် "စရိုက်"တယ် စတဲ့အဆင့်ဆင့်တွေပါ။ အသေကောင်အဖြစ် ကျွန်တော်တို့ မကြာခဏ သရုပ်ဆောင်ရတယ်။ အသေကောင်ဆိုရင် မလှုပ်ရပါဘူး။ ဒါပေမဲ့ လူအများက အတွေ့အကြုံမရှိတော့ ဒါရိုက်တာက Action ဆိုတာနဲ့ အသက်ကိုအောင့်ထားကြပြီ။ စရိုက်ပြီဆိုတဲ့အချိန်မှာတော့ အသက်မအောင့်နိုင်တော့ဘဲ ကိုယ်ပေါ်မှာ ဓားတွေ၊ လှံတွေ ထိုးထားတာတောင် တလှုပ်လှုပ်ရှိခဲ့တယ်။ တချို့က အသက်အောင့်ရလွန်းလို့ မူးပြီး ကိုယ်ရောဓားပါ တဆတ်ဆတ်တုန်တာမျိုးရှိခဲ့တယ်။ အဲဒီအခါ ဒါရိုက်တာက "ဒါဘာဖြစ်တာလဲ. . . သေတာတောင် လှုပ်နေတုန်းလား" လို့ အော်ဟစ်ကြိမ်းမောင်းတတ်ခဲ့တယ်။

"Action" ဆိုတာကိုသင်ယူပြီးတဲ့နောက် "စရိုက်ပြီ" ဆိုတဲ့အသံကြားမှာ ကျွန်တော် အသက်စအောင့်တယ်။ တစ်ခါတလေ ဒါရိုက်တာက "စရိုက်ပြီ" အော်လည်း ကင်မရာက တစ်ဘက်ကနေ တဖြည်းဖြည်း ရွှေ့လာတတ်တယ်။ စက်စရွှေ့လာတာကို တွေ့မှ ကျွန်တော်အသက်စအောင့်တာမျိုး ရှိခဲ့တယ်။ စက်က ကိုယ့်ကိုရိုက်ပြီး ကျော်သွားပြီဆိုရင် အသက်ပြန်ရှူလို့ရပါတယ်။ အဲဒီလို အခါခါ လုပ်ခဲ့ပြီးနောက် ဒါရိုက်တာက ကျွန်တော့်ကို လက်ညှိုးထိုးပြီး ဘေးကလူကို "ဒီလူသေတာ မဆိုးဘူး၊ နောက်ပိုင်း သေစရာရှိရင် သူ့ကိုပဲသေခိုင်း၊ သူက သေတတ်တယ်" လို့ ပြောတော့တယ်။

တစ်ခါက သိုင်းသမားနှစ်ယောက် မိုးရေထဲချကြတဲ့ ဇာတ်ဝင်ခန်းကို ရိုက်တယ်။ သူတို့ပတ်ပတ်လည်မှာ အသေကောင်တွေက ဓားအစိုက်လိုက်ကြီးနဲ့ ရှိနေကြတာပေါ့။ အဲဒီနေ့က အတော်လေးအေးတယ်။ သရုပ်ဆောင်တွေအကုန်လုံး ရေထဲစိမ်နေရပြီ။ လူအတော်များများ အသက်မအောင့်နိုင်ကြတော့ဘူး။ အေးကလည်းအေးတော့ ကိုယ်ပေါ်စိုက်ထားတဲ့ဓားတွေတောင် တုန်နေပြီ။ ဒါရိုက်တာက "ကတ်. . . ကတ်. . . ကတ်၊ မလှုပ်ကြနဲ့။ မင်းတို့ကသေနေပြီ. . . နားလည်လား" လို့ အော်တော့တယ်။ တစ်ဆက်တည်းမှာပဲ တွဲဖက်ဒါရိုက်တာက ကျွန်တော်ကို လက်ညှိုးထိုးပြီး "အဲဒီလူ. . . အဲဒီလူ. . . သူသေတာ သိပ်ကောင်းတယ်။ သူ့ကို

mgyoe.com

mgyoe.com SAMPLE BOOK

မနက်ဖြန် ထပ်လာခိုင်း” လို့ ပြောလိုက်တယ်။

အဲဒီတုန်းက လူတွေက ကျွန်တော့်ကို လှောင်ရယ်ကြတယ်။ အသေကောင်အဖြစ် သရုပ်ဆောင်တာတောင် ဘာလို့ ဒီလောက် လေးနက်နေလဲပေါ့။ အခွင့်အရေးဆိုတာ ဒီလိုနဲ့ တစ်စတစ်စရခဲ့တာလို့ ကျွန်တော်ထင်တယ်။ ကိုယ်ခံပညာသိုင်းလောကမှာ ကျွန်တော်ရဲ့ လူသိမှုက အဲဒီလို “သေတတ်တယ်” ဆိုတာနဲ့ စခဲ့တာဖြစ်တယ်။

ဒီလိုအဖြစ်အပျက်ကို နောက်ပိုင်း မင်းသား Stephen Chow က သူ့ရုပ်ရှင် “King of Comedy” ထဲ ထည့်ရိုက်ခဲ့တယ်။

ရုပ်ရှင်ထဲ ထည့်ရိုက်ထားတဲ့ဇာတ်ဝင်ခန်းရဲ့ ဒိုင်ယာလော့က “ကျွန်တော့်” ကို တွဲဖက်ဒါရိုက်တာက ဒါရိုက်တာရှေ့ခေါ်ပြီး-

“ဟော့. . . ဒါရိုက်တာကို သေပြလိုက်ပါ”

“ဒါရိုက်တာ. . . ကျွန်တော့်ကို ဘယ်လိုသေစေချင်တာလဲ”

“သေနတ်နဲ့ သေကွာ”

ကျွန်တော် သေပြလိုက်တယ်။

“ဒီလိုမှပေါ့. . . ကဲ အဝတ်အစားလဲ”

“ဟုတ်ကဲ့. . . ဒါရိုက်တာ”

“ဟော့လူ. . . မင်း ဘယ်အနုပညာကျောင်းထွက်လဲ”

“ကျွန်တော် ကျောင်းမတက်ခဲ့ဖူးပါဘူး”

“ဟာ. . . မင်းက ပါရမီပါသားပဲ”

“စိတ်ပါလက်ပါ လုပ်ရင်ရပါတယ်။ စိတ်ပါလက်ပါ ဂရုတစိုက် လုပ်ရုံလေးပါပဲ”

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ပထမဆုံးအကြိမ် ခေါင်းဆောင်မင်းသား လုပ်ခြင်း

တစ်နေ့မှာ ရုပ်ရှင်ထုတ်လုပ်ရေးတစ်ခုက အတွင်းရေးမှူးတစ်ယောက် ကျွန်တော့်ဆီ ဖုန်းဆက်တယ်။ အဲဒီဖုန်းက ကျွန်တော့်ဆီ သတင်းကောင်းတစ်ခု ပါးလာပါတယ်။

"ထုတ်လုပ်သူက ရုပ်ရှင်ဇာတ်ကားသစ်တစ်ကားအတွက် ခေါင်းဆောင် မင်းသားတစ်ယောက် လိုတယ်။ ကိုယ်ခံပညာတတ်ရမယ်ဆိုလို့ ခင်ဗျားကို ကျွန်တော် မိတ်ဆက်ပေးလိုက်တယ်။ သူတို့က ခင်ဗျားကိုတွေ့ချင်တယ်လို့ ပြောတယ်"

နားထောင်နေရင်း ကျွန်တော်အကြီးအကျယ် စိတ်လှုပ်ရှားမိတယ်။ မျက်နှာမပြတဲ့အလုပ်ကို အချိန်အတော်ကြာလုပ်ခဲ့ပြီးမှ ခေါင်းဆောင်မင်းသား လုပ်တဲ့အခွင့်အရေးကို ကျွန်တော် ရလိုက်ပါတယ်။

အဲဒီဇာတ်ကားနာမည်က သိပ်စိတ်ဝင်စားဖို့ကောင်းပါတယ်။ "ကွမ်တုံ ကျားကလေး" လို့ခေါ်တယ်။ စစချင်းအချိန်မှာတော့ သူတို့က ကျွန်တော့်ကို လူအဖြစ် သရုပ်ဆောင်ခိုင်းမှာလား၊ ကျားကလေးအဖြစ် သရုပ်ဆောင်ခိုင်းမှာလား ဆိုတာ ကျွန်တော်လည်း သေချာမသိခဲ့ပါဘူး။ ဟာသအနေနဲ့ပြောဖြစ်ပေမယ့် တကယ်တမ်း ရိုက်ကွင်းရောက်သွားတဲ့အချိန်ကျမှ ကျွန်တော် တွေးထားသလို မဟုတ်ခဲ့ဘူးဆိုတာ သိရပါတယ်။ ပထမဆုံးအကြိမ် ခေါင်းဆောင်မင်းသားအဖြစ် ကျွန်တော်ပါဝင်ရမယ့် ရုပ်ရှင်က တကယ်တော့ ကုန်ကျစရိတ်နည်းတဲ့ ရုပ်ရှင်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ကား ဖြစ်တယ်။ ဂိုဏ်းတွေကြား ခုတ်ကြသတ်ကြတဲ့အထဲမှာ ကျွန်တော်က ဖခင်သွေးကြွေးကိုဆပ်မယ့် ကျားကလေးအဖြစ် သရုပ်ဆောင်ရမှာဖြစ်တယ်။

ကိုယ်ခံပညာသမားတစ်ယောက်အနေနဲ့ ဇာတ်ကားအတော်များများ ကျွန်တော် ရိုက်ခဲ့ဖူးလို့ ဘယ်လိုရုပ်ရှင်က ကားကောင်းလဲ၊ ဘယ်ဟာက ဖြစ်က တတ်ဆန်းလဲဆိုတာ ကျွန်တော် သိနေခဲ့ပါပြီ။ အဲဒီရုပ်ရှင်ရိုက်ကူးနေချိန်မှာလည်း လူကို တကယ် အနေရကျပ်စေခဲ့ပါတယ်။ ဇာတ်ညွှန်းမရှိ၊ ကိုယ်ခံပညာနည်းပြ ဆရာလည်း မရှိ။ ယွမ်ခွေနဲ့ စုရှောက်မင် (Xu Xiaoming) ကိုခေါ်ပြီး ကိုယ့်ဘာသာ ကိုယ်ခံပညာနည်းပြဆရာ လုပ်ခဲ့ရတယ်။ အဲဒီတုန်းက ရိုက်ကွင်းအခြေအနေက အတော်ဆိုးရွားပါတယ်။ အပြင်အဆင်တွေက ဟောင်းအိုစုတ်ပြတ်တယ်။ အလုပ်က အမြဲအချိန်ပိုဆင်းရတယ်။ ခေါင်းဆောင်မင်းသား ကျွန်တော်က ကင်မရာရှေ့မှာ ဒါရိုက်တာပေးတဲ့အမိန့်ကို ကိုယ်ဟန်အမျိုးမျိုးပြရတော့ ကိုယ်တိုင်တောင် ငြီးငွေ့ တယ်လို့ ထင်ခဲ့ရတယ်။ ရိုက်ကူးရေးရှေ့ဆက်လာတာနဲ့အမျှ ထွက်ခွာသူတွေများ လာခဲ့တယ်။ နောက်ဆုံး အဖွဲ့သားတွေပြိုကွဲပြီး ရုပ်ရှင်လည်း ဆက်မရိုက်ဖြစ်ခဲ့ တော့ပါဘူး။ ထုတ်လုပ်သူနဲ့ ဒါရိုက်တာ ငွေထုတ်ပိုက်ပြီး ပျောက်သွားတော့ ဘယ် သူမှ လုပ်အားခမရဘဲ ဒီတိုင်းပြီးသွားခဲ့ပါတယ်။

အဲဒီခေတ်မှာ လူကြမ်းတွေက အလုပ်စဆင်းတဲ့နေ့မှာပဲ နေ့စားခပိုက်ဆံ ရပါတယ်။ အဲဒီရုပ်ရှင်ရိုက်ကူးတဲ့ နောက်ဆုံးရက်ကို ကျွန်တော် မှတ်မိနေပါသေး တယ်။ အဲဒီနေ့က လူကြမ်းသမားတွေ ဘယ်သူမှ ပိုက်ဆံမရကြလို့ ကျွန်တော် အားတုံ့အားနာဖြစ်ပြီး ကိုယ့်ပိုက်ဆံနဲ့ကိုယ် ထုတ်ရှင်းပေးလိုက်ပါတယ်။ အဲဒီတုန်း က ကျွန်တော်လုပ်အားခ သိပ်မရပါဘူး။ ဖေဖေပေးထားတဲ့ပိုက်ဆံနဲ့ ကျွန်တော် ရှင်းပေးလိုက်တာပါ။

နောက်တော့ အဲဒီလိုရုပ်ရှင်ကားက ရုံမတင်နိုင်ခဲ့ပါဘူး။ ကျွန်တော်ရဲ့ ပထမဆုံးအကြိမ် ခေါင်းဆောင်မင်းသားလုပ်တဲ့ အတွေ့အကြုံကလည်း အဲဒီလိုနဲ့ပဲ ပြီးသွားခဲ့ပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# လူကြမ်းသိုင်းသမား

၁၉၇၁ ခုနှစ်မှာ ကျွန်တော်တို့ထက် လုပ်သက်ပိုရင့်ပြီး ကျောင်းကနေ အရင်ဆုံး ထွက်သွားတဲ့ ယွမ်လုံ (ဟုန်ကျင်းပေါင်)ဟာ Golden Harvest ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ စာချုပ်ချုပ်ဆိုပြီး ကိုယ်ခံပညာနည်းပြ လုပ်နေခဲ့ပါပြီ။ ယွမ်ခွေ၊ ယွမ်ဟွာ၊ ယွမ်ပြောက်၊ ကျွန်တော်နဲ့ တခြားညီအစ်ကိုတွေက သူနဲ့အတူ ရိုက်ကူးရေးမှာ ထမင်းစားလက်မှတ် ရနေခဲ့ကြပြီဖြစ်တယ်။

အဲဒီတုန်းက ဒါရိုက်တာ Huanf Feng ရိုက်ကူးတဲ့ Aikido ဆိုတဲ့ ရုပ်ရှင်ကားမှာ ဟုန်ကျင်းပေါင်က ကိုယ်ခံပညာနည်းပြလုပ်တယ်။ သူက ဒါရိုက်တာရဲ့မွေးစားသားဖြစ်ပြီး ကျွန်တော်တို့ကိုပါ အဲဒီဇာတ်ကားထဲ သူ ခေါ်သွင်းခဲ့တယ်။

ရိုက်ကူးရေးမှာ ကျွန်တော်တို့က ဝင်ငွေပိုရတဲ့နည်းကို အမြဲတမ်း တွေးဆသင်ယူနေခဲ့ပါတယ်။ ထုတ်လုပ်ရေးက ကုန်ကျစရိတ်ချွေတာချင်တော့ မင်းသားနေရာမှာ အထူးသရုပ်ဆောင်တွေကို ထည့်ရိုက်ပါတယ်။ အထူးသရုပ်ဆောင်တွေရဲ့ဈေးနှုန်းက လူကြမ်းတွေထက် ဈေးသက်သာပါတယ်။ တစ်နေ့တာလုပ်အားခမှ ငါးဒေါ်လာ၊ ဆယ်ဒေါ်လာ ရတာပါ။ ဒါကြောင့် တိုက်ခိုက်တာတွေ ရိုက်ကူးပြီးသွားရင် လူကြမ်းတွေကို ပြန်ခိုင်းပြီး အထူးသရုပ်ဆောင်ပဲ ချန်ရစ်ခဲ့ပါတယ်။ တကယ်လို့ အဓိကသရုပ်ဆောင်ဘေး ရပ်ခွင့်ရရင် အဲဒီလူဟာ ရိုက်ကူးရေးမှာ ဆက်တိုက်ပါဝင်ခွင့် ရသွားပြီ၊ ချခန်းပြီးရင် စကားပြောခန်းတွေလာမယ်။ ဘေးမှာရပ်နေရင်ပဲ

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်အားခ ရပြီလို့ ဆရာကြီးတစ်ယောက်က ကျွန်တော်တို့ကို သင်ပေးပါတယ်။ တကယ်လို့ ချပြီးတာနဲ့ အဓိကသရုပ်ဆောင်ရဲ့ ခပ်ဝေးဝေးမှာ ကိုယ်ရောက်နေရင် နောက်ပိုင်းကိစ္စ ကိုယ်နဲ့မဆိုင်ဖြစ်သွားပါတယ်။ ဆရာကြီးပြောတဲ့ အဲဒီလှည့်ကွက်ကို ကျွန်တော် သေချာမှတ်ထားခဲ့ပါတယ်။

အဲဒီနေ့က သိုင်းချတဲ့ဇာတ်ဝင်ခန်းတစ်ခုကို ရိုက်တော့ မင်းသမီးမော်ယင်ရဲ့ ဘေးကို ကျွန်တော်တစ်ချိန်လုံး စိုက်ကြည့်နေခဲ့ပါတယ်။ ရိုက်ပြီးပြီးချင်း မီတာ ၈၀ အကွာကနေ ခြေလှမ်းနှစ်လှမ်းသုံးလှမ်းနဲ့ ပြေးသွားပြီး မင်းသမီးဘေး ကျွန်တော် ဝင်ရပ်လိုက်ပါတယ်။ အဲဒီတုန်းက ကျွန်တော့်ဆံပင် အတော်ရှည်ပါတယ်။ ဝင်ရပ်ပြီးတာနဲ့ ဆံပင်တစ်ချက် ကျွန်တော် တမင်ခါလိုက်ပါတယ်။ မင်းသမီးစကား ပြောမယ်ရှိသေး ရှုတ်တရက် ဒါရိုက်တာက "ကတ်" လို့ အော်လိုက်ပါတယ်။

"ဘာမှမဖြစ်ဘဲနဲ့ ဘာလို့ကတ်တာပါလိမ့်" လို့ ကျွန်တော်တွေးနေတုန်းမှာ "မင်းမေကလွှား ဆံပင်ခါနေရတာလား၊ မင်းသမီးရဲ့မြင်ကွင်းကို မင်းလုရဲတာပေါ့။ မင်းဘယ်ကလဲ. . . ခုချက်ချင်းထွက်သွား" ဆိုတဲ့ တရစပ်ဆဲဆိုသံကို ကြားလိုက်ရပါတယ်။

အဆဲစကားကြောင့် ကျွန်တော် မှင်တက်သွားတယ်။ ကျွန်တော့်လိုလူက ကျွန်တော့်ကို ဘယ်လိုဆဲဆဲရတယ်။ ဒါပေမဲ့ ငယ်ငယ်လေးကတည်းက ကျွန်တော့် အမေကိုထိရင် ကျွန်တော် မခံပါဘူး။ ကျောင်းတုန်းက ကျွန်တော့်အမေ့ကို ယွမ်ထိုက် တစ်ခွန်းဆဲဖူးပါတယ်။ ကျွန်တော်လည်း ချက်ချင်းပြန်ဆဲတော့ သူ့လက်ဝါးက ကျွန်တော့်ပါးပေါ် ရောက်လာပါတယ်။ ကိုယ့်ထက်အကြီးတွေနဲ့ ရန်မဖြစ်ရဘူးလို့ ကျောင်းက စည်းကမ်းထုတ်ထားလို့ ကျွန်တော်လက်တုံ့မပြန်ရဲတာကြောင့် ဆဲပဲ ဆဲနေလိုက်ပါတယ်။ တစ်ခွန်းဆဲလိုက် သူက ကျွန်တော့်ကို ပါးတစ်ချက်ရိုက်လိုက်၊ တစ်ခွန်းဆဲလိုက်၊ တစ်ချက်ရိုက်လိုက်နဲ့ အပြန်အလှန် အကြိမ်ဘယ်လောက်ရှိ သွားမှန်း မသိပါဘူး။ ဆရာတစ်ယောက်တွေ့မှ သူ့ရပ်သွားခဲ့ပါတယ်။ သူ့လက်ချက်နဲ့ ကျွန်တော့်ပါးယောင်ပြီး ပါးစပ်မှာလည်း သွေးအပြည့်ပါပဲ။ ဒါတောင် ကျွန်တော်အညံ့ မခံခဲ့ပါဘူး။ ကျွန်တော့်ကိုဆဲလို့ရတယ်၊ ကျွန်တော့်မေမေကို ဆဲဆိုလို့မရကြောင်း သူ့ကို ကျွန်တော် သိစေခဲ့ပါတယ်။

အဲဒီနောက် သုန်မှုန်တဲ့မျက်နှာနဲ့ ရိုက်ကွင်းထဲကနေ ကျွန်တော် ထွက်လာ ခဲ့တယ်။ စိတ်ထဲမှာတော့ မခံချင်စိတ်ကိုဖိနှိပ်ထားသလို နောင်တလည်း ရလိုက်မိ တယ်။ ရိုက်ကွင်းအပြင်ရောက်ရင် တဖြည်းဖြည်း စိတ်ငြိမ်သွားမယ်ထင်ပေမယ့်

mgyoe.com

mgyoe.com

ကျွန်တော့်ကို လူကြမ်းတွေဝိုင်းစုရယ်ဖွဲ့နေတာ တွေ့လိုက်ပါတယ်။

"ကင်မရာရှေ့ နေရာသွားလုတော့ ဆဲခံရပြီ မဟုတ်လား"

ကျွန်တော်မျက်ရည်ကျလုလု ဖြစ်တာတောင် သူတို့က ရယ်နေကြတာမို့ ကျွန်တော် ပိုဒေါသထွက်တော့တယ်။ စိတ်ထဲမှာလည်း ဒီအလုပ်မလုပ်ရချင်နေ အမေ့ကိုတော့ ဆဲလို့မရဘူးဆိုတာ ပညာပြရမယ်ဆိုပြီး ကိရိယာတန်ဆာပလာတွေထဲက သစ်သားစားတစ်ချောင်းကို ယူပြီး ရိုက်ကွင်းဘက်ကို ကျွန်တော်ပြေးသွားလိုက်တယ်။ ဒါကို ဟုန်ကျင်းပေါင်မြင်တော့ ကျွန်တော့်ကို လှမ်းဆွဲပြီး "မင်း ဘာလုပ်တာလဲ" လို့ အော်တယ်။

"သူ ငါ့အမေကိုဆဲတယ်။ သူ့ကို ငါသွားခုတ်မယ်"

"မင်းရူးနေလား၊ မင်း ဒီအလုပ် လုပ်ဦးမှာလား. . . မသွားရဘူး"

စိတ်ခံစားချက်ကို ကျွန်တော် မထိန်းနိုင်ဘဲ တားနေတဲ့ကြားက သွားဖို့လုပ်တော့ ဟုန်ကျင်းပေါင်က "မင်းတော်တော့၊ ဒီနေ့က လူရှာမရလို့ မင်းကိုခေါ်ခဲ့တာ မင်းသိလား" လို့ ပြောတယ်။

အဲဒီစကားတစ်ခွန်းက ကျွန်တော့်ရင်ကို တော်တော်ထိသွားပါတယ်။ ကျွန်တော်မပြောရင် အဲဒီစကားကို အခုအချိန်မှာ သူလည်း မေ့သွားလောက်ပါပြီ။ အဲဒီတုန်းက ကျွန်တော့်အတွက် သူပြောမှန်း ကျွန်တော်သိပါတယ်။ နောက်ပိုင်း ကျွန်တော့်အလုပ်ကို ထိခိုက်လာနိုင်တာမို့ သူက ကျွန်တော့်ကို ဒါရိုက်တာနဲ့ ပဋိပက္ခ မဖြစ်စေချင်ခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီစကားတစ်ခွန်းက ကျွန်တော်ရဲ့ မိမိကိုယ်ကို လေးစားစိတ်ကို တကယ်ထိခိုက်သွားခဲ့ပါတယ်။

ရိုက်ကွင်းကနေ မောင်းထုတ်ခံရပြီးတဲ့နောက် တစ်နေကုန် ကျွန်တော် ဘာမှလုပ်စရာ မရှိခဲ့တော့ပါဘူး။ တစ်ယောက်တည်း တစ်နေရာရာမှာထိုင်ပြီး နောက် တစ်ယောက်တည်း အိမ်ပြန်ခဲ့ပါတယ်။

အဲဒီနောက်ပိုင်း သူတို့အလုပ်ပေးလည်း ကျွန်တော် မသွားခဲ့တော့ပါဘူး။ ဆင်းရဲချင်ဆင်းရဲပါစေ သူတို့အလုပ်ကို ကျွန်တော် ဆက်မလုပ်ခဲ့တော့ပါဘူး။

အဲဒီနောက် ဟုန်ကျင်းပေါင်နောက် အချိန်တစ်ခုကြာတဲ့အထိ ကျွန်တော် မလိုက်ခဲ့တော့ဘဲ ကိုယ်ခံပညာသရုပ်ဆောင် Bruce Leaung ရဲ့ဦးလေး Liang Hsiao Sung နောက် လိုက်ခဲ့တော့တယ်။ အဲဒီအချိန်မှာ Bruceu ရှောဘရားသားစ် ရုပ်ရှင်ကုမ္ပဏီမှာ ကိုယ်ခံပညာနည်းပြလုပ်နေပြီး ကျွန်တော့်ဆရာနဲ့ ရင်းနှီးပါတယ်။ ဂိုဏ်းမတူပေမယ့် အသိမိတ်ဆွေတွေဖြစ်ကြတယ်။ အဲဒီတုန်းက "Black Shop"

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတဲ့ဇာတ်ကား ရိုက်ကူးနေပြီး မင်းသမီး Shih Szu, တွဲဖက်ဒါရိုက်တာ Wu Ma ဆိုတာကို ကျွန်တော် မှတ်မိနေပါသေးတယ်။ သူတို့ကို ဘယ်လို အကောင်းဆုံး သရုပ်ဆောင်ပြရမလဲဆိုတာကို ကျွန်တော်တွေးနေခဲ့ပါတယ်။

အဲဒီနေ့ရဲ့ ရိုက်ကွင်းက စားသောက်ဆိုင်ဒုတိယထပ်မှာ သိုင်းချကြမှာပါ။ သိုင်းသမားတစ်ယောက်ယောက်က ဒုတိယထပ်ကနေ ပြုတ်ကျရပါမယ်။ အားလုံးက အောက်ထပ်မှာ ကပ်ထူစက္ကူတွေခင်းပြီး အပေါ်ထပ် တက်ချကြတော့မယ်။ စ,မရိုက်ခင် ကျွန်တော်တို့အားလုံးပြင်ဆင်ပြီးကြပြီ။ Liang Hsiao Sung က စစ်သူကြီးတစ်ယောက်လို အားလုံးကို အလုပ်ခွဲပေးကြပြီ။ "တအောင့်နေရင် ဟိုဘက်ဒီဘက် နှစ်ဘက်စလုံး ကပ်ထူစက္ကူခင်းမယ်။ တစ်ယောက်ယောက်က ဒုတိယထပ် ဟိုဘက်ကနေ ပြုတ်ကျရမယ်၊ ဒီဘက်ကနေလည်း နောက်တစ်ယောက်ပြုတ်ကျရမယ်"

သူ့အပြော မပြီးခင် လူတစ်ယောက်က ဒုတိယထပ်ပေါ် တဒုန်ဒုန်း တက်သွားတာ တွေ့လိုက်တယ်။ အဲဒီလူက ကျွန်တော်ပါပဲ။ အပေါ်ရောက်တော့ လက်ရန်းဘေး ကျွန်တော် ရပ်လိုက်တယ်။ သဘောက ခုန်ချရအခက်ဆုံး ဒီနေရာကို ကျွန်တော် ဦးထားလိုက်ပြီ ဆိုတာပါ။

နောက်ဆုံးမှာတော့ ကျွန်တော် ဆူပူကြိမ်းမောင်းခံလိုက်ရပါတယ်။

"မင်းမေကလွှား မင်းကဘယ်သူလဲ၊ မင်းဘာလုပ်တာလဲ"

အဲဒီတုန်းက ကျွန်တော်အလုပ်ဝင်စဖြစ်တာကြောင့် သူတို့နဲ့ ကျွန်တော် မရင်းနှီးပါဘူး။

"ဒီကနေပြုတ်ကျဖို့ ကျွန်တော် တာဝန်ယူပါတယ်"

"မင်း ဆင်းခဲ့စမ်း"

ဒုန်းဒုန်းဒုန်းနဲ့ ကျွန်တော်ဆင်းသွားတာကို အားလုံးကြည့်နေကြတယ်။ ကြည့်နေချိန်မှာ အားလုံးရယ်နေကြတယ်။

ကိုယ်ခံပညာနည်းပြက တာဝန်တွေခွဲပေးပြန်တယ်။

"ကောင်းပြီ. . . အားလုံးအသင့်ပြင်. . . Bruce Leaung ခဏနေ မင်းတက်သွား၊ ဟို ဘယ်သူ ဘယ်သူ. . . မင်းက ဒီဘက်တက်. . . "

တိုတိုပြောရရင် အဖွဲ့ထဲက အကောင်းဆုံးသိုင်းသမားကို သူ လွှတ်လိုက်တာပါ။ သိုင်းလောကမှာလည်း အဆင့်ခွဲထားပါတယ်။ လုပ်ရခက်တဲ့လှုပ်ရှားမှုတွေဆိုရင် ပိုက်ဆံပိုရပါတယ်။ လူကြမ်းလေးတွေက အရံနဲ့ တခြားအလုပ်ကို လုပ်ရပါတယ်။ အဲဒီနေ့ ကျွန်တော်ရဲ့တာဝန်က ကပ်ထူစက္ကူဘေးရပ်ပြီး ပြုတ်ကျလာမယ့်

mgyoe.com

mgyoe.com
SAMPLE BOOK

သူကို ကာကွယ်ဖို့ဖြစ်ပါတယ်။

အဲဒီနေ့က တစ်နေကုန် ကျွန်တော်အလျှော်ခံနေခဲ့ရတယ်။

"မင်းက အပေါ်တက်မယ်ဟုတ်လား၊ မင်းအလှည့်ရောက်ဖို့ စောင့်လိုက်ပါဦးကွာ"

ရှက်ရွံ့တယ်လို့ ကျွန်တော်ခံစားရပြီး နောက်ပိုင်းမှာ သူတို့ဆီကနေ ကျွန်တော် ထွက်လာခဲ့လိုက်ပါတယ်။

အဲဒီနောက် သရုပ်ဆောင် Tsui Siu Ming ရဲ့အစ်ကို Simon Chui နောက် ကျွန်တော် လိုက်ခဲ့တော့တယ်။ သူကလည်း ကိုယ်ခံပညာနည်းပြတစ်ယောက်ဖြစ်တယ်။ အဲဒီအဖွဲ့ထဲဝင်ချိန်မှာ စိတ်လိုလက်ရရှိတိုင်း ရှေ့မထွက်ဖို့ ကျွန်တော်နားလည်ခဲ့ပါပြီ။ စိတ်ထဲမကျေနပ်ပေမယ့် သူတို့ခိုင်းတာပဲ လုပ်ရပါတယ်။ အဲဒီတုန်းက သရုပ်ဆောင် Ching Siu Tung နဲ့ Mars က အဲဒီအဖွဲ့ထဲရောက်နှင့်နေကြပြီး နောက်ပိုင်းမှာ ကျွန်တော်တို့ ပိုရင်းနှီးသွားခဲ့ကြပါတယ်။

Simon Chui ရဲ့အဖွဲ့မှာ လူအယောက် ၃၀ ရှိပါတယ်။ ကျွန်တော်က လူသစ်ဖြစ်တာကြောင့် ကပ်ထူစက္ကူခင်းတဲ့၊ ကာကွယ်တဲ့အလုပ်မျိုး၊ အရံလုပ်တာမျိုးတွေပဲ လုပ်ခဲ့ရပါတယ်။ ရိုက်ကွင်းထဲ ကိုယ်ခံနည်းပြရောက်လာတဲ့အခါ သူနဲ့အတူနှစ်အတော်ကြာ လက်တွဲလုပ်ခဲ့သူတွေ၊ သိုင်းတော်တဲ့လူတွေသာ ရှေ့ထွက်ရပ်ကြပြီး ကျွန်တော်တို့လို လူသစ်၊ ငယ်ရွယ်သူတွေက နောက်ဆုံးမှာ ရပ်ရပါတယ်။ နည်းပြက ကျွန်တော့်ကို ခေါင်းညိတ်ပြရုံသာရှိခဲ့ပြီး အချိန်အတော်ကြာတဲ့အထိ ကျွန်တော်ကို မသိခဲ့ပါဘူး။

အမြဲတမ်း ဒီအတိုင်းနေသွားလို့ မဖြစ်ဘူးလို့ ကျွန်တော် တွေးလိုက်မိပါတယ်။ ကျွန်တော့်ရဲ့ အရည်အချင်းကို သူမသိရင် သူသိအောင် ဘယ်လိုထုတ်ဖော်ပြရမလဲလို့ နေ့တိုင်း ကျွန်တော်စဉ်းစားနေခဲ့ပါတယ်။

အဲဒီတုန်းက ကျွန်တော်တို့အလုပ်သွားရင် ကားလာကြိုတဲ့နေရာ နှစ်နေရာရှိပါတယ်။ တစ်နေရာက ဘီလီယက်ရုံအနီးမှာဖြစ်ပြီး တစ်နေရာက ရေကြည်ပင်လယ်အော်ဘက်ဖြစ်ပါတယ်။ အဲဒီဘက်မှာ ကားဂိတ်တစ်ခုရှိပြီး မနက်တိုင်းရှောဘရားသားစ်ရုပ်ရှင်ကုမ္ပဏီဘက်သွားတဲ့ ဘတ်စ်ကားတစ်စီး ရှိတယ်။ အဲဒီဘတ်စ်ကားကိုမမီရင် သွားလို့မရတော့ပါဘူး။ ဖေဖေက ကျွန်တော့်ကို San Po Kong အရပ်မှာ အိမ်ဝယ်ပေးခဲ့တယ်။ အဲဒီကနေ ရေကြည်ပင်လယ်အော်ကို ဘတ်စ်ကားစီးသွားရင် နီးပါတယ်။ ဘတ်စ်ကားမမီမှာစိုးလို့ မနက်ငါးနာရီတိုင်း ဂိတ်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် သွားစောင့်ခဲ့တယ်။ ခြောက်နာရီခွဲ၊ ခြောက်နာရီလေးဆယ့်ငါးမှာ ဘတ်စ်ကားလာပါတယ်။

ဘတ်စ်ကားစောင့်တဲ့အခါတိုင်း ကျွန်တော့်အိပ်မက်ထဲကကား dream car BMW2002 အဝါရောင်လေးကို အမြဲတွေ့ရလေ့ရှိခဲ့တယ်။ အဲဒီကားက ကျွန်တော်တို့ရဲ့ ကိုယ်ခံနည်းပြဆရာ Simon Chui ရဲ့ကားဖြစ်တယ်။ ကားဂိတ်ဖြတ်မောင်းတဲ့အခါ "ဝူး" ခနဲ အင်ဂျင်သံရှည်ရှည်က သိပ်မိုက်ပါတယ်။

ကားဂိတ်ရှေ့ကို Simon Chui အမြဲဖြတ်သွားတတ်တယ်ဆိုတာကို သိရတဲ့နောက် ကားဂိတ်မှာ ကျွန်တော် ရပ်မစောင့်တော့ဘဲ ကားဂိတ်ရဲ့ရှေ့တစ်လံ လူမရှိတဲ့နေရာ မြေကွက်လပ်ထိသွားပြီး လမ်းဘေးမှာ ကျွန်တော် ရပ်စောင့်နေခဲ့တတ်တယ်။ အဲဒီနေရာက မီးပွိုင့်နဲ့ သိပ်မဝေးပါဘူး။ သူ့ကား "ဝူး" ခနဲဖြတ်သွားမှ ကားဂိတ်ဆီ ကျွန်တော်ပြန်လာပါတယ်။

အဲဒီလိုလုပ်တာတစ်ပတ်မကြာခင် တစ်ရက်မှာ သူ့ကား ရုတ်တရက်ရပ်ပြီး ကျွန်တော့်ကိုလက်ပြတာကြောင့် သူ့ဆီ ကျွန်တော် အမြန်ပြေးသွားလိုက်ပါတယ်။

"ဘတ်စ်ကားလာပြီလား" သူ မေးပါတယ်။

"မလာသေးပါဘူး"

"ဒါဆို ကားပေါ်တက်"

ဟား. . . ကျွန်တော်လုပ်နိုင်ခဲ့ပါပြီ။

ကားတံခါးကိုဖွင့်ပြီး တင်ပါးကို ကျွန်တော် အရင်လွှဲထိုင်လိုက်ပါတယ်။ ခြေထောက်တွေကို ကားပေါ်မတင်သေးဘဲ ခြေထောက်တွဲလောင်းချရက် ခြေဖဝါးအချင်းချင်း ကျွန်တော် ရိုက်လိုက်ပါတယ်။ ဖိနပ်ပေါ်က ဖုန်တွေကို ခါထုတ်ပြီးမှ ကားထဲ ကျွန်တော်ဖြည်းဖြည်းသာသာ ဝင်ပါတယ်။ သေချာထိုင်ပြီးတဲ့အခါမှာတော့ ရိုက်ကွင်းရောက်တဲ့အထိ ကျွန်တော် မလှုပ်ခဲ့တော့ပါဘူး။

သူ့ကားကို သူ ချစ်တယ်ဆိုတာ ကျွန်တော် သိပါတယ်။ ကားချစ်တဲ့လူတစ်ယောက်အဖို့ စည်းမရှိကမ်းမရှိ ကားပေါ်တက်စီးတာကို သူ ကြိုက်မှာမဟုတ်ပါဘူး။

"မင်းနာမည်ဘယ်လိုခေါ်လဲ"

"ချိန်ယွမ်လုတ်ပါ ခင်ဗျား"

". . . . ."

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ကားနဲ့ လိုက်ရလို့ ရိုက်ကွင်းကို တခြားလူထက် ကျွန်တော် စောရောက်ပါတယ်။ ရိုက်ကွင်းရောက်ပြီး အဝတ်အစားလဲပြီးရင် ကျန်လူတွေကို ထိုင်စောင့်နေရုံပါပဲ။ ထိုင်စောင့်နေတုန်း Simon Chui က သူ့ကားကို တိုက်ချွတ်ဆေးကြောတာတွေ့လိုက်ပါတယ်။

အဲဒီတုန်းက ကိုယ်ခံပညာနည်းပြကို ကျွန်တော်တို့က "မြွေခေါင်း" လို့ခေါ်ပါတယ်။

"မြွေခေါင်း၊ ကျွန်တော်တိုက်ပေးပါမယ်"

ကားကို ကျွန်တော် ဘယ်လို တိုက်ချွတ်ဆေးကြောသလဲသိလား။

ဘီးခွံကို ကျွန်တော်က သွားတိုက်တံနဲ့ တိုက်တယ်။ ကားတံဆိပ် ကြားနေရာတွေကို သွားတိုက်တံနဲ့ ကျွန်တော် သန့်ရှင်းတယ်။ အလုပ်သိမ်းချိန် သူ့ကားပြောင်လက်နေတာကိုတွေ့တော့ နည်းပြဆရာရဲ့မျက်နှာမှာ ကျေနပ်တဲ့အပြုံးဝင်းပသွားတယ်။

အဲဒီနောက်ပိုင်း ကားဂိတ်နား သူကား ရပ်တတ်ခဲ့တယ်။ ကျွန်ုပ်ပော်လည်း အဲဒီနေရာကနေ သူ့ကား စီးခွင့်ရခဲ့တယ်။ သူ့ကို ကျွန်တော် တဖြည်းဖြည်း ချဉ်းကပ်လာနိုင်ခဲ့တယ်။

ရိုက်ကွင်းမှာ Simon Chui ရဲ့ ဂုဏ်ယူမာန်ဝင့်တဲ့ ရုပ်သွင်ကိုမြင်တော့ ကိုယ်ခံပညာနည်းပြအလုပ်က သိပ်ကြီးကျယ်တယ်လို့ ကျွန်တော်ထင်လာခဲ့တယ်။ အားလုံးရဲ့အလုပ်အကိုင်အခွင့်အလမ်းနဲ့ လုပ်အားခကို ဆုပ်ကိုင်ထားနိုင်ရုံမက ကျွမ်းကျင်တဲ့ လှုပ်ရှားဖန်တီးမှုတွေပါ ပြီးမြောက်အောင် လုပ်ဆောင်နိုင်လာနိုင်တာကို တွေ့တော့ တစ်ချိန်ချိန်မှာ သူ့လိုဖြစ်ဖို့ ကျွန်တော်မျှော်လင့်ခဲ့တယ်။ ဒါဟာ ကျွန်တော်ရဲ့ပထမဆုံး ရှင်းလင်းတိကျတဲ့ ဘဝရည်မှန်းချက်တစ်ခု ဖြစ်လာခဲ့တယ်။ အရင်ကထက် ကျွန်တော်ပိုပြီး ဂရုတစိုက် သင်ယူလေ့လာခဲ့တော့တယ်။

ရိုက်ကွင်းမှာ ပထမဆုံးသင်ယူရမယ့်အရာက "ရပ်" ဆိုတာပဲဖြစ်တယ်။ တခြားသူ အလုပ်လုပ်နေတာ အနှောင့်အယှက်မဖြစ်အောင် ဘယ်နေရာမှာ ရပ်ရမယ်ဆိုတာကို နားလည်ရပါတယ်။ သင့်တော်တဲ့နေရာတစ်ခုမှာ ကျွန်တော်အမြဲ ရပ်ပြီး ဒါရိုက်တာနဲ့ Simon Chui ဘယ်လိုစကားပြောလဲ၊ ဒါရိုက်တာက သူနဲ့ ကင်မရာမြင်ကွင်း ကို ဘယ်လိုမျှလဲ၊ သိုင်းချနေချိန် ကင်မရာကို သူဘယ်လိုထားလဲ၊ မီးဘယ်လိုထိုးလဲ၊ ဘယ်အချိန်မျိုးမှာ အလင်းပြန်မှန်ချပ်ကိုသုံးလဲ၊ ဘယ်အချိန်မျိုးမှာ မသုံးလဲ. . .၊ နေ့တိုင်း ကျွန်တော်စောင့်ကြည့်လေ့လာခဲ့ပါတယ်။ တစ်ခါတလေ

mgyoe.com

mgyoe.com SAMPLE BOOK

အရေးကြီးတာကို မှတ်စုလုပ်ပြီး အိတ်ကပ်ထဲထည့် နေ့တိုင်း ထုတ်ကြည့်ခဲ့ပါတယ်။

အဲဒီတုန်းက အဖွဲ့ထဲမှာ ကျွန်တော်အငယ်ဆုံးဖြစ်တာကြောင့် အားလုံးက ကျွန်တော့်ကို "ရဲဘော်လေး" လို့ခေါ်ကြတယ်။ Simon Chui နဲ့ရင်းနှီးသွားတဲ့နောက် တစ်ခါတလေ ကျွန်တော်ရပ်နေတာကိုမြင်ရင် သူက "ရဲဘော်လေး. . ရေနွေးကြမ်း တစ်ခွက်လောက် ယူပေးပါ" လို့ ပြောရင် ကျွန်တော်က ရေနွေးကြမ်း အမြန်သွား ယူတယ်။ သူက "ရဲဘော်လေး၊ ခေါက်ဆွဲတစ်ပွဲသွားမ,ခဲ့" ဆိုရင် ကျွန်တော်က ခေါက်ဆွဲပြေးမ,တယ်။ နောက်ပိုင်း "အစမ်းလေ့ကျင့်တဲ့ပစ္စည်းတွေ သွားယူပေး" လို့ သူပြောလာတတ်ပြီး နောက်ပိုင်းနောက်ပိုင်းမှာ အစားထိုးသရုပ်ဆောင်လိုတဲ့အခါ "လာ. . . ရဲဘော်လေး မင်းလာလုပ်" လို့ ကျွန်တော့်ကို သူခေါ်တတ်ခဲ့တော့တယ်။

အစမှာတော့ အရေးမပါတဲ့ သရုပ်ဆောင် ဥပမာ "သိုင်းအကျော်အမော်" အတွက် လူအုပ်ကြီး လိုအပ်တာမျိုးရှိတယ်။ ရိုက်ကွင်းထဲ ပြေးလွှားရ၊ လဲချရ လှိမ့်ရတာမျိုး လုပ်ခဲ့ရတယ်။ "အသေတတ်တယ်" ဆိုတဲ့ အတွေ့အကြုံရှိခဲ့တဲ့ နောက် အစားထိုးသရုပ်ဆောင်တာမျိုး ကျွန်တော် အများကြီး လုပ်ချင်လာခဲ့တယ်။ တခြားသူက တစ်ယောက်စာအစားထိုးရင် ကျွန်တော်က လေးယောက် ငါးယောက် စာ အစားထိုးလုပ်တယ်။ သရုပ်ဆောင်ရမယ့်အခွင့်အရေးတိုင်းကို ကျွန်တော် လက်မလွှတ်ခဲ့ပါဘူး။

အဲဒီလို လုပ်ဆောင်ရတာတွေ များလာတော့ Simon Chui လည်း ကျွန်တော့်အစွမ်းအစ၊ ခံယူချက်၊ သဘောထားကို မြင်လာခဲ့ပြီး ကျွန်တော့်ကို ခေါင်းဆောင်မင်းသားနေရာမှာ အစားထိုးသရုပ်ဆောင်ဖို့ စီစဉ်တော့တယ်။ အဲဒီ နောက်ပိုင်း ကိုယ်ခံပညာနည်းပြကသူဆိုရင် ခေါင်းဆောင်မင်းသားအစားထိုးက ကျွန်တော် ဖြစ်လာခဲ့တယ်။ အဲဒီတုန်းက နာမည်ကြီးမင်းသား Elliot Ngok, Lo Lieh တို့ကို အစားထိုးဖို့က လွယ်ပါတယ်။ သူတို့က သိပ်ချောတာကြောင့် ခေါင်းစွပ် လေးတစ်ခုကပ်လိုက်ရင် ပြီးသွားပါတယ်။ ကျွန်တော်အကြောက်ဆုံးက လူအို အစားထိုး သရုပ်ဆောင်တာပါပဲ။ မျက်ခုံးမွှေးဖြူ ဆံပင်ဖြူ မုတ်ဆိတ်ဖြူတွေ ကပ်ရ လို့ အချိန်တော်တော်ကြာပါတယ်။

နောက်ပိုင်း ကျွန်တော့်အစွမ်းအစတွေထုတ်ပြဖို့ အခွင့်အရေးတွေ တဖြည်းဖြည်း ရလာခဲ့တယ်။ Simon Chui ကလည်း ကျွန်တော်ဟာ ကပ်ဖားလျက် ဖားလုပ်တတ်ရုံတင် မဟုတ်ဘဲ တကယ့်အရည်အချင်းရှိရှိ လုပ်နိုင်တယ်ဆိုတာ သူ သိလာခဲ့တယ်။ အဲဒီလိုနဲ့ ကျွန်တော်ဟာ Simon Chui ရဲ့ ဘယ်ညာလက်စွဲ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်လာခဲ့တယ်။ ကျွန်တော့်အရည်အချင်းကိုလည်း သူမျက်ခြေမပြတ် စောင့်ကြည့် စစ်ဆေးနေခဲ့တော့တယ်။

အစမ်းလေ့ကျင့်တဲ့အခါ သူက ကျွန်တော့်ကို "လာ. . . မင်းက မင်းသား နေရာမှာနေ၊ ငါတို့ တစ်ချက်လျှောက်ကြည့်မယ်"၊ "လာ. . . မင်းကို ငါလျှောက် ပြမယ်" လို့ခေါ်တတ်ခဲ့တာကြောင့် မင်းသားကြီးတွေဖြစ်တဲ့ Elliot Ngok, Lo Lieh တို့ကို ဘယ်လို အစမ်းလေ့ကျင့်ရမယ်ဆိုတာကို ပြဖို့ ကျွန်တော့်မှာ အခွင့် အရေး ရှိလာခဲ့တယ်။ ဒါဟာ သိပ်ဂုဏ်ယူစရာကောင်းတဲ့ကိစ္စ ဖြစ်ခဲ့တယ်။

ရိုက်ကွင်းတစ်ခုမှာ သူက "မင်းက မင်းသမီး Shi Pei Pei အစမ်းလေ့ကျင့် တဲ့အပိုင်းကို တာဝန်ယူ. . . ငါက မင်းသားအပိုင်းကို တာဝန်ယူမယ်" လို့ ပြော တော့ ကျွန်တော်ချက်ချင်း အမိန့်နာခံလိုက်တယ်။ မင်းသမီးတစ်ယောက်ရဲ့အစမ်း လေ့ကျင့်မှုကို ကျွန်တော့်တစ်ယောက်တည်း လုပ်ခွင့်ပေးလိုက်တာဟာ ကျွန်တော့်ရဲ့ အရည်အချင်းကို အသိအမှတ်ပြုတာပဲ ဖြစ်တယ်။ ဒါပေမဲ့ အဖွဲ့ထဲကလူတွေနဲ့ ကျွန်တော် အလုပ်အတူလုပ်တဲ့အခါ တစ်ခုခု မှားနေပြန်တတ်တယ်။ ဥပမာ ကျွန်တော်က ဓားသိုင်းတစ်ကွက်ပြရင် သူတို့က ကျွန်တော့်ကို တစ်ကွက်ပြန်ပြ ရမယ်။ ပြီးရင် ကျွန်တော်က နောက်တစ်ကွက်ပြမယ်။ ဒါကမှ အစမ်းလေ့ကျင့် တာဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော့်ဘက်ကပြပြီး သူတို့က ပြန်မပြဘဲ မထီမဲ့မြင်နဲ့ "ပြီးရင်. . . ဘာဆက်လုပ်ရမလဲ" မေးတတ်ခဲ့တယ်။

သူတို့ အစမ်းမလေ့ကျင့်တဲ့အခါ ကျွန်တော်တစ်ယောက်တည်း ငါး ယောက် ခြောက်ယောက်စာ လေ့ကျင့်ရတော့တယ်။ ဒီလိုဆိုရင် ကျွန်တော်ရှေ့ဆက် မရခဲ့တော့ပါဘူး။ တအောင့်နေလို့ Simon ရောက်လာရင် ဒေါသတကြီး "ဒီလောက် ကြာတာတောင် ဘာလို့ လေ့ကျင့်လို့မပြီးသေးတာလဲ" အော်ပါတော့တယ်။

ကျွန်တော်ခြေလှမ်းသွက်လို့ အဆင့်တက်မြန်တာကြောင့် ကျန်လူတွေ က ကျွန်တော့်ကို ကြည့်မရတော့ဘူးဆိုတာ ကျွန်တော် သိပါတယ်။ အဖွဲ့နဲ့အလုပ် လုပ်တဲ့အခါ ပေါင်းသင်းဆက်ဆံရေးကလည်း ပညာတစ်ရပ် ဖြစ်ခဲ့တယ်။ ကိုယ့် အရည်အချင်းနဲ့ လူတွေအားလုံး ချစ်ခင်လာအောင်လုပ်ဖို့ ကျွန်တော်ဆုံးဖြတ် လိုက်ပါတယ်။

ပင်ပန်းတဲ့နေ့ရက်တွေမှာ ကျွန်တော့်အချစ်ဦးက ကျွန်တော့်ကို အားတွေ ပေးခဲ့တယ်။ ကျွန်တော့်အပေါ် သူကြင်နာခဲ့တယ်။ နေ့တိုင်း ကျွန်တော့်အိမ်ကို ဆယ်နာရီလောက် သူရောက်လာပြီး ကျွန်တော့်အခန်းကို သန့်ရှင်းပေးတယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

အဝတ်လျှော်ပေးတယ်၊ ညမှ သူအိမ်ပြန်တယ်။ သူနဲ့အတူဖြတ်သန်းတဲ့နေ့ရက်တွေက သိပ်ပျော်စရာကောင်းခဲ့တယ်။ ရိုက်ကွင်းမှာဖြစ်ပျက်သမျှ ပျော်စရာတွေ သူ့ကို ကျွန်တော် မျှဝေတတ်တယ်။ တစ်နေ့ သူ့မိဘကို ကျွန်တော့်အလုပ်အကိုင်အကြောင်း ပြောပြလိုက်တော့ သူ့မိဘတွေက ဘာဆင်ခြေမှမလိုဘဲ သူနဲ့ကျွန်တော်ကို လမ်းခွဲခိုင်းခဲ့တယ်။ သူ့အဖေပြောတဲ့ စကားတစ်ခွန်းကို ဒီကနေ့တိုင် ကျွန်တော် မှတ်မိနေခဲ့ပါတယ်။

"သိုင်းသမားတစ်ယောက်က ဘယ်တော့မှ အောင်မြင်မှာမဟုတ်ဘူး။ ငါ့သမီးကို မငံးမထိနဲ့"

ဒီစကားတစ်ခွန်းက ရိုက်ကွင်းမှာ ကြုံတွေ့ရတဲ့ ပင်ပန်းမှုနဲ့ အသက်အန္တရာယ်ထက် ကျွန်တော့်ကို ပိုထိုးနှက်ခဲ့ပါတယ်။ လက်တွေ့ဘဝရဲ့ ရက်စက်မှုကို ကျွန်တော် ပထမဆုံးအကြိမ် ခံစားလိုက်ရတယ်။ မိမိကိုယ်ကို လေးစားစိတ်ကို နင်းချေလိုက်တဲ့ ထိုးသတ်ချက်က ကျောင်းက ဆရာရိုက်တာထက် အဆမတန် အားပြင်းခဲ့ပါတယ်။ အိမ်မှာ တစ်လုံးတည်းရှိတဲ့ ထိုင်ခုံကို ကျွန်တော် ရိုက်ချိုးပြီးတဲ့နောက် ကျွန်တော် တဖြည်းဖြည်းငြိမ်ကျလာခဲ့ပြီး အနာဂတ်ကို စတင်တွေးတောလာခဲ့မိပါတယ်။ အဲဒီမတိုင်ခင်မှာတော့ တိုးတက်ဖို့ မတွေးရဲခဲ့ပေမယ့် နောက်ပိုင်းမှာ အနာဂတ်ဆီသွားမယ့်လမ်းက ဒီတစ်လမ်းပဲရှိတယ်ဆိုတာကို ကျွန်တာ် သိလိုက်ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# နဂါးကျားသိုင်းဆရာ

ချစ်သူနဲ့ လမ်းခွဲပြီးတဲ့နောက် ရှိရှိသမျှ ခွန်အား၊ ကာယအားတွေကို အလုပ်ထဲပဲ ကျွန်တော် ပုံချထားလိုက်တယ်။ ရိုက်ကွင်းကို အစောဆုံးရောက်ပြီး နောက်ကျမှပြန်တယ်။ ကျွန်တော့်အပေါ် အဖွဲ့သားတွေ ထင်မြင်ချက်ကောင်း ကျန်အောင် ကျွန်တော် အထူးနိုးကြားတက်ကြွ ပြုမူခဲ့တယ်။ Simon ရဲ့အဖွဲ့မှာ ကျွန်တော်နယ်ပယ်နဲ့ မသက်ဆိုင်တဲ့ ခက်ခဲပြီး အန္တရာယ်ရှိတဲ့ လှုပ်ရှားမှုတချို့ကို ကျွန်တော် သတ္တိရှိရှိမြည်းစမ်း သရုပ်ဆောင်ခဲ့တယ်။ သရုပ်ဆောင်ပြီးတဲ့အခါ အမြဲ စိတ်လက်ပေါ့ပါး ဟန်ဆောင်ခဲ့တယ်။ ကျွန်တော့်ကိုယ်ပေါ်က နာကျင်မှုတွေကို တခြားသူကို မမြင်စေခဲ့ဘူး။

ရိုက်ကွင်းမှာ "နဂါးကျားသိုင်းဆရာ" က ကိုယ်ခံပညာနည်းပြဆရာရဲ့ လက်အောက် ဒုတိယနေရာကဖြစ်တယ်။ အကြီးတန်းစတန့်သမားတွေဖြစ်တဲ့ သူတို့ဟာ သိုင်းကားတစ်ကားအတွက် မရှိမဖြစ် အရေးပါတဲ့လူတွေ ဖြစ်တယ်။ ရတဲ့ပိုက်ဆံကလည်း တခြားသိုင်းသမားတွေထက် များတယ်။ သိုင်းသမားတွေ အားကျရတဲ့သူတွေ ဖြစ်တယ်။ "နဂါးကျားသိုင်းဆရာ" ဆိုတဲ့နာမည်ကိုကြားရုံနဲ့တင် ခံ့ညားခက်ထန်မှုကို ခံစားနိုင်ပါတယ်။ ဒါက ကျွန်တော့်အတွက် ကိုယ်တိုင်သတ်မှတ် လိုက်တဲ့ ပထမရည်မှန်းချက် ဖြစ်တယ်။ တခြားလူ မပြီးမြောက်နိုင်တဲ့ အက်ရှင် လုပ်ရပ်တွေကို ကျွန်တော့်ကိုယ်ပိုင် လုပ်ဆောင်ချက်တွေနဲ့ သက်သေပြပါမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီလိုနဲ့ အခွင့်အရေးတစ်ခု ရောက်လာခဲ့ပါတယ်။

အဲဒီဇာတ်ဝင်ခန်းမှာ ဒါရိုက်တာက မြစ်ကိုဖြတ်ကူးတဲ့အခန်း ရိုက်ချင်တော့ ရေပေါ် စပရိန်ခုတင်သုံးလုံး ခင်းခိုင်းပြီး သိုင်းသမားက ခုတင်ပေါ်ကနေ သုံးကြိမ်ဆက်တိုက်ခုန်ရပါမယ်။

ရေက လှုပ်ရှားစီးဆင်းနေတာကြောင့် ရေပေါ်စပရိန်ခုတင် ခင်းတာက ပြန့်ပြူးတဲ့ မြေပြင်ပေါ် ခင်းသလို တည်ငြိမ်တဲ့ အထောက်အပံ့ မရှိတော့ ခုန်အားလည်း မရှိဘူးဆိုတာကို လူတိုင်း သိပါတယ်။ အတွေ့အကြုံရှိတဲ့သိုင်းသမားတောင် ဒီသရုပ်ဆောင်ကွက်ကို မလုပ်နိုင်ဘူးလို့ ပွင့်ပွင့်လင်းလင်း ပြောပါတယ်။ ရေစုပ်ထုတ်မလား၊ ဒါမှမဟုတ် စပရိန်ခုတင်ကို ရေထဲထောင်ထားနိုင်အောင် ခုတင်အောက်မှာ လုံလောက်တဲ့အမြင့် ခုမလားဆိုပြီး ပြောကြတယ်။ ရေစုပ်ထုတ်ဖို့ မဖြစ်နိုင်ဘူးလို့ ထုတ်လုပ်သူက ထင်တယ်။ ဒါရိုက်တာကလည်း သိသာမြင်သာဖြစ်သွားမှာစိုးလို့ စပရိန်ခုတင်ကိုမြင့်ဖို့ သဘောမတူဘူး။

အဲဒီအချိန်မှာ ကျွန်တော်က ကျွန်တော်လုပ်မယ် ပြောလိုက်တယ်။

ကျွန်တော်လုပ်နိုင်မှာ မဟုတ်ဘူး၊ လုပ်ရသိပ်ခက်တယ်၊ မဖြစ်နိုင်ဘူးလို့ လူတွေက ဝိုင်းတားကြတယ်။

ကျွန်တော်က ရတယ်၊ ကိစ္စမရှိဘူး။ လုပ်မယ်လို့ ပြောလိုက်တယ်။

စရိုက်တဲ့အခါ စပရိန်ခုတင်က လုံးဝခုန်အားမရှိလို့ ကျွန်တော်က ကိုယ့်ကြွက်သားအားနဲ့ပဲ ကျွမ်းပစ်လိုက်ရတယ်။ နောက်ဆုံး အဲဒီအပြုအမူပြီးမြောက်သွားတာကိုတွေ့တော့ အားလုံးမှင်တက်ကုန်ကြတယ်။ ဒီကောင်လေး အရည်အချင်းရှိတယ်ဆိုတာကို သိသွားကြတယ်။

အဲဒီတစ်ခေါက်ရဲ့ အောင်နိုင်ခြင်း အသိအမှတ်က ကျွန်တော့်ကို ငယ်ရွယ်တဲ့ နဂါးကျားသိုင်းဆရာတစ်ယောက် ဖြစ်လာစေခဲ့တာပဲ ဖြစ်တယ်။ အဲဒီနောက်ပိုင်း စိတ်လှုပ်ရှားမှုအပြည့်နဲ့ အစဉ်အမြဲပြောင်းလဲနေမယ့် ကျွန်တော့်ဘဝရဲ့ အနာဂတ်ကို ကျွန်တော် တကယ်နားလည်လာခဲ့တော့တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# စိတ်အားထက်သန်

အသက် ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်အရွယ် ကျွန်တော်တို့ လူကြမ်းသိုင်းသမားအဖွဲ့ဟာ ခန္ဓာကိုယ်ထဲ န္တားသွေးတွေပြည့်နေတဲ့အလား အားမာန်အပြည့်နဲ့ စွမ်းအင်တွေ အမြဲပြည့်နေတယ်လို့ ခံစားရတယ်။

အဲဒီတုန်းက ဟောင်ကောင်မှာ လျှပ်စစ်စက်ဘီး ခေတ်စားပါတယ်။ တစ်နေ့မှာ ကျွန်တော်တို့လူတစ်သိုက် လမ်းဖြတ်ကူးချိန် Mira အဆောက်အဦးဘက်မှာ လူခုနစ်ယောက်ကို တွေ့လိုက်တယ်။ သူတို့ဘေးမှာ ၁၂၅ လျှပ်စစ်စက်ဘီး ခုနစ်စီးကိုတွေ့တော့ သိပ်မိုက်တယ် ခံစားရတယ်။ သူတို့ကို ကျွန်တော်အားကျမိလို့ စက်ဘီးကိုလက်ညှိုးထိုးပြီး ဘေးကသူငယ်ချင်းကို "အရွယ်ရောက်လို့ ပိုက်ဆံရှိလာတဲ့အခါ ငါလည်း အဲလိုစက်ဘီးတစ်စီးဝယ်မယ်" လို့ ပြောလိုက်တယ်။ ဒါကို သူတို့ထဲက လူတစ်ယောက်က "မင်း ဘာလက်ညှိုးထိုးတာလဲ" လို့ အော်တယ်။

ကျွန်တော်က "အမ်. . ." လို့ပဲ ရေရွတ်တုန်းရှိသေးတယ်၊ ဘေးက သူငယ်ချင်းက တဟုန်ထိုးပြေးပြီး အဲဒီလူဘေးက စက်ဘီးကို ကန်ပစ်လိုက်ပါပြီ။ စက်ဘီးခုနစ်စီးလုံး ရှေ့ဆင့်နောက်ဆင့် လဲကုန်တယ်။ အဲဒီလူအုပ်က ကျိန်ဆဲရင်းပြေးတက်လာချိန် လေအလျင်တစ်ခု ကျွန်တော့်ဘေး ဖြတ်သွားသလို ခံစားရတဲ့နောက် လူအုပ်နှစ်အုပ်ဟာ လုံးထွေးသွားကြတော့တယ်။

ကျွန်တော်တို့က သုံးယောက်နဲ့ တစ်ဘက်လူက ခုနစ်ယောက်။ အချိန်

mgyoe.com

mgyoe.com SAMPLE BOOK

စက္ကန့်သုံးဆယ်နဲ့ တစ်ဘက်လူ ခုနစ်ယောက် မြေပြင်ပေါ် တုံးလုံးပက်လက်လဲ ကုန်ကြတယ်။ ဖြစ်စဉ်က ဘယ်ပုံ ဘယ်သို့ ဘာဖြစ်သွားတယ်ဆိုတာကိုတောင် သိလိုက်ကြမယ် မထင်ပါဘူး။

ကျွန်တော်တို့ ကိုယ်ခံပညာသမားအနေနဲ့ပြောရရင် ရန်ဖြစ်တဲ့အခါ ဆက်တိုက်လှုပ်ရှားမှုတစ်ခုဖြစ်တဲ့ ချ၊ ဆွဲ၊ တွန်း၊ ဖြတ်က လှုပ်ရှားမှု အင်မတန် မြန်ပါတယ်။ တစ်ဘက်လူကို ဘာမှန်းမသိခင် မြေပေါ်အလဲဖြိုနိုင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ရန်ဖြစ်တဲ့အခါ အကျင့်တစ်ခုရှိတယ်။ အဲဒါကတော့ ဘေးမှာ ကိုယ့်ကို ဝိုင်းထိုးနေသူတွေ ဘယ်လောက်များများ ကိုယ်က လူတစ်ယောက်ကိုပဲ စိုက်ကြည့်ပြီး ထိုးတယ်။ သူလဲကျသွားတဲ့အထိ ထိုးပြီးမှ နောက်တစ်ယောက်ကို ပြောင်းထိုး တယ်။ သာမန်အားဖြင့် ရန်ဖြစ်ကြတဲ့အခါ လူတွေက လက်သီးချင်းလက်သီး၊ ခြေ ခြေချင်းချကြတယ်။ ကျွန်တော်တို့က အဲဒီလို မဟုတ်ဘူး။ ပစ်မှတ်ကြည်လင်တယ်၊ ထိုးချက်က တည်ငြိမ်တယ်၊ စေ့စပ်တယ်၊ ကြမ်းတယ်။ ဘေးကလူဆီ အာရုံမပျံ့ဘူး။ ကိုယ့်စည်းချက်ကို မရှုပ်ထွေးစေဘူး။ အဒရီနယ်ဂလင်း (ကျောက်ကပ်အနီးမှာရှိ သည့်ဂလင်း၊ စိတ်လှုပ်ရှားသည့်အခါ အဒရီနယ်ဂလင်းက ထုတ်လိုက်သည့် အရည် ကြောင့် နှလုံးခုန်နှုန်း၊ စွမ်းအင်နှင့် တုံ့ပြန်မှုကို ပိုထက်မြက်စေသည် - ဘာသာပြန်သူ) တိုးပွားလာတဲ့အခါ တခြားလူ ကိုယ့်ကိုထိုးရင် နာမှန်းတောင် ကိုယ်သိတော့တာ မဟုတ်ပါဘူး။

သူတို့လဲကျသွားတာကိုမြင်တာနဲ့ ကျွန်တော်တို့ ထွက်ပြေးကြတော့တယ်။ တကယ်တော့ ကျွန်တော်တို့လည်း ကြောက်ပြီး စိတ်လှုပ်ရှားတာကြောင့် တစ်ကိုယ် လုံး တုန်နေခဲ့တာပါ။ လမ်းတစ်ဝက်ရောက်မှ ကိုယ်တွေလည်း သွေးထွက်နေတယ် ဆိုတာကို သိရတယ်။ တစ်ယောက်က ပေါင်မှာ အချွန်တစ်ခုနဲ့ အထိုးခံလိုက်ရတာ ကြောင့် ဂျင်းဘောင်းဘီဆိုင်တစ်ဆိုင်ထဲ ဝင်ပြီး ဂျင်းဘောင်းဘီအသစ်တစ်ထည် ဝယ်လိုက်ရတယ်။ ဒဏ်ရာကိုလည်း ကျပ်စည်းလိုက်တယ်။ ကျွန်တော်တို့ထွက်ပြေး လို့ တစ်ဘက်ကိုရောက်မှ အခင်းဖြစ်တဲ့နေရာကို ပြန်လှည့်ကြည့်တော့ ဟိုလူ တစ်သိုက် လူနာတင်ကားနဲ့ ထွက်သွားတာကို တွေ့လိုက်တယ်။ အဲဒီမှာ တစ်ခုခုဖြစ် လေမလားဆိုပြီး ကျွန်တော်တို့ ကြောက်ခဲ့ကြတယ်။ ကံကောင်းတာက နောက်တစ် နေ့မှာ သတင်းစာပေါ် သတင်းပါမလာခဲ့တာပဲ။

အိမ်ပြန်ရောက်မှ ကျွန်တော့်ညာလက် တော်တော်လေး ယောင်နေတာကို သတိပြုမိတယ်။ လက်ဖမိုးက အရိုးတောင်ထွက်နေပြီ။ ဆေးရုံလည်းမသွားရဲခဲ့လို့

mgyoe.com

mgyoe.com
SAMPLE BOOK

ခံတွင်းဆေးရည်နဲ့ တစ်ချက်လောင်းပြီး အဝတ်စနဲ့ စည်းထားလိုက်တယ်။ နှစ်ရက်လောက်နေတော့ လက်က အပုပ်နံ့ထွက်နေပြီး သွေးနဲ့ပြည် ယိုစီးကျလာခဲ့တယ်။ အဝတ်စကိုဖြည်ပြီး ကျွန်တော်သေချာကြည့်တော့ အရိုးက အပြင်ကို ထွက်နေတုန်းပဲ။ ဒါနဲ့ အရိုးကိုထိကြည့်လိုက်တာ အောက်ကိုပြုတ်ကျသွားတယ်။ လက်စသတ်တော့ သွားတစ်ချောင်း ဖြစ်နေတာပါ။ ဘယ်ကံဆိုးသူမောင်ရှင်က ကျွန်တော့်လက်သီးစာမိပြီး သွားတစ်ချောင်း ပြုတ်ထွက်သွားသလဲ မသိပါဘူး။

ရိုက်ကွင်းသွားတဲ့နေ့ရက်တွေမှာ လူငယ်တစ်သိုက်အတူစုဝေးနေကြတော့ တစ်ခါတလေ အပျော်အပျက်လုပ်ကြတာမျိုးလည်း ရှိခဲ့ပါတယ်။ ဥပမာ ရိုက်ကွင်းမှာ မိန်းကလေးသရုပ်ဆောင်တချို့က ဒါရိုက်တာကို ဖားသလောက် လူကြမ်းသိုင်းသမားတွေကိုတွေ့ရင် ပုရွတ်ဆိတ်ကိုတွေ့သလိုမျိုး အထင်အမြင်သေးတတ်ကြတယ်။ တစ်ခါတလေ လူလိုမသတ်မှတ်ဘဲ အနိုင်ကျင့်သေးတယ်။ ဒီလိုအချိန်မျိုးမှာ လူကြမ်းသိုင်းသမားတွေက သူတို့ကို ပညာပေးတော့တယ်။

ဥပမာ သွေးအိတ်တွေကို ညှစ်တဲ့အခါ သပ်သပ်ရပ်ရပ် ညှစ်လို့ရပါရက်နဲ့ ပညာပေးချင်တဲ့အခါ တမင်တကာ သူတို့မျက်နှာပေါ် ကိုယ်ပေါ် ညှစ်ချလိုက်တာမျိုး။ သူတို့အဝတ်အစားသွားလဲရတဲ့အခါ သိုင်းသမားတွေပျော်ပြီး နားရတော့တယ်။ ခုနေခါ ပြန်တွေးကြည့်တော့ ဒါဟာ တော်တော်ဆိုးခဲ့တဲ့အဖြစ်ပါပဲ။ ဒါပေမဲ့ အဲဒီတုန်းက လူအများရဲ့အတွေးက ရိုးရှင်းပါတယ်။ အလုပ်ဆိုတာ ရာထူးအနိမ့်အမြင့်မခွဲဘူး၊ လူကို အထင်အမြင် လျှောက်မသေးနဲ့ ဆိုတာပါပဲ။

မင်းသမီး Cheng Pei Pei လို ထူးချွန်ထက်မြက်ပြီး အလုပ်ကို လေးစားတဲ့လူဆိုရင် ရိုက်ကွင်းလာတိုင်း အချိုစာနဲ့ ဟင်းချိုတွေသယ်လာပြီး ဒါရိုက်တာနဲ့ လူကြမ်းသိုင်းသမားတွေကို ဝေမျှပေးတတ်ခဲ့တယ်။ လူတိုင်းအပေါ် မှာလည်း ဖော်ရွေပြီး "ဆရာလေး" လို့ အမြဲခေါ် ခဲ့တယ်။ ရိုက်ကူးရေးလုပ်တဲ့အချိန် အားလုံးကလည်း သူ့ကို အထူးတလည် ပြန်ဖေးမကူညီကြတယ်။

အဲဒီတုန်းက ကျွန်တော်တို့ မကြာခဏ အရက်သောက်ကြသေးတယ်။ တစ်ခါက လူကြမ်းသိုင်းသမားတစ်ယောက်ရဲ့မင်္ဂလာပွဲကို ကျွန်တော်တို့သွားတော့ အားပြိုင်ချင်တာနဲ့ ဗော့ဒ်ကာအရက်တစ်ပုလင်းလုံး ကျွန်တော် သောက်ပစ်လိုက်တယ်။ အရက်မသောက်တဲ့လူတွေ တစ်ခွက်လောက်သောက်ရင်ပဲ မှောက်တဲ့အရက်မျိုးကို ယွမ်ခွေလည်း အများကြီး သောက်လိုက်တယ်။ အိမ်ကို ကျွန်တော်တို့ ဘယ်လိုပြန်ရောက်သွားမှန်းတောင် မသိလိုက်ဘူး။ တစ်ယောက်ယောက်က

mgyoe.com SAMPLE BOOK

ဟိုတယ်လှေကားကနေ အိပ်ခန်းအထိ တရွတ်တိုက်ဆွဲသွားတယ်လို့ ပြန်ပြောသံကြားမိပါတယ်။ နှစ်ရက်လောက် ကျွန်တော် အိပ်လိုက်ရပါတယ်။ နောက်ပိုင်းရက်တွေမှာ ဘာစားစား အန်ပြီး အတော်ခံရခက်ခဲ့တယ်။ အဲဒီနောက်ပိုင်း အရက်ကို တနင့်တပိုး မသောက်ဖို့ ကျွန်တော် နားလည်သွားခဲ့ပါတယ်။

ရတဲ့နေ့စားခ သိပ်မများတာတောင် ဘာလို့ဖြုန်းနေသေးလဲ၊ ဘာလို့မစု တာလဲလို့ လူတချို့ သိချင်နေကြပါလိမ့်မယ်။ အကြောင်းပြချက်က သိပ်ရိုးရှင်းပါတယ်။ ကျွန်တော်တို့ နေ့တိုင်း အလုပ်ကြိုးစားလုပ်ကြတယ်။ အသက်အန္တရာယ်ရှိတဲ့ သရုပ်ဆောင်ချက်တစ်ခုကို ပြုလုပ်ပြီးတဲ့နောက် နောက်ရက်နေရောင်ကို မြင်ရဖို့ အခွင့်အရေးရှိတော့မှာ မဟုတ်ဘူးဆိုတာ ထုတ်မပြောကြပေမယ့် လူတိုင်း သိထားကြတယ်။ ဒီလိုကြောင့်လည်း ဒီကနေ့ သောက်စရာရှိရင် ဒီကနေ့မူးပြီး ပိုက်ဆံဘယ်လောက်ရရ မနက်ဖြန်အတွက်မချန်ဘဲ ချက်ချင်း ဖြုန်းပစ်လိုက်တတ်ကြပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ဘရုစလီနဲ့ ကျွန်တော်

၁၉၇၁ ခုနှစ် ခေတ်နှောင်းပိုင်းမှာ "Fist of Fury" ဇာတ်ကား စရိုက်တယ်။ ဒါရိုက်တာက လော်ဝေ (Lo Wei) ဖြစ်ပြီး ဘရုစလီက အဓိကဇာတ်ဆောင်ဖြစ်တယ်။ ကိုယ်ခံပညာနည်းပြဆရာက Han Ying Chieh ဖြစ်တယ်။ သူက ကျွန်တော့်ဆရာ Yu Jim Yuen ရဲ့ သားမက် ဖြစ်တယ်။ ခါတိုင်းအချိန်မှာလည်း ကျွန်တော်တို့ကို အထူးတလည်ဂရုစိုက်တာကြောင့် သူ့ကိုကျွန်တော်တို့က ဆရာလေးလို့ ခေါ်တယ်။ သူက ကျွန်တော်တို့ညီအစ်ကိုတစ်သိုက်ကို ရုပ်ရှင်အဖွဲ့ထဲခေါ်ပြီး လူစားထိုးသရုပ်ဆောင်တာမျိုး လုပ်ခိုင်းတယ်။

အဲဒီခေတ်တုန်းက ဘရုစလီရဲ့ ရုပ်ရှင်ထဲ ပါဝင်ခွင့်ရရင် ဒါဟာ အင်မတန်ဂုဏ်ယူစရာတစ်ခု ဖြစ်တယ်။ ယာယီသရုပ်ဆောင်ပဲဖြစ်ဖြစ်၊ လူကြမ်းသရုပ်ဆောင်ပဲဖြစ်ဖြစ် လူတကာအားကျတာကို ခံရတယ်။

ရိုက်ကွင်းရောက်တာနဲ့ ဘရုစလီဘေး လူတွေပတ်လည် ဝိုင်းနေတတ်တယ်။ ကျွန်တော်တို့ တိုးမပေါက်လို့ အဝေးကနေပဲ အဲဒီတကယ့်ထိပ်တန်း သရုပ်ဆောင်ကို ငေးကြည့်ခဲ့ရတယ်။ အဲဒီကားမှာ ယွမ်ဟွာက ဘရုစလီ ကျွမ်းပစ်တဲ့ သရုပ်ဆောင်ကွက်မှာ လူစားထိုး သရုပ်ဆောင်ရတယ်။ ကျွန်တော်ကျတော့ ဂျပန်သရုပ်ဆောင်တစ်ယောက်ရဲ့နေရာမှာ လူစားထိုးသရုပ်ဆောင်ရတယ်။

ရိုက်ကွက်တစ်ခုမှာ အဲဒီဂျပန်က လေထဲ မျဉ်းဖြောင့်တစ်ကြောင်း ခြေဆန့်

mgyoe.com

mgyoe.com SAMPLE BOOK

ကန်ထည့်ပြီး "ဘုံး" ခနဲ အင်္ဂတေပေါ် ကျရမှာ ဖြစ်တယ်။ ဒါရိုက်တာက မျှော်လင့်ချက်ကြီးတော့ လူစားထိုးလူကြမ်းသမားတွေလုပ်တာ သိပ်မထိရောက်ဘူးလို့ ထင်တယ်။ "မရဘူး. . . မရဘူး. . . မြေပေါ်ကျတဲ့အချိန် အားပါမနေဘူး" လို့ ဒါရိုက်တာ တွတ်တွတ် ရွတ်နေတာကို ကြားတော့ ကျွန်တော်စမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ စ,ရိုက်တာနဲ့ ကျွန်တော်က လေကိုအမြန်ခွဲကန်ပြီး "ဘုံး" ခနဲ မြေပြင်ပေါ် ခပ်လေးလေး ပြုတ်ကျလိုက်တယ်။ ကျွန်တော် သရုပ်ဆောင်တာ မဆိုးဘူးလို့ ဒါရိုက်တာက မြင်တယ်။

"ဒီလိုမှပေါ့. . . စက်သမားတွေ အမီအရ ရိုက်လိုက်ကြလား။ မရိုက်လိုက်ဘူးလား။ နောက်တစ်ခေါက် ထပ်လုပ်ပါ"

တစ်ကြိမ်ပြီးတစ်ကြိမ် ကျွန်တော် လေးကြိမ်လောက် လုပ်လိုက်တယ်။ ဒါရိုက်တာ ကျေနပ်သွားတဲ့အချိန် ကျွန်တော့်ခြေထောက်လည်း ကျိုးပါတော့မယ်။ အဲဒီအချိန်မှာ ဘရုစလီလည်း အနားရောက်လာခဲ့တာကြောင့် ကျွန်တော့်ကို သူ သတိထားမိသွားတယ် ထင်ပါတယ်။

နောက်ရိုက်ကွက်တစ်ခုက သူနဲ့ ကျွန်တော် မျက်နှာချင်းဆိုင်ရတယ်။ သူက ကျွန်တော့်ကို ကန်ချက်တစ်ချက်တည်းနဲ့ သစ်သားပြတင်းပေါက်အပြင်ဘက် ကန်ထုတ်မှာဖြစ်တယ်။ ရိုက်ကူးရေးစတဲ့အခါ သူက ကျွန်တော့်ကို လွင့်ထွက်သွားအောင် တစ်ချက် အရင်ကန်လိုက်တယ်။ အဲဒီနောက် ကျွန်တော်က ပြတင်းပေါက်အပြင်ဘက်သွားပြီး ကြိုးနဲ့ချိတ်ဆွဲထားရာကနေ မြေပေါ် ခပ်လေးလေးပြုတ်ကျလိုက်တယ်။


အဲဒီဇာတ်ကွက်ကို ရိုက်ပြီးတဲ့နောက် ဘရုစလီက ကျွန်တော့်ဆီ ရောက်လာပြီး ဘယ်လိုလဲလို့ ပခုံးပုတ်ပြီးမေးတယ်။ နာဟန်ပြပေမယ့် ကျွန်တော့်ပါးစပ်က "ဘာမှမဖြစ်ဘူး. . . ဘာမှမဖြစ်ဘူး" လို့ ပြောလိုက်တယ်။ ကျွန်တော့်ကို သူ စကားလာပြောတယ်ဆိုကတည်းက ကျွန်တော်အတော်လေး ပျော်နေခဲ့ပါပြီ။

ဒီဇာတ်ကားမှာ ကျွန်တော်မျက်နှာဖော်ရတဲ့ ဇာတ်ကွက်ဆိုလို့ ကျွန်တော့် ဆံပင်ကို ဘရုစလီ ဆွဲလိုက်တဲ့အကွက်ပဲ ရှိခဲ့ပါတယ်။ လူအုပ်ထဲက နောက်ဆုံးမှာ တန်းစီထားတဲ့ ကျွန်တော့်ကို ဘရုစလီက ရှေ့တက်ပြီး "ဖြန်းဖြန်းဖြန်း" နဲ့ ရိုက်တယ်။ ပြီးတော့ ကျွန်တော့်ဆံပင်ကိုဆွဲပြီး လှည့်ထွက်သွားတယ်။ ကတ်. . . ပြီးသွားပြီ။

"Enter the Dragon" ဇာတ်ကားရိုက်တော့လည်း ကိုယ်ခံပညာနည်းပြ ဆရာ Han Ying Chieh က ကျွန်တော်တို့ကိုခေါ်ပြီး ရိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK



**Fist of Fury** ဇာတ်ကားထဲက ကျွန်တော့်ဆံပင်ကို ဘရုစလီဆွဲလိုက်တဲ့အခန်း

ရိုက်ကွက်တစ်ခုက ဘရုစလီနဲ့ လူအများချကြရတယ်။ နံချပ်ကူနှစ်ချောင်းနဲ့ "ဖျပ်ဖျပ်ဖျပ်" ဆိုပြီးချတယ်။ ကျွန်တော်က အချခံရတဲ့လူအုပ်ထဲက နောက်ဆုံးတစ်ယောက် ဖြစ်နေပြန်တယ်။ ရိုက်ကူးတဲ့အချိန်မှာ သူအမူအရာတွေက သိပ်မြန်တယ်။ ချတာ သိပ်လှတယ်။ ရှေ့ကလူတွေကိုချပြီး ကျွန်တော့်အလှည့်ရောက်တော့ကြည့်ရတာ လူချင်း သိပ်ကပ်သွားလို့ ထင်ပါတယ်။ သူ့နံချပ်ကူတစ်ချောင်းက ကျွန်တော်ဘယ်ဘက်ပါးကို မတော်တဆထိပြီး မသဲကွဲတဲ့အသံတစ်ချက် ထွက်သွားတယ်။ ကျွန်တော်အောင့်အည်းပြီး အသံမထွက်ဘဲ လဲကျသွားတဲ့အထိ သရုပ်ဆောင်နေလိုက်တယ်။ သူက "အိုး. . ." လို့ မသိမသာ အော်လိုက်သံကို ကျွန်တော်ကြားပေမယ့် ဒါရိုက်တာက "ကတ်" လို့ မအော်ခဲ့လို့ သူဆက်သရုပ်ဆောင်နေပြီးကျွန်တော်တို့အားလုံးကို အလဲဖြိုပစ်လိုက်တယ်။ အဲဒီနောက် လဲကျသွားတဲ့လူတွေကို သူတစ်ချက်လှည့်ကြည့်ပြီး ခပ်မိုက်မိုက် ထွက်သွားတယ်။

အဲဒီမှာ ဒါရိုက်တာက "ကတ်" လို့ အော်လိုက်တယ်။

အဲဒီအချိန်ကျမှ ဘရုစလီဟာ နံချပ်ကူကိုပစ်ထုတ်ပြီး ပါးစပ်ကနေ "Oh! my god" လို့အော်ရင်း အမြန်ပြန်လှည့်ပြေးလာတာကို မြေပြင်ပေါ် လဲရက်

mgyoe.com

mgyoe.com SAMPLE BOOK
ကျွန်တော် တွေ့လိုက်ရတယ်။ ကျွန်တော့်ရှေ့ရောက်တော့ ကျွန်တော့်ခေါင်းကို ဖက်ပြီး "အိုး. . . တောင်းပန်ပါတယ်၊ မတော်လို့နော်. . . တောင်းပန်ပါတယ်" လို့ ပြောနေခဲ့တယ်။

ကျွန်တော်တို့က ငယ်ငယ်လေးတည်းက အရိုက်ခံရဖန်များခဲ့တာကတစ်ကြောင်း၊ ဇာတ်ကားရိုက်ကူးနေချိန် အာရုံစူးစိုက်မှုမြင့်ပြီး အဒရီနယ်ဂလင်း ထုတ်လုပ်မှုများတာကြောင့် အချခံရချိန် နာတာမှန်ပေမယ့် ပြင်းထန်တာမျိုးတော့ မဟုတ်ခဲ့ဘူး။ ကျွန်တော့်ဆီ သူပြေးမလာခင်မှာပဲ ကျွန်တော်ထရပ်ဖို့ ပြင်နေခဲ့တာပါ။ သူ့ပုံစံကိုမြင်တော့ ကျွန်တော်လည်းပါးကိုကိုင်ရင်း အရမ်းနာတဲ့ပုံစံမျိုး လုပ်နေခဲ့ပြီး သူ့ကို "ရတယ်. . . ဘာမှမဖြစ်ဘူး. . . ဘာမှမဖြစ်ဘူး" လို့ ရယ်ကျဲကျဲပြောနေခဲ့မိတယ်။

မတတ်နိုင်ပါဘူး။ လေးစားအတုယူရတဲ့ ပုဂ္ဂိုလ်တစ်ဦးက ကိုယ့်ကို ဒီလောက်ဂရုစိုက်မှတော့ ကိုယ်လည်းပျော်ပြီး နည်းနည်းတော့ နာဟန်ဆောင်ရတာပါပဲ။

အဲဒီတစ်ညနေလုံး ကိုယ်ကိုလှည့်လိုက်တိုင်း ကျွန်တော့်ကို သူမြင်ရင် အဝေးကနေ ကျွန်တော့်ကိုအချက်ပြပြီး ပါးစပ်ကနေလည်း "Sorry, sorry" နဲ့ သူပြောနေခဲ့ပါတယ်။ ညစာစားချိန် သန့်စင်ခန်းသွားဖို့ ကျွန်တော်တို့ရှေ့ သူဖြတ်သွားတဲ့အချိန်မှာလည်း ကျွန်တော့်ကိုတွေ့တာနဲ့ "ဆောရီးနော်. . . ဆောရီးနော်" ပြောနေခဲ့ပါတယ်။ ဂရုစိုက်ခံ အချစ်ခံရင်း ကျွန်တော် သိပ်အံ့ဩနေခဲ့မိပါတယ်။

နေ့ပိုင်းရိုက်ကူးရေးပြီးလို့ ညပိုင်းရောက်တဲ့အခါ ရိုက်ကွင်းမှာ လူကြမ်းသမားတွေ နေခဲ့ရတယ်။ အဲဒီမှာ ဘရုစလီက ကျွန်တော်ကို ချန်ထားရစ်ဖို့ ကိုယ်ခံပညာနည်းပြကို ပြောတယ်။ အဲဒီတုန်းက ရိုးရိုးလူကြမ်းသိုင်းသမားတစ်ယောက်ရဲ့ တစ်နေ့တာ လုပ်အားခက ဟောင်ကောင်ဒေါ်လာ ၆၅ ဒေါ်လာ ဖြစ်တယ်။ အချိန်ပိုဆင်းရတယ်၊ ညမှာလည်း ဆက်ရိုက်ရတယ်ဆိုရင် လုပ်အားခက ပိုများပါတယ်။ ရေထဲဆင်းရမယ့် ဇာတ်ကွက်ကို ရိုက်တော့လည်း ဘရုစလီက ကျွန်တော့်ကို ဆင်းခိုင်းဖို့ ပြောပါတယ်။ ရေထဲဆင်းရင် ပိုက်ဆံထပ်ရပါတယ်။

ရေထဲဆင်းတဲ့ဇာတ်ကွက်ရိုက်တဲ့အခါ စည်းချက်ကျကျ ကျွန်တော်သေချာလုပ်နိုင်ခဲ့တယ်။ ဘရုစလီက နံချပ်ကူနဲ့ ကျွန်တော့်ဆီလျှောက်လာပြီး တစ်ချက်လွှဲရိုက်လိုက်တယ်။ အဲဒီမှာ ကျွန်တော်က စည်းဝါးကျကျ ရေထဲ "ဘုံး" ခနဲ ပြုတ်ကျသွားတယ်။ ရိုက်ကွက်က တကယ်ယုတ္တိတန်လို့ လူတွေအားလုံး ကျေနပ်
mgyoe.com

mgyoe.com SAMPLE BOOK

ဝမ်းမြောက်ကြတယ်။

သူ့ကိုနောက်ဆုံးတွေ့တဲ့အချိန်က လမ်းတစ်နေရာမှာ ကျွန်တော်တို့ မတော်တဆဆုံခဲ့တဲ့ အချိန်လေးပါ။

အဲဒီနေ့က ကျွန်တော်ဘိုးလင်းသွားကစားဖို့ ပင်နီဆူးလားပလာဇာကို ဖြတ်သွားတဲ့အချိန် လမ်းပေါ်မှာ လူတစ်ယောက်ကိုတွေ့လိုက်တယ်။ အဲဒီလူက ဘရူစလီ ဖြစ်နေတယ်။

"အစ်ကိုဘရူစလီ" လို့ ကျွန်တော် အော်လိုက်တယ်။

ကျွန်တော့်ကိုမြင်တော့ သူက "ဩော် . . . မင်းလား" လို့ ပြောတယ်။ ကျွန်တော့်နာမည်ကို သူမသိသေးပါဘူး။

"ဘယ်သွားမလို့လဲ"

"ကျွန်တော် ဘိုးလင်းသွားကစားမလို့"

"ဘိုးလင်းလား . . . ဒါဆို ကျွန်တော်လည်း လိုက်မယ်"

"အင်"

ကျွန်တော်အံ့အားသင့်ရင်း တစ်ဘက်ကလည်း တက္ကစီတစ်စီးကို အမြန်တားလိုက်တယ်။

ဘရူစလီနဲ့ မတွေ့ခဲ့ရင် ဘတ်စ်ကားနဲ့သွားဖို့ ကျွန်တော်စိတ်ကူးထားတာပါ။ သူလိုက်မယ်ဆိုတော့ ကျွန်တော်တက္ကစီ တားလိုက်ပါတယ်။ ကားပေါ်ရောက်တော့ ကျွန်တော့်နာမည်ကို သူမေးပါတယ်။ ကျွန်တော်လည်း ကျွန်တော်သင်ခဲ့တဲ့ကွန်ဖူးအကြောင်း သူ့ကိုပြောပြလိုက်တယ်။ သူက ကျွန်တော့်သရုပ်ဆောင်ချက်မဆိုးဘူး၊ သတ္တိလည်းရှိတယ်လို့ ချီးကျူးခဲ့တယ်။

ဘိုးလင်းရုံရောက်တော့ ကျွန်တော်ဘယ်လောက် မာန်ဝင့်နေမယ်ဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။ လူတိုင်း ကျွန်တော့်ကို ဝိုင်းကြည့်ကြတယ်။ ဘရူစလီကို ကျွန်တော်ဘိုးလင်းရုံခေါ် ခဲ့ပြီလေ။

ရင်ကော့ခေါင်းမော့ပြီး ဘိုးလင်းရုံထဲ ကျွန်တော် ဝင်လိုက်တယ်။ ကစားဖို့ လမ်းကြောင်းတစ်ခုရွေးပြီး ဘရူစလီကို ဘေးမှာထိုင်နေစေလိုက်တယ်။ သူ့အတွက် ဘီလပ်ရည်တစ်ပုလင်း မှာပေးလိုက်တယ်။ ဘိုးလင်းကစားမလားလို့ သူ့ကိုမေးတော့ သူက မကစားသေးဘူးလို့ ဆိုတယ်။ ခါတိုင်းအချိန်မှာ တခြားလူတွေနဲ့ ကျွန်တော် ဘိုးလင်းပြိုင်ကစားတတ်ခဲ့ပါတယ်။ အဲဒီနေ့မှာတော့ ကျွန်တော် မပြိုင်ခဲ့ပါဘူး။ ကျွန်တော်ကစားတာကို ကြည့်ပြီး ဘရူစလီက တစ်ခါတလေ "Good! Good

mgyoe.com

mgyoe.com SAMPLE BOOK

shot!" လို့ ပြောပါတယ်။ အချိန်တော်တော်များများမှာတော့ သူက အတွေးထဲ နစ်မျော နေတာကြောင့် ကျွန်တော်လည်း သူ့ကို မနှောင့်ယှက်ခဲ့ပါဘူး။

တကယ်လို့ တစ်ယောက်ယောက်က ဘရူစလီကို လက်မှတ်ထိုးစေချင်တဲ့ အခါ ကျွန်တော်က လေ့ကျင့်ထားတဲ့ကိုယ်ရံတော်လို အမြန်တားလိုက်တတ်ပါ တယ်။

ကျွန်တော်သုံးလေးပွဲကစားပြီးတဲ့နောက် သူက ထရပ်ပြီး "မင်း ဆက် ကစားနေနော်၊ ကိုယ်အရင်ပြန်မယ်" လို့ ပြောပါတယ်။

"ဩော်. . . ဟုတ်ကဲ့" ဆိုပြီး သူနဲ့အတူ အောက်ထပ်လိုက်ပြီး ကျွန်တော် တက္ကစီလိုက်ခေါ် ပေးလိုက်တယ်။

ကားပေါ် မတက်ခင် ကားတံခါးဖွင့်နေတုန်း "နောက်မှတွေ့မယ်" ဆိုတဲ့ ယဉ်ကျေးတဲ့စကားမျိုး သူ မပြောဘူး။ ကျွန်တော့်ကိုလှည့်ကြည့်ပြီး တစ်ခုခုကို ပြောချင်နေသလိုနဲ့ ဘာမှမပြောဘဲ လက်ပြပြီး ထွက်သွားခဲ့တယ်။

လမ်းဘေးမှာရပ်ပြီး သူ့ကို ကျွန်တော်ကြည့်နေခဲ့မိတယ်။ အိပ်မက်မက် နေသလိုပါပဲ။

တစ်ပတ်အကြာမှာ သူဆုံးသွားတဲ့သတင်းကို ကျွန်တော် ကြားလိုက်ရ တယ်။ ရုပ်ရှင်လောကတစ်ခုလုံး ချောက်ချားတုန်လှုပ်ခဲ့ကြပြီး ယူကျုံးမရဖြစ်ခဲ့ ကြတယ်။

ကော်လံကြီးအင်္ကျီတစ်ထည်နဲ့ ခေါင်းလောင်းဘောင်းဘီတစ်ထည် ဝတ် ဆင်ထားပြီး ကော်ဖီဖျော့ရောင် ခုံထူဖိနပ်တစ်ရံနဲ့ ကျွန်တော့်ကို လက်ပြနှုတ်ဆက် ပြသွားတဲ့ သူ့ပုံစံကို ဒီကနေ့အထိ ကျွန်တော်မှတ်မိနေခဲ့ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကိုယ်ခံပညာနည်းပြ

နဂါးကျားသိုင်းဆရာဖြစ်ပြီးတဲ့နောက် ကျွန်တော့်ဘဝရည်မှန်းချက်က ပိုထင်ရှားလာခဲ့တယ်။ ကိုယ်ခံပညာနည်းပြတစ်ယောက်ဖြစ်ဖို့ ဖြစ်တယ်။ ရိုက်ကွင်း ရောက်တိုင်း ပင်ပန်းတဲ့အလုပ်တွေကို ကျွန်တော် လုယက်လုပ်တယ်။ သရုပ်ဆောင် ချက်ကို လှလှပပပြီးမြောက်အောင် လုပ်ဆောင်နိုင်တယ်။ လူကလည်း ထက်မြက်ပြီး ဖင်ပေ့ါတယ်။ မျက်စိ နားရွက်တွေကို ရှင်ရှင်ထားတယ်။ အချိန်ကြာလာတာနဲ့အမျှ ကျွန်တော့်ကို လူချစ်လူခင် ပေါများလာတယ်။ အတူပူးပေါင်းဆောက်ရွက်ဖူးသူတိုင်း ကျွန်တော့်ကို ကြိုက်နှစ်သက်လာကြတယ်။

တစ်နေ့မှာ စတန့်သရုပ်ဆောင်တစ်ခု လုပ်ပြီးချိန် မြေပြင်ပေါ် ခပ်ကြမ်းကြမ်း ကျွန်တော် ပြုတ်ကျသွားတယ်။ အဲဒီအချိန်က လူတွေအလုပ်သိမ်းကြတဲ့ အချိန်ဖြစ်ပြီး ကျွန်တော်က မောလည်းမော နာလည်းနာတာကြောင့် ချက်ချင်း ထမရပ်နိုင်ခဲ့ဘူး။ အဲဒီအချိန်မှာ လူတစ်ယောက်က ကျွန်တော့်ဆီ လျှောက်လာပြီး မိတ်ဆက်တယ်။ ကျွန်တော် စိတ်မပါတစ်ပါ ပြန်ထူးလိုက်တယ်။ အဲဒီလူက သူ့ရည်ရွယ်ချက်ကို ရှင်းပြလိုက်တဲ့နောက် ကျွန်တော် ချက်ချင်းလန်းဆန်း တက်ကြွသွားတယ်။

သူက ရုပ်ရှင်ထုတ်လုပ်သူတစ်ယောက်ဖြစ်ပြီး ရှန်ဟိုင်းမှာ နေတယ်။ ရိုက်ကွင်းမှာ ကျွန်တော့်ကို အချိန်အတော်ကြာ လေ့လာစောင့်ကြည့်ခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်ရဲ့ လုံ့လဝီရိယနဲ့ လိမ်မာပါးနပ်မှုကို သူမျက်စိကျခဲ့တယ်။

"ကောင်လေး. . . ကျွန်တော့်မှာ Supermen against the Orient ဆိုတဲ့ ဇာတ်လမ်းတစ်ပုဒ်ရှိတယ်။ အဲဒီကားအတွက် ကိုယ်ခံနည်းပြတစ်ယောက် ကျွန်တော် လိုက်ရှာနေတာ ခင်ဗျားလုပ်နိုင်မလား"

ဘုရားရေ ဒါက ကျွန်တော့်အိပ်မက်အတွက် အခွင့်အရေးလေ။ အသက် ၁၈ နှစ်ပဲရှိသေးတဲ့ ကျွန်တော် ကိုယ်ခံနည်းပြလုပ်ဖို့ အခွင့်အရေးရလိုက်ပါပြီ။

"ကျွန်တော်တို့ ရိုက်မယ့်ရုပ်ရှင်က ဘတ်ဂျက်မများဘူး။ လက်ရှိကိုယ်ခံနည်းပြကို ငှားဖို့ ပိုက်ဆံမတတ်နိုင်ဘူး။ ဒါကြောင့် လူသစ်တွေနဲ့ အလုပ်တွဲလုပ်ဖို့ ကြိုးစားကြည့်ချင်လို့ ခင်ဗျားကို ကျွန်တော်လာရှာတာပါ။ ကျွန်တော်တို့နဲ့ စာချုပ်ချုပ်ဖို့ ခင်ဗျားစိတ်ဝင်စားမလားမသိဘူး" လို့ သူက ဆက်ပြောပါတယ်။

ရှန်ဟိုင်းစကားကို ရိုက်ကွင်းထဲက လူတချို့နဲ့ ကျွန်တော် နည်းနည်း သင်ထားဖူးတော့ သူ့ကို ရှန်ဟိုင်းလို "ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်" ပြောလိုက်တယ်။

နောက်တစ်နေ့ သူတို့ကုမ္ပဏီကို ကျွန်တော် ခပ်စောစောသွားပြီး ထုတ်လုပ်သူနဲ့ တွေ့လိုက်တယ်။ အဲဒီနောက် သဘောတူစာချုပ် အမြန်ချုပ်လိုက်တယ်။ လူအကူတချို့ ခေါ်ခဲ့လို့ရမလား ကျွန်တော်မေးတော့ သူတို့က စိတ်လိုလက်ရ ခွင့်ပြုတယ်။ ယွမ်ခွေ၊ ယွမ်ပြောက်နဲ့ Mars တို့ကို အဲဒီရုပ်ရှင်အဖွဲ့ထဲခေါ်ထည့်ပြီး သူတို့နဲ့အတူ လှပတဲ့အနာဂတ်တစ်ခုကို ကျွန်တော် စိတ်ကူးလိုက်မိတယ်။

ဒါပေမဲ့ ရိုက်ကွင်းရောက်တဲ့အချိန်မှာတော့ ကျွန်တော်တွေးထင်ထားသလို မဟုတ်ဘူးဆိုတာ သိလိုက်ရတယ်။ အဖွဲ့က ရှုပ်ထွေးပြီး နေရာတိုင်းမှာ ငြင်းခုံမှုတွေ ပြည့်နေခဲ့တယ်။ ထုတ်လုပ်သူက ရုပ်ရှင်ရိုက်ကူးရေး အသုံးပြုတဲ့ စက်ပစ္စည်းတွေထဲ ပါလိုပါ။ ဒါရိုက်တာက အနုပညာအဖွဲ့ဖန်တီးတဲ့ ရှုခင်းက ညံ့လွန်းတယ် ဝေဖန်လို့ဝေဖန်နဲ့။ ယွမ်ပြောက်က ကျွန်တော့်ထက်ငယ်လို့ ဘာမှဝင်မပြောပေမယ့် ယွမ်ခွေကဘေးကနေ "ရိုက်ကွင်းကိုလည်း ကြည့်ပါဦး၊ မင်းပြောသလိုလည်း မဟုတ်ပါလား" လို့ပြောလို့ ကျွန်တော်မျက်နှာသာမဲ့ခဲ့ရတယ်။

အက်ရှင်ဇာတ်ဝင်ခန်းတွေမှာ ကျွန်တော်တို့အစွမ်းကုန်ကြိုးစားခဲ့ပေမယ့် ဒီဇာတ်ကားရဲ့ ရှုံးနိမ့်တဲ့ကံကြမ္မာကို ကျွန်တော်တို့ မတားနိုင်ခဲ့ပါဘူး။ နောက်ဆုံး လက်မှတ်ရောင်းချငွေ ဟောင်ကောင်ဒေါ်လာ သိန်းကျော်လောက်ပဲ ရခဲ့ပါတယ်။ အဲဒီနောက် သိပ်မကြာခင်မှာပဲ ကိုယ်ခံပညာနည်းပြအဖြစ်နဲ့ ဒုတိယကား

mgyoe.com

mgyoe.com SAMPLE BOOK

ရိုက်ရပြန်ပါတယ်။ ဇာတ်ကားနာမည်က Dragon and Tiger on the Pier ဖြစ်ပြီး ဒါရိုက်တာက Hsueh Li Pao ဖြစ်တယ်။ Michael Chan က အဓိကဇာတ်ဆောင် ဖြစ်ပါတယ်။ ဒီကားလည်း လက်မှတ်အရောင်းစံချိန် မတင်ခဲ့ပါဘူး။ အဲဒီအချိန်မှာ ကုမ္ပဏီက အကြွေးထူနေခဲ့ပါပြီ။ လစာတောင် မပေးနိုင်တော့ပါဘူး။

အဲဒီအချိန်ကာလမှာ မေ့ရခက်တဲ့အတွေ့အကြုံက ဒါရိုက်တာ John Woo နဲ့ ပထမဆုံးအကြိမ် အလုပ်တွဲလုပ်ရတာကိုပါပဲ။ အဲဒီတုန်းက သူလည်း လူသစ်တန်း ဖြစ်ပြီး ပထမဆုံးကားဖြစ်တဲ့ The Lonely Hunter ကို ရိုက်မှာဖြစ်တယ်။ အဲဒီကား မှာ ကျွန်တော်နဲ့ ယွမ်ခွေ အတူတွဲပြီး ကိုယ်ခံပညာနည်းပြ လုပ်ခဲ့တယ်။

John Woo နဲ့ အတူတွဲမလုပ်ခင် ကျွန်တော်တို့မှာရှိတဲ့အတွေ့အကြုံအရ အက်ရှင်လုပ်ဆောင်ချက်တွေအားလုံးက ရိုက်ကွင်းရောက်မှ အစမ်းလေ့ကျင့်တာ ဖြစ်တယ်။ ဒါရိုက်တာက အခင်းအကျင်းပြင်ဆင်ပြီး ကိုယ်ခံနည်းပြက သိုင်းသမား တွေနဲ့ အစမ်းလေ့ကျင့်တယ်။ ဒါရိုက်တာက စကားပြောခန်းတွေ အရင်သွားရိုက် တယ်။ စကားပြောခန်းရိုက်ပြီးရင် ကျန်တဲ့ အက်ရှင်လှုပ်ရှားမှုတွေကို ဒါရိုက်တာက ကိုယ်ခံနည်းပြဆီ အကုန်လွှဲပေးထားလိုက်ပြီး သွားအိပ်နေတာမျိုး ဒါမှမဟုတ် အလုပ်သိမ်းသွားတာမျိုး လုပ်တယ်။ ကိုယ်ခံနည်းပြက ကိုယ့်အစီအစဉ်အတိုင်း ပြင်ဆင်ပြီး စ,ရိုက်တယ်။ အဲဒီတုန်းက ဒါရိုက်တာဟာ ရိုက်ကွင်းမှာ ဘုရင်တစ်ဆူ လိုဖြစ်ပြီး သူ့ထက် ရာထူးမြင့်တဲ့လူ မရှိတော့တာကြောင့် ကိုယ်ခံနည်းပြလည်း ဒါရိုက်တာကို မေးချင်တာ သွားမမေးရဲသလို တစ်ခုခုဆွေးနွေးဖို့လည်း အစမပျိုးရဲ ခဲ့ဘူး။

အဲဒီရုပ်ရှင်အဖွဲ့ထဲဝင်စက John Woo လည်း အဲဒီလို ဒါရိုက်တာမျိုး ဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်ခဲ့တယ်။ ရိုက်ကူးတဲ့နေ့မှာ ကျွန်တော်နဲ့ ယွမ်ခွေ ရိုက်ကွင်းကိုရောက်ပြီး အစမ်းလေ့ကျင့်ရေး ပြုလုပ်နေတယ်။ ထုံးစံအရ အခြေခံ အစမ်းလေ့ကျင့်ရေးပြုလုပ်ပြီးရင် ဒါရိုက်တာ ရောက်လာမယ်။ ပြီးရင် ကျွန်တော်တို့နဲ့ တိုင်ပင်ပြီး ဘယ်လိုအက်ရှင်ပြကွက်တွေ ရိုက်မယ်ဆိုတာကို ဆွေးနွေးမယ်။ ကျွန်တော်တို့လည်း မေးခွန်းတချို့မေးပြီး ဘယ်လိုစမယ်၊ စကားပြောနေရင်း ဘယ် အချိန်စချမယ်၊ ဘယ်သူနိုင်ပြီး ဘယ်သူက ရှုံးမယ်၊ ဘယ်သူကသေမယ်၊ ဘယ်သူက ထွက်ပြေးမယ်. . . စတာတွေဖြစ်တယ်။

စကားပြောတာ၊ က,တာတွေ ရိုက်ပြီးသွားချိန် ဒါရိုက်တာက မပြန်သေးဘဲ အက်ရှင်ခန်းကို ဘယ်လိုရိုက်မယ်ဆိုတာတွေ ကျွန်တော်တို့ကို လာမေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK
ကျွန်တော်တို့က မင်းသားက စားပွဲခုံကို တစ်ချက်ရိုက်မယ်၊ အဲဒီနောက် စားပွဲကို လှိမ့်ကျော်ပြီးတာနဲ့ စချမယ်လို့ပြောပြပြီး သူ့ကို အစမ်းလုပ်ပြလိုက်တယ်။

John Woo က ကြည့်ပြီး ကောင်းတယ်။ နောက်တစ်ကွက်ကရောလို့ မေးတယ်။

ကျွန်တော်တို့က ပထမရိုက်ကွက်ကိုပဲ ပြင်ဆင်ထားတာပြီး နောက်ရိုက်ကွက်ကို သေချာမစဉ်းစားရသေးတာကြောင့် သူ့ကို ကျွန်တော် ရိုက်ချင်တဲ့စိတ်ကူးနဲ့ ဒုတိယရိုက်ကွက်မှာ ဘယ်လိုချကြမယ်ဆိုတဲ့အကြောင်း ပြောပြလိုက်တယ်။

ကျွန်တော်ပြောတာကို နားထောင်ပြီး နောက်တစ်ကွက်ကရောလို့ John Woo မေးပြန်တယ်။

ကျွန်တော်ရင်ထဲ နည်းနည်း ပျာသွားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မပြင်ဆင်ရသေးဘူးဆိုတာ ဒါရိုက်တာကို မရိပ်မိစေချင်တာကြောင့် အကြံတစ်ချက်ရပြီး နောက်ရိုက်ကွက်က ပြတင်းပေါက်ကနေ အပြင်ကို ရောက်သွားအောင် မင်းသားကို တစ်ချက်ခုန် ကန်ခိုင်းမယ်လို့ ပြောလိုက်တယ်။ ဒါကို ဒါရိုက်တာက ကောင်းတယ်လို့ ပြောတယ်။

ပြတင်းပေါက်ကနေ အပြင်ကိုရောက်သွားတဲ့ ရိုက်ကွက်ကိုရိုက်ဖို့က ဘယ်လောက် အလုပ်ရှုပ်တယ်ဆိုတာ လူတွေ မသိကြပါဘူး။ ပထမဦးဆုံး ပြတင်းပေါက်ကို လွှနဲ့ဖြတ်ထားမှ လူက ဆောင့်ထွက်နိုင်တာပါ။ တစ်ကွက်ရိုက်ပြီးတိုင်း ရိုက်ကွင်းကို နဂိုပုံစံဖြစ်အောင် ပြန်တည်ဆောက်ရပါတယ်။ နောက်တစ်ခေါက် ထပ်ရိုက်ချင်ရင် ပြတင်းပေါက်ကို လွှနဲ့ထပ်ဖြတ်ရပါတယ်။ ဒီဖြစ်စဉ်က အချိန်အများကြီး လိုတာကြောင့် ကျွန်တော်နဲ့ ယွမ်ခွေ ဆက်အစမ်းလေ့ကျင့်နေဖို့ အချိန်ရသွားတယ်။ ပြီးတော့ အဲဒီထဲမှာ ကျွန်တော်တို့ရဲ့ ပါးနပ်မှုတချို့ကို သိုဝှက်ထားပါသေးတယ်။ ဒီလိုသရုပ်ဆောင်ဖို့ လူစားထိုး လိုအပ်တာကြောင့် ကျွန်တော် ဒါမှမဟုတ် ယွမ်ခွေကို အစားထိုးရပါလိမ့်မယ်။ အဲဒီအခါ ကျွန်တော်တို့က လူစားထိုးကြေးထပ်ရမှာ ဖြစ်တယ်။ မတတ်နိုင်ပါဘူး. . . တစ်ခါတလေ ကျွန်တော်တို့မှာ ငွေလုံးဝပြတ်နေခဲ့တော့ ဒီလိုပဲ ကြံဖန်လုပ်ရပါတယ်။

ရှေ့ရိုက်ကွက်နှစ်ခုကို ရိုက်ပြီးတဲ့နောက် ပြတင်းပေါက်ကိုကျော်လွှားတဲ့ ရိုက်ကွက်ရိုက်ဖို့ စပြင်ဆင်ကြတယ်။ ပြတင်းပေါက်ကိုကျော်ပြီးတဲ့နောက် ပြတင်းပေါက်ရဲ့ ဟိုတစ်ဘက်မှာ ဘယ်လိုဆက်ချကြမယ်ဆိုတာ ကျွန်တော်နဲ့ ယွမ်ခွေ အစမ်းလေ့ကျင့်ကြပြန်တယ်။
mgyoe.com

mgyoe.com
SAMPLE BOOK

ပြတင်းပေါက်ကိုကျော်တဲ့ ပထမရိုက်ကွက်ပြီးတော့ "ဘယ်လိုနေလဲ" လို့ ဒါရိုက်တာက ကျွန်တော့်ကိုမေးတယ်။

"သိပ်မကောင်းဘူး. . . ထပ်ရိုက်မယ်" လို့ ကျွန်တော်ပြောလိုက်တယ်။ အဲဒီလိုနဲ့ ရိုက်ကွင်းမှာ ပြတင်းပေါက်ဘောင်ကို လွှနဲ့ စဖြတ်ပြန်တယ်။ ယွမ်ခွေနဲ့ ကျွန်တော်လည်း ဘေးတစ်နေရာမှာ အစမ်းလေ့ကျင့်ပြန်တယ်။

"ဒီတစ်ခေါက် ဘယ်လိုနေလဲ" လို့ ဒါရိုက်တာ မေးပြန်တယ်။

"အင်း. . . ဒါလည်း သိပ်အဆင်မပြေဘူး။ နောက်တစ်ခေါက်" လို့ ကျွန်တော် ပြောလိုက်တယ်။ ပြတင်းပေါက်ကို လွှနဲ့သူတို့ဖြတ်နေချိန် ယွမ်ခွေနဲ့ ကျွန်တော် အစမ်းလေ့ကျင့်ပြန်တယ်။

အဲဒီနောက်ပိုင်း အစမ်းလေ့ကျင့်ဖို့ အဆင်သင့်မဖြစ်သေးတဲ့အခါ ယွမ်ခွေနဲ့ကျွန်တော်က စားပွဲခုံ၊ ထိုင်ခုံတွေ ကျိုးကြေအောင်ချတာမျိုး၊ ပြတင်းပေါက်ပျက်အောင် ဝင်ဆောင့်တာမျိုးစီစဉ်ပြီး အဲဒီကားပြီးဖို့ အချိန်တွေ ဆွဲခဲ့ပါတယ်။

တကယ်လို့ အခုချိန်မှာ ဒီစာအုပ်ကို ဒါရိုက်တာ John Woo ဖတ်မိခဲ့ရင် တဟားဟား အော်ရယ်နေလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ တောင်းပန်ပါတယ်။ အဲဒီတုန်းက မတတ်သာတဲ့အနေအထားမို့ သူ့အပေါ် အဲဒီလိုအကောက်ကြံခဲ့မိတာပါ။ သူနဲ့ ပထမဆုံးအကြိမ် အတူပူးပေါင်းဆောင်ရွက်ချိန်အတွင်း ကျွန်တော့်အရည်အချင်းနဲ့ အတွေ့အကြုံတွေက များစွာချို့တဲ့နေသေးကြောင်း ကျွန်တော့်ကိုယ်ကျွန်တော် သိခွင့်ရလိုက်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် သိပ်ထူးချွန်တယ် ထင်ခဲ့မိပေမယ့် အဲဒီတစ်ကြိမ် ပူးပေါင်းဆောင်ရွက်မှုအပြီးမှာတော့ အဲဒီလို မထင်ရဲခဲ့တော့ပါဘူး။

အဲဒီရုပ်ရှင်ကားရိုက်ကူးပြီးသွားပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ချက်ချင်း ရုံမတင်နိုင်ခဲ့ပါဘူး။ စိတ်ကောင်းစေတနာရှိတဲ့ ဒါရိုက်တာအသစ် တစ်ယောက်နဲ့ အတူအလုပ်တွဲလုပ်ခဲ့ရတယ်ဆိုပေမယ့် ဇာတ်ကားကြည့်ခွင့်မရခဲ့ပါဘူး။ ဟင်း. . . ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ပထမဆုံးအကြိမ် ခရီးဝေးထွက်ခြင်း

ကိုယ်ခံပညာနည်းပြတစ်ယောက်အဖြစ် ကျွန်တော် နာမည်မထွက်ခဲ့သလို တခြားအလုပ်တွေလည်း အဆင်မပြေခဲ့ပါဘူး။ ပတ်ပတ်လည်ကိုကြည့်လိုက်တော့ ဖေဖေ ဝယ်ပေးထားတဲ့ တိုက်ခန်းကလွဲလို့ ကျွန်တော့်မှာ ဘာမှရှိမနေပါဘူး။ တစ်ယောက်တည်း ဟောင်ကောင်မှာနေရတဲ့ဘဝက ရုတ်တရက် ခက်ခဲလာခဲ့ပါတယ်။ ဩစတေးလျမှာရှိတဲ့ မိဘတွေဆီ ကျွန်တော်ဖုန်းဆက်ပြီး သူတို့ဆီ ကျွန်တော် သွားလည်ချင်တယ်လို့ ပြောလိုက်တယ်။ ခရီးထွက်ဖို့ ပြင်ဆင်နေတဲ့ရက်တွေမှာ ရိုက်ကွင်းက လုပ်ဖော်ကိုင်ဖက်တွေကို ကျွန်တော် အကြောင်းမကြားခဲ့တော့ပါဘူး။ ရုပ်ရှင်အပြင် ငါ့မှာ တခြားလုပ်စရာအလုပ်တွေ အများကြီးရှိသေးတယ်လို့ပဲ နေ့တိုင်း ကိုယ့်ကိုယ်ကိုယ် ကျွန်တော်ဦးနှောက်ဆေးနေခဲ့ပါတယ်။

ဒါဟာ ကြီးပြင်းလာစဉ်တစ်လျှောက် ပထမဆုံးအကြိမ် ကျွန်တော့်တစ်ယောက်တည်း ခရီးဝေးထွက်တာပဲဖြစ်တယ်။

သူငယ်ချင်းကူညီပြီး ဝယ်ပေးလိုက်တဲ့ လေယာဉ်လက်မှတ်က လျှော့ဈေးလက်မှတ်ပါ။ ချည်အင်္ကျီကြီးတစ်ထည် ဝတ်ပြီး လေယာဉ်အခန်းကျဉ်းလေးထဲ ကျွန်တော် တက်ခဲ့ပါတယ်။ ခရီးဆောင်အိတ်ကို စင်ပေါ် တင်ပြီးတဲ့နောက် လက်ထဲမှာ ဆယ့်ခြောက်၊ ဆယ့်ခုနစ်ပေါင်လောက်လေးနဲ့ ဘိုးလင်းဘောလုံးကို ကျွန်တော် ကိုင်ထားလိုက်တယ်။ အဲဒီတုန်းက ဘိုးလင်းကစားရတာကို ကျွန်တော် အတော်လေး

mgyoe.com

mgyoe.com

ကြိုက်ခဲ့တယ်။ ဩစတေးလျရောက်သွားရင် ဟောင်ကောင်ပြန်ဖြစ်တော့မယ် မထင်ခဲ့လို့ ကျွန်တော့်ဘိုးလင်းဘောလုံးကိုပါ တစ်ပါးတည်း ယူလာခဲ့တာဖြစ်တယ်။

လေယာဉ်ပေါ်မှာ ဖောင်ဖြည့်ရတော့ ကျွန်တော် အင်္ဂလိပ်စာမတတ်လို့ မဖြည့်တတ်ခဲ့ဘူး။ လေယာဉ်မောင်တစ်ယောက်ကို အကူအညီတောင်းလိုက် ရပါသေးတယ်။ လေယာဉ်ပေါ်မှာ အင်္ဂလိပ်လို ကြေညာတော့လည်း ကျွန်တော် နားမလည်ပါဘူး။ အိပ်လည်း မအိပ်ရဲခဲ့ပါဘူး။ နောက်တော့ လေယာဉ်ဆင်းပြီလို့ ခံစားရပြီး လေယာဉ်ဟာ အဲဒီခေတ်ကာလမှာ ခေတ်နောက်အကျဆုံးလို့ ယူဆရတဲ့ လေယာဉ်ကွင်းပေါ် ဆင်းသက်သွားခဲ့ပါတယ်။ လူတွေ ခရီးဆောင်အိတ်ယူတာကို တွေ့တော့ ကျွန်တော်လည်း လိုက်ယူတယ်။ လူတွေလေယာဉ်ပေါ်က ဆင်းတာ တွေ့တော့ ကျွန်တော်လည်း လိုက်ဆင်းပြီး လေယာဉ်ကွင်းကနေ ထွက်လာခဲ့တယ်။ လေယာဉ်ကွင်းအပြင်ရောက်တော့ ကျွန်တော် ဘုမသိဘမသိပါပဲ။ ဘယ်နေရာ ရောက်နေမှန်း ဘယ်ကိုသွားရမှန်း မသိခဲ့ပါဘူး။ ဒါ ဩစတေးလျနဲ့ တူမနေဘူး လို့တော့ ကျွန်တော်ထင်နေခဲ့တယ်။

အဲဒီမှာ ဖောင်ဖြည့်ပေးတဲ့ လေယာဉ်မောင်ထွက်လာတာကို တွေ့တော့ သူ့ဆီ ကျွန်တော်အပြေးသွားပြီး မေးလိုက်တယ်။ ဒီလေယာဉ်က ဩစတေးလျ တိုက်ရိုက်ပျံတဲ့လေယာဉ်မဟုတ်ကြောင်း၊ အင်ဒိုနီးရှားမှာ တစ်ညနားရမှာဖြစ်ကြောင်း၊ လေကြောင်းကုမ္ပဏီက ကျွန်တော့်အတွက် ဟိုတယ်စီစဉ်ပေးမှာဖြစ်ကြောင်း ဖြည်း ဖြည်းသာသာ သူရှင်းပြပြီး ကျွန်တော့်ကို တက္ကစီတစ်စီး ငှားပေးလိုက်တယ်။ ကား ဆရာကို ဘယ်ဟိုတယ်မောင်းပို့ဖို့ သူမှာလိုက်ပါသေးတယ်။ သူ့ကို ကျွန်တော် သိပ်ကျေးဇူးတင်မိတယ်။ ပြီးတော့ သူက ဒီနေရာဟာ သိပ်မလုံခြုံလို့ ညအပြင် လျှောက်မထွက်ဖို့ သတိပေးလိုက်သေးတယ်။

လေကြောင်းကုမ္ပဏီစီစဉ်ပေးတဲ့ဟိုတယ်က စုတ်ချာလွန်းပြီး အခန်းက လည်း သေးလွန်းတယ်။ အခန်းထဲဝင်ပြီးတဲ့နောက် ပတ်စ်ပို့ပျောက်မှာစိုးတာကြောင့် စားပွဲတစ်လုံးကိုမ,ပြီး ပတ်စ်ပို့ကို ကျွန်တော်ဖွက်ထားလိုက်တယ်။ ပိုက်ဆံကိုလည်း ကိုယ်ပေါ်မှာ တင်းတင်းစည်းထားလိုက်ပြီး မထုတ်ရဲခဲ့ဘူး။ တစ်ယောက်တည်း အခန်းထဲနေရတော့ ကျွန်တော်ပျင်းပြီး ထီးထီးကျန်နေတယ်။ ရုတ်တရက် အခန်း တံခါးခေါက်သံကြားလို့ ဖွင့်ကြည့်တော့ ကျွန်တော့်ကို လမ်းတစ်လျှောက်ကူညီလာ ခဲ့တဲ့ လေယာဉ်မောင်ဖြစ်နေတယ်။ သူ့ကို အခန်းထဲဝင်ဖို့ ကျွန်တော်စိတ်လိုလက်ရ ဖိတ်လိုက်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အခန်းထဲ သူဝင်လာတဲ့နောက် အခန်းအဆင်ပြေလားမေးတယ်။ အင်္ဂလိပ်လို ကျွန်တော် ကောင်းကောင်းမပြောတတ်တော့ OK တယ်၊ ကောင်းတယ်လို့ ဖြေလိုက်တယ်။ အဲဒီနောက် နှစ်ယောက်သား စကားစမြည်ထိုင်ပြောကြတယ်။

"မင်း ဘာအလုပ်လုပ်တာလဲ"

"ကျွန်တော် သရုပ်ဆောင်လုပ်တယ်"

"ဟာ. . . သရုပ်ဆောင်လုပ်တာ သိပ်မိုက်တာပဲ။ မင်း ဒေးဗစ်ချန်း သိလား၊ ဒီလုံကို သိလား"

"သိတာပေါ့"

"ဟုတ်လား. . . သူတို့က သိပ်မိုက်တယ်နော်။ မင်းလည်း သိပ်မိုက်တယ်။ မင်းရဲ့ကြွက်သားတွေ လေ့ကျင့်ထားတာ သိပ်မိုက်တယ်"

ပြောရင်းဆိုရင်း လေယာဉ်မောင်ရဲ့လက်က ကျွန်တော်ပေါင်ပေါ် ရောက်လာပါတယ်။

အခြေအနေမဟန်မှန်း ကျွန်တော် ချက်ချင်းရိပ်မိလိုက်တယ်။

တစ်ကိုယ်လုံး ရုတ်တရက် တောင့်တင်းပြီး စိတ်လှုပ်ရှားလာတယ်။ ဘာလုပ်ရမှန်းမသိခဲ့ဘူး။ အဲဒီနောက် ကျွန်တော့်ပေါင်ကို သူစပွတ်သပ်လိုက်လို့ ကျွန်တော် မခံနိုင်တာနဲ့ မျက်နှာရှစ်ခေါက်ချိုးချ ထရပ်ပြီး "ခင်ဗျား ထွက်သွား" လို့ ပြောလိုက်တယ်။

သူက အားနာပုံမပေါ်ဘဲ ထရပ်ပြီး "ခင်ဗျားကြွက်သားကို ကျွန်တော် ကိုင်ကြည့်လို့ရနိုင်မလား" လို့ ယဉ်ယဉ်ကျေးကျေး ပြောသေးတယ်။

ကျွန်တော်ပျာယာခတ်ပြီး "မရဘူး... Go!!" လို့ အော်လိုက်တယ်။

အဲဒီတုန်းက ကျွန်တော့်အင်္ဂလိပ်က တော်တော်ညံ့တယ်။ Go တစ်လုံးပဲ ပြောတတ်ပါတယ်။ တဆက်တည်း သူ့ကို တံခါးဝအထိ တွန်းထုတ်လိုက်တယ်။ သူကလည်း တံခါးဝရောက်တာတောင် နောက်ပြန်လှည့်ပြီး "Just one kiss" လို့ ပြောလိုက်သေးတယ်။

ကျွန်တော်ဒေါသထွက်ပြီး "No! No! No!" လို့ အော်ပစ်လိုက်တယ်။

နောက်တစ်နေ့မနက် ငါးနာရီ၊ ခြောက်နာရီလောက်နိုးတော့ တက္ကစီငှားပြီး ကျွန်တော် လေဆိပ်ဆင်းပါတယ်။ လေဆိပ်ရောက်မှ ပတ်စ်ပို့မေ့သွားတာကို သတိရတယ်။ ပတ်စ်ပို့ကို ကျွန်တော်အင်္ဂလိပ်လိုပြောတတ်လို့ တော်ပါသေးတယ်။ ကားဆရာကို "Passport" လို့ပြောလိုက်တော့ သူက ကားကို လမ်းဘေးဖုန်းရုံမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ရပ်ပေးပြီး ဟိုတယ်ကို ဖုန်းဆက်ပေးတယ်။ ဟိုတယ်ကို လာပို့ပေးဖို့လည်း တောင်းဆိုလိုက်တယ်။ ပတ်စ်ပို့ရောက်လာတော့ လာပို့တဲ့လူကို ပိုက်ဆံပေးရမယ်လို့ ကားဆရာကပြောလို့ ဩစတေးလျဒေါ်လာ ၅၀ ကျွန်တော် ပေးလိုက်တယ်။ အဲဒီနောက် ကားဆရာက ကျွန်တော့်ဆီ ကားခတောင်းပြန်တယ်။ ကျွန်တော်ပေးလိုက်တော့ သူက မလောက်ဘူးလို့ဆိုပြီး ကျွန်တော့်လက်ထဲကနေ ဒေါ်လာ ၁၀၀ ယူသွားပြန်တယ်။ အဲဒီတုန်းက ကျွန်တော် ဘာမှန်းမသိလိုက်ပါဘူး။ နောက်မှ အလိမ်ခံရမှန်း သိလိုက်ပါတယ်။

လေယာဉ်ပေါ်ရောက်တော့ ထောင်ထောင်မောင်းမောင်း လူတစ်ယောက်ဘေးမှာ ကျွန်တော် ထိုင်ရတယ်။ သူက သိပ်မောက်မာပြီး လက်နှစ်ဖက်ကို လက်ရန်းနှစ်ခုလုံးပေါ် တင်ထားလို့ ကိုယ့်နေရာမှာကိုယ် ကျွန်တော် ကျဉ်းကျဉ်းကျပ်ကျပ်ကျုံ့နေခဲ့ရတယ်။

လေယာဉ်ဆင်းတော့ ဩစတေးလျကို ကျွန်တော် တကယ်ရောက်လာခဲ့လို့ ပျော်မိတယ်။ ခရီးဆောင်အိတ် တန်းစီယူပြီးတဲ့နောက် လေဆိပ်ကနေ ကျွန်တော် အပြေးထွက်ခဲ့ပေမယ့် လာကြိုတဲ့ ဖေဖေနဲ့မေမေကို မတွေ့မိလို့ ကိုယ်တိုင်တက္ကစီငှားပြီး သွားလိုက်တယ်။

အဲဒီတုန်းက Canberra ဆိုတဲ့နေရာကို သွားရမယ်မှန်း ကျွန်တော်သိပါတယ်။ အင်္ဂလိပ်အသံထွက်ကလည်း ကျွန်တော်သိတဲ့ စာလုံးအနည်းငယ်ထဲက ကင်မရာ "Camera" ဆိုတဲ့စာလုံးနဲ့ သိပ်မခြားတော့ "Camera, Camera" လို့ ရွတ်နေလိုက်တယ်။ ကားရတော့ ကားပေါ် ခရီးဆောင်အိတ် တင်ပြီး ကားဆရာကို ကျွန်တော်အိမ်လိပ်စာ ပြလိုက်တယ်။ ကားဆရာက အင်္ဂလိပ်လို တသီကြီးပြောတယ်။ ကျွန်တော်တစ်လုံးမှ နားမလည်လို့ သူက မြေပုံစာရွက်ထုတ်ပြမှ ကျွန်တော် နည်းနည်းသဘောပေါက်သွားခဲ့တယ်။ သူဆိုလိုတာက ကျွန်တော်ရောက်နေတဲ့နေရာက ဆစ်ဒနီမြို့ဖြစ်ပြီး ကျွန်တော်သွားမယ့် ကင်ဘာရာမြို့က အဝေးကြီးမှာ ဖြစ်တယ်။ သူက လက်ဟန်နဲ့ လေယာဉ်ပုံစံလုပ်ပြပြီး လေယာဉ်တစ်နာရီလောက် ထပ်စီးရဦးမယ်ဆိုတယ်။

ကျွန်တော် စိတ်ပျက်လက်ပျက် ဖြစ်သွားပါတယ်။

ကားထဲကနေ ခရီးဆောင်အိတ်တွေ ပြန်ထုတ်လိုက်တဲ့ တခဏ ရင်ထဲရုတ်တရက် ကြောက်စိတ်ဝင်လာမိတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိခဲ့တော့ဘူး။ လေယာဉ်ထပ်စီးရမယ်။ လေယာဉ်လက်မှတ် ဘယ်သွားဝယ်ရမှန်း မသိဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

လေယာဉ် ဘယ်လိုပြောင်းရမှန်း မသိဘူး။ ဘယ်နားလေယာဉ်သွားပြောင်းရမလဲ မသိဘူး။ ဘာဆို ဘာမှ မသိခဲ့ပါဘူး။

လေယာဉ်ကွင်းထဲ ကျွန်တော်ပြန်ဝင်လိုက်တော့ ကျွန်တော့်ဘေးမှာ ထိုင်ခဲ့တဲ့ ဟိုထောင်ထောင်မောင်းမောင်းလူကြီးကို ရုတ်တရက် တွေ့လိုက်တယ်။ သူ့ဘေးကို ကျွန်တော်အမြန်သွားလိုက်တယ်။ သူက ပစ္စည်းတွေကို ဘေးမှာထားပြီး ကောင်တာတစ်ခုရှေ့ အရင်သွားလိုက်တယ်။ အဲဒီနောက် ကောင်တာကလူနဲ့ စကားပြောပြီး ပစ္စည်းတွေကို အထဲသွင်းလိုက်တယ်။ တကယ်လို့ ပစ္စည်းတွေကို သူတို့လက်ခံရင် ကျွန်တော်သွားမယ့်နေရာမှန်တယ်လို့ တွေးပြီး ကျွန်တော်လည်း ပစ္စည်းတွေကို အဲဒီနေရာမှာ သွားထားလိုက်တယ်။ ပစ္စည်းကို သူတို့ တကယ် သိမ်းသွားပြီး ကျွန်တော့်ကို လေယာဉ်လက်မှတ်တစ်စောင် ထုတ်ပေးလိုက်တယ်။ ကျွန်တော့်ကို ပြန်လာခဲ့ဖို့ဆိုတဲ့စကားမျိုးပြောတယ်။ ဘာပြောမှန်း ကျွန်တော် မသိဘူး။ သူတို့ပြောတာလည်း နားမလည်ဘူး။ သူတို့က ကျွန်တော့်ကို စကားပြောနေချိန် ကျွန်တော်က ဟိုလူထွားကိုပဲ လိုက်ကြည့်နေခဲ့မိတယ်။

အဲဒီလူ လျှောက်သွားရင် ကျွန်တော်လည်း နောက်ကနေလိုက်ပြီး လျှောက်သွားတယ်။ သူ မနက်စာဝင်စားရင် ကျွန်တော်က ဆိုင်ဘေးမှာ ရပ်စောင့်တယ်။ တစ်နာရီကျော်ကြာလောက်ရပ်စောင့်ပြီး သူထွက်လာရင် သူ့နောက် ကျွန်တော် လိုက်ပြန်တယ်။ လေယာဉ်တက်မယ့်အပေါက်ဝမှာ သူထိုင်ချလိုက်တော့ ကျွန်တော်လည်း လိုက်ထိုင်ချတယ်။ အဲဒီနောက် စစ်ဆေးရေးဂိတ်ဖြတ်တယ်။ ကားပေါ်တက်တယ်။ ကျွန်တော်လည်း ကားပေါ် လိုက်တက်တယ်။ ကားပေါ်ရောက်တော့ သူက လက်မှတ်ထုတ်ပေးတယ်။ လက်မှတ်ဘယ်နားရှိမှန်း ကျွန်တော် မသိလို့ ကြောင်တောင်တောင်နဲ့ ပိုက်ဆံထုတ်ပေးလိုက်တယ်။ အဲဒီလိုနဲ့ လေယာဉ်ပေါ် ကျွန်တော် ရောက်သွားခဲ့တယ်။ တကယ်တော့ ကျွန်တော်ကိုင်ထားတဲ့လက်မှတ်တွေထဲမှာ ကားလက်မှတ်ပါပါတယ်။

အဲဒီလို အလှည့်အပြောင်းအကြိမ်ကြိမ်နဲ့ လေယာဉ်နှစ်ခါပြောင်းပြီးမှ ကင်ဘာရာမြို့ကို ကျွန်တော် အမှန်တကယ် ဆိုက်ရောက်ခဲ့ပါတယ်။

အဲဒီလေဆိပ်က လူသူကင်းမဲ့တဲ့ လေဆိပ်ငယ်လေးဖြစ်ပြီး အိမ်တွေလည်း သေးတယ်။ လေယာဉ်ပြေးလမ်း၊ တောအုပ်နဲ့ သဲကန္တာရပဲမြင်ရတယ်။ လေဆိပ်ကနေ ထွက်လာတဲ့နောက် အဝေးမှာ ဆံပင်ဖြူဖြူလူအိုတစ်ယောက်ကို ကျွန်တော်တွေ့လိုက်တယ်။ သူက ကျွန်တော့်ဖေဖေပါ။ မတွေ့တဲ့နှစ်တွေအတွင်းမှာ သူ့ဆံပင်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

ငွေရောင်သန်းခဲ့ပါပြီ။ ဖေဖေ့ဆီ ကျွန်တော်လျှောက်သွားချိန် တစ်ယောက်ယောက်က ကျွန်တော့်ကိုဖက်လိုက်တယ် ခံစားရလို့ ခေါင်းငုံ့ကြည့်တော့ မေမေဖြစ်နေခဲ့တယ်။ ဒီနှစ်တွေအတွင်း ကျွန်တော့်အရပ် တော်တော်ထွက်ခဲ့ပါပြီ။ အရင်တုန်းက ကျွန်တော့်ကို မေမေဖက်ရင် ကျွန်တော်အရပ်နဲ့ မတိမ်းမယိမ်းပါပဲ။

သူတို့ကိုတွေ့တာနဲ့ ဘဝမှာကြုံတွေ့ခဲ့ရသမျှ အခက်အခဲကို ပြန်တွေးမိပြီး ကျွန်တော် အော်ငိုလိုက်မိတယ်။

ကြားမှာ ဆယ်နှစ်ကျော်ကာလလောက် ခြားသွားခဲ့တာကြောင့် မိဘတွေနဲ့ ပြန်ဆုံစည်းချိန် နေသားကျဖို့ ကျွန်တော် အတော်အချိန်ယူလိုက်ရတယ်။

ညနေအလုပ်သိမ်းပြီးတာနဲ့ ဖေဖေက ကျွန်တော့်ကိုခေါ်ပြီး ကလပ်တစ်ခုမှာ ဘိလိယက်သွားထိုးတယ်။ သူတို့ဆီမှာ အရက်ကလပ်ယဉ်ကျေးမှုက သိပ်ထွန်းကားပါတယ်။ ကျွန်တော်မှတ်မိတဲ့ Gantlemen Club နဲ့ Camera Club ဆိုတာရှိတယ်။ ဘယ်ကလပ်သွားသွား လူအမြဲပြည့်နေပြီး အမျိုးသားတွေ များတယ်။ လူတိုင်း ကျွန်တော့်ဖေဖေကို သိကြပြီး တွေ့တာနဲ့ "Hi, Charlie" လို့ နှုတ်ဆက်ကြတယ်။

ကလပ်ထဲမှာ ဘိလီယက်ခုံတစ်ခုံက အမြဲရှိတယ်။ ဘောင်မဝင်တဲ့ စည်းကမ်းချက်က ရှုံးတဲ့လူက နိုင်တဲ့လူကို ဘီယာတစ်ပုလင်း တိုက်ရတယ်။ လူနှစ်ယောက် ဘိလိယက်ထိုးနေချိန် ဘေးရပ်ကြည့်သူတစ်ယောက်ယောက်က ရှေ့မှာ ဒေါ်လာ ၂၅ ဆင့်ချထားရင် အဲဒီပွဲမှာ ရှုံးတဲ့လူက ဒေါ်လာချထားသူကို နေရာဖယ်ပေးရတယ်။ အဲဒီဒေါ်လာ ၂၅ ဆင့်က စက်တစ်ခါဖွင့်ခ ဖြစ်တယ်။ ပိုက်ဆံချထားသူမရှိရင် နှစ်ယောက်သား ကြိုက်သလောက် ထိုးနေလို့ရပါတယ်။

ဟောင်ကောင်မှာ ကျွန်တော် အင်္ဂလိပ်ဘိလိယက် အမြဲထိုးတယ်။ Snooker လို့ ခေါ်ပါတယ်။ ဩစတေးလျဖက်မှာက အမေရိကန်ဘိလိယက် ထိုးတာကြောင့် ကျွန်တော့်အနေနဲ့ ပြိုင်ဖက်နဲ့ပြိုင်ထိုးဖို့ရာ အင်မတန်လွယ်ကူခဲ့တယ်။ လူကြမ်းသိုင်းသမားတစ်ယောက်လုပ်ချိန် ဘိလိယက်ရုံမှာ ကျွန်တော် နေ့နေ့ညည ဖြတ်သန်းခဲ့တာ မရေမတွက်နိုင်အောင်ပါပဲ။ ပညာခေတဲ့လူတော့ မဟုတ်ဘူးပေါ့။ အရက်ဘားသွားတိုင်း ဖေဖေက ကျွန်တော့်ကို လူအများနဲ့ မိတ်ဆက်ပေးပြီး ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဒါ ကျွန်တော့်သားလို့ ပြောတတ်ခဲ့တယ်။ ဘိလိယက်ခုံအားနေရင် ဖေဖေနဲ့ကျွန်တော် ဝင်ထိုးတတ်တယ်။ တစ်ယောက်ယောက်က ပိုက်ဆံချထားရင် အဲဒီလူနဲ့ ကျွန်တော်ထိုးတယ်။ တစ်ပွဲပြီးတစ်ပွဲ ကျွန်တော်နိုင်နေတော့ ဖေဖေက

mgyoe.com

mgyoe.com SAMPLE BOOK

"သား. . . မင်းဆက်မနိုင်လို့ မရဘူးလား။ ဖေဖေ ဒီညသောက်ထားတာ သိပ်များသွားလို့ပါ" လို့ ပြောတတ်ခဲ့တယ်။

အိမ်မှာနေပြီး မိဘရဲ့ကျွေးမွေးစောင့်ရှောက်မှုအောက်မှာ သူတို့ကို အဖော်ပြုရင်း လအတန်ကြာ ကျွန်တော်စိတ်လက်ချမ်းသာ ရှိနေခဲ့ပါတယ်။ ကျွန်တော်က အင်္ဂလိပ်စာသင်ရမှာကို မကြိုက်တဲ့အပြင် သူတို့ဆီက အစားအသောက်ကို မစားတတ်ခဲ့ပါဘူး။ အခိက,က ခံစားချက်တစ်မျိုးက ကျွန်တော့်ရင်ထဲ တစ်လှုပ်လှုပ်ရှိနေခဲ့တာပါ။ ရိုက်ကွင်းဘဝကို ကျွန်တော်တိတ်တခိုး တမ်းတနေပြီဆိုတာကို ကျွန်တော် သိလိုက်ပါတယ်။

ဒီလိုနဲ့တစ်နေ့မှာ ဟောင်ကောင်မှာ အလုပ်အခွင့်အရေး ရှိတယ်၊ ပြန်ရမယ်လို့ မိဘတွေကို ကျွန်တော် လိမ်လိုက်ပါတယ်။ ကျွန်တော်လိမ်ညာတာကို သူတို့ သိကောင်းသိပေမယ့် မဖော်ထုတ်ဘဲ ဖေဖေက "ဒီနေရာက သားရဲ့ အမြဲတမ်းအိမ်ပဲ။ ဟောင်ကောင်မှာ အဆင်မပြေရင် ချက်ချင်းပြန်ခဲ့နော်" လို့ ကျွန်တော့်ကို နှစ်သိမ့်ခဲ့ပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကွန့်ဖူးရုပ်ရှင်ရဲ့ အေးစက်မှု

ဟောင်ကောင်က တိုက်ခန်းငယ်ရဲ့တံခါးကို ပြန်ဖွင့်တဲ့အချိန် ကျွန်တော် လုံးဝ အံ့အားသင့်သွားတယ်။ လအတန်ကြာ လူမနေတဲ့တိုက်ခန်းက တကယ်တော့ သိပ်ကြောက်စရာကောင်းပါတယ်။ ဖုန်တွေ၊ ပင့်ကူမျှင်တွေက နေရာအနှံ့ပါပဲ။ ကျွန်တော်ကိုယ်တိုင်လုပ်ခဲ့တဲ့ အိမ်ထောင်ပရိဘောဂ အတော်များများလည်း ပျက်စီးနေခဲ့ပါပြီ။ စိတ်ဓာတ်ကိုစုစည်းပြီး အခန်းကို အသစ်တစ်ဖန် ကျွန်တော် သန့်ရှင်းရေး လုပ်လိုက်ပါတယ်။

အချိန်တိုတိုနှစ်ဝက်လောက် ခွဲခွာခဲ့တယ်ဆိုပေမယ့် ရုပ်ရှင်လောက,က ပြောင်းလဲမှုကြီးကြီးမားမား ရှိခဲ့တယ်။ ရိုက်ကွင်းဆီ တစ်ဖန်ပြန်ရောက်သွားတဲ့ ကျွန်တော်ဟာ လူသစ်တစ်ယောက်အဖြစ် လုံးလုံးလျားလျား ပြန်ဖြစ်သွားခဲ့တယ်။ အစ်ကိုကြီး ဟုန်ကျင်းပေါင်ဆီ ကျွန်တော်ဖုန်းဆက်ပြီး အလုပ်တစ်ခုရှာပေးဖို့ အကူအညီတောင်းလိုက်တယ်။ ပြဇာတ်ကျောင်းမှာ ကျောင်းတက်ချိန်တုန်းက ကျွန်တော်တို့ကို သူ အတော်အနိုင်ကျင့်ခဲ့တယ်ဆိုပေမယ့် ကျောင်းကနေခွာပြီး အပြင်လောကရောက်လာချိန် ကျွန်တော်တို့ကို သူ အမြဲစောင့်ရှောက်ခဲ့ပါတယ်။ တစ်ခါတလေ ကျောင်းရောက်ရင်လည်း ညီငယ်တချို့ကို စားစရာတွေဝယ်ဖို့ ပိုက်ဆံတွေ သူ တိုးတိုးတိတ်တိတ် ခိုးပေးတတ်ခဲ့သေးတယ်။ ဒီကနေ့အထိ သူဟာ ကျွန်တော်တို့ လေးစားအားကျရဆုံး အစ်ကိုကြီး ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကံကောင်းစွာနဲ့ အစ်ကိုကြီး ဟုန်ကျင်းပေါင်က ကျွန်တော့်ကို အလုပ်တစ်ခု ရှာပေးလိုက်တယ်။

Hand of Death လို့ခေါ်တဲ့ ရုပ်ရှင်ကို ၁၉၇၆ ခုနှစ်မှာ ရုံတင်ခဲ့ပါတယ်။ အဲဒီဇာတ်ကားမှာ ဟုန်ကျင်းပေါင်က ကိုယ်ခံပညာနည်းပြလုပ်ပြီး ကျွန်တော်က တွဲဖက်နည်းပြလုပ်ပါတယ်။ ဒါရိုက်တာက John Woo ဖြစ်ပြီး ဒါဟာ ဒုတိယအကြိမ် ကျွန်တော်တို့ အတူလက်တွဲတာဖြစ်တယ်။ ကျွန်တော်တို့ ပထမအကြိမ်တွဲရိုက်ခဲ့တဲ့ဇာတ်ကားကို နောက်ပိုင်းမှာ The Young Dragons လို့ နာမည်ပြောင်းပြီး နှစ်အတော်ကြာမှာ ရုံတင်ခဲ့ပါတယ်။

Hand of Death ဇာတ်ကားက မဆိုးဘူး ဆိုရပါမယ်။ ဒီကားထဲမှာ ကျွန်တော်က တွဲဖက်ကိုယ်ခံပညာနည်းပြအပြင် အရံသရုပ်ဆောင်အဖြစ်နဲ့လည်း ပါဝင်ပြီး လုံ့ကစားခဲ့တယ်။ ဒီဇာတ်ကားရိုက်တော့ John Woo ရဲ့အတွေ့အကြုံက အရင်ကထက် ပိုပြည့်နေခဲ့ပါပြီ။ ကျွန်တော်တို့ ဘယ်လိုအစမ်းလေ့ကျင့်တယ်၊ ဘယ်လို ခွဲခြမ်းစိတ်ဖြာတယ်၊ သရုပ်ဆောင်ချက်တစ်ကွက်တိုင်းကို ဘယ်လိုပြီးမြောက် ဆောက်ရွက်တယ်ဆိုတာကို သူလေးလေးနက်နက် လိုက်ကြည့်တတ်ခဲ့တယ်။ ပြီးတော့ သူက အခြားဝါရင့်ဒါရိုက်တာတွေလို စိတ်တိုဒေါသကြီးတာမျိုးလည်း မရှိခဲ့ဘူး။ ရိုက်ကွင်းပေါ်က လူတစ်ယောက်တိုင်းအပေါ် နွေးနွေးထွေးထွေးဆက်ဆံခဲ့တယ်။ အားလပ်ချိန်မှာ သူက ကျွန်တော့်ကို ဒါရိုက်တာနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေ သင်ပေးတတ်ခဲ့တယ်။ အဲဒီတုန်းကတော့ တစ်ချိန်ချိန်မှာ ကျွန်တော်လည်း ဒါရိုက်တာတစ်ယောက်ဖြစ်လာခဲ့မယ်လို့ လုံးဝထင်မထားခဲ့မိပါဘူး။ ဘာပဲပြောပြော သူ့ကို ကျွန်တော် သိပ်သဘောကျခဲ့ပါတယ်။ နောက်ပိုင်းဟောလိဝုဒ်မှာ သူနဲ့ ပြန်ဆုံတော့ အတိတ်အကြောင်းတွေ ကျွန်တော်တို့ ပြောဖြစ်ခဲ့ကြတယ်။ တကယ်ခံစားခဲ့ရပါတယ်။

ကောင်းမွန်တဲ့ ရှုခင်းက တာရှည်မခံခဲ့ပါဘူး။ ဒီနယ်ပယ်မှာပဲ အမြစ်တွယ်ဖို့ ကျွန်တော်ကြိုးစားနေချိန်မှာ ဟုန်ကျင်းပေါင်က သတင်းဆိုးတစ်ခု သယ်လာခဲ့ပါတယ်။

"ဘရုစလီဆုံးသွားတဲ့နောက် ကွန်ဖူးရုပ်ရှင်တွေ ခုချိန်ထိ အခြေအနေကောင်း မလာခဲ့ဘူး။ ခုတစ်လော ကုမ္ပဏီက ပရောဂျက်တော်တော်များများ ဖြုတ်ပစ်လိုက်ပြီ"

သူဆက်ပြောမယ့်စကားကို ကျွန်တော် သဘောပေါက်လိုက်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဘရုစလီ ထွက်ခွာသွားတဲ့နောက် ဟောင်ကောင်မှာ ကွန်ဖူးရုပ်ရှင်ကားတွေ ရုတ်ချည်းကျဆင်းလာခဲ့တယ်။ ပရိသတ်တွေဟာ ဒဏ်ရာရ နာကျင်သွားသလိုမျိုး ဘရုစလီမပါတဲ့ကားတွေကို မကြည့်ချင်ခဲ့ကြတော့ဘူး။ ရုပ်ရှင်လောကသားတွေက နောက်ဘရုစလီတစ်ယောက်ကို ဖန်တီးဖို့ ကြိုးစားခဲ့ကြပေမယ့် အရာမရောက်ခဲ့ဘူး။ အဲဒီနောက် ရုပ်ရှင်ဈေးကွက်မှာ အချစ်ကားနဲ့ ဟာသကားတွေက အလျှင်အမြန် လွှမ်းမိုးလာခဲ့တော့တယ်။

"အခု မင်းတို့ကို အလုပ်ရှာပေးဖို့မပြောနဲ့ ငါ့အလုပ်တောင် မသေချာတော့ဘူး" လို့ ဟုန်ကျင်းပေါင်က သက်ပြင်းချပါတယ်။

ပက်လက်ကုလားထိုင်ပေါ် ကျွန်တော် အရုပ်ကြိုးပြတ် ထိုင်ချလိုက်တယ်။ ကုမ္ပဏီနံရံပေါ် မှာ ကွန်ဖူးတစ်ခေတ်ရဲ့ ခမ်းနားထည်ဝါမှုတွေ အများအပြားကပ်ထားတယ်။ အခု ကျွန်တော် ဘာဆက်လုပ်လို့လုပ်ရမှန်း မသိတော့ပါဘူး။ ရိုက်ကွင်းမှာ အလုပ်ပင်ပင်ပန်းပန်းလုပ်ပြီး လစာငွေလေး တစ်ပဲခြောက်ပြားလောက်ရတယ်ဆိုရင်လည်း အနည်းဆုံးတော့ စားဖို့သုံးဖို့ လုံလောက်ခဲ့တယ်။ စိတ်ထဲလည်း သက်သာရာရတယ်။ အခုတော့ ကြိုးစားမယ့်အခွင့်အရေးတောင် မရှိတော့ပါဘူး။ ရှေ့ဆက်လမ်းက ဘယ်ဆီနေတယ်မသိ မှုန်ဝါးဝါးဖြစ်နေခဲ့ပြီး ဒီတစ်ကြိမ်မှာတော့ တကယ်လမ်းပျောက်ပြီလို့ ကျွန်တော် ထင်လိုက်ပါတယ်။

အဲဒီအချိန်မျိုးမှာ ရုပ်ရှင်ထုတ်လုပ်သူ စာရေးဆရာ Chua Lam ကျွန်တော့်ကိုပြောခဲ့တဲ့ စကားတစ်ခွန်းကို ကျွန်တော် သတိရလိုက်ပါတယ်။ အဲဒီစကားက ဒါရိုက်တာ Run Run Shaw က သူ့ကိုပြောခဲ့တဲ့စကားဖြစ်တယ်။

"ရုပ်ရှင်ကို ခင်ဗျား သိပ်ကြိုက်တယ်။ ကျွန်တော်လည်း သိပ်ကြိုက်တယ်။ ရုပ်ရှင်ကို သိပ်ကြိုက်ရင် ကြာရှည်လုပ်နိုင်ဖို့ ကြိုးစားရမယ်။ ရုပ်ရှင်လောက ကျဆင်းနေချိန်မှာ ရှင်သန်ဖို့နည်းလမ်းကို ရှာဖွေရမယ်"

အဲဒီစကားကိုတွေးမိပြီးနောက် ဩစတေးလျက မိဘဆီ ကျွန်တော်ပြန်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ "ရှင်သန်ဖို့" ကျွန်တော် အရင်ရှာဖွေရပါလိမ့်မယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# သိုင်းတတ်တဲ့ ပန်းရံသမား

ဩစတေးလျကနေ ဟောင်ကောင်ကို ကျွန်တော် ပြန်ရောက်တာ မကြာသေးပါဘူး။ အစကတော့ အလုပ်အခြေတကျဖြစ်အောင် ကြိုးစားပြီးမှ ဩစတေးလျကိုပြန်သွားမယ်လို့ ရည်ရွယ်ခဲ့တာပါ။ ဒါပေမဲ့ ကမောက်ကမပေါင်းစုံနဲ့ ဒီလောက်အလျင်စလို ပြန်ဖြစ်လိမ့်မယ်လို့ မထင်ခဲ့ပါဘူး။ ရင်ထဲ တကယ်ခံရခက်ခဲ့ပါတယ်။

လမ်းပေါ်က တိုက်တာကြီးတွေ၊ နီယွန်မီးတွေက ကျွန်တော်နဲ့နည်းနည်းမှ သက်ဆိုင်မနေခဲ့ပါဘူး။ ကျွန်တော်ဟာ ကျရှုံးသူတစ်ယောက်ဖြစ်နေဆဲပါ။ ငယ်ငယ်လေးတည်းက ပြဇာတ်ကျောင်းမှာနေခဲ့တယ်။ သိုင်းပညာနဲ့ အက်ရှင်သရုပ်ပြမှုက လွဲလို့ ကျွန်တော် ဘာမှမတတ်ခဲ့ပါဘူး။ သိုင်းတတ်တာကလွဲလို့ ကျွန်တော့်မှာ ဘာမှမရှိပါဘူး။ ဒီတစ်ခေါက် ဩစတေးလျပြန်ရင် ဒီလောက်တန်ဖိုးမဲ့မနေဖို့ ကိုယ့်ကိုယ်ကိုယ်မျှော်လင့်ခဲ့ပေမယ့် လေယာဉ်လက်မှတ်ဝယ်ဖို့တောင် ကျွန်တော့်ပိုက်ဆံမလောက်ခဲ့ပါဘူး။ တစ်နေ့တာ စားဝတ်နေရေးကို ဘယ်လိုဖြေရှင်းရမလဲတောင် ကျွန်တော် မသိခဲ့ပါဘူး။

ဒီလိုအချိန်မှာ အချစ်ဦးက ကျွန်တော့်ကို ကူညီလိုက်ပါတယ်။ သူက ကျွန်တော့်ကို ဟောင်ကောင်ဒေါ်လာနှစ်သောင်း ထိုးထည့်ပေးတယ်။ ဒါဟာ တော်တော်များတဲ့ ပမာဏပါ။ ကျွန်တော်ငြင်းပေမယ့် သူက ချေးပေးတာ၊ နောက်ပိုင်း ပိုက်ဆံရရင် ပြန်ဆပ်ပါဆိုလို့ ကျွန်တော် လက်ခံလိုက်တယ်။ ရင်ထဲမှာတော့

mgyoe.com

mgyoe.com
SAMPLE BOOK

နေလို့မကောင်းခဲ့ပါဘူး။ နောက်နှစ်ပေါင်းများစွာကြာခဲ့အခါ အဲဒီငွေနှစ်သောင်း သူ့ကို ကျွန်တော်ပြန်ဆပ်ခဲ့ပါတယ်။ ပိုပေးချင်ခဲ့ပေမယ့် သူ လက်မခံခဲ့ပါဘူး။

ဩစတေးလျသွားခါနီး မိဘတွေအတွက် နာမည်ကျော်တံဆိပ်နာရီနှစ်လုံး ကျွန်တော် ဝယ်လိုက်ပါတယ်။ ပြီးတော့ တိုက်ခန်းလုံခြုံရေးကိုလည်း လက်ဆောင် တချို့ ဝယ်ပေးလိုက်ပါတယ်။ ပြန်ဆုံကြစို့လို့ ဟောင်ကောင်ကို ရင်ထဲတိတ်တဆိတ် ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်။

မေမေက နာရီလက်ဆောင်ရလို့ မျက်ရည်ကျတယ်။ ဒါဟာ ကျွန်တော့် ဆီကနေ ပထမဆုံးအကြိမ် သူလက်ဆောင်ရတာ ဖြစ်တယ်။ ဖေဖေကလည်း အဝတ်စနဲ့ နာရီဒိုင်ခွက်ကို အဆက်မပြတ် ပွတ်တိုက်ပါတယ်။ သူတို့ကျေနပ်နေမယ် ဆိုတာ ကျွန်တော် သိပါတယ်။

အဲဒီနောက်မှာတော့ ညနေပိုင်း အင်္ဂလိပ်စကားပြောသင်တန်းတစ်ခုမှာ ကျွန်တော် စာရင်းသွင်းလိုက်တယ်။ သင်တန်းဆရာပြောတဲ့စကားက သိပ်မြန် လွန်းတာကြောင့် ကျွန်တော် နားမလည်ခဲ့ပါဘူး။ ဒီလိုနဲ့ နောက်ပိုင်းမှာ ကျွန်တော် သွားမတက်ခဲ့တော့ပါဘူး။ နောက်တော့ ကားဆရာတစ်ယောက်ရဲ့ မိတ်ဆက်ပေး မှုနဲ့ ပန်းရံအလုပ်တစ်ခု ကျွန်တော် ရလိုက်ပါတယ်။ အလုပ်ရောက်တော့ လူတွေက ကျွန်တော့်နာမည် မေးကြတယ်။ ကားဆရာက သူ့နာမည် Jack လို့ ဝင်ဖြေတယ်။ တကယ်တော့ သူ့နာမည်က Jack ဖြစ်တာကြောင့် ကျွန်တော့်ကို သူ့နာမည်တူ မှည့်လိုက်တာပါ။ Jack Chan ဆိုတဲ့နာမည်ကခေါ် ရတာ စည်းဝါးကိုက်မနေဘူး လို့ ကျွန်တော် ထင်တယ်။ ဒါကြောင့် ကိုယ့်ဘာသာကိုယ် Jack နောက်မှာ y တစ်လုံး ထည့်လိုက်တယ်။ အဲဒီလိုနဲ့ Jacky ဖြစ်သွားခဲ့တယ်။

နေ့တိုင်း ကျွန်တော် မနက်ငါးနာရီထပြီး လမ်းဘေးမှာ အလုပ်ဘက်သွား တဲ့ ကားကြုံလိုက်စီးခဲ့တယ်။ ဆောင်းကာလမှာ ပန်းရံတွေသင်ရင်း ဘီးတစ်ဘီးပဲ ရှိတဲ့လှည်းလည်း ကျွန်တော် တွန်းတတ်သွားတယ်။ တတ်ထားတဲ့ ကွန်ဖူးပညာက အလုပ်လုပ်ရာမှာ အထောက်အကူဖြစ်တယ်ဆိုပေမယ့် အတော်ပင်ပန်းခဲ့ပါတယ်။ ဆရာသမားတွေ နံရံအုတ်စီတာတွေ့တော့ သိပ်မိုက်တယ်ထင်ခဲ့တယ်။ ဘေးကနေ သူတို့လုပ်တာကို လိုက်ကြည့်သင်ယူခဲ့တယ်။

အချိန်ကြာလာတာနဲ့အမျှ ပန်းရံလုပ်သားဆရာသမားတွေနဲ့ ကျွန်တော် ခင်မင်လာခဲ့တယ်။ ကျွန်တော် သိုင်းတတ်တာကို သူတို့ သိသွားကြတယ်။ ညနေ သုံးနာရီ အလုပ်နား လက်ဖက်ရည်ချိန်ရောက်တိုင်း သူတို့က ကျွန်တော့်ပတ်ပတ်လည်

mgyoe.com

mgyoe.com SAMPLE BOOK

မှာ သူတို့ရဲ့ထမင်းဘူး၊ ဆန်းဒ်ဝှစ်၊ မုန့်တွေထုတ်ပြီး Hi, Jacky… သိုင်းတစ်ချက် လောက်ချပြပါလားလို့ ပြောတတ်ခဲ့တယ်။

ကိုယ်ဘယ်လောက်တော်တယ်ဆိုတာ သူတို့သိအောင် လုပ်ပြလိုက်မယ်လို့ အဲဒီတုန်းက ကျွန်တော် တွေးခဲ့ပါတယ်။ ကျွန်တော် ထရပ်ပြီး လက်သီးထိုးတဲ့ အကွက်တချို့ ပြလိုက်တယ်။ စုတ်ချာတဲ့ အင်္ဂလိပ်စကားနဲ့ သူတို့ကို ကျွန်တော် ပြသ ပြောဆိုခဲ့ပါတယ်။ သူတို့က ကွန်ဖူးဆိုတာနဲ့ ကြောက်နေသူတွေပါ။ မျက်စိနဲ့ တပ်အပ်မြင်ရတော့ ပိုကြောက်သွားပြီး "Oh my god" လို့ပဲ ရေရွတ်နေခဲ့ပါတယ်။

"တစ်ယောက်ယောက်က ခင်ဗျားကိုထိုးရင်ရော" လို့ သူတို့က မေးတယ်။

"ခင်ဗျား ဘယ်လိုပြန်ထိုးမှာလဲ" လို့ ကျွန်တော် ပြန်မေးလိုက်တယ်။

သူတို့က "ဒီလို တစ်ချက်ထိုးလိုက်မယ်လေ" လို့ ပြောတယ်။

အဲဒီစကားပြောနေချိန်အတွင်း လက်သီးကိုတောင် သူတို့ တကယ်မဆန့်ထုတ်ရဲခဲ့ပါဘူး။

"ထိုးပါ. . . အားရပါးရထိုးပါ. . . ထိုးတာမြန်လေကောင်းလေ။ အားပါလေကောင်းလေ" လို့ ကျွန်တော် ပြောလိုက်တယ်။

သူ ဘယ်လိုထိုးမယ်ဆိုတာ ကျွန်တော် သိပြီးသားပါ။ ထိုးတာ ဘယ်လောက်မြန်မြန် ကျွန်တော် ရှောင်နိုင်ပါတယ်။ ကျွန်တော်ရပ်နေတဲ့ အကွာအဝေး အရ ခန္ဓာကိုယ်ကို နောက်ယိုင်လိုက်ရင်တောင် ကျွန်တော့်ကို သူ ထိအောင် မထိုးနိုင်ဘူးဆိုတာ ကျွန်တော် သိပါတယ်။

အဲဒီလူက "ဖျတ်" ခနဲလက်ထုတ်ပြီး ထိုးလိုက်ပါတယ်။ ကျွန်တော် ရုတ်ချည်း ရှောင်လိုက်ပြီး သူ့ကို ချုပ်ထားလိုက်တယ်။ အားလုံး လက်ခုပ်လက်ဝါး တီးကြတယ်။

"ခင်ဗျား ခြေထောက်နဲ့ ကန်လို့ရတယ်လေ၊ အားပါပါနဲ့ ခပ်မြန်မြန်ကန် ထည့်လို့ရတယ်" လို့ ကျွန်တော်ပြောတော့ အဲဒီလူက ခြေနဲ့ ထပ်ကန်ပါတယ်။ ကျွန်တော်ရှောင်ပြီး အစောကတည်းက သုံးမယ်လို့တွေးထားတဲ့ အကွက်ကို ထုတ်ပြလိုက်တာ အားလုံး ဝါးခနဲ အံ့သြသွားကြပြန်တယ်။

သိုင်းမတတ်တဲ့လူ ဘာအကွက်ထုတ်မယ်ဆိုတာ ကျွန်တော်က ကြိုသိပြီးသားပါ။ သိုင်းတတ်သူတဲ့လူ ဘာအကွက်ထုတ်မယ်ဆိုတာကတော့ စဉ်းစားစရာ နောက်တစ်ခုဖြစ်သွားပါတယ်။

အဲဒီနောက် လက်ဖက်ရည်ချိန်ရောက်တိုင်း ကျွန်တော် ကွန်ဖူးကစားပြ

mgyoe.com

mgyoe.com SAMPLE BOOK

တာကို နိုင်ငံခြားသားတွေ ဝိုင်းအုံကြည့်ကြတော့တယ်။ သူတို့ကို ကျွန်တော်သိုင်းကွက် အမျိုးမျိုး ထုတ်ပြလိုက်တယ်။ အဲဒီနောက်ပိုင်း အလုပ်ရောက်တိုင်း လူတိုင်းက ကျွန်တော့်ကို "Master Chan" လို့ ခေါ်ပြီး ကျွန်တော့်ကို ရယ်စရာကောင်းတဲ့ သိုင်းကွက်အမျိုးမျိုး ထုတ်ပြတော့တယ်။ ပါးစပ်ကနေလည်း "ဟိုင်း. . . ဟား. . " နဲ့ အော်နေခဲ့တော့တယ်။

အဲဒီနောက်ပိုင်း ရယ်စရာကောင်းတာတစ်ခုက ပန်းရံသမားတစ်ယောက်တောင် ဒီလောက်သိုင်းတော်နေမှတော့ တရုတ်လူမျိုးတိုင်းလည်း သိုင်းတတ်တယ်လို့ သူတို့ထင်သွားကြတာပါပဲ။

အဲဒီကာလမှာ ဘဝက စည်းကမ်းတကျ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ညပိုင်းမှာ တစ်ခါတလေ ကျွန်တော်အိပ်ရေးပျက်တတ်ခဲ့တယ်။ အတိတ်က စိတ်ကူးအိပ်မက်နဲ့ အခုလက်ရှိအနေအထားကိုတွေးပြီး ရင်ထဲ မချိမခံသာဖြစ်ခဲ့တယ်။ နောက်တော့ ဒီတိုင်းနေမယ့်အစား အလုပ်တစ်ခု ပိုလုပ်ပြီး ပိုက်ဆံပိုရှာမယ်။ ဒီလိုဆိုရင် နေ့ရက်တွေက ပိုပြည့်ဝနေပြီး စိတ်ရှုပ်စရာတွေတွေးဖို့ အချိန်မရှိမှာပါ။ အဲဒီလိုနဲ့ စားသောက်ဆိုင်မှာ ကျွန်တော်အလုပ်တစ်ခု ထပ်ရှာလိုက်တယ်။ နေ့ဘက်ဆိုရင် ဆောက်လုပ်ရေးမှာ အလုပ်လုပ်၊ အင်္ဂတေသယ်၊ အုတ်သယ်။ ညနေ လေးနာရီ အလုပ်ဆင်း၊ အိမ်ပြန်ရေချိုး၊ ၅ နာရီထိုးရင် စားသောက်ဆိုင်အမြန်ပြေးပြီး အလုပ်လုပ်။ တစ်လကို ဒေါ်လာ ၈၀၀ လောက် ဝင်ငွေ ရှိခဲ့ပါတယ်။

ညနေလေးနာရီ အလုပ်ကနေ အိမ်ပြန်ရာလမ်းမှာ အိမ်မရောက်ခင် တောအုပ်တစ်ခုကို ကျွန်တော် ဖြတ်ရပါတယ်။ အိမ်တံခါးဝမှာ မေမေစောင့်နေမယ်ဆိုတာ ကျွန်တော် သိတယ်။ ဒါကြောင့် တောအုပ်နားရောက်တဲ့အခါတိုင်း မောပန်းပြီး ဘယ်လောက်ပဲစိတ်ညစ်နေပါစေ ကိုယ်ပေါ်ကဖုန်တွေကို ကျွန်တော်ခါချပြီး တက်တက်ကြွကြွ လေတစ်ချွန်ချွန်နဲ့ အိမ်ထဲ ကျွန်တော်ဝင်တတ်ခဲ့တယ်။ ပြီးရင် မေမေကို တစ်ဝကြီး ဖက်ပစ်တတ်တယ်။ သားမောလားလို့မေးတဲ့အခါတိုင်း မမော ဘူးလို့ ကျွန်တော် ခပ်ကျယ်ကျယ်အော်ပြောပါတယ်။ သားပျော်တယ်လို့ မေမေ့ကို သိစေချင်ခဲ့ပါတယ်။ နောက်နှစ်ပေါင်းများစွာကြာလို့ လူတိုင်းနားယဉ်နေခဲ့တဲ့ ကျွန်တော့်သီချင်းတစ်ပုဒ်ဖြစ်တဲ့ "ကိုယ်ပေါ်ကဖုန်တွေခါပြီး နွမ်းနယ်တဲ့စိတ်ဓာတ်ကို လန်းဆန်းစေမယ်" ဆိုတဲ့ သီချင်းစာသားက ကျွန်တော့်ရဲ့ တကယ့်လက်တွေ့ဘဝဖြစ်ပါတယ်။

ရေချိုးပြီးရင် စားသောက်ဆိုင်ကို ကျွန်တော် အမြန်ပြေးရပါတယ်။ အဲဒီ

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ရှင်က ကျွန်တော့်ဖေဖေမိတ်ဆွေပါ။ အလုပ်ဝင်စမှာတော့ ကျွန်တော်က ပန်းကန်ရှက်ဆေး၊ ပန်းကန်ဆေးတဲ့တာဝန်ကို ယူရပါတယ်။ ဒါပေမဲ့ အားအားမနေတတ်သူဖြစ်တာကြောင့် ကိုယ့်အလုပ်ပြီးရင် တခြားလူအလုပ်ကို သွားကူပေးတတ်ခဲ့တယ်။

ကူဖန်များတော့ ကျွန်တော့်အပေါ် အားလုံး သဘောကောင်းလာကြတယ်။ ကျွန်တော့်ကို တခြားအရာတွေပါ သင်ပေးလာကြတယ်။ တဖြည်းဖြည်းနဲ့ ကျွန်တော်ဟာ စားဖိုမှူးအကူဖြစ်လာပြီး ဟင်းစပ်တာတွေ လုပ်လာခဲ့တယ်။ ဆိုင်က ရောင်းကောင်းတော့ အထူးသဖြင့် ရုံးပိတ်ရက်တွေမှာ ပိုအလုပ်များခဲ့တယ်။ ဧည့်သည်တွေရဲ့ အမှာစာရွက်ပေါ် ရေးထားတဲ့အတိုင်း ဟင်းစပ်တွေကို ကျွန်တော် ပြင်ဆင်ပြီး အကြော်ဆရာနှစ်ယောက်ကို အမြန်ပေးရတယ်။ အဲဒီတုန်းက အင်္ဂလိပ်လို သိပ်မဖတ်တတ်တော့ စာရွက်ပေါ်က အမှာတွေကိုလည်း နားမလည်ခဲ့ဘူး။ ဒါပေမဲ့ အတိုကောက်လေးတွေ ရေးထားတတ်ကြလို့ တော်သေးတယ်ဆိုရပါမယ်။ ဥပမာ- ကြက်ဥကြော်ဆိုရင် Egg တစ်လုံးရေးတာမျိုး ထမင်းကြော်ဆိုရင် Rice လို့ရေးတာမျိုး၊ ကိုယ့်ဘာသာကိုယ် လျှောက်ခန့်မှန်းပြီး လုပ်လိုက်တာမျိုးပါ။

ဒီကနေ့အထိ ဘယ်နိုင်ငံမှာ ဘာပဲစားစား ကျွန်တော်သိတဲ့ဆိုင်က ထမင်းကြော်ကလွဲပြီး တခြားဘယ်ဆိုင်မှာမှ ကျွန်တော်ထမင်းကြော် မမှာတတ်ခဲ့ပါဘူး။ နိုင်ငံရပ်ခြားက တရုတ်စားသောက်ဆိုင်တွေ ထမင်းဘယ်လိုကြော်တယ်ဆိုတာကို ကျွန်တော် သိခဲ့လို့ပါ။ သူတို့က အစာပလာတွေကို အရင်ကြော်ပြီး တစ်ပတ်လောက် သိမ်းထားတတ်ပါတယ်။ မှာတဲ့လူရှိမှ အဲဒီအစာပလာတွေကို ထုတ်နွှေးပါတယ်။ မဖြစ်မနေ ထမင်းကြော်မှာရမယ်ဆိုရင် ကျွန်တော်က "ပဲသီးစိမ်း၊ ပုဇွန်၊ အသားကြော် မထည့်ဘူး" လို့ ပြောလိုက်တတ်တယ်။ ဒီလိုဆိုရင် သူတို့က နဂိုကြော်ထားတဲ့ ထမင်းအကျန်ကို မနွှေးပေးတော့ဘဲ အသစ်ကြော်ပေးပါတယ်။

သြစတေးလျမှာ အလုပ်လုပ်တဲ့ကာလအတွင်း မိတ်ဆွေသူငယ်ချင်းတွေ အများကြီး ရခဲ့တယ်။ အလုပ်ချိန်မှာ ကျွန်တော် အမြဲ ဟာသပြောတတ်ခဲ့တယ်။ အားရပါးရပြောတဲ့အခါ လူတွေက အလုပ်မလုပ်တော့ဘဲ ကျွန်တော်ပြောတာကိုပဲ နားထောင်နေကြတော့တယ်။ အဲဒီအတွက် သူဌေးက ကျွန်တော့်ကိုခေါ်ပြီး "Jacky . . . ကျွန်တော့်ကို တစ်ခုကူညီပါ။ အလုပ်ချိန်မှာ ဟာသမပြောဘဲနေပေးပါ။ အလုပ်သိမ်းချိန်ကျမှ ပြောပါ" လို့ပြောတော့တယ်။

အဲဒီကာလအတွင်း စက်ရုပ်တစ်ရုပ်လို ကျွန်တော်လည်းပတ်ခဲ့ပါတယ်။ အိမ်ရောက်တာနဲ့ အိပ်တယ်။ ကျွန်တော့်ကိုကြည့်ပြီး ဖေဖေက စိတ်ချမ်းသာပေမယ့်

mgyoe.com

mgyoe.com SAMPLE BOOK

မေမေကတော့ ကျွန်တော်စိတ်ဓာတ်ကျနေတယ်ဆိုတာ တဖြည်းဖြည်း ရိပ်စားလာခဲ့တယ်။

"သား. . . အခု သားလုပ်နေတဲ့အလုပ်က သားလုပ်ချင်တဲ့အလုပ် မဟုတ်ဘူး။ သား လုပ်သင့်တာလည်း မဟုတ်ဘူး"

မေမေရဲ့ ဂရုစိုက်စကားက ကျွန်တော့်ကို အရုပ်ကြိုးပြတ်စေခဲ့ပါတယ်။

"အချိန် ၁၀ နှစ်သုံးပြီး သားကွန်ဖူးပညာ သင်ခဲ့တယ်။ အခု အဲတာက အသုံးတည့်မနေခဲ့ဘူး။ သား သင်ရကျိုးမနပ်ခဲ့သလိုပဲ။ သား ဘာလုပ်ရမှန်း သားကိုယ်သားလည်း မသိတော့ဘူး"

ပါးစပ်ကသာပြောပေမယ့် စိတ်က လုံးဝလက်မလျှော့ချင်ခဲ့သေးပါဘူး။ ညပိုင်း အလုပ်ပြန်လာတဲ့အခါတိုင်း ကျွန်တော်တို့နေတဲ့ ကောင်စစ်ဝန်ရုံး အပေါ်ထပ်ကို ကျွန်တော် တိတ်တိတ်လေး တက်သွားတတ်ပါတယ်။ အဲဒီမှာ သဲအိတ် တစ်အိတ် ရှိပါတယ်။ အထဲမှာထည့်ထားတာက သားရေအပိုင်းအစတွေပါ။ ထိုးရင် အသံမြည်တတ်တော့ တခြားသူအိပ်နေတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကျွန်တော်က အသံမမြည်အောင် သဲတွေပြောင်းထည့်ပြီး အထိုးလေ့ကျင့်ခဲ့ပါတယ်။

ကောင်စစ်ဝန်ရုံးက စည်းတားဖို့ချထားတဲ့ ကြေးတိုင်တွေကို ကျွန်တော် ယူပြီး ဝိတ်မတဲ့အလေးတုံး လုပ်ပစ်လိုက်ပါတယ်။ ကောင်စစ်ဝန်တို့ အသုံးမပြုတဲ့ ခုတင်ဟောင်းကို အိပ်ထမ,တင်လေ့ကျင့်ဖို့ လုပ်လိုက်တယ်။ ထိုင်ခုံဟောင်းကို ဒိုက်ထိုးဖို့ လုပ်လိုက်တယ်။ လက်ဘေးကရသမျှပစ္စည်းတွေနဲ့ လေ့ကျင့်ခန်းပစ္စည်းတွေ လုပ်လိုက်တာပါ။ တစ်ဖက်မှာ လေ့ကျင့်ရင်း တစ်ဖက်မှာလည်း ကိုယ် ၁၀ နှစ် အချိန်ယူသင်ခဲ့တဲ့ပညာ အလဟဿဖြစ်လို့မဖြစ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ကျွန်တော် အသိပေးနေခဲ့ပါတယ်။

အဲဒီနောက် သိပ်မကြာခင်မှာပဲ ဒါရိုက်တာ လော်ဝေရဲ့ ရုပ်ရှင်ကုမ္ပဏီ မန်နေဂျာဖြစ်တဲ့ Willie Chan က ကျွန်တော့်ဆီ ဖုန်းဆက်ပါတယ်။ New Fist of Fury (1976)ကို ရိုက်ဖို့ သူတို့ပြင်ဆင်နေတယ်လို့ ကျွန်တော့်ကို ဖိတ်ခေါ်တာ ဖြစ်တယ်။ ကျွန်တော့်ကို လူစားထိုး စတန့်မင်းသား လုပ်ခိုင်းမယ်ထင်ပြီး ဒီလောက် အဝေးကြီး ကျွန်တော်ကို ဖုန်းဆက်ပြီး ခေါ်စရာမလိုပါဘူးလို့ သူ့ကိုပြောခါနီးမှာ သူက "အဲဒီကားမှာ မင်းကို ခေါင်းဆောင်မင်းသား တင်ရိုက်ချင်လို့ပါ။ လုပ်အားခ ကတော့ ဟောင်ကောင်ဒေါ်လာသုံးထောင်ပဲ ပေးနိုင်မှာပါ" လို့ ပြောပါတယ်။

စဉ်းစားပြီး အဲဒီအလုပ်ကို ကျွန်တော်လက်ခံ လိုက်မmgyoe.com

စက္ကန့်ပိုင်းလောက်စဉ်းစားပြီး အဲဒီအလုပ်ကို ကျွန်တော်လက်ခံ လိုက်မ

mgyoe.com
SAMPLE BOOK

တယ်။

ရှေ့ဆက်လမ်းက ဘာဖြစ်မလဲ။ အဲဒီ ဒေါ်လာသုံးထောင်က စားဝတ်နေရေးအတွက်လောက်မှာလား။ တကယ်လို့ အဲဒီဇာတ်ကား ထပ်မအောင်မြင်ရင် ဘယ်လိုလုပ်မလဲ. . . စတဲ့မေးခွန်းတွေကို ကျွန်တော်တွေးဖို့ အချိန်မရှိပါဘူး။ ကိုယ်ကိုယ်တိုင်အတွက် တစ်ခေါက်လောက် ထပ်ကြိုးစားကြည့်မယ်လို့ပဲ ကျွန်တော်တွေးခဲ့ပါတယ်။

မိဘတွေကို တစ်ဖန်နှုတ်ဆက်ဖြစ်ပြန်တယ်။ မေမေက ကျွန်တော့်ကို လုံးဝထောက်ခံ အားပေးတယ်။ ကျွန်တော် တကယ်လုပ်ချင်တဲ့အလုပ်ကို သူသိထားပါတယ်။ ဖေဖေကတော့ ကျွန်တော့်ကို အချိန်တစ်ခုပေးပါတယ်။ တကယ်လို့ နှစ်နှစ်အတွင်း ဘာမှဖြစ်ဖြစ်မြောက်မြောက်မဖြစ်ခဲ့ရင် သူတို့အနားမှာပဲ တစ်သက်ပြန်နေရမယ်လို့ ဆိုပါတယ်။

ဟောင်ကောင်ပြန်ခါနီး စားသောက်ဆိုင်ပိုင်ရှင်က ကျွန်တော်ကို သားရေအိတ်တစ်လုံး ပေးပါတယ်။ အထဲမှာ ဩစတေးလျဒေါ်လာ ၁၀ ဒေါ်လာ ထည့်ထားပါတယ်။ နောက်ပိုင်းပြန်လာတဲ့အခါ ပိုက်ဆံတွေအများကြီးထည့်ပြီး ပြန်လာနိုင်ပါစေလို့ သူက ပြောပါတယ်။ ဩစတေးလျကနေ ကျွန်တော်ထွက်ခွာလာတဲ့နောက် မေမေဟာ ခါတိုင်းလိုပဲ ကျွန်တော့်ဓာတ်ပုံကို ခေါင်းရင်းမှာထားပြီး ညတိုင်း ကျွန်တော့်ဓာတ်ပုံကို ကိုင်ကြည့်၊ နမ်းနေခဲ့ပါတယ်။

ဒီတစ်ကြိမ်မှာတော့ သူတို့ကို ကျွန်တော် မျှော်လင့်ချက် မမဲ့စေခဲ့တော့ပါဘူး။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၄

## နံပါတ်တစ် မဖြစ်ချင်ဘူး ပြိုင်ဘက်ကင်းသူသာ လုပ်မယ်

mgyoe.com

mgyoe.com SAMPLE BOOK

# နဂါးလုပ်မလား၊ တီကောင်လုပ်မလား

၁၉၇၆ ခုနှစ်မှာ ဟောင်ကောင်ကို ကျွန်တော်ပြန်ရောက်လာခဲ့ပြီး New Fist of Fury ရိုက်ကူးဖို့ ပြင်ဆင်ခဲ့ပါတယ်။

ရတဲ့လုပ်အားခနည်းပေမယ့် ထိပ်တန်းလုပ်ငန်းဖန်တီးမှုတွေထဲ ပထမဆုံး အကြိမ် ပါဝင်ခွင့်ရလိုက်ပါတယ်။ ဒါရိုက်တာ လော်ဝေက ဘရုစလီကို နာမည်ကျော် လူကြိုက်များစေခဲ့တဲ့ ဒါရိုက်တာဖြစ်သလို "Fist of Fury", "The big boss" လို့ နာမည်ကျော် ကားမျိုး ရိုက်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒီအခွင့်အရေးကို ကျွန်တော် ဘာလို့ တန်ဖိုးမထားနိုင်ရမှာလဲ။

Willie Chan မိတ်ဆက်ပေးလိုက်တဲ့ ဒီသရုပ်ဆောင်က မချောဘဲ နှာခေါင်းကလည်း ကြီးတယ်လို့ ဒါရိုက်တာ လော်ဝေ ထင်ခဲ့ပေမယ့် ကျွန်တော့် အပေါ် တော့ မျှော်လင့်ချက် မြင့်မြင့်ထားခဲ့ပါတယ်။ "New Fist of Fury" ဆိုတဲ့ ရုပ်ရှင်ကားနဲ့ သိုင်းလောကမှာ ကြယ်တစ်ပွင့် ထပ်ထွန်းတောက်လာဖို့ကို သူ မျှော်လင့်ခဲ့ပါတယ်။ အဲဒီအတွက် နဂို "Fist of Fury" ကားဟောင်းထဲက သရုပ် ဆောင်ဟောင်းတွေကိုပါ သူခေါ်ထည့်ပြီး နဂိုနေရာမှာ သရုပ်ဆောင်ခိုင်းခဲ့တယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ သူက ဇာတ်လမ်းအသစ်တစ်ပုဒ်ကို ရိုက်မှာဖြစ်တယ်။ ဒီလိုခမ်းနားထည်ဝါမှုကိုကြားတော့ ကျွန်တော်လည်း ရင်ခုန်ခဲ့ပါတယ်။ အနာဂတ်မှာ ထွန်းတောက်လာမယ့် ကြယ်တစ်ပွင့်က ကျွန်တော်လို့ သူတို့ဆိုလိုချင်တာလား။

mgyoe.com

mgyoe.com SAMPLE BOOK

အနုပညာလမ်းကြောင်းပေါ် မရောက်ခင် ကျွန်တော့်နာမည်က အရင်ဆုံး ပြောင်းရမယ့်အရာတစ်ခု ဖြစ်ခဲ့တယ်။

ငယ်ငယ်တုန်းက မိဘတွေက ကျွန်တော့်ကို "အာ့ဖောက်"၊ "ဖောက်ဖောက်"၊ "စန့်တုံဖောက်" လို့ခေါ်ခဲ့ကြတယ်။ ကျွန်တော့်ဖေဖေငယ်နာမည်က "လောက်စန့်တုံ" ဖြစ်တာကြောင့် ကျွန်တော့်ကို "ရှောက်စန့်တုံ" လို့လည်း ခေါ်တတ်ခဲ့ကြတယ်။ ကျွန်တော့်နာမည်ရင်းက "Chang Gang Sheng" ဖြစ်ပြီး အနုပညာကျောင်းတက်တော့ ယွမ်လုတ်လို့ ဆရာက နာမည်ပေးခဲ့တယ်။ ကျောင်းနေဖက် အစ်ကိုကြီးတစ်ယောက်က ကျောင်းကနေခွာတော့ သူ့ကိုယ်သူ "ဟုန်ကျင်းပေါင်" လို့ နာမည်ပေးခဲ့တယ်။ သူ့နဂိုနာမည်ဖြစ်တဲ့ ယွမ်လုံကို ကျွန်တော်က ယူသုံးပြီး "ချိန်ယွမ်လုံ" လုပ်လိုက်တယ်။ ဒါက ကျွန်တော်ခေါင်းဆောင်မင်းသားဖြစ်ချိန်နဲ့ ကိုယ်ခံပညာနည်းပြလုပ်တုန်းက သုံးခဲ့တဲ့နာမည် ဖြစ်တယ်။ အခု ဟောင်ကောင် ပြန်ရောက်လာခဲ့ပြီဆိုတော့ အသစ်တစ်ဖန် ပြန်စတင်တော့မယ်။ "ချိန်ယွမ်လုံ" လို့ မခေါ်နဲ့တော့လို့ သူဌေးကလည်း ပြောပါတယ်။ ကျွန်တော် နာမည်အသစ် ပြောင်းရပါမယ်။

ဒါရိုက်တာ လော်ဝေက အဲဒီတုန်းက နာမည်ကြီးထင်ရှားတဲ့စာရေးဆရာ Pan Liu Dai ကိုခေါ်ပြီး ကျွန်တော့်ကို နာမည်ရွေးခိုင်းပါတယ်။ အဲဒီနေ့က သူ့အိမ်ကို ကျွန်တော်ရောက်တော့ လုံ (လုံမှာ နဂါးဟု အဓိပ္ပာယ်ရသည်။ ဂျက်ကီချန်း၏ တရုတ်အနုပညာနာမည်မှာ ချိန်လုံ (Chan Long) ဖြစ်သည် - ဘာသာပြန်သူ) စကားလုံးပါတဲ့ နာမည်တချို့ သူရေးပြီး နံရံမှာကပ်ထားတယ်။ ဘယ်နာမည် ကြိုက်သလဲလို့ ကျွန်တော့်ကို မေးတယ်။

"မင်းရဲ့နဂိုနာမည် ယွမ်လုံက မကောင်းဘူး။ ယွမ်က ဝိုင်းစက်တာနဲ့ အသံထွက်တူတယ်။ ဝိုင်းစက်တယ်ဆိုတာ ပြီးမြောက်သွားပြီဆိုတဲ့ သဘောပဲ။ ရှောက်လုံ (ဘရုစလီကို ဆိုလိုတာဖြစ်ပြီး နဂါးလေးဟု အဓိပ္ပာယ်ရ - ဘာသာပြန်သူ) က သေသွားပြီ။ တာ့လုံ (နဂါးကြီး) ဆိုတဲ့နာမည်ကလည်း နားထောင်လို့ မကောင်းဘူး။ မင်းကြိုက်တာ တစ်ခုရွေးပါ"

"ဝေ့လုံ" လို့ ကျွန်တော် ရွေးလိုက်တယ်။ ယဉ်ကျေးမှုရှိတဲ့သဘောပေါ့။ သူက "မကောင်းဘူး. . . ဝေ့ (Wen)" ဆိုတဲ့ စကားလုံးက အားပျော့တယ်လို့ ပြောပါတယ်။

ဒါဆို "ကျိလုံ" (သုံးပြည်ထောင်) ထဲက စစ်သူကြီး Zhao Zi Long ကို

mgyoe.com